
ဒေါက်ဖြုတ်သံ(၄)

ထောင်မော်ကွန်းစာစောင်



မိုလ်ဗုန်းမော်ကျဆုံးခြင်းနှင့်
ဒီမိုကရေစီအရေး (၁၄) နှစ်ပြည့်
မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ (မတ်လ– ၁၃)
(အမှတ်တရ)

ထောင်ထဲက နိုင်ငံရေးအကျဉ်းသားများ အကျဉ်းအကျပ်ထဲကနေ ရေးဖွဲ့ထားတဲ့
စာအုပ်ငယ်ကလေးများကို စုစည်းပြီး
ပုံနှိပ်စာအုပ်အဖြစ်

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) က
ထုတ်ဝေဖြန့်ချိတယ်

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)
မှ
ထုတ်ဝေဖြန့်ချိသည်

မတ်လ ၂၀၀၄ ခုနှစ်
အုပ်ရေ ၁၀၀၀

အဖုံးနှင့်အတွင်းဒီဇိုင်း
ကျော်ကျော်သိန်း
ရန်နိုင်ဝင်း

Email: info@aappb.org
Web: www.aappb.org

P.O Box 93
Mae Sot
Tak
63110
Thailand

ကျနော်တို့ပြောချင်တဲ့စကားများ

ဒီစာအုပ်ဟာ လက်ရှိ ဗမာပြည်စစ်အကျဉ်းထောင်များအတွင်း အကျဉ်းချခံနေရဆဲ နိုင်ငံရေးအကျဉ်းသားများကိုယ်တိုင် ထောင်ထဲမှာရေးသားပြုစုထားတဲ့ လက်ရေးစာစောင်များကို စုစည်းထားတာဖြစ်ပါတယ်။ ထောင်ကလွတ်ရက်ဘယ်နေ့ရယ်လို့ မမျှော်လင့်နိုင်ကြသေးသူ၊ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေကြရသူ၊ အကျဉ်းအကြပ်ထဲမှာပင်လျှင် မိမိတို့ရဲ့ စိတ်ဓာတ်အင်အားကို ဆက်လက်မြှင့်တင်ထားနိုင်ကြသူများရဲ့ကိုယ်စား ဒီစာအုပ်ကို ကျနော်တို့ ကံအားလျော်စွာ ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါတယ်။

ဒေါက်ဖြုတ်သံ ရဲ့အဓိပ္ပါယ်က သေဒဏ်ကျအကျဉ်းသား (ကြိုးသမား) ကို ကြိုးစင်ပေါ်တင်ပြီး လည်ပင်းကြိုးကွင်းစွပ်သတ်တဲ့အချိန်မှာ နောက်ဆုံးခလုပ်ဖြစ်တဲ့ **ဒေါက်** ကို **ဖြုတ်** တဲ့အခါ ထွက်ပေါ်လာတဲ့ ကျယ်လောင်တဲ့အသံကို ဆိုလိုတာပါ။ ဒီအသံနဲ့အတူ ကြိုးပေးခံရတဲ့ အကျဉ်းသားဟာလည်း လည်ပင်းကြိုးတန်းလန်းနဲ့ အသက်ထွက်သွားရပါတယ်။ ဒါကြောင့် ဒီအသံကို အကျဉ်းသားအားလုံးက စက်ဆုပ်မုန်းတီးကြတယ်။ မကောင်းဆိုးဝါးအသံ၊ မိစ္ဆာတို့ရဲ့ ကြုံးဝါးသံလို့ပဲ သဘောထားကြတယ်။ ဒါပေမယ့် ကျနော်တို့ရဲ့ရဲဘော် နိုင်ငံရေးအကျဉ်းသားတွေဟာ 'ဒေါက်ဖြုတ်သံ' သို့မဟုတ် 'မိစ္ဆာတို့ရဲ့ကြုံးဝါးသံ' ကို အံတုရင်ဆိုင်ရင်း ဒီ 'ဒေါက်ဖြုတ်သံ' ဆိုတဲ့ စာစောင်ကို ရေသားထုတ်ဝေခဲ့တာလို့ ယူဆရပါတယ်။

ဒီစာစောင်မှာပါဝင်ရေးသားသူအားလုံးဟာ နအဖရဲ့ အကျဉ်းထောင်တွေထဲမှာ ရေးခဲ့ကြရတာဖြစ်သလို ဒီစာစောင်ဟာ အကျဉ်းထောင်ထဲမှာပဲ လျှို့ဝှက်စွာ ထုတ်ဝေခဲ့တာ ဖြစ်ပါတယ်။ ဒီစာတွေဖတ်လိုက်ရတဲ့အချိန်မှာ ကျနော်တို့ကိုယ်တိုင် ထောင်ထဲမှာရှိစဉ်က လျှို့ဝှက်ရေးသားထုတ်ဝေခဲ့ကြဖူးတာတွေကို ပြန်ပြောင်းအမှတ်ရမိရပါတယ်။

ထောင်စည်းကမ်းအချက်ပေါင်းများစွာထဲက အတင်းကျပ်ဆုံး စည်းကမ်းတစ်ခုကတော့ စာရွက်စာတမ်း၊ ဘောလ်ပင်၊ ခဲတံ စသည်တို့ လုံးဝကိုင်ဆောင်သုံးစွဲခြင်းမပြုရ ဆိုတာပါပဲ။ ထောင်ဝင်စာနဲ့ပါလာတဲ့ သတင်းစာ စက္ကူအပိုင်းအစလေးတွေကိုတောင် ထောင်ဗူးဝမှာ စစ်ဆေးသိမ်းဆည်းလေ့ရှိပါတယ်။ တချိန်ကတော့ စာရေးစာဖတ်ခြင်းဖြင့် အကျဉ်းသားတွေရဲ့ အသိအလိမ္မာကို တိုးတက်ကောင်းမွန်စေတယ်ဆိုပြီး တရားဝင်ခွင့်ပြုခဲ့ဖူးပါတယ်။ စစ်အစိုးရ အဆက်ဆက်လက်အောက်မှာတော့ 'ထောင်' ဆိုတာ ဖိနှိပ်ရေးကိရိယာစစ်စစ်တွေ ဖြစ်ခဲ့ရပြီး ထောင်ထဲမှာ ရုပ်ပိုင်းဆိုင်ရာအရေး၊ စိတ်ပိုင်းဆိုင်ရာအရပါ ချုပ်နှောင်ထိပ်တုံးခတ်တဲ့ သဘောနဲ့ ထောင်တွင်းစာရေးစာဖတ်လုပ်ခြင်းဟာ ထောင်စည်းကမ်းကို ချိုးဖောက်တဲ့

အကြီးလေးဆုံး ပြစ်မှုတစ်ခုအဖြစ် သတ်မှတ်ထားတာပါ။ ဒါနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးသံတမန် မစ္စတာပင်ညဲရိုးက ဒီလိုပြုလုပ်ခြင်းဟာ အသိဉာဏ်သင်းကွပ်ခြင်း (Intellectual Death) ဖြစ်တယ်လို့ ပြောဆိုခဲ့ဖူးပါတယ်။

ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့သူတွေဟာ ရန်သူရဲ့ ရည်ရွယ်ချက်ကို အထမြောက်အောင် ဘယ်တော့မှ လည်စင်းမခံခဲ့ကြဘူး။ ရန်ိုင်သမျှနည်းလမ်းတွေနဲ့ တတ်နိုင်သလောက် တိုက်ပွဲဝင်ခဲ့ကြတယ်။ ထောင်တွင်းစာပေလှုပ်ရှားမှုဟာလည်း နည်းလမ်းတခု ဖြစ်ပါတယ်။ ထောင်တွင်းစာပေလှုပ်ရှားမှုဆိုရာမှာ နံရံပေါ်မှာ ကျောက်ခဲနဲ့ ကဗျာတွေ၊ စာတွေရေးတာ၊ ပလတ်စတစ်ပေါ်မှာ အချွန်တခုခုနဲ့ရေးပြီး တိုက်ခန်းတစ်ခန်းနဲ့တစ်ခန်းပစ်ပေး၊ အဲဒီစာတွေကို ဖတ်ကြ၊ ကျနော်တို့အပေါ် နားလည်နိုင်တဲ့ ထောင်ဝန်ထမ်းတွေကိုစည်းရုံး၊ စာအုပ်စာတမ်း ဘောလ်ပင်တွေကို လျှို့ဝှက်သွင်းယူ၊ နောက် ... ဗလာစာအုပ်ပေါ်မှာ ဘောလ်ပင်နဲ့ ကဗျာတွေ ဝတ္ထုတွေ၊ ဆောင်းပါးတွေရေးပြီး ထောင်တွင်းစာစောင်တွေ၊ မဂ္ဂဇင်းတွေ ထုတ်ဝေတာကို ဆိုလိုတာပါ။

ကျနော်တို့ ထောင်ထဲမှာနေခဲ့စဉ်အခါကလည်း ဒီလို စာအုပ်၊ စာစောင်ကလေးတွေ လုပ်ခဲ့ကြတယ်။ ကြိုးစားခဲ့ကြတယ်။ အဲဒီအခါတုန်းကလည်း တကယ့်ကျဉ်းထဲကျပ်ထဲမှာ...။ မလွတ်လပ်မှုကြီးမားလှတဲ့ အကျဉ်းစခန်းတွေထဲမှာ မွန်းကျပ်တဲ့ အခြေအနေအောက်က ထွက်ပေါက်ရှာကြတဲ့သဘောလည်းပါလေရဲ့။ အကျဉ်းအကျပ်ထဲက ကျနော်တို့ရဲ့စိတ်တွေကို အပြင်လောကဆီ လွှင့်ထုတ်ဖြန့်ကြက်ကြရင်းနဲ့ အခုလို စာအုပ်စာတမ်းလေးတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒီအတွက်လည်း ထောင်ရဲ့ ကြီးလေးတဲ့အပြစ်ဒဏ်တွေကို ခံခဲ့ကြရပါတယ်။

၁၉၉၁ ခုနှစ်၊ မြင်းခြံထောင်မှာ ထောင်တွင်းမှာရေးသားတဲ့စာစောင်တွေ ထောင်ပြင်အထိ ဖြန့်ချိတာကို ထောင်အာဏာပိုင်တွေသိသွားတာကြောင့် နိုင်ငံရေးအကျဉ်းသားအချို့ တိုက်ပိတ်ပြစ်ဒဏ်ခံခဲ့ရတယ်။ နှစ်ရှည်ထောင်ဒဏ်တွေ ထပ်မံချမှတ်ခံခဲ့ရတယ်။ ၁၉၉၂ ခုနှစ်၊ သရက်ထောင်မှာ စာရွက်နဲ့ဘောလ်ပင် တွေ့ရှိခဲ့တာကြောင့် အကျဉ်းသားတချို့ကို မေ့မြောတဲ့အထိရိုက်နှက်ပြီး တိုက်ပိတ်ပြစ်ဒဏ်ပေးခဲ့တာကြောင့် မြင်တွေ့နေရတဲ့ ဘဝတူ အကျဉ်းသားများအနေနဲ့ မျက်ရည်ပေါက်ပေါက်ကျတဲ့အထိ ခံစားခဲ့ရပါတယ်။ ၁၉၉၅ ခုနှစ်၊ အင်းစိန်ထောင်တွင်း ရန်ကုန်တက္ကသိုလ်စိန်ရတုအထိမ်းအမှတ်စာစောင် ထုတ်ဝေဖို့ကြိုးစားခဲ့လို့ နိုင်ငံရေးအကျဉ်းသား ၂၂ ဦး နှစ်ရှည်ထောင်ဒဏ်တွေ နောက်တိုးချမှတ်ခြင်းခံခဲ့ရတယ်။ ဒီအထဲက 'ညွန့်ဇော်' ဆိုတဲ့ ကျောင်းသားလေးတစ်ယောက်ဟာ ၁၉၉၈ ခုနှစ်က သာယာဝတီထောင်မှာသေဆုံးသွားခဲ့ရတယ်။ အဲဒီလို ဖိနှိပ်မှုတွေပြင်းထန်လှပေမယ့် အသိဉာဏ်ဖွံ့ဖြိုးရေးကြိုးပမ်းချက်ဖြစ်တဲ့ ထောင်တွင်းစာပေလှုပ်ရှားမှုတွေဟာ ရပ်တန့်မသွားခဲ့ပါဘူး။ အကျဉ်းစံရဲဘော်တွေဟာ မတန်တဆရင်းနှီးပေးဆပ်ဖို့ အမြဲပဲ အဆင်သင့်ဖြစ်နေကြတယ်။ အကျဉ်းထောင်အမှောင်ထုထဲမှာ သူတို့ရဲ့နှလုံးသွေးကို လောင်စာပြု မီးထွန်းညှိပြီး ယုံကြည်ချက်တွေကို ဆက်လက်ဝင်းပ

စေခဲ့ကြတယ်။ အခုခင်ဗျားတို့ဖတ်ရတာ အဲဒီနှလုံးသွေးစက်များစွာထဲကတစ်စက်ပဲ ဖြစ်ပါ တယ်။ တစ်စက်တည်းပေမယ့် ရာဇဝင်ကိုလင်းထိန်ဖို့ ကြိုးစားထားကြပါတယ်။

ဒီစာအုပ်ကလေးဟာ အပေါ်ယံအမြင်အရတော့ သိပ်မထူးဆန်းလှတဲ့ စာအုပ်ကလေး တစ်အုပ် ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ဒီစာအုပ်လေးဟာ စာရေးသူတို့ရဲ့ ကြီးမားတဲ့ စွန့်လွှတ် စွန့်စားမှုတွေ၊ ကျော်နဲ့ရင်းခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေ၊ မျက်ရည်တွေ၊ နှစ်ရှည်ထောင်ဒဏ်တွေ အသက်တွေနဲ့ စုစည်းထားတာပါ။ အဲဒီအထဲကမှ ဒီစာအုပ်လေးဟာ နည်းလမ်းပေါင်းစုံနဲ့ ကျနော်တို့ထံရောက်လာပြီး အခုလို ကျနော်တို့အားလုံးဖတ်ရှုခွင့်ရတဲ့ စာအုပ်ကလေးတစ်အုပ် ဖြစ်လာခဲ့ရတာပါ။ ဒါကြောင့် အရင်းအနှီးမတန်တဆကြီးပေမယ့် ဝါသနာနဲ့ ယုံကြည်ချက်အရ မဖြစ်ဖြစ်အောင် ကြိုးစားထွက်ရှိလာတဲ့စာအုပ်လေးကို အကျဉ်းထောင်ရဲ့ပြင်ပမှာ ရှိနေတဲ့ သူတွေ ခံစားနိုင်ဖို့အတွက် ပြန်လည်ထုတ်ဝေလိုက်ရတာ ဖြစ်ပါတယ်။ စာရေးသူတို့ရဲ့ အကျဉ်း ထောင်ထဲက ရင်ဖွင့်သံများကို ကျနော်တို့အနေနဲ့ မျှဝေခံစားနိုင်ခဲ့သလို စာပေကို တန်ဖိုးထား တတ်တဲ့ မြန်မာပြည်အကျဉ်းထောင်ထဲက ရဲဘော်တွေရဲ့စွမ်းဆောင်ချက်တွေကို လေးစား ဂုဏ်ယူမိရင်း ဒီစာအုပ်ဖတ်ရှုခွင့်ရတဲ့ စာဖတ်သူများလည်း သူတို့ရဲ့ 'ဒေါက်ဖြုတ်သံ' ကို နှလုံးသည်းပွတ်ထဲထိ ကြားနိုင်ကြပါစေလို့ မျှော်လင့်မိပါတယ်။

Rdkifhkd;tusOf,omrsm;vlrnDaqmifaeBudK;tcif; (jefmRdkifh)

(ပုံနှိပ်စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေချမှာ စာအုပ်အပြင်အဆင်နဲ့ စာ အကျအပေါက်တချို့က လွဲလို့ မူရင်းရေးသားချက်များအတိုင်း ပြန်လည်ဖော်ပြထားတာဖြစ်ပါတယ်။ ဘယ်တဦး တယောက်ရဲ့စာကိုမှ စိစစ်ခြင်း၊ တည်းဖြတ်ခြင်းစတာတွေ မပြုလုပ်ပါ။)

❖ ❖ ❖

1? tusKd;onf;a&;
2? 'Dkduaqpa&;
3? vlifcGifha&;
4? idrfysufa&;

“ဒေါက်ဖြုတ်သံ(၄)”

ထောင်မော်ကွန်းစာစောင်

အုပ်ိုင်း (၁)



ဗိုလ်ဖုန်းမော်ကျဆုံးခြင်းနှင့်
ဒီမိုကရေစီအရေး (၁၄) နှစ်ပြည့်
မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့(မတ်လ-၁၃)
အမှတ်တရ

တာဝန်ခံ ■ ဒိဗ္ဗ

Hand writting ■ ထက်သူ
မျိုးမျိုး
မော်စည်၊စက်မှု၊

Cover Design ■ မော်စည်၊စက်မှု၊

Cartoon Box ■ မော်စည်၊စက်မှု၊

စာအုပ်ချုပ် ■ အိမ်ပန်း

မတ်မော်တွန်း အဝိုင်း (၁)

(ကြိုးပေးခံရသော ဆရာစံနှင့် ဗိုလ်တင်မောင်ဦးအတွက်)

စကားဦး ၁၀

သဝဏ်လွှာ ၁၃

Cartoon Box (မော်စီ–စက်မှု) ၂၄

သမိုင်း

မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ (ဒီဗွဲ) ၁၅

သမဂ္ဂ

သံမဏိခွပ်ဒေါင်းမိခင် (မင်းထိုက်) ၂၅

အိပ်ဖွင့်ပေးစာ

မစ္စတာဘင်လာဒင်သို့ (ရဲနိုင်စု) ၃၃

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သို့ (အောင်မိုးဦး) ၃၅

ကျောင်းသားလူပ်ရှားမှု

မြန်မာခရီးသွားနှစ်အရပ်ပေါ်မှ မျက်ရည်စများ (ဒဂုံဝေထက်) ၄၁

ဖြစ်ရပ်မှန်– သရော်စာ


ဦးထုပ်စုတ်တစ်လုံး ... နှင့် ဥက္ကဋ္ဌကြီး (တိသဃ) ၄၇

နရသိန်

ပုဂံလမ်းမှသည် မော်စကိုဆီသို့ (တိသဃ) ၄၉

ရှင်သန်ခြင်း အမှတ်တရ (မော်စည်– စက်မှု) ၅၅

စတုရန်းကွက်ထဲမှ ကြွေရတဲ့ပန်း (ဦး–ဘဝတက္ကသိုလ်) ၆၁



စကားဦး

အကျပ်အတည်း၊ အခြိမ်းအခြောက်၊ လှည့်ဖြားသွေးဆောင်မှုများစွာကြားထဲမှာ ဒေါက်ဖြုတ်သံဟာ **အမှတ် (၄)** အဖြစ် ရောက်ရှိလာပါတယ်။ ဒေါက်ဖြုတ်သံ **အမှတ် (၁)** ကို **၂၀၀၁ ခုနှစ်၊ မတ်လ ဗိုလ်ဖုန်းမော် (၁၃) နှစ်ပြည့်**တွင်လည်းကောင်း၊ ဒေါက်ဖြုတ်သံ **အမှတ် (၂)** ကို **၂၀၀၁ ခု၊ ဇူလိုင်၊ တကသအဆောက်အဦးဖြိုဖျက်ခံရခြင်း** အမှတ်တရ အောက်မေ့ဖွယ်အဖြစ်လည်းကောင်း၊ ဒေါက်ဖြုတ်သံ **အမှတ် (၃)** ကို **၆၆ နှစ်မြောက် ဗကသ** အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ထောင်တွင်းသမိုင်း၊ နိုင်ငံရေးပုံစံအဖြစ် ထုတ်ဝေနိုင်ခဲ့ပါသည်။

ဒေါက်ဖြုတ်သံ (၁) မှ (၄) အထိ ပါဝင်ရေးသားခဲ့ကြသော အိုးဝေထက်၊ ဒေါင်းသစ်၊ ရဲနိုင်စု၊ အောင်မိုးဦး၊ နောင်ဆိုင်း၊ မောင်သံတိုင်၊ O.C၊ ဇွန်မှိုင်း၊ မင်းထိုက်၊ မော်စည် (စက်မှု)၊ တိဿ၊ ဦး(ဘဝတက္ကသိုလ်)၊ စိုးဟိဏ်း၊ ကမာ၊ သီဟရာဇာ၊ ဂျက်ထွေး တို့အားလည်းကောင်း၊ ကဗျာကဏ္ဍတွင်ပါဝင်ပေးခဲ့သော ဒေါင်းသစ်၊ အိုးဝေထက်၊ နောင်ဆိုင်း၊ အမွေသား၊ ဒဂုန်တာရာ၊ တင်မိုး၊ ဉာဏ်မော်၊ မင်းထိုက်၊ ဇွန်မှိုင်း၊ ကေလွန်း၊ ညိုမောင်၊ အောင်ဂျမ်း၊ ရာမည၊ မောင်သစ်၊ မင်းဟိုင်း၊ လှသန်း၊ T.C၊ မင်းလူ၊ ဌေအိမ်သင်း၊ ဖဝါးလေ၊ စိုးသိဏ်း (ကမာ)၊ ဆွေလွှမ်းနွယ် တို့အားလည်းကောင်း မြင့်မြတ်သောပေးဆပ်ပါဝင်မှုအတွက် အထူးကျေးဇူးတင်ရှိပါတယ်။

အကောင်းနဲ့အဆိုး ဖြစ်ပေါ်လာတဲ့ တုန့်ပြန်ပဲ့တင်သံကိုလည်း လိုက်လဲစွာလက်ခံရယူပါမယ်။ ပြီးပြည့်စုံအပြစ်ကင်းစင်မှုမရှိတဲ့ကမ္ဘာကြီးထဲ ကျနော်တို့လည်းလိုနေပါဦးမယ်။ ပိုနေတာလည်းရှိပါဦးမယ်။ **စေတနာဖြူစင် ရဲဘော်ရဲဘက်စိတ်ရှိသူ**တွေ ပါဝင်ပူးပေါင်းအကြံဉာဏ်ပေးနိုင်ပါတယ်။

ဗိုလ်ဖုန်းမော်ရဲ့သွေးစက်တွေကနေ သမိုင်းတခုပြောင်းလဲလိုက်တဲ့ ဒီ (၁၄) နှစ်ပြည့်မှာ ကျောင်းသားသမဂ္ဂရဲ့သမိုင်းဟာ ရှေ့တန်းသို့ရောက်ရှိလာပါတယ်။ သမိုင်းဖြတ်သန်းမှုတခုခုတွင် ပါဝင်ခဲ့ကြသော နယ်ချဲ့ခေတ်ဦး၊ နယ်ချဲ့ခေတ်လယ်၊ နယ်ချဲ့ခေတ်နှောင်း၊ ဖက်ဆစ်ခေတ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလ၊ ဖဆပလ အစိုးရခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မဆလ ခေတ်၊ နဝတ ခေတ်၊ နအဖ ခေတ်အထိ **ကြီးမြတ်သောစွန့်လွှတ်အနစ်နာခံရသူ အားလုံးကိုလည်း ဒေါက်ဖြုတ်သံစီစဉ်သူများက လေးနက်စွာ အသိအမှတ်ပြုပါသည်။** သမိုင်း၏တန်ဖိုးကိုလည်း နားလည်ပါတယ်။ သမိုင်း၏သားများကိုလည်း အလေးပြုပါတယ်။ ကဲ..... ကျနော်တို့တွေအားလုံး ခရီးဆက်ကြရမယ်။ ဒီခရီးက နီးချင်နီးမယ်။ ဝေးချင်ဝေးမယ်။ မပြီးသေးဘူးလေ။ ပန်းတိုင်မှာတော့ **'သပြေပွင့်သစ်'** တွေ ရှိ

တယ်။ ဘယ်သူတွေလိုက်ပါ၊ ဘယ်သူတွေကျန်မလဲမသိပါဘူး။ လေးစားပါတယ်။ တန်ဖိုးလည်းထားပါတယ်။ နားလည်းလည်ပါတယ်။ အကောင်းဆုံးလည်းမျှော်လင့်၊ အဆိုးဆုံးလည်းပြင်ဆင်နောက်တခါလည်း အခွင့်အရေး ကျနော်တို့ ထပ်မပေးတော့ပါဘူး။ အယူအဆ၊ အပြိုင်အဆိုင်၊ သွေးထိုးစကားကင်းစွာ **'တော်လှန်ရေးသတိ'** ရှိကြပါလို့ ... ... ။ ။

ဒီဗွီ

ဴ ဴ ဴ ဴ ဴ

၁၄ နှစ်ပြောက် ဗိုလ်ဖုန်းမော်ကျဆုံးခြင်းနှင့် ဒီမိုကရေစီရေး သဝဏ်လွှာ

၁၃-၃-၂၀၀၂

ဒီမိုကရေစီနှင့် လူ့အခွင့်ရေးတိုက်ပွဲဝင်နေကြသော ညီအစ်ကိုတော် ရဲဘော်အပေါင်းတို့.....
၁။ ကျောင်းသားတို့၏ ကြီးမြတ်သော ခွပ်ခေါင်းအလံတော်အားလည်းကောင်း၊ မြန်မာ့လွတ်လပ်ရေးအလံတော်ကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအားလည်းကောင်း၊ ဒီမိုကရေစီနှင့် လူ့အခွင့်ရေးတိုက်ပွဲအဆင့်ဆင့်တွင် ကျဆုံးသွားသူများအားလည်းကောင်း၊ ၁၉၈၈-မတ်လ ၁၃ ရက်နေ့တွင် ကျဆုံးသွားသော ဗိုလ်ဖုန်းမော်အားလည်းကောင်း ကြီးမြတ်စွာ ဦးညွှတ်အလေးပြုပါသည်။
၂။ ၁၉၈၈-မတ်လ ၁၃ ရက်မှ စတင်ခဲ့သော ၈၈ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတိုက်ပွဲအဆင့်ဆင့်သည် (၁၄) နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ၈၈ ၏ ရှစ်လေးလုံးအရေးတော်ပုံနှင့်အတူ **နိုင်ငံရေးမျိုးဆက်သစ်များ၊ အမျိုးသားရေးမျိုးဆက်သစ်များ၊ အနုပညာမျိုးဆက်သစ်များကို မွေးဖွားပေးခဲ့ပါသည်။** ၈၈ ရှစ်လေးလုံး၏ ကြီးမားသော အကျိုးကျေးဇူးတစ်ခုမှာ ကျွန်ုပ်တို့၏နိုင်ငံသစ်အတွက် **ဒေါ်အောင်ဆန်းစုကြည်** တစ်ယောက် အနာဂတ်ကြယ်ပွင့်တခုအဖြစ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ၈၈ ရှစ်လေးလုံးပြီးနောက် အခြားသောပြောင်းလဲမှုများတချို့ ရှိနေသော်လည်း **နိုင်ငံရေးလွတ်လပ်ခွင့်** နှင့် **စာပေလွတ်လပ်ခွင့်** များ ယနေ့တိုင် ကျွန်ုပ်တို့မျှော်မှန်းထားသည့် ပုံစံသို့ မရောက်ရှိလာခဲ့ပေ။ တရွေ့ရွေ့ပြောင်းလဲခြင်းနှင့် တဟုန်ထိုးပြောင်းလဲခြင်းဖြစ်စဉ် နှစ်ခုတွင် အချိန်၊ နေရာ၊ အကန့်အသတ်ကို ကျွန်ုပ်တို့ နားလည်ပါသည်။ သို့သော် **လုပ်ပေးပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်၊ ပေးဆပ်ပိုင်ခွင့်နှင့် ရယူပိုင်ခွင့်**ကိုလည်း ကျွန်ုပ်တို့ကောင်းစွာ သဘောပေါက် သိရှိပါသည်။
၃။ ရှစ်လေးလုံးအနှစ်သာရဖြစ်သော ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်တခုတွင် လူ့အခွင့်အရေးသည် အဓိကအခန်းကဏ္ဍသို့ ရောက်ရှိလာပါသည်။ လူသားအဓိပ္ပါယ်ပြည့်ဝစေရေး၊ လူသားပီသစွာ အသိအမှတ်ပြုရေး၊ **လူသား**၏ပြီးပြည့်စုံသော**တန်ဖိုး**

သတ်မှတ်ချက်နှင့် **လွတ်လပ်စွာရပိုင်ခွင့်**များ အားလုံးကိုလည်း အလေးအနက်ထားရန် လိုပါသည်။

၄။ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သော ကျွန်ုပ်တို့၏နိုင်ငံတွင် **တန်းတူရည်တူ အုပ်ချုပ်ရေးနှင့် ပြည်ထောင်စုစစ်စစ်မှု**များသည်လည်း အရေးကြီးဆုံးသော အလေးအနက်ထားစရာအချက်များဖြစ်ပါသည်။ **လူမျိုးစု၊ လူမျိုးငယ်၊ လူနည်းစု**များပေါ်တွင် **အပြန်အလှန်လေးစားအသိအမှတ်ပြု**ရန်လည်း အရေးကြီးလှပါသည်။

၅။ **လက်နက်၊ ငွေကြေး၊ အာဏာ**ဖြင့် လူ့အဓိပ္ပါယ်၊ လူ့တန်ဖိုး၊ လူ့အခွင့်အရေး စသည်တို့ ဖျက်ဆီးနှောင့်ယှက်စေသည့် **လက်နက်အာဏာရှင်၊ ငွေကြေးအာဏာရှင်၊ လူမိုက်အာဏာရှင်**များအားလုံးကိုလည်း လက်မခံနိုင်တော့သည့်အခြေအနေအဖြစ် ယနေ့ကမ္ဘာသားများက ပြောဆိုနေကြပါသည်။ **အမျိုးသားရေး လွတ်မြောက်ရေးနှင့် လွတ်လပ်ရေးအတွက် အကြိမ်းဖက်ပုံစံများကိုလည်း ကမ္ဘာသားများက လက်မခံပါချေ။** ငြိမ်းချမ်းတိုးတက်သာယာသောကမ္ဘာကြီးကို အားလုံးက မျှော်လင့်နေကြပါသည်။

၆။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုက်ပွဲဝင်အဆင့်ဆင့်တွင် ကျဆုံးသွားခဲ့သော နောင်တော်ညီအစ်ကိုတော် ရဲဘော်အပေါင်းတို့အား ကြီးမြတ်သောစွန့်လွှတ်မှုနှင့် ဝိညာဉ်တို့၏ ဆန္ဒတို့နှင့်အတူ စစ်မှန်သောဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိသည်အထိ ညီညွတ်စွာ ဆက်လက်တိုက်ပွဲဝင်သွားပါမည်ဟု အမိန့်ဂိုဏ်တော်ကိုတိုင်တည်သစ္စာ အဓိဋ္ဌာန်ပြုပါသည်။

၁၃-၃-၈၈ ဗိုလ်ဖုန်းမော်စျာပန အခမ်းအနားကျင်းပရေးကော်မတီ

၁၃-၉-၈၈ ဗိုလ်ဖုန်းမော်နှင့် ကိုစိုးနိုင်အောက်မေ့ဖွယ်အခမ်းအနားကျင်းပရေးကော်မတီ

၁၃-၃-၈၉ ဗိုလ်ဖုန်းမော်ကျဆုံးခြင်းနှင့် ဒီမိုကရေစီရေး တစ်နှစ်ပြည့် အခမ်းအနားကျင်းပရေးကော်မတီ

၁၃-၃-၉၀ ဗိုလ်ဖုန်းမော်ကျဆုံးခြင်းနှင့် ဒီမိုကရေစီရေး နှစ်နှစ်ပြည့် အခမ်းအနားကျင်းပရေးကော်မတီ

ပ ပ ပ ပ

သမိုင်း

မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ သို့မဟုတ် သွေးစွန်းတဲ့ တနင်္ဂနွေ

ဒိဗ္ဗ

(၁)

‘နွေရောက်လျှင် တပေါင်း
တပေါင်းရောက်လျှင် တော်လှန်ရေးအတိတ်
တော်လှန်ရေး နိမိတ်တွေရဲ့
ဗိုလ်ဖုန်းမော်’

၂၀၀၂၊ မတ်လ ၁၃ ရက်ဆိုလျှင် ကိုဖုန်းမော်ကျဆုံးခဲ့တာ ၁၄ နှစ် ပြည့်ပြီဖြစ်တယ်။ ကိုဖုန်းမော်နေ့ရဲ့အင်္ဂေအသက်တွေဟာ ကျွန်တော့်ရင်ကို ဒီနေ့အထိ ရိုက်ခတ်နေတုန်းပါပဲလေ။ ဒီတော့ အိပ်မက်မဟုတ်ခဲ့ပါဘူး။ တကယ်ဖြတ်သန်းခဲ့ရတဲ့ သမိုင်းတခုပါပဲ။ ဒီ မတ်လရောက်တိုင်း ကျွန်တော့်ရင်ထဲမှာ စွဲပြီးနေတဲ့ ဒီနေ့အဖြစ်အပျက်တွေဟာ တန်းစီပြီး ပြန်ပေါ်လာတတ်ပါတယ်။

သွေးစွန်းတဲ့တနင်္ဂနွေသမိုင်းကို ၁၉၈၇ ခုနှစ်က ၇၅ ကျပ်တန် ကိစ္စက စပြီးပြောရပါလိမ့်မယ်။ စက်တင်ဘာလ ၅ ရက်နေ့မှာ မဆလ အစိုးရဟာ ငွေစက္ကူတွေကို တရားမဝင်အဖြစ် ဖျက်သိမ်းလိုက်တဲ့နေ့မှာ ကျွန်တော်တို့ကျောင်းမှာ နောက်ဆုံးဖိုင်နယ်စာမေးပွဲကြီးကျင်းပနေချိန်ပါပဲ။ စက်တင်ဘာလ ၁ ရက်နေ့က စဖြေတဲ့စာမေးပွဲဟာ စက်တင်ဘာလ ၅ ရက်နေ့မှာ တချို့ အတန်းတွေက ၅ ဘာသာ၊ တချို့အတန်းတွေက ၃ ဘာသာ၊ တချို့အတန်းတွေက ၂ ဘာသာလောက် ဖြေပြီးပါပြီ။ အဆောင်ကျောင်းသားတွေကြားမှာ ငွေစက္ကူအသိမ်းခံရတဲ့ကိစ္စကို တစ်ယောက်တပေါက်နဲ့ ဒေါသထွက်နေကြပါတယ်။ အသိမ်းခံရတဲ့အထဲမှာ ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန် စတဲ့ ငွေစက္ကူတွေ ပါသွားတယ်။ တချို့လည်း ငွေပြန်လဲဖို့ကိစ္စ ပြောကြတယ်။ တချို့လည်း စာမေးပွဲထပ်မဖြေဖို့၊ တချို့လည်း ကျောင်းပိတ်ပေးဖို့ ပြောကြပါတယ်။

အဲဒီလိုပြောနေကြရင်းနဲ့ ကျောင်းသားအုပ်စုဟာ Building (1) အဆောင်အောက်ကို ရောက်လာကြပါတယ်။

ဒီအချိန်တုန်းက မော်ကွန်းထိန်းကဦးသက်လွင်၊ ပါမောက္ခချုပ်က ဦးခင်အောင်ကြည်ဖြစ်ပါတယ်။ ဦးသက်လွင်နဲ့ကျောင်းသားတွေ ပြောဆိုကြရင်းနဲ့ တချို့လည်း အင်းစိန်လမ်းမ ရှေ့မှာ ထွက်ထိုင်ကြပါတယ်။ တချို့လဲ Building (1) အောက်မှာကျန်ခဲ့ပါတယ်။ အင်းစိန်လမ်းမ ကျောင်းရှေ့ပလက်ဖောင်းပေါ်မှာ ထိုင်နေရင်းနဲ့ ကျောင်းသားထဲကတစ်ယောက်က ...

"ကဲ... သူငယ်ချင်းတို့ လက်ထဲကငွေစက္ကူတွေ အလကားဖြစ်ကုန်ပြီ ဒီငွေစက္ကူတွေကို မီးရှို့ရအောင်"

သူ့အိတ်ထဲက ၇၅၊ ၃၅၊ ၂၅ ကျပ်တန် ငွေစက္ကူတွေကို မီးရှို့ပါတယ်။ ကျန် ကျောင်းသားတွေလက်ခုပ်တီးရင်းနဲ့ပဲ သူတို့အိတ်ထဲက ငွေစက္ကူတွေကို မီးထုတ်ရှို့ပါတယ်။ လမ်းမပေါ်မှာ ဝိုင်းထိုင်ကြရင်းနဲ့ ငွေစက္ကူမီးပုံကို ဝိုင်းကြည့်အားရကျေနပ်နေပါတယ်။ အားလုံးရင်ထဲမှာ တစုံတခု ကျေနပ်မှုရလိုက်သလိုပါပဲလေ၊ ရာဇဝင်ထဲက သမိုင်းရဲ့ အငွေ့အသက်တခုပါပဲလေ။ ကျွန်တော်တို့အားလုံးရဲ့ ရင်ထဲမှာ တခုခုရရှိလိုက်သလိုပါပဲ။

အတန်အနည်းငယ်ကြာတော့ စကားစုဖွဲ့ပြောကြရင်းနဲ့ပဲ သမိုင်းလမ်းဆုံဘက်က မာဇဒါဂျစ်ကားအစိမ်းရောင်ဟာ အရှိန်နဲ့မောင်းလာပါတယ်။ အားလုံးအနားရောက်လာတဲ့အခါ အရှိန်ပြင်းပြင်းကနေပြီး ဘရိတ်အုပ်လိုက်ပါတယ်။

"ကျိုး"

"ဘာလုပ်တာလဲကွ"

"ချဟေ့၊ ချ"

"ရိုက်ကွ၊ ရိုက်"

"ဟေ့ လူကိုမလုပ်နဲ့၊ လူကိုမလုပ်နဲ့"

ပြည်သူ့လုပ်အားပြန်လည်နေရာချထားရေးအဖွဲ့မှ ကားဖြစ်ပါတယ်။ အဲဒီကားပေါ်က လူဟာ နဖူးနည်းနည်းပြောင်ပြောင် ညှစ်မှုံးအဆင့်လောက်ရှိမယ့်သူတစ်ယောက် ဖြစ်ပုံရပါတယ်။ သူကိုယ်တိုင်ကလည်း အရက်မူးနေပုံရပါတယ်။ ငွေစက္ကူတွေအသိမ်းခံရတယ်ဆိုတော့ သူ့ငွေတွေလည်း ပါသွားပုံရလားမသိပါဘူး။

တချို့ကဝိုင်းတားကြပါတယ်။ ကားပေါ်ကလူဟာဆင်းပြီး B.P.I လမ်းမထဲ ဝင်ပြေးသွားပါတယ်။

"ဒါ မ–ဆ–လ ရဲ့ကား"

"ဟုတ်တယ် မီးရှို့ကွာ"

အဲဒါနဲ့ ဒီကားကို ကျောင်းရှေ့မှာပဲ မှောက်ပြီးမီးရှို့လိုက်ပါတယ်။

အင်းစိန်လမ်းမပေါ်မှာ မာဇဒါဂျစ်ကားမီးလောင်နေတဲ့အချိန်မှာ ကျောင်းထဲက ပါမောက္ခချုပ်ကနေတဆင့် ကျောင်းသား ၅ ယောက် ပညာရေးဝန်ကြီးနဲ့ဆက်သွယ်ပြီး ဝန်ကြီးဦးကျော်ငြိမ်းနဲ့ စကားပြောနေကြပါပြီ။ ကျောင်းသားတွေဟာ ကားမီးရှို့တာ ဆူပူမှုလှုံ့ဆော်လိုတဲ့ဆန္ဒ မဟုတ်ပါဘူးလေ။ လူငယ်ပီပီ ဒေါသတရားပေါက်ကွဲလို့ တစုံတခုကို

ဦးလှည့်လိုက်တာလဲ မဟုတ်ပါဘူး။ မဆလကို မုန်းတီးမကျေနပ်၍ဖြစ်ပေါ်လာတဲ့ ပဲ့တင်သံတစ်ခုပါပဲ။

ကျောင်းထဲကကျောင်းသားတွေဟာ ပညာရေးဝန်ကြီးအား ကျောင်းပိတ်ပေးရန်၊ ကျောင်းမပိတ်ပေးပါက ငွေပြန်လဲပေးရန် တောင်းဆိုကြပါတယ်။ ဝန်ကြီးက....

"ငွေစက္ကူသိမ်းတာဟာ ငါတို့ရဲ့ Policy (ပေါ်လစီ) ပဲလေ၊ ဒါလိုက်လျောလို့မရဘူး။ မင်းတို့ကိုကျောင်းပိတ်ပေးမယ်။ အနီးတဝိုက် အခမဲ့အိမ်ပြန်ပို့ပေးမယ်။ လမ်းမှာသုံးဖို့ငွေ ထုတ်ပေးမယ်"

မ.ဆ.လ ပညာရေးဝန်ကြီးရဲ့ပြောကြားချက်ကို R.I.T ကျောင်းသားများ တိုင်ပင်လိုက်လျောခဲ့ကြပါတယ်။ မနက် ၂ နာရီခွဲကျော်ကျော်လောက်မှာ အဝေးပြေးဟီးနိုးကားကြီးတွေ ကျောင်းထဲကို တန်းစီဝင်လာပါတယ်။ ဒဂုံမန်း၊ ရာမည၊ မြေလတ်သားကားတွေဖြစ်ပါတယ်။ တစ်ယောက် ငွေ ၂၀၀ ကျပ်ကို ဦးဘမြင့် (အဆောင်မှူး၊ B အဆောင်) က ထုတ်ပေးပါတယ်။ တချို့လည်း လေဆိပ်၊ သဘော်ဆိပ်၊ ရထားဘူတာရုံဆီအရောက်ပို့ပေးပြီးတော့ အဲဒီကနေတဆင့် နေအိမ်အသီးသီးသို့ပြန်သွားကြပါတယ်။ ကျောင်းသားတွေရဲ့စိတ်ထဲမှာ မဆလပါတီအပေါ်မှာ တစုံတခု မကျေနပ်မှု ပေါက်ကွဲကျန်ခဲ့ပါတယ်။ R.I.T ကျောင်းသားတွေ ငွေယူပြီးပြန်သွားကြတယ်။ ဒီလောက်ကောင်းတဲ့အခွင့်အရေးကို အသုံးမချတက်ဘူး။ အဲဒီလိုပြောကြတဲ့ စကားသံတွေကိုလည်း ကြားခဲ့ရပါသေးတယ်။

(၂)

ဒီလိုနဲ့ ၁၉၈၈ ဇန်နဝါရီလမှာ ကျောင်းပြန်ဖွင့်ခဲ့ပါတယ်။ R.I.T ကျောင်းသားကြားထဲမှာ ငွေစက္ကူကိစ္စဟာ နှလုံးသားထဲမှာ ရိုက်ခတ်နေတုန်းပဲလေ။ ကျောင်းပြန်ဖွင့်ပြီး သိပ်မကြာပါဘူး။ အင်းစိန်စာတိုက်မှာ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတွေနဲ့ ပြဿနာ စဖြစ်ကြပါတယ်။ နယ်ကျောင်းသားတွေ၊ အဆောင်ကျောင်းသားတွေက မိဘတွေက M.O (money order) ငွေလွှဲစာနဲ့ပို့တာကို စာတိုက်ကဝန်ထမ်းတွေက ငွေကိုလှည့်သုံးပြီးတော့ လလယ် ၁၅ ရက်လောက်မှ ထုတ်ပေးတယ်။ ငွေလွှဲစာရဲ့ နေ့စွဲနဲ့ တံဆိပ်တုံးကို ကြည့်လိုက်တော့ လဆန်းရက်က နေ့စွဲတွေကိုတွေ့ရပါတယ်။ အဲဒါနဲ့ အဆောင်ကျောင်းသားတချို့စုပြီး အင်းစိန်စာတိုက်ကိုသွားပြီး ထိုကိစ္စကိုမကျေနပ်ကြောင်း ပိုင်း အရေးဆိုပါတယ်။ အဲဒီတော့ စာတိုက်မှူး၊ အင်းစိန်မြို့နယ်ရဲမှူးနဲ့ပါမောက္ခချုပ် ဦးခင်အောင်ကြည်တို့ လာရောက်ပြီး စာတိုက်မှူးက ငွေကို ရောက်တဲ့နေ့မှာ ကျောင်းသားများကို ထုတ်ပေးပါမယ်ဆိုပြီး ကတိဝန်ခံတောင်းပန်စကားဆိုခဲ့ပါတယ်။ အဲဒါနဲ့ကျောင်းသားအုပ်စုလည်း အဆောင်ကိုပြန်လာခဲ့ကြပါတယ်။

အဲဒီကိစ္စအပြီး နောက်တခုကတော့ ၄၈ အမြန် Hilux Toyota ကားသေးကိစ္စပါပဲ။ ဒီကားတွေက ကျောင်းရှေ့မှတ်တိုင်ရောက်ရင် ကားရပ်လျှင် ခေတ္တရပ်ပြီးလို့ လူဆင်းလို့မပြီးခင် ကားကိုအရမ်းမောင်းထွက်ပါတယ်။ ဒီတော့ ခြေနင်းခုံပေါ်ကလူဟာ မြန်မြန်ဆင်းလိုက်ရတာ နောက်ပြုတ်ကျမလို ဖြစ်ခဲ့ပါတယ်။ ဖေဖော်ဝါရီလထဲမှာ R.I.T ကျောင်းသူအမျိုးသမီး အဲဒီလို အဖြစ်အပျက်နဲ့ ပြုတ်ကျပြီး မျက်နှာ၊ လက်၊ ဒူးတွေပွန်းပဲ့ကုန်ပါတယ်။ R.I.T ကျောင်းသား

တွေနဲ့စုပြီး ၄၈ ကားနဲ့ ပြဿနာဖြစ်ခဲ့ပါသေးတယ်။

ဖေဖော်ဝါရီလကုန်ပိုင်းရောက်တဲ့အခါမှာတော့ အနောက်ကြို့ကုန်း B.P.I ဝင်း ကိုဟင်းလမ်းထဲမှာ R.I.T ကျောင်းသားတချို့နဲ့ပြဿနာရှိခဲ့ပါတယ်။ အဲဒီပြဿနာလေးက ဗိုလ်ဖုန်းမော်အရေး ဖြစ်လာခဲ့ပါတယ်။ ပြဿနာကတော့ ကိုဟင်းလမ်းထိပ်က လွှက်ရည်ဆိုင်မှာ လွှက်ရည်သောက်နေတဲ့ R.I.T ကျောင်းသားနှစ်ယောက်ကို ကိုဟင်းလမ်းထဲက လူငယ်တချို့ ရိုက်လိုက်ရာကနေ စတာပါ။ အဲဒီမှာ ကျောင်းသားတွေက အင်းစိန်ရဲစခန်းကို သွားတိုင်တဲ့အခါမှာ ရဲစခန်းမှာ ရပ်ကွက်လူငယ်အချို့ကို အဖမ်းပြပါတယ်။ အဲဒီလို R.I.T ကျောင်းသားတချို့အရိုက်ခံရတဲ့သတင်းဟာ အဆောင်ကျောင်းသားများဆီ ရောက်လာပါတယ်။ ဖမ်းလိုက်တဲ့လူငယ်နှစ်ယောက်ကို ရဲစခန်းက အာမခံနဲ့လွှတ်ပေးလိုက်တဲ့သတင်းလည်း အဆောင်ကို ရောက်လာပါတယ်။ အဲဒီတော့ အဆောင်ကကျောင်းသားတွေ လူစုနေပါပြီ။ ရပ်ကွက်ထဲကို သွားကြဖို့ သောကြာနေ့ ၁၁–၃–၈၈ နေ့မှာ သွားကြမယ်လို့ အစီအစဉ် တွေဆွဲကြပါတယ်။ ၁၂–၃–၈၈ မှာ R.I.T ကျောင်းသားတွေထွက်ကြလို့ အဲဒီနေ့မှာ မသွား ဖြစ်ခဲ့ပါဘူး။ အဲဒီလိုနဲ့ ၁၃–၃–၈၈ တနင်္ဂနွေနေ့ ရောက်လာပါတယ်။ ဗိုလ်ဖုန်းမော်အရေး စတင်ပါတော့မယ်။

(၃)

၁၃–၃–၈၈ တနင်္ဂနွေနေ့မှာ ညနေ ၆ နာရီလောက် Block (အဆောင်) ထဲက ကျောင်းသားတွေစုပြီး BPI ကိုဟင်းလမ်းထိပ်က အနောက်ကြို့ကုန်း ရပ်ကွက်ကောင်စီရုံးကို သွားပိုင်းပြီး R.I.T ကျောင်းသားနှစ်ယောက်ကိုရိုက်လိုက်တဲ့ ရပ်ကွက်လူငယ်တွေကို အရေးယူပေးဖို့ တောင်းဆိုပါတယ်။ အဲဒီလိုအရေးဆိုနေတုန်းမှာ ရပ်ကွက်ကောင်စီရုံးနားက သမဝါယမဆောင် မီးထလောင်ပါတယ်။ ကျောင်းသားတွေမရှိတာတော့ သေချာပါတယ်။ အဲဒီမှာ ရပ်ကွက်ထဲက လူတွေက ကျောင်းသားတွေမီးရှို့တယ်ထင်ပြီးတော့ ရပ်ကွက်ကောင်စီရုံးကို လာပိုင်းတဲ့ ကျောင်းသားတွေကို ပိုင်းရိုက်လွှတ်လိုက်ပါတယ်။

ဒဏ်ရာနဲ့ကျောင်းသားတွေ အဆောင်ကိုပြန်ရောက်လာတဲ့အခါမှာ အဆောင်က ကျန်တဲ့ ကျောင်းသားတွေစုပြီး အင်းစိန်လမ်းမပေါ်ထွက်လာကြပါတယ်။ အင်းစိန်လမ်းမပေါ်မှာ ဟိုဘက်ဒီဘက် ကျောင်းသားနဲ့ရပ်ကွက်လူထု အခြေအနေတင်းမာနေပါတယ်။ ဆရာတွေနဲ့ ရပ်မိရပ်ဖတွေဟာ နှစ်ဖက်ကို ပိုင်းဝန်းထိန်းနေပါတယ်။ ဒီဘက်ကလည်း ဝင်လို့မရပါဘူး။ BPI အနောက်ရပ်ကွက်ထဲက သမဝါယမဆိုင်လည်း မီးလောင်နေပါတယ်။ အင်းစိန်လမ်းမလည်း လူအုပ်နဲ့ကားအသွားအလာ ရပ်ဆိုင်းနေပါတယ်။ တစ်ဖက်နဲ့တစ်ဖက် တင်းမာစွာ ရန်စောင်နေတဲ့အချိန်မှာဘဲ မရမ်းကုန်းဘက်ကနေ ရဲချုပ်ကား၊ ဝန်ကြီးဗီးသောကားနက်၊ လုံထိန်းကားများ ဝင်လာပါတယ်။

အဲဒီကားတွေဟာ ကျောင်းသားအုပ်စုနဲ့ ရပ်ကွက်လူထုကြားထဲမှာ ရပ်လိုက်ပါတယ်။ ဝန်ကြီးကားအနက်နှင့် တိုင်းရဲမျူးကြီးကားတွေဟာ BPI လမ်းထဲ ချိုးဝင်သွားပါတယ်။ ကားပေါ်ကနေ လုံထိန်းတွေဆင်းလာပြီး သံခမောက်အနီ၊ ဒိုင်း၊ ဂန်းပိုက်၊ သေနတ်တွေနဲ့ နေရာယူပြီးတော့ ရပ်ကွက်လူထုဘက် ချိန်ထားလိုက်ပါတယ်။ နောက်မှသိရတာကတော့ တိုင်းရဲမျူး

ဖေကြည်နဲ့ ပညာရေးဒုဝန်ကြီး ဒေါက်တာမောင်ဒီတို့ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကျောင်းသားနဲ့လုံထိန်းကြား ပဋိပက္ခအသွင် ပြောင်းသွားပါတယ်။ ကျောင်းသားတွေဘက်ကို သေနတ်ဦးလှည့်လိုက်ပါတယ်။ နောက် သေနတ်ကို မိုးပေါ်ထောင်ပစ်ပါတယ်။ တော်လှန်ရေးနေ့အခမ်းအနား မီးကျည်တွေလိုပါဘဲ မိုးကောင်းကင်ယံထက်မှာ မီးကျည်တွေကို လှုပလို့ကြည့်နေကြပါတယ်။ အဲဒီအချိန်မှာနောက်ကနေ ဆရာတွေက အော်ဟစ်သတိပေးပါတယ်။

"မင်းတို့ကို မျက်ရည်ယိုပုံးနဲ့ပစ်မှာတဲ့"

ကျောင်းသားအချို့ မျက်စိစပ်လာတော့ ကျောင်းထဲဝင်ပြေးကြပါတယ်။ မျက်ရည်ယိုပုံးနဲ့မီးကျည် ရောပစ်ကြတာကို ပြေးဝင်သွားတဲ့ကျောင်းသားတွေနောက်ကို သေနတ်နဲ့ သူတို့ပစ်ကြပါတယ်။

ကျောင်းသားနဲ့ဆရာတွေအားလုံး ထွက်ပြေးတဲ့နောက်ကို သေနတ်နဲ့ပစ်ကြပါတယ်။ သူတို့ပစ်တာ ၃ ယောက် အကြီးအကျယ် ဒဏ်ရာရသွားပါတယ်။ ကိုဖုန်းမော် (ပဉ္စမနှစ်–ဓါတုအင်ဂျင်နီယာ)၊ ကိုစိုးနိုင် (နောက်ဆုံးနှစ်၊ စက်မှုအင်ဂျင်နီယာ၊ ပုသိမ်)၊ ကိုမြင့်ဦး (နောက်ဆုံးနှစ်၊ စက်မှုအင်ဂျင်နီယာ၊ ပြွန်တန်ဆာ)တို့ ဖြစ်ပါတယ်။

ပထမတော့သူတို့တွေဟာ ဒဏ်ရာရတဲ့သူတွေကို ဝင်ဆွဲဘို့ကြိုးစားပါတယ်။ နောက်တော့ ဝင်မဆွဲဖြစ်ပါဘူး။ သေနတ်ပြောင်းဝပြောင်ပြောင်လက်လက်တွေနဲ့ ဦးထုတ်အနီပြောင်ပြောင်လက်လက်နဲ့ တံတိုင်းကြားကနေ ကျောင်းသားတွေဘက် သေနတ်ချိန်ထား ကြပါတယ်။

သေနတ်သံတွေတိတ်ဆိတ်သွားတော့ ကျောင်းသားတွေအခြေအနေ စောင့်ကြည့်ပြီး အဆောင်ကို ပြန်ထွက်လာကြပါတယ်။ အဲဒီမှာကျောင်းသားအချို့နဲ့ ဆရာတွေတိုင်ပင်၊ သေဆုံးခါနီး ကိုဖုန်းမော်နဲ့ ဒဏ်ရာပြင်းထန်းတဲ့ကိုစိုးနိုင်၊ ကိုမြင့်ဦးတို့ကို ကျောင်းဆေးခန်းကနေတဆင့် အင်းစိန်ဆေးရုံကို သယ်ဆောင်သွားကြပါတယ်။

(၄)

✡ ၈၈ – သမိုင်းထဲက – ကိုဖုန်းမော်

✡ မီးကျည်နဲ့ မျက်ရည်ယိုပုံးကြားထဲက – ကိုဖုန်းမော်

✡ သေနတ်နဲ့ ယမ်းငွေ့ကြားထဲက – ကိုဖုန်းမော်

စွယ်တော်ရွက်တွေပွင့်နေတဲ့ R.I.T ကျောင်းထဲမှာ ည ၁၂ နာရီထိုးခါနီးပါပြီ။ ကျောင်းသားတွေ Building (1) ဆောင်ထဲမှာ စုစည်းထိုင်ပြီးတော့ ဘာဆက်လုပ်ကြမလဲ ဆွေးနွေးအဖြေရှာကြတဲ့အခါမှာတော့ ဗိုလ်ဖုန်းမော်သွေးမြေကျတဲ့နေရာမှာ အထိမ်းအမှတ်ကြယ်ပွင့် (တော်လှန်ရေး ၅ ထောင့်ကြယ်ပွင့်) လုပ်ဖို့ စီစဉ်ပြင်ဆင်ကြပါတယ်။ ကျောင်းအနှံ့အပြား လုံထိန်းတွေပစ်လိုက်တဲ့ သေနတ်ကျည်ခွံမပေါက်သေးတဲ့ မီးကျည်၊ မျက်ရည်ယိုပုံးသွေးစွန်းအင်္ကျီတွေကို လိုက်လံစုစည်းပြီးတော့ ဒီကြယ်ထဲမှာထည့်ပြီး နံနက် ၅း၂၅ နာရီ

၁၄–၃–၈၈ တနလ်ာနေ့မှာ ကျောင်းကို ငြိမ်သက်စွာတစ်ပတ်ပတ်ပြီးတော့ ကြယ်ရှေ့မှာ ပန်းခွေ ချ အလေးပြုခဲ့ကြပါတယ်။

(၅)

၁၄–၃–၈၈ မ.ဆ.လထုတ် သတင်းစာထဲမှာ အဲဒီသတင်းနဲ့ပတ်သက်ပြီး ဘာမှ ပါမလာ ပါဘူး။ အဲဒီနေ့ မ.ဆ.လ ပါတီရဲ့ လွှတ်တော်အစည်းအဝေးစတင်တဲ့နေ့ ပညာရေးဝန်ကြီး အဖြစ် ဦးကျော်ငြိမ်းနေရာမှာ ဒေါက်တာကျော်စိန်ကို ခန့်လိုက်တဲ့နေ့ ဖြစ်ပါတယ်။

နေ့လည် ၁ နာရီသတင်းမှာတော့ အနောက်ကြိုကုန်းအရပ်သားများနဲ့ ရန်ကုန် စက်မှုတက္ကသိုလ်ကျောင်းသားများ ခိုက်ရန်ဖြစ်ပွားခဲ့ကြရာမှ စက်မှုတက္ကသိုလ် ကျောင်းသား မောင်ဖုန်းမော်သေဆုံးပြီး မောင်စိုးနိုင်မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသရကြောင်း သတင်းပါလာပါတယ်။

သူတို့ရဲ့ လိမ်လည်လှည့်ဖြားသတင်းတွေကို မခံနိုင်တဲ့ကျောင်းသားတွေက တောင်းဆို ချက် ၇ ချက်နဲ့ ကိုဖုန်းမော်သွေးမြေကျရသည့်ဖြစ်ရပ်မှန် ကြေငြာချက် ၂ စောင်ကို ရေးသား ရိုက်နှိပ်ဖြန့်ဝေခဲ့ပါတယ်။

Building (1) အဆောင်ဘက်မှာဆို ကြယ်နဲ့ပန်းခွေ၊ ပန်းခွေထဲမှာ ကျည်ခွံ၊ မျက်ရည် ယိုဖုံး၊ သွေးစွန်းအင်္ကျီတွေ နံရံပေါ်မှာတော်လှန်ရေးရဲ့ ကြေငြာစာတမ်းတွေ၊ ကျောင်းသားတွေရဲ့ တောင်းဆိုချက်ကြေငြာစာတမ်းတွေ ကပ်ထားပါတယ်။

သူတို့ဟာညဘက်ဆိုရင် ကျောင်းကိုသေနတ်တွေနဲ့ လာချိန်ပါတယ်။ နေ့ဘက်ဆိုရင်တော့ F.A.O ရုံးထဲ ဝင်သွားပြီးနေကြပါတယ်။ အင်းစိန်လမ်းမဟာလည်း တချိန်လုံး ပိတ်ထားပါတယ်။ ကျောင်းထဲက စားသောက်ဆိုင်ကလည်း ကျောင်းသားတွေကို အခမဲ့ ကျွေးမွေး အားပေးပါတယ်။

(၆)

၁၄–၃–၈၈ ညဘက်မှာ ကျောင်းသားတွေဟာ ပါမောက္ခချုပ်ဦးခင်အောင်ကြည်ကတဆင့် ပညာရေးဝန်ကြီးအသစ်နဲ့ ဖုန်းစကားပြောဘို့ တောင်းဆိုပါတယ်။ မော်ကွန်းထိန်း ဦးဗိုလ်အေးက တာဝန်ယူဆက်သွယ်ပေးမည်ဆိုတော့ (A) အဆောင်မှူးအိမ်ကို ခေါ်သွားပါတယ်။

ပညာရေးဝန်ကြီးဒေါက်တာကျော်စိန်က မိမိနဲ့မသက်ဆိုကြောင်း မိမိဟာ ၁၄–၃–၈၈ ရက်နေ့မှာသာ တာဝန်ယူသောကြောင့် ဖြစ်ပွားသည့်နေ့မှာ ၁၃–၃–၈၈ ဖြစ်ကြောင်း မိမိ အထက်ကိုတင်ပြမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပါတယ်။ ကျောင်းသားတွေဟာ ပညာရေး ဝန်ကြီးသဘောထားကိုသိပြီးနောက် မော်ကွန်းထိန်းဦးဗိုလ်အေးကို လက်မှတ်ထိုးခိုင်းကာ တတိယမြောက်ကြေငြာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေငြာချက်မှာ ရန်ကုန်စက်မှု တက္ကသိုလ်သွေးမြေခရတဲ့ဖြစ်ရပ်မှာ လုံထိန်းများ စစ်သေနတ်၊ မျက်ရည်ယိုဗုံးများကြောင့်ဖြစ် ကြောင်း ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်း သူများကိုယ်စား ဝန်ခံအပ်ပါသည်ဆိုတဲ့ ကြေငြာချက်ဖြစ်တယ်။

အဲဒီနေ့ညမှာ စာကူးစက်တွေကို (A) အဆောင်၊ အခန်း ၂၀ သို့ပြောင်းရွှေ့၊ နောက်နေ့မှာ ကြေငြာချက်တွေကို အခြားကောလိပ်၊ တက္ကသိုလ်များကို လိုက်လံဖြန့်ချိရန် အသေခံအဖွဲ့ဖွဲ့ပါတယ်။

(၇)

နောက်နေ့မနက် ၁၅–၃–၈၈ မှာ သမိုင်းကျောင်းဝင်းအတွင်းမှ ကျောင်းသားများ ထပ်မံအားဖြည့်လာပါတယ်။ ၁၅–၃–၈၈ မနက်ကိုးနာရီလောက်ကစပြီးတော့ ကျောင်းကို လုံထိန်းတွေ ပြန်ဝိုင်းထားပါတယ်။ ကျောင်းရှေ့လမ်းမမှာ သံချပ်ကာကားတွေ၊ ရဲတွေ၊ လုံထိန်းတွေ အပြည့်နေရာယူပြီး စစ်ဘိနပ်တွေကို မြေပြင်လမ်းမပေါ်ဆောင့်နင်းကာ စစ်ရေးလေ့ကျင့်ကြပါတယ်။

နေ့လည် ၃း၁၅ နာရီမှာတော့ သေနတ်တကားကားနဲ့ စစ်ဘိနပ်တွေနဲ့တံခါးတွေဆောင့်ကန်ဖွင့် ကျောင်းထဲကို မဆလ စစ်တပ်တွေဝင်စီးပြီး ဗိုလ်ဖုန်းမော်အမှတ်တရကြယ်ကိုဖျက်ဆီး ကျောင်းသား ၆၅၀ ဦး (အရပ်သားအပါအဝင်) အားလုံးကို ဖမ်းဆီးသွားပါတယ်။ အဲဒီထဲက ကျောင်းသား ၆၅ ဦးဟာ ၁၄ အုပ်စုဝင် ကျောင်းသားများဖြစ်ပါတယ်။ ကိုဝိုးနိုင်ဟာ ဇပြေလ ၅ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ ကိုမြင့်ဦးက အဆုတ်ထဲက ကျည်ဆံအခုထိရှိနေတုန်းပါဘဲလေ။

(၈)

၁၉၈၈ မတ်လ ၁၅ ရက်နေ့ထဲက R.I.T ကျောင်းသားအချို့ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)၊ စီးပွားရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ် ၁၊ ၂၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နဲ့ မြို့တွင်းနေရာအနှံ့အပြားကို ဗိုလ်ဖုန်းမော်နေ့ကထုတ်တဲ့ စာ ၃ စောင်ကို ဖြန့်ဝေခဲ့ပါတယ်။ နောက် မတ် ၁၆ တံတားနီ၊ မတ် ၁၈ ရက် ရန်ကုန်မြို့တွင်း ဆန္ဒပြပွဲမှာလည်း ပါဝင်ခဲ့ကြပါတယ်။

(၉)

၁၉၈၈ ဇူလိုင် ၇ ရက်မှာ အထိမ်းသိမ်းခံကျောင်းသားတွေ ပြန်လွှတ်လာပါတယ်။ အဲဒီကျောင်းသားတွေနဲ့ ဇွန် ၂၁ ရက် မြေနီကုန်းနဲ့ရန်ကုန်တက္ကသိုလ် ဆန္ဒပြပွဲမှာ ပါဝင်ခဲ့တဲ့ကျောင်းသားတွေအားလုံး ပူးပေါင်းပြီးနောက် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည် လူထုတရားဟောအစည်းအဝေးအပြီး ဆေးရုံကြီးထဲတွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (R.I.T.S.U) ကို တရားဝင်ဖွဲ့စည်းခဲ့ပါတယ်။

R.I.T.S.U က ဦးဆောင်ပြီး ဗိုလ်ဖုန်းမော်နဲ့ကိုဝိုးနိုင် အောက်မေ့ဘွယ်ရာ အခမ်းအနားကို ၁၉၈၈ စက်တင်ဘာလ ၁၃ ရက် ၆ လပြည့်တွင် ရန်ကုန်စက်မှုတက္ကသိုလ် Building (1) ဆောင်မူလနေရာတွင် ကြယ် ပြန်ပြုလုပ်ပြီးနောက် ချီတက်အလေးပြုအခမ်းအနား ပြုလုပ်ခဲ့ပါတယ်။ ထိုအခမ်းအနားကို ရန်ကုန်နှင့်နယ်ပေါင်းစုံသမဂ္ဂများအဖွဲ့၊ အဖွဲ့အစည်းပေါင်းစုံ ၂၀၀ ကျော် ချီတက်အလေးပြုခြင်း၊ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့ခြင်း ပြုလုပ်ခဲ့ပါတယ်။

(၁၀)

စစ်တပ်က အာဏာသိမ်းပြီးနောက် R.I.T.S.U သည် ဗကသများအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၉ မတ်လ ၁၃ ရက် (၁) နှစ်ပြည့် အခမ်းအနားကို ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ဦးဆောင်ဖိတ်ခေါ်၍ ဗကသများအဖွဲ့ချုပ်၊ ရန်ကုန်တက္ကသိုလ် ကျောင်းသားများအဖွဲ့ချုပ်၊ ရန်ကုန်မြို့ပေါ်နှင့်နယ်ရှိ သမဂ္ဂများနှင့် တပ်ဦးများအဖွဲ့ပေါင်းစုံကို ဖိတ်ခေါ်ပြီးနောက် ဗိုလ်ဖုန်းမော် (၁) နှစ်ပြည့်ကျင်းပရေးကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ဦးနု၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ၁၁ ဦးကို နာယကအဖြစ် တင်မြောက်ခဲ့ပါတယ်။

(၁၁)

၁၉၈၉ မတ်လ ၁၃ ရက်နေ့ ဗိုလ်ဖုန်းမော် (၁) နှစ်ပြည့်အခမ်းအနားကို ရန်ကုန်စက်မှုတက္ကသိုလ်ဝင်းအတွင်း အဆောင်များရှေ့မြက်ခင်းပြင်ပေါ်တွင် အောင်မြင်စွာ ကျင်းပခဲ့ပါတယ်။ ထိုနေ့တွင် NLD မှ ဦးတင်ဦးက ဖုန်းမော်ဂုဏ်ပြုသောအားဖြင့် ၁၉၃၈ နယ်ခဲ့ဆန့်ကျင်ရေးအာဇာနည်အဖြစ် ကိုအောင်ကျော်ကို ဗိုလ်အောင်ကျော်ဟု ခေါ်ဆိုသကဲ့သို့ ၁၉၈၈ ခုနှစ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုအာဇာနည်အဖြစ် ကိုဖုန်းမော်ကို ဗိုလ်ဖုန်းမော်ဟု သတ်မှတ်ခေါ်ဆိုခဲ့ပါတယ်။

(၁၂)

ထိုနေ့ကို NLD မှ မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အဖြစ်သတ်မှတ်၍ နံရံကပ်ပိုစတာများ ဖြန့်ဝေခဲ့ပါတယ်။ ကျောင်းသားသမဂ္ဂနှင့် တပ်ဦးတို့ကလည်း အာဏာရှင်ဆန့်ကျင်ရေးနေ့အဖြစ် ပို့စကဒ်များ ဖြန့်ဝေခဲ့ပါတယ်။

နောက်ပိုင်းတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့အဖြစ် အားလုံးကသဘောတူညီလက်ခံခဲ့ကြပါတယ်။

(၁၃)


ဗိုလ်ဖုန်းမော်ကျဆုံးခဲ့သည်မှာ ၂၀၀၂ ခု မတ်လ ၁၃ ရက်နေ့တွင် ၁၃ နှစ်ပြည့်ခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတိုက်ပွဲမှာ မပြီးဆုံးသေးပါ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တိုက်ပွဲအဆင့်ဆင့်တွင်ကျဆုံးခဲ့ကြသော သူရဲကောင်းတို့၏ကြီးမြတ်သောစွန့်လွှတ်မှုကို ဂုဏ်ပြုဦးညွှတ်ပါသည်။ ကျွန်တော်တို့ဟာ မပြီးဆုံးသေးသောဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုကို အောင်မြင်သည်အထိ ညီညွတ်စွာတိုက်ပွဲဝင်သွားကြပါစို့လို့ ခိုင်မာစွာ သံန္နိဋ္ဌာန်ပြုပါ၏။

“ဗိုလ်ဖုန်းမော်”

ပြုံးလို့ မပျော်နိုင်ပါဘူး
မင်းရဲ့ပုံရိပ် ငါတို့ရဲ့ရင်ကို
တိုးဝှေ့ငြိတွယ် နေဆဲပါလေ
မင်းရဲ့အပြုံး ငှါမျက်လုံးနဲ့
ဆုံလေတိုင်းမှာ ငှါနှလုံးသား
ပိုမို ကျစ်လျစ်
မင်းရဲ့အားမာန် ငှါနာဝထိ
ကြားယောင်တိုင်းမှာ ငှါခြေလှမ်းတွေ
ပိုမိုတက်ကြွ
ဗိုလ်ဖုန်းမော်
ဦးလည်းညွှတ်တယ်
ဂုဏ်လည်းပြုတယ်
လေးလဲလေးစားတယ်
ငါတို့ရှေ့ခရီးဆက်မယ်
အောင်ပွဲဆီသို့လေ။ ။



ပ ပ ပ ပ



"ရဲဘော်တို့ ... ဒို့မြေကို တလက်မမှ အထိမခံကာကွယ်ရမယ်။ အဲ ...ဒေါ်လာနဲ့ဆို ဘယ်နှလက်မဆို ငှားရငှားရ ..."

သမဂ္ဂ

သံမဏိခွပ်ဒေါင်းမိခင်

မင်းထိုက်

ကျောင်းသားရဲဘော်အပေါင်းတို့။

နှစ်ထောင့်နှစ်ဆိုတဲ့အချိန်ဟာ ဖဖ နှစ်မြောက် ဗကသ ရဲ့ သံမဏိလိုရှည်ကြာတဲ့ ဖြတ်သန်းမှုရဲ့ ထောင်စုတစ်စုက ထောင်စုတစ်စုကို ရဲရင့်စွာဖြတ်သန်းခဲ့တာဟာဖြင့် အင်မတန်မှဝမ်းမြောက်ဂုဏ်ယူစရာကောင်းသော အခါသမယဖြစ်ပါတယ်။ လူသားတွေဟာ နှစ်ကာလကြာရှည်တည်တံ့ခိုင်မြဲတဲ့အရာများကို သမိုင်းတန်ဖိုးအဖြစ် သတ်မှတ်ကြရာမှာ ကျွန်တော်တို့ ဗကသ သမိုင်းတန်ဖိုးနှင့် သမိုင်းအမွေအနှစ်ဟာ ယနေ့တိုင် ကျောင်းသားထုနဲ့ပြည်သူလူထု၏နှလုံးသားမှာ အစဉ်ကိန်းအောင်းလျက်ရှိနေတဲ့ ရတနာတပါးပဲ ဖြစ်ခဲ့ပါတယ်။ ဗမာပြည်ရဲ့ သမိုင်းမှာ အဆောက်အအုံများ၊ အသင်းအဖွဲ့များ၊ အရာဝတ္ထုများ မည်မျှပင် ဖြစ်တည်ရှင်သန်ခဲ့ကြသော်လည်း **ဗကသ ကဲ့သို့ ဖြူစင်ရဲရင့် တောက်ပြောင်စွန့်လွှတ်ပိုင်းဖြတ်နိုင်သော၊ သံမဏိလိုရှည်ကြာသော အဖွဲ့အစည်းဟူ၍ မရှိခဲ့ပေ**။ ဗကသ ဟာ ပြည်သူရဲ့ ရင်နှစ်သည်းခြာများ၊ ပြည်သူရဲ့အသည်းနှလုံးအဖြစ် မျိုးဆက်များကို တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်ရင်း **ကောင်းမွန်တဲ့ အမျိုးသားရေး သမိုင်းများကို ပေးဆပ်ခဲ့တာဟာ တိုင်းသိပြည်သိ ကမ္ဘာသိပဲ ဖြစ်ပါတယ်။** ကျွန်တော်တို့ရဲ့ ဗကသ ဟာ ဗမာပြည်နိုင်ငံရေးရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်ခဲ့တာဟာဖြင့် ယနေ့ကာလထိသာမက နောင်အနာဂတ်သို့တိုင်အောင် တည်ရှိနေမှာဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ပြည်သူတို့၏ရင်နှစ်သည်းခြာများဖြစ်သော ကျောင်းသားများဟာ ဖြူစင်ရဲရင့်မှုဖြင့် အမှန်တရားကို ရှေ့ရှုရင်း တိုင်းပြည်နဲ့ပြည်သူလူထုအကျိုးစီးပွားကို အစဉ်ထာဝရသယ်ပိုးခဲ့သည့် အဖွဲ့အစည်းဖြစ်သောကြောင့်ပါပဲ။ ဗကသ ရဲ့ **တိုက်ပွဲဝင် ခွပ်ဒေါင်းအလံ**ဟာ ခေတ်အဆက်ဆက်မှ ယနေ့တိုင် တပ်ဦးမှချီတက်ရင်း တိုက်ပွဲကြား လူထုကြားမှာ အမြင့်မားဆုံး လွှင့်ထူနိုင်ခဲ့သော အလံဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ကျရောက်လာသော ဗကသ ရဲ့ (ဖဖ) နှစ်မြောက်မွေးနေ့ကို သံမဏိခွပ်ဒေါင်းမိခင်၏မွေးနေ့အဖြစ် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ပါတယ်။

ဗ.က.သ ဆိုတာ

မည်သည့်အဖွဲ့အစည်း မည်သည့်အယူဝါဒ၊ မည်သည့်အင်အားစု၊ အစိုးရ၊ နိုင်ငံတော်၏ လက်အောက်ခံ၊ လက်ဝေခံအဖြစ် ဘယ်တော့မှရပ်တည်ခဲ့ခြင်းမရှိဘဲ မိမိတို့ရဲ့ကိုယ်ပိုင်

ရပ်တည်ချက်၊ ရည်မှန်းချက်၊ မူဝါဒသဘောထားများကိုချမှတ်ကာ တိုင်းပြည်နှင့်ပြည်သူလူထု အကျိုးစီးပွားဘက်က ရပ်တည်ပြီး ကျောင်းသားထုကိုကိုယ်စားပြုတဲ့ ခေတ်အဆက်ဆက် တိုက်ပွဲဝင်ခဲ့သော၊ တိုက်ပွဲဝင်နေသော အဖွဲ့အစည်း (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်) ပဲ ဖြစ်ပါတယ်။

ဗ.က.သ၏ အယူဝါဒသဘောထား

လူ့အဖွဲ့အစည်းတွေရဲ့တိုးတက်ဖြစ်ပေါ်မှုသမိုင်းမှာ ကျောင်းသားသက်သက်၊ အလုပ်သမားသက်သက်၊ လယ်သမားသက်သက်၊ အသိပညာရှင် အတတ်ပညာရှင်သက်သက် ပြည်သူပြည်သားများကသက်သက်ဟူ၍ ခွဲခြား၍မရနိုင်ပါ။ မိမိတို့တည်ရှိနေကြသော နေရာဒေသ၊ တိုင်းနိုင်ငံအတွင်းရှိ မိမိတို့တစ်ဦးချင်းစီ၏ အကျိုးစီးပွားများနှင့် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားများကို ညီညွတ်မျှတစွာပေါင်းစပ်ကြရသည်မှာ လူသားတိုင်း၏ အမျိုးသားရေး တာဝန်ဖြစ်ပါတယ်။ ယနေ့လက်တွေ့ လူ့အဖွဲ့အစည်းကြီးတွင် ကျယ်ကျယ်ပြန့်ပြန့် နေရာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ ပုံသဏ္ဌာန်၊ ရည်ရွယ်ချက်ပေါင်းစုံတို့ဖြင့် လုပ်ဆောင်နေကြသည်မှာ လက်တွေ့ပင်ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားနှင့်ပြည်သူတို့ဟာ မိဘနဲ့ သားသမီးများပဲဖြစ်ပါတယ်။ တိုင်းပြည်နဲ့ပြည်သူလူထုအရေး (လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံတို့အရေး) တို့သည် ထိုတိုင်းပြည်တွင်းရှိ လူတဦးချင်းစီနဲ့ လူ့အဖွဲ့အစည်းတရပ်လုံး၏အရေးအဖြစ် ဆက်စပ်ပေါင်းစည်းလျက် ရှိနေပါတယ်။

ဗမာပြည်သမိုင်းတွင် ၁၉၂၀ မှ ယနေ့တိုင် ကျောင်းသားများနဲ့ ဗကသ အဖွဲ့ချုပ်ဟာ

(၁) အမျိုးသားရေး
(၂) ငြိမ်းချမ်းရေး
(၃) နယ်ချဲ့ဆန့်ကျင်ရေး (၀၀) စစ်အာဏာရှင်ဆန့်ကျင်ရေး
(၄) ကျောင်းသားထုအခွင့်အရေး ကာကွယ်ရေး
(၅) ဒီမိုကရေစီပညာရေး

ဆိုသည့် အခြေခံမူ ၅ ချက်ကို ချမှတ်ခဲ့ကြပါတယ်။ ဒီလိုချမှတ်ပြီး အမျိုးသားရေးတာဝန်များကိုထမ်းဆောင်ကြရာမှာ ခေတ်ကာလအလိုက် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်ချမ်းရေး၊ လူ့အခွင့်အရေး၊ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော်သစ်တည်ဆောက်ရေး၊ ဒီမိုကရေစီပညာရေး၊ ကျောင်းသားထုအခွင့်အရေး ကာကွယ်ရေး စတာတွေဟာ ယနေ့တိုင် ဗကသ မှ ရပ်တည် ကိုင်စွဲခဲ့သော မူဝါဒများနှင့် နိုင်ငံရေးလမ်းကြောင်းပဲဖြစ်ပါတယ်။

ထုဆစ်ခဲ့သည့် သမိုင်းတန်ဖိုးများ

ဗကသ ရဲ့သမိုင်းဟာ စကတည်းကတိုက်ပွဲနဲ့စခဲ့ရတာပါ။ ကျွန်ပညာရေးစနစ်ကို အုတ်မြစ်ချဖို့အတွက် ၁၉၂၀ ဒီဇင်ဘာ ၅ ရက်နေ့မှာ တက္ကသိုလ်အက်ဥပဒေ (UNIVERSITY ACT) ကို နယ်ချဲ့အစိုးရက ပြဋ္ဌာန်းလာခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ ဗမာပြည်သူများကို ကျွန်သက်ရှည်စေဖို့သာဖြစ်တယ်ဆိုတာကို သိနေတဲ့ကျောင်းသားတွေဟာ ပထမကျောင်းသားသပိတ်ကိုမှောက်ပြီး ဆန့်ကျင်ခဲ့ကြတယ်။ တဆက်တည်း အမျိုးသားကောလိပ်ကို ဖွင့်တယ်။ အဓိကအားဖြင့် သခင်ကျောင်း၊ သခင်စိတ်ဓာတ်ကို မျိုးစေ့ချပေးခဲ့တာပါ။ ဒါကြောင့်လည်း ၁၉၂၃ ဒိုင်အာခီအုပ်ချုပ်ရေးကို နယ်ချဲ့ကပေးလာသောအခါ ဒိုင်အာခီအစား HOME RULE ကိုယ်ပိုင်အုပ်ချုပ်ရေးကိုပေးဖို့ လူထုကြီးက တောင်းဆိုနိုင်ခဲ့ကြပါတယ်။

၁၉၃၆ မှာတော့ ရန်ကုန်တက္ကသိုလ်မှာ ဗကသ အဖွဲ့ချုပ်ဟာ အခိုင်အမာရှိနေပါပြီ။ တက္ကသိုလ်အာဏာပိုင်အဖွဲ့က ကျောင်းထဲမှာရမ်းကားချင်တိုင်းရမ်းကား၊ ဗိုလ်ကျချင်တိုင်းကျနေတာကို ကိုညိုမြရဲ့ 'ငရဲခွေးကြီးလွတ်နေပြီ' (အိုးဝေမဂ္ဂဇင်းဆောင်းပါး) နဲ့ ဖွင့်ချ တိုက်ခိုက်ပါတယ်။

အဲဒီအချိန်မှာ ဗကသ ဥက္ကဋ္ဌကို ကျောင်းထုတ်မယ်။ အိုးဝေမဂ္ဂဇင်း အယ်ဒီတာကို ကျောင်းထုတ်မယ်ဆိုတာ ဖြစ်လာတယ်။ ဒါဟာကျောင်းသားထုအခွင့်အရေးကို ထိပါးစော်ကားလာတာဖြစ်တာကြောင့် ဒုတိယကျောင်းသားသပိတ်နဲ့ အန်တုဆန့်ကျင်ခဲ့ပါတယ်။

၁၉၃၈ မှာတော့ တို့ဗမာအစည်းအရုံးဟာ လူထုကို အများကြီး နိုင်ငံရေးခေါင်းဆောင်မူပေးနေပါပြီ။ ဒါကြောင့်လည်း ၉၁ ဌာနအုပ်ချုပ်ရေး (ဒေါက်တာဗမော် ညွှန့်ပေါင်းအစိုးရ) ရဲ့အောက်မှာ ဗမာပြည်သူတွေဟာ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို ဆင်နွှဲလိုက်ကြပါ တယ်။ ဒီမှာ ဗကသ ဟာ အလုပ်သမားထု၊ လယ်သမားထုစတဲ့ ပြည်သူလူထုနှင့်အတူ တတိယကျောင်းသားသပိတ်ကို မှောက်ရင်း လက်တွဲပါဝင်ခဲ့ပါတယ်။ လွတ်လပ်ရေးကိုရဖို့ဆိုရင် လက်နက်ကိုင်တိုက်ပွဲပါ ဆင်နွှဲဖို့လိုအပ်လို့ ၁၉၃၈ ပုသိမ်ညီလာခံမှာ ဆုံးဖြတ်နိုင်ခဲ့ပြီး ဗကသ ဥက္ကဋ္ဌကိုလှမောင် (ဗိုလ်ဇေယျ)၊ အတွင်းရေးမှူး ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) အပါအဝင် ကျွန်တော်တို့ကျောင်းသားတွေ လက်နက်ကိုင်ဖို့ အခြားနိုင်ငံရေးအင်အားစုများကို လက်တွဲခဲ့ကြပါတယ်။

၁၉၄၂ – ၄၅ ဖက်ဆစ်ဂျပန်လက်အောက်မှာလည်း အရှလူငယ်အစည်းအရုံးအဖြစ်နဲ့ ဖဆပလ အလံတော်အောက်မှာ လျှို့ဝှက်လှုပ်ရှားနိုင်ခဲ့တယ်။ စစ်ပြီးခေတ်ကာလအထိ စစ်အုပ်ချုပ်ရေးခေတ်မှာလဲ လွတ်လပ်ရေးကြိုးပမ်းမှုလုပ်ငန်းကို အခြားနိုင်ငံရေးအင်အားစုများနဲ့ လက်တွဲလုပ်ကိုင်ခဲ့ကြတယ်။

လွတ်လပ်ရေးရပြီးနောက် အမျိုးသားညီညွတ်ရေးပြုကွဲကြ၊ ဒီမိုကရေစီလုပ်ဟန်တွေ ချို့တဲ့ကြပြီး ပြည်တွင်းစစ်ကြီးဖြစ်လာတဲ့အခါမှာလည်း ဗကသ က ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များကို လုပ်ကိုင်ခဲ့ကြပါတယ်။ အာဏာရပါတီက ကြိုးကိုင်မွေးမြူတာကို လုံးဝ လက်မခံကြပါဘူး။ ၁၉၅၃ ခု ဦးဘကောင်း၊ ဦးကိုယုတို့ ဦးဆောင်တဲ့ ဗကသ က ရွေးကောက်ပွဲမဲပုံး ရိုက်ခွဲခဲ့တာဟာ အလွန်မြင်သာပါတယ်။ ဦးကျော်ငြိမ်း

ကတော်နဲ့ D.S.O ကျောင်းသားတချို့ ကျောင်းသားထုရဲ့ ဒီမိုကရေစီရပိုင်ခွင့်ကို ထိပါးလာတာ နဲ့ပတ်သက်ပြီး လုံးဝ လက်မခံကြတဲ့ ပွဲပါပဲ။

၁၉၆၂ စစ်တပ်က အာဏာသိမ်းပြီးတဲ့အခါမှာလဲ တခြားနိုင်ငံရေးအင်အားစုတချို့က ဝေဝေဝါးဝါးဖြစ်နေဆဲမှာပဲ ကျွန်တော်တို့ ဗကသ ဟာ **'စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ဖို့'** ပြတ်ပြတ်သားသားကြေငြာချက်ထုတ်ပြီး ထောက်ပြဆန့်ကျင်ခဲ့ပါတယ်။

တော်လှန်ရေးကောင်စီရဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွဖြစ်တဲ့ ၁၉၆၃ ကာလမှာလဲ ပြည်သူ့ကောမတီနဲ့လက်တွဲပြီး အောက်ဗမာပြည်မှာ (၆) ခရိုင် ဆန္ဒပြပွဲ၊ အထက်ဗမာပြည်မှာ မန္တလေး (၇) ခရိုင် ဆန္ဒပြပွဲများဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးရရှိဖို့အတွက် လှုံ့ဆော်ထောက်ခံဆန္ဒပြခဲ့ကြပါတယ်။ ဆုလာဘ်အဖြစ်ကတော့ ဆွေးနွေးပွဲပျက်သွားပြီးတဲ့နောက် ကျောင်းသားတွေကိုဖမ်းပြီး ထောင်ချကျွန်းပို့ခံခဲ့ရပါတယ်။

မဆလ တခေတ်လုံးမှာလဲ ၁၉၆၉ ကျွန်းဆွယ်၊ ၁၉၇၄ မေ၊ ဇွန် အလုပ်သမားသပိတ်များ၊ ၁၉၇၄ ဒီဇင်ဘာ ဦးသန့်လှုပ်ရှားမှု၊ ၁၉၇၅ ဇွန်နှစ်လည်၊ ၁၉၇၆ မတ်လ မြိုင်ရာပြည့်၊ ၇-၇-၇၇ နေ့နှစ်ပတ်လည်နဲ့ ၁၉၇၈ ဇူလိုင် (၇) ရက်နေ့ လှုပ်ရှားမှုဆိုတာတွေဟာ ပြည်သူတွေနဲ့အတူ တိုက်ပွဲဝင်ဆန့်ကျင်ခဲ့ကြပါတယ်။ နောက်တော့ ၁၉၈၈ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံကြီးထိပါဘဲ။ ကျွန်တော်တို့ကျောင်းသားတွေဟာ စာသင်ခန်းတွေထဲမှာ၊ တက္ကသိုလ် ပရဝုဏ်ထဲမှာသာမဟုတ်ဘဲ မိဘပြည်သူတို့ရဲ့ရင်ခွင်ထဲမှာပါ ထာဝရရှင်သန်နေတယ်ဆိုတာပါပဲ။ ပြည်သူတွေရဲ့ဝေဒနာဟာ ကျွန်တော်တို့ဝေဒနာပါ။ ပြည်သူတွေရဲ့ဘဝအမောဟာ ကျွန်တော်တို့ရဲ့ဘဝအမောပါ။ ရင်ခုန်သံချင်းထပ်တူဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အကျိုးအတွက် ဗကသဟာ အမြဲအဆင့်သင့်ဖြစ်ခဲ့ကြပါတယ်။

ဒါကြောင့်လည်း မပြီးဆုံးသေးတဲ့ ဒီမိုကရေစီခေတ်သစ်တရပ် ဖန်တီးတည်ဆောက်ရေးတိုက်ပွဲစဉ်ကြီးအတွင်းမှာ ဗကသဟာ စွန့်လွှတ်ပေးဆပ်မှုကုဋေကုဋာကို မတွန့်မဆုတ် ဆောင်ရွက်နေခဲ့ ဆောင်ရွက်နေဆဲပါ။ ဒါကြောင့်လဲ ဗကသရဲ့သမိုင်းဆိုတာ အမျိုးသားအကျိုးစီးပွား၊ မိဘပြည်သူတို့ရဲ့အကျိုးစီးပွားနဲ့ ကျွန်တော်တို့ကျောင်းသားထုရဲ့ အကျိုးစီးပွားတွေအတွက် မနားတမ်းမရွံ့တမ်း စွန့်လွှတ်မှုများစွာနဲ့ ကာကွယ်တောင်းဆို ရယူခဲ့ကြတဲ့ တိုက်ပွဲသမိုင်းပဲဖြစ်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

လက်ရှိ အမျိုးသားနိုင်ငံရေးနှင့် ဗကသ

ယနေ့ကာလ ဗမာပြည်ရဲ့အဓိကပြဿနာဟာ ဒီမိုကရေစီလိုလားသူနဲ့ ဒီမိုကရေစီဆန့်ကျင်သူတို့ရဲ့ ပြဿနာပဲဖြစ်တယ်။ တနည်းအားဖြင့် စစ်အာဏာရှင်စနစ်နဲ့ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ ပြည်သူလူထုတရပ်လုံးရဲ့ ပြဿနာပဲဖြစ်ပါတယ်။ ဒါကြောင့် တစ်မျိုးသားလုံးဆိုင်ရာ နိုင်ငံရေးပြဿနာများကိုဖြေရှင်းကြရာတွင် ဒီမိုကရေစီမရှိဘဲနှင့် ငြိမ်းချမ်းရေးမရနိုင်သလို ငြိမ်းချမ်းရေးမရှိဘဲနဲ့ အမျိုးသားသွေးစည်ညီညွတ်ရေးကိုလည်း တည်ဆောက်နိုင်မည်မဟုတ်ပါ။ အမျိုးသားသွေးစည်းညီညွတ်မှုမရှိဘဲနဲ့လဲ အမျိုးသားအကျိုး

စီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်မည်မဟုတ်ပါ။ ထို့အတူ အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကို အမှီအခိုကင်းမဲ့စွာ တည်ဆောက်နိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့ ဗကသ ကျောင်းသားအဖွဲ့ချုပ်ဟာ အထက်ပါ တမျိုးသားလုံးဆိုင်ရာ အကျိုးစီးပွားကိုဖော်ဆောင်ရာတွင် မည်သည့်အဖွဲ့အစည်းအင်အားစု များနှင့်မဆို လက်တွဲဆောင်ရွက်ပြီး အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်လာပါက မည်သည့် အင်အားစုအဖွဲ့အစည်းကိုမဆို (ပြည်တွင်းကဖြစ်ဖြစ် ပြည်ပကဖြစ်ဖြစ်) တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။ ထို့အတူ အမျိုးသားရေးတာဝန်ထမ်းဆောင်ရာတွင် ကျဉ်းမြောင်းသောအယူဝါဒ သဘောထား၊ လူမျိုးရေးများ၊ ဘာသာရေးများကိုဆန့်ကျင်ပြီး ဖိနှိပ်မှု၊ အမြတ်ထုတ်မှု၊ ချယ်လှယ်မှုကင်းသည့် တကမ္ဘာလုံးဆိုင်ရာ အယူဝါဒများ၊ တိုင်း နိုင်ငံများနှင့် ပူးပေါင်းဆက်ဆံပြီး မိမိတို့တိုင်းပြည်၏ပကတိအခြေအနေ၊ ဝိသေသအခြေအနေများနှင့်ကိုက်ညီစွာ လိုက်လျောညီ ထွေစွာဖြင့် ကမ္ဘာကြီးကို ရှေ့သို့တွန်းတင်သယ်ဆောင်သွားရမှာ ဖြစ်ပါတယ်။

တိုက်ပွဲဝင် ကျောင်းသားရဲဘော်အပေါင်းတို့ခင်ဗျား

ယနေ့ကာလဟာ ပညာလူ့အဖွဲ့အစည်း ပညာခေတ်ဆီသို့သွားနေကြပါတယ်။ ဒီ အချိန်မှာ ကျွန်တော်တို့ဗမာပြည်ရှိ ကျောင်းသားရဲဘော်များဟာ ပညာရပ်ဆိုင်ရာစာသင်ခန်း များ၊ လက်တွေ့သင်တန်းများ၊ တက္ကသိုလ်ပရဝုဏ်အတွင်းမှာ ပျော်ရွှင်ငြိမ်းချမ်းစွာ ပညာနို့ရည် သောက်သုံးကြရမည့်အစား အကျဉ်းထောင်များအတွင်း စစ်ကြောရေးစခန်းများအတွင်း၊ ခက်ခဲ ကြမ်းတမ်းသည့် တောတောင်များအတွင်းမှာ မိမိတို့ရဲ့ယုံကြည်ချက်အတွက် တိုက်ပွဲဝင်နေ ကြရပေရာ တဦးချင်းအနေနဲ့ကြည့်ရင် စိတ်မကောင်းစရာဖြစ်သော်လည်း တိုင်းပြည်နှင့် ပြည်သူလူထုဘက်ကကြည့်လျှင် ဝမ်းမြောက်ဂုဏ်ယူစရာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နုနယ်တဲ့ကျောင်းသားတွေဖြစ်ပေမယ့် ဖိနှိပ်မှုဆိုတာရှိရင် တော်လှန်မှုဆိုတာရှိတဲ့ လောက နိယာမအရ အမှန်တရားအတွက် ယုံကြည်ချက်ကိုဖက်တွယ်ရင်း နေရာဒေသအသီးသီးမှာ ပုံသဏ္ဌာန် နည်းလမ်းပေါင်းစုံတို့ဖြင့် တိုက်ပွဲဝင်နေခြင်းပင်ဖြစ်ပါတယ်လို့ ခံယူမိပါတယ်။ ခေတ် အဆက်ဆက်က ဖောက်ပြန်သော ဖိနှိပ်သောအစိုးရသည် ကျွန်တော်တို့အား ငြိမ်းချမ်းစွာ ပညာမသင်ကြားလိုသော၊ ဆူပူဆန္ဒပြ၊ အကြမ်းဖက်လိုလားသော ကျောင်းသားများဟုစွပ်စွဲကာ အယူဝါဒအမျိုးမျိုး၊ တံဆိပ်အမျိုးမျိုးတပ်၍ ဖိနှိပ် အုပ်ချုပ်မှုများကို ယနေ့တိုင် ပြုလုပ်လျက် ရှိနေပါတယ်။ ကျောင်းသားအချင်းချင်းကြား၊ ကျောင်းသားနဲ့နိုင်ငံရေးအင်အားစုများကြား၊ ကျောင်းသားနဲ့ပြည်သူလူထုကြားတွင် အမျိုးမျိုး သွေးခွဲသပ်လျှိုမှုများ ပြုလုပ်ခဲ့ကြသော်လည်း ကျွန်တော်တို့ဟာ သမိုင်းဂုဏ်ရောင်ထွန်းပြောင်ခဲ့တဲ့ ဗကသရဲ့ တိုက်ပွဲဝင်ဓွပ်ဒေါင်းအလံကို အမြင့်မားဆုံးလွှင့်ထူနိုင်ခဲ့တာဟာ သမိုင်းရဲ့လက်တွေ့ဖြစ်ပါတယ်။ ၈၈ ဒီမိုကရေစီ ပြည်သူ့ အရေးတော်ပုံကြီးနှင့်အတူ ပေါက်ဖွားလာသော ကျွန်တော်တို့မျိုးဆက်ခေတ်ကျောင်းသား ရဲဘော်များဟာ ဗကသ ရဲ့အခြေခံမူ ၅ ချက်နဲ့အတူ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို အပြည့် အဝ အကောင်အထည်ဖော်ပေးနိုင်တဲ့ ပြည်သူ့အစိုးရတစ်ရပ်ပေါ်ထွန်းလာဖို့ ယနေ့တိုင်

တိုက်ပွဲဝင်လျက်ရှိသော်လည်း စစ်အာဏာရှင်စနစ် စစ်အစိုးရဟာ ခေါင်းမာစွာနည်းမျိုးစုံနဲ့ လိမ်ညာလှည့်ဖြားပြီး အာဏာကိုဆုပ်ကိုင်ထားဆဲပင် ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ လတ်တလောလုပ်ငန်းစဉ်များအဖြစ် –

(၁) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားများအား ချွင်းချက်မရှိ လွှတ်ပေးရန်၊

(၂) အခြေခံဒီမိုကရေစီနှင့် လူ့အခွင့်အရေးလွတ်လပ်ခွင့်များ၊ နိုင်ငံရေးလွတ်လပ်ခွင့်များကို ရရှိရန်၊

(၃) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအင်အားစုများ၊ လူမျိုးစုများ (တောတွင်း၊ မြို့ပေါ်) နှင့် စစ်အစိုးရတို့ နိုင်ငံရေးအရ တန်းတူရည်တူ တွေ့ဆုံဆွေးနွေးရန်၊

(၄) ၉၀ ရွေးကောက်ပွဲရလာဒ်ကို အကောင်အထည်ဖော်ရန်၊

(၅) ပြည်တွင်းငြိမ်ချမ်းရေး တည်ဆောက်ရန်၊

(၆) စစ်မှန်တဲ့ အမျိုးသားညီလာခံတစ်ရပ် ပေါ်ပေါက်ရန်၊

(၇) ၎င်းညီလာခံမှ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို ရေးဆွဲရန်၊

(၈) ၎င်းအခြေခံဥပဒေသစ်နှင့်အညီ ပြည်သူ့အစိုးရထံ အာဏာလွှဲအပ်ရန်၊

– စတာတွေဟာ မဖြစ်မနေ အကောင်အထည်ဖော်ကြရမှာဖြစ်တယ်။ ဒီလုပ်ငန်းစဉ်များကို အခြားနိုင်ငံရေးအင်အားစုများ မိဘပြည်သူများနှင့်အတူ ကျွန်တော်တို့ ဗကသ အဖွဲ့ချုပ်ဟာ စနစ်တကျ ခြေလှမ်းညီညီလက်တွဲအကောင်အထည်ဖော်သွားကြရမှာ ဖြစ်ပါတယ်။

အနာဂတ်ကာလ ဗကသရဲ့ခြေလှမ်းများ

ကမ္ဘာကြီးဟာ နည်းပညာလူ့အဖွဲအစည်း TECHNOLOGY ORIENTED SOCIETY ဖြစ်နေပါပြီ။ ကမ္ဘာကြီးကို ဘယ်သူကမောင်းနှင်မှာလဲ WHO MOVE THE WORLD လို့လည်း မေးနေကြပါတယ်။ အစိုးရတွေကမောင်းနှင်မှာလား၊ နည်းပညာတွေက မောင်းနှင်မှာလား၊ အရင်းရှင်ကုမ္ပဏီကြီးတွေက မောင်းနှင်မှာလား။

စစ်အေးခေတ်ပြီးဆုံးသွားပြီ။ ဒါပေမယ့် ယဉ်ကျေးမှုချင်းတိုက်ကြမည့် CLASH OF CIVILIZATION ကို ဘယ်လိုချောမွေ့အောင် ဆောင်ရွက်ကြမလဲ။

GLOBALIZATION ဟာ ရည်ရွယ်ချက်ကောင်းပေမယ့် သက်ရောက်မှုက ကောင်းရဲ့လား။ အမေရိကန် စီယက်တဲလ်မြို့မှာကျင်းပတဲ့ WTO အစည်းအဝေးနဲ့ ဆွစ်ဇာလန်နိုင်ငံ ဒါးပို့စ်မှာ ကျင်းပတဲ့ WEF (ကမ္ဘာ့စီးပွားရေး နှီးနှောဖလှယ်ပွဲ)တွေမှာ NGO တွေ၊ ဂေဟဗေဒသမားတွေ ဆင်းရဲခေတ်နောက်ကျနေတဲ့ ပြည်သူတွေနဲ့ အလုပ်သမားသမဂ္ဂတွေအပါအဝင် သိန်းချီတဲ့ လူအုပ်ကြီးတွေရဲ့ ကန့်ကွက် ဆန္ဒပြမှုခံနေကြရတယ်။

ကြွေးမြီတွေလျော်ပစ်ဖို့၊ ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့နိုင်ငံများကို ကုန်သွယ်ရေးအခွင့်အလမ်းများဖန်တီးပေးကြဖို့၊ အလုပ်သမားတွေကို အာမခံချက်မဲ့စွာ အလုပ်ဖြုတ်ပစ်

နေတဲ့ကိစ္စကို ရပ်စဲဖို့၊ သဘာဝအရင်းအမြစ်တွေကို (သစ်တော၊ မြစ်ချောင်း) ထိမ်းသိမ်းကြဖို့၊ ကပ်ရောဂါတခုလို ဖြစ်လာတဲ့ AIDS ရောဂါကို ဝိုင်းဝန်းအကူအညီပေးဖို့ တောင်းဆိုနေကြပါတယ်။

တောင်အဖရိကနိုင်ငံ ခါဘန်မြို့မှာလဲ အသားအရောက်ခွဲခြားမှုဆန့်ကျင်ရေး၊ လူမျိုးခွဲခြားမှုဆန့်ကျင်ရေး ကုလသမဂ္ဂညီလာခံ ကျင်းပသွားပါတယ်။ အာဖရိကပြည်သူများကို ရာစုနဲ့ချီပြီး နောက်ကျကျန်ရစ်အောင် ရောဂါဘယဆင်းရဲတွင်းမှ တိုးမထွက်နိုင်အောင် ဘယ်သူတွေက လုပ်ထားကြသလဲ ဆန်းစစ်နေကြပါတယ်။

အာရှကျား၊ အာရှနဂါးလို့ခေါ်တဲ့နိုင်ငံတွေ ၁၉၉၇ (ASIA CRISIS) မှာ ပြိုလဲသွားကြရတဲ့ထိ နလန်ပြန်မထူနိုင်သေးသလိုလို အချိန်မရွေး စိုးရိမ်ရေမှတ်မှာပဲ ဖြစ်နေကြသေးတာ၊ ဂျပန်ကိုမီတော့မယ်လို့ လက်မထောင်နေတဲ့ဒေါ်ကူမွတ္ထီ လပိုင်းအတွင်း ဒေဝါလီခံသွားရတာ၊ ကမ္ဘာကြီးဟာတခုနဲ့တခု ဆက်စပ်မှုတွေ ပိုမိုလာနေတဲ့အတွက် အာရှကူးစက်ရောဂါဟာ ကမ္ဘာကိုကူးသွားနိုင်သလို အမေရိကန်၊ EU နဲ့ ဂျပန်စီးပွားရေးအကျဟာလဲ အာရှလို ကျန်နိုင်ငံတွေကို ဂွမ်းထိုးသွားစေနိုင်တာတွေဟာ ကွန်တော်တို့ ကျယ်ပြန့်နက်ရှိုင်းစွာ လေ့လာကြရမည့်ပြဿနာတွေ ဖြစ်လာနေပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ကွန်တော်တို့ဗမာပြည်ဟာ နှစ်ပေါင်းများစွာ (ရာစုတဝက် ကျော်ကျော်) စစ်ဘိနပ်အောက်မှာ နောက်ကျကျန်ရစ်ခဲ့ရတယ်။

နည်းပညာအမြင့်မားဆုံးဆိုတဲ့ R.I.T လိုနေရာမျိုးမှာ ကွန်ပြူတာတစ်လုံးကို ကျောင်းသား ၂၀-၃၀ ဝိုင်းကြည့်နေရတာမျိုး၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေဟာ တတိယလိုင်းပေါ် လိုင်းစီးနေတဲ့အခါမှာ ကွန်တော်တို့က ဒုတိယလိုင်းတောင် ကောင်းကောင်းမဖြတ်ရသေးဘူးဖြစ်နေတယ်။

စက်ဘူမှာ ကလေးတစ်ယောက်ကို ကွန်ပြူတာတစ်လုံး၊ ထိုင်ဝမ်မှာ ကလေးသုံးယောက်ကို ကွန်ပြူတာတလုံး သင်ပေးနေတယ်။ ဒါတောင် စက်ဘူဝန်ကြီးချုပ်က 'ကွန်တော်တို့ကလေးတွေက အလွတ်ကျက်တာလေးပဲလုပ်ချင်တယ်။ ကိုယ်တိုင်ဖန်တီးတဲ့ CREATIVE POWER အစွမ်းအစ နည်းသေးတယ်' လို့ ဆိုနေပါတယ်။ ကွန်တော်တို့ ခေါင်းဆောင်များ ကွန်တော်တို့ပညာရေးဝန်ကြီးများရဲ့ စေတနာနဲ့တော့ အတော့်ကို ကွာခြားပါတယ်။

ဒီနေရာမှာ ကွန်တော်စဉ်စားမိတာကတော့ ကွန်တော်တို့နိုင်ငံဟာ လျှပ်စစ်မီးတောင် မမှန်တဲ့အဆင့်မှာ ရှိနေပါတယ်။ ၈၀% ကျော် ဆင်းရဲနောက်ကျတဲ့လယ်ယာတွေက ဈေးကွက်မဝင်တော့တဲ့စပါးမျိုးကို အဆင့်အတန်းနိမ့်စွာနဲ့ပဲ စိုက်နေကြရသေးတယ်။ အဖိုးတန်တဲ့ မြစ်ကြီးလေးစင်းနဲ့ ရှည်လျားလှတဲ့ပင်လယ်ကမ်းရိုးတန်းကြီးကို ကောင်းကောင်း အသုံးမချနိုင်သေးဘူး ဖြစ်နေတယ်။

ပထဝီအနေအထားအရကိုပဲ ဗမာပြည်ဟာ သေနင်္ဂဗျူဟာမြောက်ဒေသဖြစ်နေတယ်။ တရုတ်ပြည်နဲ့ အိန္ဒိယကြားမှာရှိနေရုံမက တောင်အာရှနဲ့အရှေ့တောင်အာရှရဲ့ ကုန်းမြေကြား

ခံ ပေါင်းကူးလည်း ဖြစ်နေတယ်။ တရုတ်ပြည်ထွက်ကုန်တွေ ဥရောပကိုရောင်းဖို့၊ ဥရောပကုန်တွေတရုတ်ပြည်ထဲပြန်သွင်းဖို့ အိန္ဒိယသမုဒ္ဒရာဟာ ဖြတ်လမ်းဖြစ်နေတယ်။

ဒီအားသာချက်တွေဟာ နိုင်ငံရေးမလွတ်လပ်မှုအောက်မှာ အချည်းနှီးဖြစ်နေတယ်။ ဗမာပြည်သူတွေဟာ ဆင်းရဲလို့ခေတ်နောက်ကျလို့ မပြီးနိုင်အောင် ဖြစ်နေတယ်။

ဒါကြောင့်ကျွန်တော်တို့ ဗကသ ဟာ အရင်းခံကျတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးကို အစွမ်းကုန် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီမိုကရေစီ ခေတ်သစ်တရပ်မှာတော့ ဗမာပြည်သူများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ နိုင်ငံရေးပါတီများနဲ့လက်တွဲပြီး

- ✡ အမှီအခိုကင်းတဲ့၊ လွတ်လပ်တဲ့ ခေတ်မီနိုင်ငံတော်သစ်ပေါ်ထွန်းရေး၊
- ✡ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို အပြည့်အဝအာမခံနိုင်တဲ့ လူ့အဖွဲ့အစည်းတည်ဆောက်ရေး၊
- ✡ ငြိမ်းချမ်းတဲ့ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေး တို့ကို ဆောင်ရွက်ကြရလိမ့်မယ်။

နိုင်ငံတကာကျောင်းသားသမဂ္ဂများနဲ့အတူ နိုင်ငံတကာပြည်သူများ၊ N.G.O များ၊ နိုင်ငံတကာ နိုင်ငံရေးအင်အားစုများနှင့် လက်တွဲကာ

- ☆ ကမ္ဘာ့ငြိမ်းချမ်းရေး၊
- ☆ ဆင်းရဲ ခေတ်နောက်ကျမှု ပပျောက်ရေး၊
- ☆ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့်အဝရရေး၊
- ☆ သိပ္ပံနှင့်နည်းပညာ အပြန်အလှန်အကူအညီပေးရေး၊
- ☆ ရောဂါဆိုးများတိုက်ဖျက်ရေး၊

စသည့် ကမ္ဘာရေးရာများကို ဆောင်ရွက်အကောင်အထည်ဖော်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပုခုံးပေါ်ကျရောက်နေတဲ့ သမိုင်းပေးတာဝန်များကို အပြည့်အဝ တာဝန်ယူနိုင်ရေးအတွက် လွတ်လပ်တဲ့ အကြောက်တရားကင်းတဲ့ OPEN MINDED ဖြင့် ကျယ်ပြန့်နက်ရှိုင်းစွာ လေ့လာကြပါစို့။

ဗမာပြည်သူများ၊ ကမ္ဘာပြည်သူများနဲ့လက်တွဲကာ ကမ္ဘာကြီးကို ရှေ့သို့တက်လှမ်းစေရန် တွန်းတင်သယ်ဆောင်သွားကြပါစို့။

ငြိမ်းချမ်းတဲ့ကမ္ဘာသစ်ကြီးကိုဖန်တီးရင်း နိုင်ငံတကာမိခင်တို့ရဲ့ မျက်ရည်များကို သိမ်းဆည်းပေးကြပါစို့။ ။

(နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးမှသည် ယနေ့တိုင် ခေတ်အဆက်ဆက်တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရတဲ့ကျောင်းသားရဲဘော်အပေါင်းတို့အား ဤစာတမ်းငယ်ဖြင့် ဦးညွှတ်ဂုဏ်ပြုလိုက်ပါသည်။)

အိတ်ဖွင့်ပေးစာ

မစ္စတာ ဘင်လာဒင်သို့ အိတ်ဖွင့်ပေးစာ

ရန်ိုင်စု

မစ္စတာဘင်လာဒင်ခင်ဗျား

ခင်ဗျားရဲ့တော်လှန်ရေးစိတ်ဓာတ်ဟာ လေးစားစရာကောင်းလှပါတယ်။ ဒါပေမယ့် တော်လှန်ရေးနဲ့ အကြမ်းဖက်မှုဟာမတူညီပါဘူး။ ဒုတိယကမ္ဘာစစ်မတိုင်ခင်တုန်းက ကိုလိုနီနယ်ချဲ့လက်အောက် ရောက်နေတဲ့နိုင်ငံတွေဟာ လွတ်လပ်ရေးအတွက် ကိုယ့်နိုင်ငံအတွင်းမှာပဲ လက်နက်ကိုင်တော်လှန်ရေး လုပ်ကြပါတယ်။ ဂျပန်နိုင်ငံမလွတ်လပ်တာနဲ့ မင်းတို့နိုင်ငံက လူထုတွေကို ဒုက္ခပေးမယ်ဆိုပြီး နယ်ချဲ့ထားတဲ့နိုင်ငံဆီက လူထုတွေကိုဗုံးကြဲ၊ ဗုံးခွဲ တိုက်ခိုက်တာမျိုး မလုပ်ခဲ့ပါဘူး။ အမေရိကန်နဲ့ ဗြိတိသျှ သွေးထိုးလှုံဆော်မှုကြောင့် ဗိုလ်ကျနေတဲ့ အစွန်းရေးနဲ့၊ အစွန်းရေးရဲ့ကိုလိုနီသိမ်းပိုက်ထားတဲ့ဒေသ ကျော်ဒန်မြစ်အနောက်ဘက်ကမ်းခြေနဲ့ ဂါဇာကမ်းခြောင်ဆီက ပါလက်စတိုင်းတော်လှန်ရေးဟာ ချီးကျူးလေးစားစရာ ကောင်းပါတယ်။ ဒီတော်လှန်ရေးအတွက် ပါလက်စတိုင်းတော်လှန်ရေးသမား တကယ်လုပ်သင့်တာက အစွန်းရေးစစ်ဘက်စခန်းတွေ၊ စစ်ရုံးတွေကိုဝင်စီး၊ အသေခံဗုံးခွဲ အဲဒါမျိုးပဲ ဖြစ်သင့်ပါတယ်။ အစွန်းရေးဗိုလ်ကျစိုးမိုးမှုနဲ့ ကိုလိုနီပုံစံဟာ အစွန်းရေးပြည်သူနဲ့ မသက်ဆိုင်ပါဘူး။ အစွန်းရေး အစိုးရ အဆက်ဆက်နဲ့ လူမျိုးရေး Policy ပါပဲ။

အဲဒီတော့ တော်လှန်ရေးပုံစံအရ၊ အစွန်းရေးရဲ့ Policy ပိုင်းဆိုင်ရာ အထောက်အကူပြုနေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းကို တိုက်ပွဲဝင်ဆင်နွှဲတာဟာ ပိုတရားမျှတသင့်လျော်ပါတယ်။ စစ်မှန်တဲ့တော်လှန်ရေးနဲ့ တရားမျှတတဲ့အတွေးအခေါ် ဖြစ်ပါတယ်။

အဲဒီလိုပဲ အစွန်းရေးကိုများစွာအကူအညီပေးနေတဲ့ အမေရိကန်အစိုးရရဲ့ပေါ်လစီကို အထောက်အကူပြုနေတဲ့ စစ်ဘက်ဆိုင်ရာစခန်းတွေကို ဝင်ရောက်တိုက်ခိုက်တာ ပိုမို သင့်လျော်မှန်ကန်ပါတယ်။

မစ္စတာဘင်လာဒင်ခင်ဗျား

အခုတော့ အစွန်းရေးပြည်သူနဲ့ အမေရိကန်ပြည်သူတွေ ကြားကသေဆုံးနေရတဲ့ အမည်းရောင်နေ့ရက်တွေဟာ သိပ်ဝမ်းနည်းဖို့ကောင်းသလို အစွန်းရေးရဲ့တုံ့ပြန်ချက်နဲ့ ပါလက်စတိုင်းပြည်သူတွေ သေဆုံးရတဲ့ အမည်းရောင်ရက်တွေဟာ သိပ်ဝမ်းနည်းဖို့ ကောင်းပါတယ်လေ။

တော်လှန်ရေးအနှစ်သာရ ပြည့်စေဖို့အတွက် ပိုမိုခိုင်မာတိကျတဲ့ပုံသဏ္ဌာန်တွေ ပြုလုပ်သင့်ပါတယ်။ အခုလို ရောက်တတ်ရာရာ Random ပုံစံမျိုးမလုပ်သင့်ပါဘူး။ ၁၉၈၂ ခုနှစ်က လက်ဘန္တန်မှာရှိတဲ့ အမေရိကန်နဲ့ပြင်သစ်စစ်စခန်းတွေကို ဗုံးအပြည့်တင်ထားတဲ့ကားနဲ့ ဝင်တိုးလိုက်တာဟာ တော်လှန်ရေးအစိတ်အပိုင်းအနေနဲ့ အသိအမှတ်ပြုလို့ရသလို လေယာဉ်ပြန်ပေးဆွဲ၊ ဓါးစာခံတွေကို လဲလှယ်တဲ့ကိစ္စဟာ အရုပ်ဆိုးလှပါတယ်။ သိက္ခာရှိတဲ့ တော်လှန်ရေးသမားပုံစံမျိုး ဖြစ်သင့်ပါတယ်။

ကျနော်တို့မှာ အားနည်းတဲ့သူက အင်အားကြီးတဲ့သူကို တိုက်ခိုက်တဲ့အခါမှာ လုပ်တာအားလုံးမှန်တယ်ဆိုရင်တော့ ဒါဟာ သိပ်မပြည့်ဝဘူးလို့ထင်တယ်။

ခင်ဗျားတို့ရဲ့ အစ္စရေးလက်အောက်မှ နယ်ချဲ့တော်လှန်ရေးဟာ လေးစားစရာကောင်းလှပါတယ်။ သိက္ခာရှိလှတဲ့ခေတ်သစ် ၁၉၇၀ နောက်ပိုင်းမှာ ဗီယက်နမ်တော်လှန်ရေးမျိုးဖြစ်သင့်ပါတယ်။ အစ္စရေးထက် အင်အားများစွာကြီးတဲ့ အမေရိကန်စစ်တပ်ကို ဗီယက်နမ်တော်လှန်ရေးတပ်သား အသေခံတိုက်ခိုက်မှုမျိုး၊ ကျနော်တို့နိုင်ငံက ဖက်ဆစ်ဂျပန် တော်လှန်ရေးမျိုးဘဲ ပိုမိုဖြစ်သင့်ပါတယ်။

အစ္စရေးနဲ့ အမေရိကန်နယ်ချဲ့ဝါဒကို တိုက်ပွဲဆင်နွှဲနေတဲ့ ခင်ဗျားတို့ရဲ့ ပါလက်စတိုင်းလွတ်လပ်ရေးအောင်မြင်ပါစေ၊ သိက္ခာရှိသောတော်လှန်ရေးပုံစံဖြင့် ဘာသာရေးနှင့် တော်လှန်ရေး မရောယှက်စေရန် သတိပြုပါ။

လေးစားလျက်
ပုဂံသား၊ မြန်မာနိုင်ငံ၊
------- ထောင်

ဆဆ

ဂ်ဂ်ဂ်ဂ်

အမေရိကန်သမ္မတ ရော့ဒဗလျူဘုရှ်ကို အိတ်ဖွင့်ပေးစာ

အောင်မိုးဦး

သမ္မတကြီးခင်ဗျား

ရှိသေလေးစားစွာနဲ့ပဲ ဒီစာကိုတင်ပြလိုက်ပါတယ်။ သမ္မတကြီးလို ကမ္ဘာပေါ်မှာ နာမည်ကြီးလှတဲ့သူဆီကို ကျနော်စာရေးပို့ရတာ သိပ်အားငယ်မိပါတယ်။ ဒီစာရေးနေတဲ့အချိန်မှာ ကျနော်လက်တွေ့တုန်နေပါတယ်။ ဒီအိတ်ဖွင့်ပေးစာမှာ ကျနော့်ရဲ့ရိုးသားသောအမြင်တွေကို သမ္မတကြီးဒေါသထွက်ပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒဆိုပြီး ကျနော်နေတဲ့ထောင်ထဲက တိုက်ခန်းကျဉ်းကျဉ်းလေးကိုကွက်လို့ B-16 ဗုံးကြဲလေယာဉ်ကြီးနဲ့များ၊ လေဆာရောင်ခြည်နဲ့များ လာပစ်မလားဆိုပြီးတော့ ညသန်းခေါင်လန့်နိုးပြီး ကိုယ့်ကိုယ်ကို ကင်းပြန်စောင့်နေရပါတယ်။ သမ္မတကြီးသိပါတယ်။ သမ္မတကြီးအဖေလက်ထက်တုန်းကလည်း CIA အဖွဲ့ကြီးကျောထောက်နောက်ခံပြု သမ္မတဖြစ်ခဲ့ပြီး အခုသမ္မတကြီးလက်ထက်မှာလဲ မဲကိစ္စနဲ့ အခြေအတင်ဖြစ်ပြီးမှ သမ္မတဖြစ်ခဲ့တာလေ။ ဒီကိစ္စမှာလဲ CIA နဲ့ FBI လက်ချက်မပါဘူးဘဲ ထားလိုက်ပါတော့။ တခုတော့ရှိတယ်။ ကနေဒီလိုမဖြစ်ဖို့သတိထားပါ။ ရွေးကောက်ပွဲမဝင်ခင်တုန်းက သဘောတူညီချက်တွေရှိထားပြီးတော့မှ ရွေးကောက်ပွဲပြီးသမ္မတလဲဖြစ်၊ ကနေဒီက သဘောတူညီချက်တွေ မလိုက်လျောခဲ့၊ လုပ်ဆောင်မပေးခဲ့လို့ ကနေဒီကို FBI နဲ့ CIA ပေါင်းရှင်းလိုက်တာလေ။ သမ္မတကြီးအဖေက CIA ညွှန်မှူးဘဲဖြစ်ပါစေ၊ CIA နဲ့ FBI က သူတို့ ကိုယ်ကျိုးစီးပွား ထိခိုက်လာလျှင် ရှင်းမှာဘဲ။ ဒါဟာ ကမ္ဘာ့ထောက်လှမ်းရေးအဖွဲ့အစည်းအားလုံးရဲ့ ပုံသဏ္ဌာန်ဘဲ။ ဒါ သူတို့ရဲ့ ကိုယ်ကျိုးစီးပွားလေ။

ကိုယ်ကျိုးစီးပွားဆိုတော့ သမ္မတကြီးကို ကျနော်ပြောရဦးမယ်။ သမ္မတကြီးတို့ အမေရိကန် ပြည်ထောင်စုရဲ့အတွက်ကြီးပုံနဲ့ ငါကွလို့ကြွေးကြော်၊ ကိုယ့်ကိုယ်ကို အထင်ကြီးမှုတွေလေ။ မကြာခင်ကာလ ဘင်လာဒင်ကိစ္စလေ။ စာလုံးပေါင်းများလားမသိဘူး။ ဘင်လာဒင်ပဲ ထားလိုက်ပါတော့လေ။ ကျနော်ဒီစာကို ရေးနေတဲ့အချိန်မှာ ကျနော်ရဲ့ဖွင့်ဟ ဝန်ခံချက်တခုတော့ရှိပါတယ်။ အဲဒါကတော့ ကျနော်ဟာ ကွန်မြူနစ်တစ်ယောက်မဟုတ်သလို၊ ကွန်မြူနစ်လိုလားသူလည်း မဟုတ်သလို၊ ကွန်မြူနစ်လက်သစ်လည်းမဟုတ်ပါဘူး။ ဒါ့အပြင် ကွန်ဆာဗေးတစ်

လည်း မဟုတ်ပါဘူး၊ လစ်ဘရယ်သမားလည်း မဟုတ်ပါဘူး။ ဒီမိုကရက်တစ်ဝါဒနဲ့ ပတ်သက်ပြီးလည်း သေသေချာချာ မသိပါဘူး။ ကျနော်သိတာကတော့ ကျနော့်ရင်ထဲက ပြောချင်တဲ့ စကားလုံးတွေကို လက်ကရေးလိုက်တာပါပဲ။

အဲဒီဘင်လာဒင်ကိစ္စမှာ အကြမ်းဖက်မှုဖြစ်လာတယ်။ ဒီကိစ္စ သမ္မတကြီးလည်းသိပါတယ်။ ကမ္ဘာ့အကြမ်းဖက်မှုဟာ ဘယ်ကစလဲဆိုတာ။ သမ္မတကြီးတို့ အမေရိကန်နိုင်ငံထဲကို အခု သမ္မတကြီးတို့ရဲ့လက်ဝေခံဖြစ်နေတဲ့ အင်္ဂလန်ကအသားဖြူတွေက၊ ဆောရီးဆောရီး သမ္မတကြီး၊ အင်္ဂလန်သားတွေက (အသားအရောင်ပေါ်မှာကျနော်ခွဲခြားလိုက်တဲ့အတွက် တောင်းပန်ပါတယ်။) အာဖရိကတိုက်ကတိုင်းရင်းသားတွေကို လက်နက်နဲ့ အနိုင်ကျင့်ပြီးတော့ ကျွန်အဖြစ် သမ္မတကြီးတို့နိုင်ငံထဲ ကူးသန်းရောင်းဝယ်ခဲ့တာလေ။ အဲဒါက ကမ္ဘာ့အကြမ်းဖက်မှု သမိုင်းအစပဲလေ။

အကြမ်းဖက်မှုဆိုတာ အားကြီးသူက အားနည်းသူကို လူအုပ်စုနဲ့ဖြစ်စေ၊ လက်နက်နဲ့ဖြစ်စေ အနိုင်ကျင့်တာက ခေတ်ဟောင်းအကြမ်းဖက် ယဉ်ကျေးမှုလေ။ ခေတ်သစ်မှာတော့ အေးချမ်းတည်ငြိမ်နေတဲ့ လူ့အဖွဲ့အစည်းကြီးကို နည်းမျိုးစုံနဲ့ ဒုက္ခပေးခြင်းဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်တုန်းက နာဇီတွေ ဂျူး ၆ သန်းကျော်ကို သတ်ခဲ့တာဟာ လူမျိုးကြီးဝါဒလို့ ဆိုင်းဘုတ်မကပ်ပါနဲ့လေ။ ဒါဟာကြီးကျယ်တဲ့ အကြမ်းဖက်မှုကြီးလေ။ နာဇီလဲစစ်ရှုံးရော နာဇီခေါင်းဆောင် ၃၀ ယောက်ကိုပဲ နေရင်ဘတ်စစ်ခုံရုံးက သေဒဏ်ပေးလိုက်တယ်။ အဲဒါနဲ့ပဲ ကျေအေးလိုက်ရတယ်။

ဒါပေမယ့် သမ္မတကြီးရယ်။ ဘင်လာဒင်ကြောင့် W.T.C လည်းပြို၊ လူ ၆၀၀၀ လောက်လည်းသေရော သမ္မတကြီးတို့ဒေါသတကြီးနဲ့ ကုလသမဂ္ဂမှာစည်းဝေး၊ သမ္မတကြီးနိုင်ငံနဲ့ သားအင်္ဂလန်တို့ပေါင်း သားအဖဟာ ဘင်လာဒင်ကိုရှာတဲ့စစ်ရေးကြီးကိုလုပ်လိုက်တာ ကြားထဲက အာဖဂန်နိုင်ငံသား ၁၂၀၀၀ ကျော်လည်း သေသွားပါတယ်။ အခုထိလည်း သမ္မတကြီးတို့ရဲ့ ဘင်လာဒင်ကို မမိသေးပါဘူး။ ဘင်လာဒင်မိလည်း အရေးမကြီးတော့ဘူး။ ပြီးသွားပြီလေ။ ပါကစ္စတန်ဆိုတာကလည်း တချိန်တုန်းက တာလီဘန်ကို မြှောက်ပေး၊ လက်နက်တွေ တပ်ဆင်ပေးပြီး ဆိုဗီယက်လက်အောက်ခံ ဘာဘရက်ကမဲလ် အစိုးရကိုတိုက်၊ မြို့တော်ကဘူးကို သိမ်းခဲ့တာလေ။ ပါကစ္စတန်နောက်ဘက်ကနေ သမ္မတကြီးရှေ့ကလူ ကလင်တန်ပဲ အခါတော်ပေးလုပ်ခဲ့တာလေ။ အခုကျတော့မှ ကိုယ့်မျောက် ကိုယ်မနိုင်ဘဲ ကိုယ့်ကို ပြန်ကိုက် တော့မှ ခေးပြမှန်းသိတဲ့ သမ္မတကြီးတို့အဖြစ်က သနားဖို့ ကောင်းပါတယ်လေ။

သမ္မတကြီးတို့တော်တော်ညံ့ပါတယ်။ ၁၉၇၂ မြူးနစ်အိုလံပစ် စက်တင်ဘာ ၁၀ ရက်မှာ အစ္စရေးအားကစားသမားတွေနေတဲ့ တည်းခိုရွာကို ပါလက်စတိုင်းပျောက်ကျားတွေ ဝင်တိုက်ခိုက်ခဲ့တာ။ အခု သမ္မတကြီးတို့နိုင်ငံအနေနဲ့ ၁၁ ရက်မှာ ခံလိုက်ရတယ်လေ။

ကြီးကြီးကျယ်ကျယ်တွေ လျှောက်လုပ်ပြမနေပါနဲ့။ ၁၉၅၀–၆၀ ကြားကာလမှာ ဆိုဗီယက်ဟာ ချက်၊ ရိုမေးနီးယားတွေကို ကမ္ဘာ့ပစ္စည်းမဲ့ခေါင်းဆောင်ကြီး စတာလင်က အင်အားတွေနဲ့ဝင်တိုက်ခိုက် စစ်တပ်တွေတပ်စွဲခဲ့တယ်။ ပိုလန်နိုင်ငံက အလုပ်သမား သွေးစည်း

ညီညွတ်ရေးအဖွဲ့ကစပြီး ဆိုဗီယက်ကို ဆန့်ကျင်ခဲ့တာ နောက်တော့လည်း ဆိုဗီယက်ကြီးပြိုကွဲ ကွန်မြူနစ်စနစ်ကြီး သာခွေယိုင်ဖြစ်သွားပါတယ်။

သမ္မတကြီးတို့လဲလုပ်ခဲ့တာပဲလေ။ ဗီယက်နမ်မှာ ဝင်တိုက်၊ အဲဒီတုန်းက သမ္မတနစ်ဆင်ဟာ ပိုအကြမ်းဖက်ပါတယ်။ အရပ်သားသိန်းချီ သေခဲ့ပါတယ်။ ဘာသာရေးဆိုင်ရာ အမျိုးသမီးများကို သမ္မတကြီးတို့အမေရိကန်တပ်သားတွေ မုဒိမ်းကျင့်တယ်လေ။ အဲဒီတုန်းက သမိုင်းရဲ့ ဓာတ်ပုံတွေ ရှိပါတယ်။ သမ္မတကြီးတို့နဲ့အပြိုင် တရုတ်ကလဲမြောက်ပေးကာ ကမ္ဘောဒီးယား ကိုဝင်သိမ်း၊ လူ ၆ သိန်းကျော်ကို ပိုပေါ့က သတ်ခဲ့တာလေ။ အဲ အခုကျတော့လဲ ပိုပေါ့ဟာ ဇာတ်သိမ်းမလှခဲ့ပါဘူး။ ဆရာကြီးတွေကနောက်ဆုတ်၊ တပည့်တွေကခေါင်းခံခဲ့ပေါ့လေ။

သမ္မတကြီးတို့နိုင်ငံက နောက်တခုရှိသေးတယ်။ အရှေ့အလယ်ပိုင်းကိစ္စလေ။ အင်္ဂလန်နဲ့ပေါင်းပြီး တခုလုပ်တာ၊ အစ္စရေးနိုင်ငံကို အရှေ့အလယ်ပိုင်းမှာ တည်ထောင်လိုက်တာလေ။ နောက်တော့ မီးစတဖက် ရေမှုတ်တဖက်နဲ့ ရေနံလိုချင်တော့ အာရပ်တွေနဲ့ပေါင်း၊ အာရပ်တွေက ကလန်ကဆန်လုပ်လာရင် တဖက်ကမြောက်ပေး ပါလက်စတိုင်းကိုဖုံးကြဲ၊ သတ်ခိုင်းတာလေ။ ပြီးတော့ မသိချင်ယောင်ဆောင်ပြီး နှာစေးနေတာလေ။ ဒါတွေကို အားလုံးကသိနေကြတာပဲလေ။

ကျန်အာရပ်တွေကလည်း အစ္စရေးလူ ၆ သန်းလောက်ကို သန်း ၁၀၀ က မတိုက်နိုင်၊ အဲဒါကလည်း သမ္မတကြီးတို့ရဲ့အဆင့်မြင့် နည်းပညာတွေကြောင့်လဲဖြစ်မှာပါ။ အရည်အချင်းကွာတာလဲ ဖြစ်မှာပေါ့။ ပါလက်စတိုင်းက သတ်လိုက်၊ အစ္စရေးကသေလိုက်၊ အစ္စရေးက သတ်လိုက်၊ ပါလက်စတိုင်းကသေလိုက်နဲ့ အခုတော့ပါလက်စတိုင်းတွေ သိသွားတယ်။ အမေရိကန်ကို ကွက်ကွက်ရှင်းရှင်းမြင်သွားတယ်။ သူတို့လုပ်လိုက်တာ ခင်ဗျားတို့အမေရိကန် ဖဝဝ ကျော် သေတာလေ။ တော်တော်ညံ့တာပဲ၊ ခင်ဗျားတို့လမ်းကြောင်းလွဲ အာဖဂန်နစ္စတန်ကိုသွားတိုက်တာ အခုအချိန် အာရာဖတ်ရုံးခန်းထဲမှာ ဘင်လာဒင်နဲ့အတူ ညစာစားနေပြီလားမသိဘူး။ အာရပ်နိုင်ငံတွေကလည်း သူတို့ထဲမှာ စစ်ရေးနဲ့ဥဿာရဝည်အထက်ဆုံးက ပါလက်စတိုင်းလေ။ အဲဒီတော့ အများရှေ့မှာတော့ဘာသာရေးဆိုပြီး အကြောင်းပြပြောနေတာ။ ပါလက်စတိုင်းနိုင်ငံ တကယ်ဖြစ်လာမှာကို သူတို့ကြောက်နေကြတယ်။ တဖက်ကလည်း ရေနံနဲ့ စည်းစိမ်ယစ်၊ သမ္မတကြီးတို့နဲ့လက်တွဲမဖြုတ်ဘူးလေ။ ဒါဟာရှင်းပါတယ်။ အီရတ်၊ ကူဝိတ်တို့ကို ဝင်သိမ်းတဲ့ကိစ္စ၊ အဲဒီအချိန်ကျတော့ လူမျိုးရေးနဲ့ဘာသာရေး မကြည့်တော့ဘူး။ ရေနံဘုရင်တွေရဲ့ အတ္တတွေပေါ့။ အခုလည်းပါကစ္စတန်သမ္မတရဲ့အတ္တနဲ့ သမ္မတကြီးနိုင်ငံရဲ့အတ္တပေါင်း သားအဖအင်္ဂလန်နဲ့ အမေရိကန်ဟာ အာဖဂန်ကိုဝင်သိမ်းတာလေ။ ဆိုဗီယက်တုန်းကလည်း ၁၀ နှစ်နီးပါးလောက်နေပြီး နောက်တော့ ပြန်ဆုတ်ပေးလိုက်တာပဲ။ အခုလည်း သမ္မတကြီးဘယ်လောက် ကြာကြာနေမလဲ ? ။

ကျွန်တော်က ဘက်လိုက်မပြောပါဘူး။ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းရဲ့ အကြမ်းဖက်မှုလည်း မလိုလားပါဘူး။ ဒုတိယကမ္ဘာစစ်တုန်းက ဖက်ဆစ်ဂျပန်ကြောင့် တောင်ကိုရီးယားအမျိုးသမီးတွေ ဖိမ်မယ်ဖြစ်ရတဲ့ကိစ္စလေ။ အခုလျော်ကြေးပြန်တောင်းနေပြီ။ သမ္မတကြီးတို့နိုင်ငံက

မရိမ်းတပ်သားတွေလဲ အများကြီးရှိပါတယ်။ သူတို့ ဗီယက်နမ်၊ ထိုင်းမှာဖြစ်ခဲ့တာတွေ အများကြီးပါပဲလေ။ ဂျပန်ကအိုကီနာဝါကိစ္စဆိုရင် သမ္မတကြီးတို့ ကမ္ဘာ့အလယ် မျက်နှာပျက်ခဲ့ရတာပေါ့လေ။

Born in the USA သီချင်းကလဲ ကမ္ဘာ့အနှံ့ ပျံ့နှံ့ခဲ့ပါတယ်။ အမေရိကန်နိုင်ငံသားတစ်ယောက် ဖြစ်ရခြင်းကို ဂုဏ်ယူတဲ့သီချင်းပါ။ ဒီသီချင်းဟာ အမေရိကန်နိုင်ငံနဲ့ အမေရိကန်နိုင်ငံသားတွေရဲ့ အတွင်ဆန်ကြီးမားမှုပါပဲလေ။ ဂုဏ်ယူခြင်းနဲ့ အထင်ကြီးမှုတွေလည်း ပါတာပေါ့လေ။

ပါလက်စတိုင်းကလဲ တချို့ကိစ္စတွေမှာ တရားလွန်ပါတယ်လေ။ လေယာဉ်ပြန်ပေးဆွဲတဲ့ကိစ္စတွေ၊ နောက် အလဲအလှယ်လုပ်တဲ့ကိစ္စတွေ၊ နောက် သူတို့စိတ်ထဲမှာ ငါတို့မလွတ်လပ်လျှင် မင်းတို့လဲမအေးချမ်းဘူးဆိုတဲ့ အယူအဆ၊ ဒါသေသေချာချာပြန်ကြည့်ရင် နိုင်ငံကြီးသားမဝိသဘူး။ ဒါပေမယ့် ဒါသူတို့နှလုံးသားထဲက အမှန်တရားဖြစ်သွားပြီလေ။ ကျုပ်တို့မလွတ်လပ်အောင် ခင်ဗျားတို့အကူအညီပေးတယ်။ ဒီတော့ကျုပ်တို့မလွတ်လပ်ရင် ခင်ဗျားတို့လည်း မအေးချမ်းရဘူးပေါ့။ ပထမတော့ နိုင်ငံခြားမှာရှိတဲ့ အမေရိကန်စစ်ဓနဲးတွေကို တိုက်ခိုက်ရာကနေ နောက်တော့အမေရိကန်နိုင်ငံထဲ ရောက်လာတာ။ ဒါတောင် ပစ်မှတ်နည်းနည်းလွဲသွားလို့၊ အိမ်ဖြူတော်ပါသွားတော့မလို့လေ။

သမ္မတကြီးရယ် ဘာမဆိုင်ညာမဆိုင်နဲ့ လက်ဝှေ့သမား မိုဟာမက်အလီကို ထုတ်ရှိုးတာလေ။ ကျနော်သွားသတိရတယ်။ မဆလနဲ့ ဗိုလ်နေဝင်းရဲ့နည်းပညာတွေ အခုသူ့ရဲ့သားနဝတ လည်း အဲဒီအတိုင်းသုံးနေတာ။ ကျနော်တို့နိုင်ငံထဲမှာ လူမျိုးရေး၊ ဘာသာရေး ပြဿနာတွေဖန်တီး၊ နောက်သူတို့မွေးထားတဲ့လူတွေကို တီဗွီ၊ သတင်းစာထဲမှာ ဖိနှိပ်မှုတွေမရှိပါဘူးလို့ ပြောခိုင်းတာလေ။ ကဲ ကိုရွှေအမေရိကန်တို့ ခင်ဗျားတို့ ဗိုလ်နေဝင်းတပည့်ဖြစ်သွားပြီလား။ ဒါဆိုလည်း –

"ဝါရှင်တန်ဒီစီ ပို့ကဟောက် (အိမ်ဖြူတော်) ဆီသို့ ဖေါင်ကြီးမြို့နယ် အနှုတ်လုပ်တဲ့ချက်အရက်ပုလင်းတွေ ပို့လိုက်မယ်။ သမ္မတကြီးရဲ့ ဘဲဥပုံစားပွဲပေါ်မှာထိုင်ပြီး သောက်ပေတော့။" သမ္မတကြီးကလဲသေသေချာချာ စဉ်းစားပါဦး။ ပနားမားတူးမြောင်းကိစ္စကျတော့ ခင်ဗျားတို့ မြန်လိုက်တာ၊ အမေရိကန်စစ်သားတွေ ရောက်လာတာလေ။ နိရေးဂါလည်း ဘိန်းဘုရင်၊ ခွန်ဆာလဲ ဘိန်းဘုရင်၊ ခွန်ဆာနဲ့ပတ်သက်တဲ့ ကျုပ်တို့နိုင်ငံကိစ္စကျတော့ သမ္မတကြီးတို့ဟာ မဗေဒါရေခပ်သလို ဖြစ်နေတယ်။ ၁၉၉၀ ခုနှစ်တုန်းက ရွှေကောက်ရလာဒ်နဲ့ စစ်ဘိန်းအောက်က ဒီမိုကရေစီကိစ္စလဲ ခင်ဗျားတို့ တို့ကနန်း၊ ဆိတ်ကနန်းနဲ့ အိန္ဒိယကားရိုက်နေတာကျနေတာပဲ။ ပေကျည်နေလိုက်တာ။

ဘာမှမလုပ်ရင် ဘာမှမရဘူး။ လိုချင်ရင်တော့ပေးရမယ်။ ယူပြီးရင်လဲ ပြန်ပေးရမယ်။ ဒါတွေအားလုံး ကျုပ်တို့နားလည်ပါတယ်။ အခုတော့ ခင်ဗျားတို့ရဲ့ အကြမ်းဖက်ကိစ္စဟာ ကျုပ်တို့ဆီက စာပေလောကလိုပါဘဲ။ ဂန္ထဝင်သမားတွေကို မော်ဒန်အုပ်စုကဟောင်းနေပြီ အဟောင်းတွေတဲ့ မော်ဒန်သမားတွေကို ဂန္ထဝင်သမားတွေက ဘာမှနားမလည်ပါဘူးတဲ့။ အခု

တော့ ပို့စ်မော်ဒန်သမားက ဂန္ထဝင်ရော၊ မော်ဒန်ရော ထပ်ပြောနေပြီ။ ငါတို့က အသစ်တွေတဲ့။ အဲဒီလိုပေါ့ဗျာ။ ပါလက်စတိုင်းကို ခင်ဗျားတို့က အကြမ်းဖက်သမားတဲ့၊ ဂျပန်ကတပ်နီ၊ အိုင်ယာလန်ပျောက်ကြားလဲပါသေးတယ်။ အကြမ်းဖက် ဂိုဏ်း ၃ ဂိုဏ်းလေ။ သူတို့ ၃ ဖွဲ့က ခင်ဗျားတို့ကို ဗိုလ်ကျစိုးမိုးရေး ကိုလိုနီလက်သစ်ဝါဒီတွေတဲ့။ ဒီစကားလုံးကို နဝတ တောင် ယူသုံးလိုက်သေးတယ်။ ကဒါဖိုရဲ့ လက်သုံးစကားလုံးလေ။

သမ္မတကြီးသတိထားပါ ကျနော်စေတနာနဲ့ပြောတာ။ ယူတင်ဟာ KGB ပုံစံမျိုး အသက်သွင်း၊ ဆိုဗီယက်ပြည်ထောင်စုကြီးပြန်လုပ်၊ ဥရောပနဲ့အာရှကို ဗိုလ်ကျဖို့ ကြံစည်နေတာလေ။ တရုတ်ကလည်းခင်ဗျားတို့ကို ကောင်းကောင်းဒုက္ခပေးနေတယ်။ ပြီးခဲ့တဲ့သမိုင်းဟောင်းက ဘိန်းစစ်ပွဲတွေနဲ့ ကိုလိုနီပြုခဲ့တဲ့ အင်္ဂလိပ်ကို အခုအကြွေးဆပ်နေတာ။ ရွှေတြိဂံနဲ့ ရွှေလခြမ်းက ဘိန်းအားလုံး ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်ကိုဖြတ် ရေလမ်းခရီးနဲ့ ခေတ်သစ် မာဖီးယား ဂိုဏ်းသားတွေက ခင်ဗျားတို့ မြို့ပြကြီးက ဟစ်ပီအုပ်စုထဲ တင်ပို့နေတာလေ။

သမ္မတကြီး၊ ကျုပ်တို့နိုင်ငံအတွက် ခင်ဗျားအပြည့်အဝမကူညီချင်နေပါ။ အာဖရိက က အငတ်ပြဿနာကိုတော့ သမ္မတကြီးလှည့်ကြည့်သင့်ပါတယ်။ ဒါသမ္မတကြီးတို့ချမှတ်ထားတဲ့ Globalization လေ။ ကမ္ဘာမှုပြခြင်းပေါ့။ ယူဂိုဆလားဗီးယားက လူမျိုးပြုတ်သန့်စင်ရေး သမ္မတကြီးလှည့်ကြည့်သင့်ပါတယ်။ အဲဒီတော့မှ ကမ္ဘာ့နံပါတ်တစ်နိုင်ငံရဲ့ နံပါတ်တစ်ခေါင်းဆောင်ကြီးပီသမှာပေါ့။ သမ္မတကြီး နောက်တခုသတိထားဦး။ အရင်တုန်းက ခင်ဗျားတို့နိုင်ငံက အရင်းအနှီးတွေကို အမေရိကန်နိုင်ငံသားနဲ့ ဂျူးတွေပိုင်တာ။ အခုတော့ ဂျပန်၊ တရုတ်၊ အာရပ်တွေက ခင်ဗျားတို့ နိုင်ငံရဲ့အရင်းအနှီး ၃၀% လောက် ပိုင်နေပြီလေ။ မြွေပွေးခါးပိုက်ပိုက် ဖြစ်နေဦးမယ်။

ကဲ – ကြီးကျယ်ခမ်းနားလှတဲ့သမ္မတကြီးခင်ဗျား၊ စာလဲ့ရှည်သွားပါပြီ။ နိုင်ငံကြီးသားများသာနေတဲ့ သမ္မတကြီးတို့ရဲ့ အမေရိကန်နိုင်ငံတော်ကြီးဟာ ကမ္ဘာ့အလယ်မှာ တင့်တယ်စွာနဲ့ပဲ ကျက်သရေပြည့်ဝလှပါတယ်။ ဂုဏ်ယူလောက်စရာလဲ ဗိုလ်ကျစိုးမိုးမှုတွေ ရှိနေပါတယ်။ တရားဝင်အနိုင်ကျင့်တဲ့ ဥပဒေများလဲ ပြဋ္ဌာန်းထားပါတယ်။ အင်အားကြီးမားလှတဲ့ ကမ္ဘာလုံးဆိုင်ရာ တပ်မတော်ကြီးလဲ ရှိနေပါတယ်။ တတိယလှိုင်းခေတ်မှာ Internet နဲ့ Morden Surplus Value ကိုလည်း အကောင်အထည်ဖော်ပုံဟာ ဘာဖြစ်မှန်းကိုမသိလိုက်တဲ့ အံ့သြချီးကျူးစရာများစွာကိုလည်း တွေ့ရပါတယ်။ သမ္မတကြီးတို့ရဲ့ခေတ်မီနည်းပညာတွေထဲမှာ ကျုပ်တို့ရဲ့ ဖံ့ဖြိုးမှုနိမ့်တဲ့ နိုင်ငံတွေဟာ ရှဉ့်ဟိုဟာခွေးမျောနေရသလို အမောဆို့လျာထွက်ပြီး ခွေးလူးပြန်ရောဂါလို ဆန့်ငင်ဆန့်ငင် တက်နေတဲ့လူတွေ အများကြီးပါ။ မှန်ကန်တရားမျှတတဲ့ ဒီမိုကရေစီအစိုးရပုံစံကို အမြန်ဆုံးရောက်အောင် ခင်ဗျားတို့အပြည့်အဝကူညီနိုင်ရက်သားနဲ့ အချိန်ဆွဲနည်းပညာနဲ့ စိတ်ဓာတ်တွေ ဂျိုးဂျိုးကျသွားတော့မှ ပထွေးပုံစံနဲ့ ဝင်လာမလို့လား။

ကဲ – အကြမ်းဖက်သမားများရေ ... ယဉ်ကျေးသိမ်မွေ့တဲ့လူဘောင်ကြီးရေ ... သမိုင်းဦးဘုံမြေခေတ် ကျောက်ခေတ်အယူဆတွေနဲ့ ငါနဲ့မတူငါ့ရန်သူဆိုတဲ့ ကလေးအတွေးနဲ့ အိုနာကျိုးကန်းစိတ်ဓာတ်တွေကို ဆပ်ပြာတိုက်လိုက်ပါဦး။

သမ္မတကြီးလည်း အမေရိကန်နိုင်ငံတော်ကြီး အတွက်ကြီးမား၊ ကိုယ့်ကိုကိုယ် အထင်ကြီးစွာဖြင့် ခေတ်မီတိုးတက်မှုများ ဆက်လက်ဖန်တီး၍ Globalization ကြီးလည်းအောင်မြင်ပါစေ။

ပါလက်စတိုင်း၊ တပ်နီ၊ အိုင်ယာလန်ပျောက်ကျားအဖွဲ့အား လုံး ဆက်လက်ရှင်သန်၍ ၎င်းတို့လည်း မျှော်လင့်ချက်များအား လုံး ပြည့်ဝစွာဖြင့် အမေရိကန်၊ ဗြိတိသျှ၊ အစ္စရေးအစိုးရ အသီးသီးကို ဆက်လက်ဒုက္ခပေးနိုင်ပါစေ။

ရွှေတြိဂံ၊ ရွှေလခြမ်း၊ တောင်အမေရိကနိုင်ငံများတွင် ဘိန်းအမြောက်အများဆက်လက် ထွက်ရှိ၍ ချမ်းသာကြွယ်ဝသောနိုင်ငံသားများ ပိုမိုသုံးစွဲနိုင်ပါစေ။

ရုရှား၊ တရုတ်၊ အိန္ဒိယတို့သည်လည်း ပိုမိုတိုးတက်စွာဖြင့် အမေရိကန်နိုင်ငံ၏ ဗိုလ်လုပ်နေမှုကို ပြိုင်ဆိုင်ခြိမ်းခြောက်နိုင်ပါစေ။

ကျနော်တို့နိုင်ငံကြီးလည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပန်းများ စောလျင်စွာပွင့်ဝေပါစေ။

ကျနော့်ရဲ့အဖြစ်ချင်ဆုံးဆန္ဒကတော့ ကျနော်တို့နိုင်ငံက ရှမ်းပြည်ကထုတ်တဲ့ ဂေါ်ရခိုး အရက်ခါးခါးကို သမ္မတကြီးနဲ့အတူ မစ်စစ်စပီကြိုးတံတားထိပ်က လေဘာတီရပ်တုအောက်က မြက်ခင်းစိမ်းစိမ်းလေးထက် အမေရိကန်အာလူးကြော်အမြီးနဲ့ အရက်ထိုင်သောက်ချင်ပါတယ်။ ရိုသေလေးစား တန်းဖိုးထားလျက်၊ သမ္မတကြီး ကျန်းမာပါစေ။

ပုဂံသား၊ မြန်မာနိုင်ငံ

- - - - - ထောင်

[illegible]

ပဲ ပဲ ပဲ ပဲ

ကျောင်းသားလှုပ်ရှားမှု

မြန်မာ့ခရီးသွားနှစ်အရပ်ပေါ်မှ မျက်ရည်စများ

အိုးဝေထက်

ကျွန်တော်တို့နိုင်ငံကြီးရဲ့ ကြီးမားတဲ့အပြောင်းအလဲ သမိုင်းဝင်လတွေ ရှိပါတယ်။ မတ်လဟာ တော်လှန်ရေးလ ဖြစ်ခဲ့ပါတယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဒီမတ်လထဲမှာ လူထုရဲ့ ချွေးစက်တွေကြားထဲက သွေးစက်တွေပေးဆပ်ပြီးတော့ အမိမြေလွတ်လပ်ရေး ပန်းပွင့်တွေကို ပျိုးကြဲခိုင်ခဲ့ပါတယ်။ အဲဒီလိုပဲ ၈၈ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ သမိုင်းအစ ဖြစ်တဲ့ ဗိုလ်ဖုန်းမော်အရေးဟာလဲ မတ်လမှာဖြစ်ခဲ့ပါတယ်။ အဲဒီနောက် မတ် ၁၆ တံတားနီ၊ မတ် ၁၈ ရန်ကုန်မြို့နဲ့နယ်အနှံ့အပြား မဆလပါတီကို ဆန့်ကျင်ဆန္ဒပြပွဲတွေကို ဒီမတ်လထဲမှာ ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မတ်လဟာ တော်လှန်သောကာလဖြစ်နေပါတယ်။

အဲဒီလိုပဲ ဇူလိုင်လဟာ ဝမ်းနည်းကြေကွဲမှုလ ဖြစ်ခဲ့ပါတယ်။ ဇူလိုင် ၇ ရက်မှာ သမိုင်းဝင် တ.က.သ အဆောက်အဦးကြီး ပြိုကွဲခဲ့ရပါတယ်။ ဒါဟာ မျိုးဆက်တွေအတွက် အမျိုးသားနိုင်ငံရေး အသိပညာနဲ့ တော်လှန်ရေးစိတ်ဓါတ်တွေကို ဗိုလ်နေဝင်းရဲ့ မဆလ ပါတီက အမြစ်ဖြုံ ရိုက်ချိုး စတင်မှုပါပဲ။ အဲဒီလထဲမှာပဲ လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များကို မသမာသူအာဏာမက်လူရူးတစ်စုက လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရပါတယ်။ ဒါကြောင့် ဇူလိုင်လဟာ ဝမ်းနည်းကြေကွဲဖွယ် အမဲရောင် သွေးစက်လ ဖြစ်ခဲ့ပါတယ်။

နောက်တလကတော့ ဒီဇင်ဘာလဖြစ်ပါတယ်။ ပထမကျောင်းသားသပိတ်စတင်ခဲ့တဲ့ ဒီဇင်ဘာ ၅ ရက်နေ့ကနေ ကျွန်တော်တို့လူထုတွေ အမျိုးသားရေးစိတ်ဓာတ်နိုးကြားလာပြီး နောက်မှ ဒီသပိတ်ရဲ့ အကျိုးဆက်အနေနဲ့ GCBA အမျိုးသားရေးအသင်းများ ကုမ္ဘဏီ အသင်းများပေါ်ထွက်လာပါတယ်။ နယ်ချဲ့ဆန့်ကျင်မှုသမိုင်းရဲ့ တောင်ပြောင်လှတဲ့ အဆင့် တက်ခြေလှမ်းတွေဖြစ်ခဲ့ပါတယ်။ အဲဒီနောက် ဒီဇင်ဘာ ၂၀ မှာ ဗိုလ်အောင်ကျော်ကျဆုံးခဲ့ရပါတယ်။ ဒီကျဆုံးမှု တတိယကျောင်းသားသပိတ်နဲ့အတူ နယ်ချဲ့ကို လက်နက်ကိုင်တော်လှန်ရေး အယူအဆအသစ်တွေ ပိုမိုခိုင်လာပါတယ်။ မဆလ ခေတ်ရောက်တော့လည်း ဒီဇင်ဘာ ၁၁ ရက်မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဦးသန့်ရဲ့အုတ်ဂူနေရာကိစ္စနဲ့ ကျောင်းသားများစွာသွေးမြေကျခဲ့ရပါတယ်။ နောက်တစ်ခုကတော့ နဝတ စစ်အစိုးရရဲ့ မြန်မာခရီးသွားနှစ် ၁၉၉၆ သတ်မှတ်ချက်ဟာ ဒီဇင်ဘာလ ဖြစ်ခဲ့ပါတယ်။ ဒီခရီးသွားနှစ်မှာ နဝတ ဟာ နိုင်ငံခြား

ခရီးသည်များစွာ လာရောက်လိမ့်မယ်လို့မျှော်မှန်းပြီး ကြိုတင်ပြင်ဆင်မှုများစွာ ပြုလုပ်ထားပါတယ်။ ဒါပေမယ့်လည်း ရန်ကုန်စက်မှုတက္ကသိုလ် RIT မှာ စတင်ခဲ့တဲ့ ကျောင်းသားတွေရဲ့ လှုပ်ရှားမှုကြောင့် ဒီခရီးသွားနှစ်ပြင်ဆင်မှုတွေ သဲထဲရေသွန်သလို ဖြစ်သွားခဲ့ပါတယ်။ ဒီလှုပ်ရှားမှုနဲ့အတူ နဝတ စစ်အစိုးရရဲ့ အကြမ်းဖက်နှိမ်နင်းမှုဟာ ကမ္ဘာကို ပုံနှံသွားကာ ခရီးသွားဧည့်သည်များစွာဟာ မြန်မာနိုင်ငံသို့လာရောက်ခြင်း မရှိတော့ပါဘူး။ ဒီလှုပ်ရှားမှုရဲ့ သမိုင်းကြောင်းကတော့ –

၁၉၉၆ အောက်တိုဘာ ၂၀ ရက်နေ့မှာ RIT ကျောင်းသား ၃ ဦးဟာ အဝေးပြေးဂိတ်ဝင်းအတွင်းမှာဖွင့်လှစ်ထားတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကို သွားရောက်စားသောက်ရင်း ဆိုင်ရှင်ဖြစ်သူနဲ့ စကားများပြီးနောက် ဆိုင်မှအပြန်တွင် စည်ပင်သာယာရဲ ၅ ယောက်က တွေ့ဆုံစစ်ဆေးမေးမြန်းရာမှ ၎င်းတို့က ဥပဒေမဲ့ရိုက်နှက်ညှင်းပန်းနှိပ်စက်မှုများကြောင့် ထိုကျောင်းသား ၃ ယောက်မှာ ပြင်းထန်စွာဒဏ်ရာရပြီး အဆောင်သို့ပြန်လည်ရောက်ရှိခဲ့ပါတယ်။

အဆောင်သို့ပြန်လည်ရောက်ရှိလာပြီးနောက် ကျောင်းသားများစုရုံးပြီး စော်ဘွားကြီးကုန်း စားသောက်ဆိုင်နဲ့ အင်းစိန်ရဲစခန်းကို ဥပဒေမဲ့ပြုကျင့်မှုတွေအတွက် အရေးယူဆောင်ရွက်ပေးဖို့ ဆန္ဒပြတောင်းဆိုခဲ့ပါတယ်။ ထိုကျောင်းသားတွေ လှည်းတန်းမီးပွိုင့်ကို ရောက်ရှိလာပြီး ဆန္ဒပြပွဲကို ဆက်ပြီးပြုလုပ်ခဲ့ရာ ပညာရေးဝန်ကြီးဦးပန်းအောင် ရောက်လာခဲ့ပါတယ်။ ကျောင်းသားများအား ရိုက်နှက်သော စည်ပင်ရဲ ၅ ယောက်ကိုပြသကာ အရေးယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကျောင်းသားများတောင်းဆိုချက်ကို သဘောတူညီကြောင်းပြောတဲ့အတွက် ဆန္ဒပြကျောင်းသားများ RIT သို့ ပြန်သွားကြပါတယ်။

သို့သော် နောက်တနေ့ည ၈ နာရီတွင် ကျောင်းသားများတောင်းဆိုချက်နှင့်လွဲမှားစွာ သတင်းထုတ်ပြန်ခဲ့သဖြင့် RIT ကျောင်းသားများ လှည်းတန်းမီးပွိုင့်တွင် ထပ်မံဆန္ဒပြခဲ့ကြပါတယ်။ ထိုနေ့ဆန္ဒပြပွဲတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ပူးပေါင်းပါဝင်ခဲ့ကြပါတယ်။ ထိုဆန္ဒပြပွဲနေ့ ညသန်းခေါင်ကျော်တွင် နဝတ စစ်အစိုးရ၏ အကြမ်းဖက်နှိမ်နင်းမှုများကို ကျောင်းသားခေါင်းဆောင်များက လိမ္မာပါးနပ်စွာ ရန်ကုန်တက္ကသိုလ်ပင်မထဲသို့ဝင်ရောက်ခဲ့ပြီး နောက်တနေ့အရုဏ်တက်ချိန်တွင် လူစုခွဲခဲ့ပါတယ်။

နိုဝင်ဘာလထဲရောက်သောအခါတွင် ကျောင်းသားများထံသို့ ပေးပို့ရောက်ရှိလာသော "ကျောင်းသား၊ ကျောင်းသူများသို့ပန်ကြားလွှာ" စာစောင်ကိစ္စနှင့်ပတ်သတ်၍ ကျောင်းသားများ မကျေမနပ်ဖြစ်ကြပြီး RIT ပါမောက္ခချုပ်နှင့် ဆွေးနွေးခဲ့ကြပါတယ်။ ပါမောက္ခချုပ်မှ ဒီဇင်ဘာ ၂ ရက်နေ့တွင် ကျောင်းသားများထံမှ စာပါအကြောင်းအရာနှင့်ပတ်သက်သော ဖြေရှင်းချက်စာစောင်ကို ထုတ်ပြန်ကြေငြာပေးမည်ဟု သဘောတူလက်ခံခဲ့သဖြင့် ပြေလည်မှုရရှိခဲ့ပါတယ်။

သို့သော် ဒီဇင်ဘာ ၂ ရက်နေ့တွင် ပါမောက္ခချုပ်မှ ကျောင်းသားများ၏ဖြေရှင်းချက်ကိစ္စကို လက်မခံနိုင်ဟုငြင်းပယ်ခဲ့သဖြင့် R.I.T ကျောင်းဝင်းအတွင်း ဆန္ဒပြပွဲဖြစ်ပွားခဲ့ပြီး

ရန်ကုန်တက္ကသိုလ်ပင်မသို့ ဆက်လက်ထွက်ခွာလာပြီး လှည်းတန်းမီးပွိုင့်တွင် တက္ကသိုလ် အသီးသီးမှကျောင်းသားများ စုရုံးရောက်ရှိလာပြီး ဆန္ဒပြပွဲကြီးများလာပါတယ်။

ညနေမိုးချုပ်ခါနီးမှာ လူ ၃၀၀၀ ကျော်လောက်ရှိလာပါတယ်။ နိုင်ငံခြားသား သတင်းထောက် ၄ ဦးပါတဲ့ ဂျစ်ကားတစ်စီးကိုလည်းတွေ့ရပါတယ်။ ဒီသပိတ်မှာ ကျောင်းသားအားလုံးကို ကိုယ်စားပြုနိုင်တဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ယာယီ) ကို ဖွဲ့စည်းခဲ့ပါတယ်။ ဗကသ အဖွဲ့ချုပ်၏ကြေငြာချက်ကိုလည်း ကျောင်းသားပြည်သူတို့အား ဝေငှပေးကမ်းခဲ့ပါတယ်။

ကျောင်းသားများဟာ ည ၁၀ နာရီတွင်နောက်ဆုံးထားပြီး သမဂ္ဂဖွဲ့ခွင့်တောင်းဆိုခဲ့ပါတယ်။ ၁၀ နာရီကျော်သောအခါ သက်ဆိုင်ရာမှခွင့်မပြုကြောင်း ပြန်ကြားချက်ရောက်ရှိလာပါတယ်။

ထိုအချိန် အသံလွှင့်ရုံရှေ့မှာ စစ်တပ်နှင့်လုံထိန်းများချထားပါတယ်။ သန်းခေါင် ၁ နာရီကျော်သောအခါ ဆရာများရောက်လာပြီး အဆောင်နှင့်အိမ်သို့ပြန်ရန် ပြောဆိုကြပါတယ်။

ထိုအချိန်တွင် တစ်ဝက်ကျော်ဆန္ဒဖြင့် နေရာ၌ ဆန္ဒပြရန် ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဂျစ်ကားကရှေ့ဆုံးမှနေ၍ ခွပ်ဒေါင်းအလံ လွှင့်ထူထားပါတယ်။ ကြည့်မြင်တိုင် အောက်လမ်းမှ တဆင့် အလုံ၊ ထိုမှတဆင့် မြို့ထဲသို့ထွက်လာပါတယ်။ နံနက် ၃ နာရီခွဲတွင် သိမ်ကြီးစေ့ စတုဂံတံတားသို့ရောက်ရှိလာကာ ထိုနေရာတွင် ရှေ့တိုဂုံဘုရားသို့ ဦးတိုက်၍ သရဏဂုံ တင်ကြပါတယ်။ ထိုနောက် ဆူးလေဘုရားနားသို့ရောက်ရှိသောအခါ သရဏဂုံ နောက်တကြိမ် တင်ကြပါတယ်။ အမေရိကန်သံရုံးရှေ့ ၅ မိနစ်ခန့်ရပ်တန့်ပြီးနောက် ပန်းဆိုးတန်း ဂုံးတံတားမှတဆင့် ဦးထောင်ဗိုလ်ကုန်းသို့ဦးတည်ခဲ့ရာ လူ ၁၀၀၀ ခန့်ကျန်ပြီး မနက်အရုဏ်တက် ၄ နာရီခွဲတွင် ရောက်ရှိခဲ့ပါတယ်။ လုံထိန်းနှင့်စစ်တပ်များချထားလို့ ထိုနေရာတွင် ထိုင်သပိတ်ပြုလုပ်ပြီး တတိယအကြိမ် သရဏဂုံတင်ခဲ့ကြပါတယ်။ လုံထိန်းနှင့် စစ်တပ်က ရိုက်နှက်၍ ကားပေါ်ဆွဲတင်ပြီး ကျိုက္ကဆံကွင်းအတွင်းသို့ ခေါ်ဆောင်ခဲ့ကြပါတယ်။ ကျိုက္ကဆံကွင်းသို့ရောက်သောအခါ ၆၀၀–၇၀၀ ခန့် ကျန်ရှိနေပါသေးတယ်။

ကျိုက္ကဆံကွင်းအတွင်း၌ ကျောင်းသားများကို ကျောင်းအလိုက်ခွဲ၍ထိုင်ခိုင်းပြီး RIT ကျောင်းသားခေါင်းဆောင်တစ်ဦးကို ကျောင်းသားများထိုင်နေရာမှ အဝေးကိုခေါ်သွားပြီး မျက်နှာကို သုံးလေးချက် ဖြတ်ရိုက်ကြပါတယ်။ ထိုကျောင်းသားမှာ ဘာမှပြန်မလုပ်ခဲ့ပါ။ အုပ်စုခွဲထိုင်နေသော ကျောင်းသားများသည် အရိုက်ခံရသောကျောင်းသားကိုစောင့်ကြည့်၍ မကြာခင် ထိုကျောင်းသားကို ပြန်ပို့လိုက်ပြီး ကားများဖြင့်အသီးသီး သက်ဆိုင်ရာကျောင်းများကိုပြန်ပို့ကာ ကျောင်းမှတဆင့် ဝန်ခံလက်မှတ်ထိုးခိုင်းပြီး မိဘ (သို့) အဆောင်းမှူးများက တာဝန်ခံခိုင်းကာ ပြန်ပို့လိုက်ကြပါတယ်။

ဒါပေမယ့် နဝတအစိုးရရဲ့ဖိနှိပ်မှုအပေါ် ကျောင်းသားများက အလျှော့မပေးခဲ့ပါဘူး။ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်း ၃–၄–၅ ရက်များ၌ စာများစွာကပ်၍ ဆန္ဒပြပွဲ ဆက်လက်ချီတက်ရန် လှုံ့ဆော်လာကြပါတယ်။

၆ ရက်နေ့တွင် ဒီဇင်ဘာ ၂ ရက်နေ့က ပါဝင်ခဲ့သောကျောင်းသားများကို ကျောင်းဝင်းအတွင်းသို့ ဝင်ခွင့်မပေးတော့ပါဘူး။ ထိုကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ကျောင်းသားသမဂ္ဂဖွဲ့စည်းရန်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း တောင်းဆိုချက် ၂ ချက်ကို RIT မှ တာဝန်ခံတစ်ဦးထံ တောင်းဆိုခဲ့ကြပါတယ်။ RITကျောင်းသားခေါင်းဆောင်တစ်ဦးမှ ထိုအချက်ကို မလိုက်လျော၍ နေ့လည် ၁ နာရီနောက်ဆုံးထား ပြန်ကြားရန်အတွက် တောင်းဆိုခဲ့ပါတယ်။ ထို တောင်းဆိုခဲ့သော ကျောင်းသားက ...

"ဂန္ဒီပြောထားတဲ့၊ အစိုးရကို ကပ်ပါးယပ်ပါးလုပ်တဲ့ ပညာရေးကို သင်ပေးစရာမလိုဘူး"

ထိုအချိန်မှာပင် တက္ကသိုလ်ကောလိပ်ပေါင်းစုံမှ ကျောင်းသားများလှည်းတန်းမီးပွိုင့်တွင် ဆန္ဒပြပွဲပြုလုပ်ရန် စီစဉ်ထားခဲ့ကြပါတယ်။

နေ့လည် ၁ နာရီထိုးပြီးသည့်အခါ အကြောင်းပြန်ကြားချက်မရရှိခဲ့၍ လှည်းတန်းမီးပွိုင့်သို့ ချီတက်ဆန္ဒပြပွဲလုပ်ရန်အတွက် ထွက်လာကြပါတယ်။ တံခါးကိုသော့ခတ်ထားပြီး ဆရာများလက်ချင်းချိတ်ကာ လမ်းပိတ်ထားပါတယ်။ ကျောင်းသားများသည် တွန်းခြင်း၊ ထိုးခြင်းမပြုလုပ်ဘဲ ဆရာများလက်ကိုဆွဲဖြုတ်ကာ သော့ကိုဖြတ်၍ အင်းစိန်လမ်းမပေါ်သို့ ဗိုလ်ချုပ်အောင်ဆန်းပုံနှင့် သခင်ကိုယ်တော်မှိုင်းပုံကိုကိုင်ဆောင်ကာ ချီတက်လာကြပါတယ်။ သမိုင်းလမ်းဆုံသို့ ရောက်လာသောအခါ မီးသတ်နှင့်စစ်ကားများပိတ်ဆို့ထားပါတယ်။ ပညာရေးဝန်ကြီးဦးပန်းအောင် ရောက်ရှိလာပြီး ကျောင်းသားများအား ကျောင်းထဲပြန်ဝင်ရန်နှင့် တောင်းဆိုချက်ကိစ္စကိုလိုက်၍ စကားပြောမည်ဟု ဆိုလာပါတယ်။ ထိုအခါတစ်ဝက်ကျော်ကဝန်ကြီးနှင့်ညှိရန် ကျောင်းထဲ ပြန်ဝင်သွားပါတယ်။ ကျန်သူများက လှည်းတန်းသို့ထွက်လာပါတယ်။ မိုးရွာနေ၍ ဝန်ကြီးမလာတော့ဟုဆို၍ RIT ကျောင်းထဲမှ ကျောင်းသားတဝက်ကျော် လှည်းတန်းသို့ ပြန်ရောက်ရှိလာပါတယ်။ ညနေ ၅ နာရီ ဆန္ဒပြပွဲစတင်ခဲ့ရာ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးကိစ္စကို ကြေးကြော်တောင်းဆိုခဲ့ပါတယ်။ ၇ နာရီခွဲတွင် သမိုင်းဝင်အဆောင်မှကျောင်းသားများလာရောက်ပူးပေါင်းရန်ချိတက်လာရာမှ ဘူတာရုံလမ်းထိပ်တွင် လုံထိန်းများပိတ်ဆို့ထားရာမှ လုံထိန်းများနှင့်ရိုက်ပွဲ ဖြစ်ခဲ့ကြပါတယ်။ တချို့မှာ လှည်းတန်းထိပ်သို့ရောက်ရှိလာပါတယ်။

တရားဟောခြင်း၊ ကမ္ဘာမကြေသီဆိုခြင်းဖြင့် မနက် ၃ နာရီကျော်လာသောအခါ ဆရာများ T-2000 ဖြင့် လာရောက်ဖျောင်းဖျရာမှ ဆရာများကိုကန်တော့၍ ပြန်ကြရန် တောင်းပန်လွှတ်လိုက်ပါတယ်။ ထိုအခါ ပညာရေးဒုဝန်ကြီး ဒေါက်တာသန်းညွန့်က ကျောင်းသားများဟာ ဆရာများ၏အုပ်ချုပ်ရေးအပြင်ဘက်သို့ ရောက်ရှိသွားပြီဟု တယ်လီဖုန်းဖြင့် ဆက်ပြောလိုက်ပါတယ်။

မကြာခင်မှာ ဆန္ဒပြထိုင်နေသော ကျောင်းသားများဆီသို့ လုံထိန်း၊ မီးသတ်ကားနှင့် စစ်ကားများ လေးဘက်မှမီးထိုးကာ တဖြည်းဖြည်းကပ်လာပါတယ်။ အင်းစိန်လမ်းမအပေါက်တခုပဲ ဖွင့်ပေးထားပါတယ်။ ကျောင်းသားများမှ ၈၀ ကျော်က ထိုင်၍ ကျန်ခဲ့ပါတယ်။ စပီကာမှလည်း –

"ကျောင်းသားများ လူစုခွဲပေးရန်နှင့် ၁၀ မိနစ်အတွင်းမခွဲလျှင် ထိရောက်စွာအရေးယူမယ်" လို့ ပြောနေပါတယ်။

ကျောင်းသားများက ...

"လူစုလူဝေးများမဟုတ် ကျောင်းသားများသာ ဖြစ်တယ်" လို့ ပြန်လည်ပြောဆိုခဲ့ကြပါတယ်။ ဗိုလ်ချုပ်ဓာတ်ပုံကိုကိုင်၍ ကျောင်းသားများ ထိုင်ရက်အနေအထားရှိစဉ် မီးသတ်ပိုက်ဖြင့် စ၍ထိုးပါတယ်။ လုံထိန်းများက စည်းအတွင်းမှကျောင်းသားများကိုမရိုက်ဘဲ အပြင်မှ အရပ်သားများကို ရိုက်နှက်ကြပါတယ်။ ကျောင်းသား ၈၀ ခန့်ကို ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။ လှည်းတန်းလမ်း၌ လူထုနှင့်လုံထိန်း အဓိကရုဏ်းဖြစ်ကာ လုံထိန်းများကလှည်းတန်းလမ်းပေါ်ရှိ ကားမှန်များကိုရိုက်ခွဲခြင်း၊ အောက်ဆုံးထပ်ရှိဆိုင်သေ့များကို ရိုက်ဖြတ်၍ ပစ္စည်းများကို ယူဆောင်သွားခြင်း စသော ဥပဒေမဲ့ပြုကျင့်မှုများ ပြုလုပ်ခဲ့ပါတယ်။

ကျိုက္ကဆံကွင်းသို့ ခေါ်ဆောင်သွားသောကျောင်းသားများကို ဆရာစံခန်းမသို့ မခေါ်ဆောင်တော့ဘဲ ကျိုက္ကဆံကွင်းတည်းခိုရိပ်သာများသို့ ခေါ်ဆောင်သွားပြီး ပထမပိုင်းတွင် ကြမ်းတမ်းစွာဆက်ဆံခဲ့ရာမှ နောက်ပိုင်း အခြေအနေပျော့ပြောင်းလာခဲ့ပါတယ်။

မနက် ၆ နာရီတွင် လှည်းတန်းလမ်းကိုပြန်ဖွင့်ပေးပြီးနောက် ကျောင်းတက်ရန်လာသော ကျောင်းသားများကို လှည်းတန်းဂိတ်မှနေ၍ ဆရာများက ကျောင်းပိတ်လိုက်ကြောင်း ကြေငြာခဲ့ပါတယ်။

ထိုနောက်တစ်ရက်မှာပင် ဆေး ၁၊ ၂၊ ဗိုလ်တထောင်၊ ကြည့်မြင်တိုင်ကောလိပ်များ၊ ဒဂုံတက္ကသိုလ် GTI များ၌ ဆန္ဒပြပွဲများစတင်ခဲ့ရာမှ တက္ကသိုလ်နှင့်ကောလိပ်အားလုံးကို ဒီဇင်ဘာ ၇ ရက်နေ့မှစ၍ ပိတ်လိုက်ပါတယ်။

ဒီဇင်ဘာလဟာ နဝတ ရဲ့အကြီးမားဆုံးပြင်ဆင်ထားတဲ့ မြန်မာ့ခရီးသွားနှစ်ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း လှည်းတန်းထိပ်မှ ကျောင်းသားများရဲ့ ဆန္ဒပြပွဲ၊ လုံထိန်းနှင့်စစ်တပ်များ၏ ရိုက်နှက်နေသော မြင်ကွင်းများဟာ ဂြိုလ်တုစလောင်းများမှတဆင့် ကမ္ဘာအနှံ့အပြားရှိ ပြည်သူများ၏ TV ဖန်သားပြင်ပေါ်သို့ ရောက်ရှိသွားပါတယ်။ ထိုမြင်ကွင်းကပင် ကမ္ဘာ့ခရီးသည်များဟာ မြန်မာနိုင်ငံသို့ ခရီးသွားလှည့်လည်ရန် တွန့်ဆုတ်ရပ်ဆိုင်းခဲ့ပါတယ်။

ဒီလိုနဲ့ပဲ နဝတ စစ်အစိုးရရဲ့ခရီးသွားနှစ်ဟာ အရှုံးများစွာနဲ့မအောင်မြင်မှု ဖြစ်ခဲ့ပါတယ်။

ကမ္ဘာအရပ်ရပ်မှ အဖွဲ့အစည်းများကလည်း မြန်မာနိုင်ငံသို့ခရီးမသွားရန် လှုံ့ဆော်ဟောပြောခဲ့ကြပါတယ်။

နဝတ ခရီးသွားနှစ် အထိမ်းအမှတ်ဖိုးဝရုပ်မှာတော့ မျက်ရည်စက်များ ကျနေပါတယ်။ မျက်လုံးညာဘက်က မျက်ရည်စက်ကတော့ ကျောင်းသားနဲ့လူထုအပေါ် နဝတမှ အကြမ်းဖက်အနိုင်ကျင့်မြင်ကွင်းအတွက်ဖြစ်ပြီး၊ နောက်ဘယ်ဘက်ကမျက်ရည်စက်ကတော့ မြန်မာ့ခရီးသွားနှစ် ၁၉၉၆ အောင်မြင်စွာ ရှုံးနိမ့်မြင်ကွင်းအတွက်ဖြစ်ပါတယ်။

tkd;a0xuf

ú úúúú

ဖြစ်ရပ်မှန်–သရော်စာ

“ဦးထုတ်စုတ်တလုံး၊ ကုတ်အင်္ကျီစုတ်တထည် ဗူးသီးပြုတ်တအိုးနှင့် ဥက္ကဋ္ဌကြီး”

ငပလီကမ်းခြေသို့ အရေးကြီးပုဂ္ဂိုလ်များ မကြာမီလာရောက် အပန်းဖြေမည် ဆိုသည့် ကြေးနန်းစာအား ငပလီမှ ခ–လ–ရ ၅၅ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးမောင်မောင်စိန် ဖတ်ရပြီးသည့်နောက်တွင် လိုအပ်သည့် ဒေသန္တရအမိန့်များထုတ်ပြန်ပြီး ငပလီကမ်းခြေ တလျောက်၏ လုံခြုံရေးနှင့်သန့်ရှင်းရေးပိုင်းကို အထူးစီမံကွပ်ကဲနေရပေသည်။

အရေးကြီးပုဂ္ဂိုလ်များနားနေမည့် အဏ္ဏာဝါရိပ်သာ၏ ရှေ့တည့်တည့်ကျသော ပင်လယ်ပြင်၌မူ မကြာမီက ဒိန်းမတ်နိုင်ငံမှဝယ်ယူလာခဲ့သော “အင်းတော်” အမည်ရှိ စစ်သင်္ဘောသည် ကျောက်ချ၍ ကမ်းခြေစောင့်တိုက်ရေယာဉ် ၄၀၅ နှင့် ၄၀၆ အား ကွပ်ကဲ ရင်း ရေကြောင်းလုံခြုံရေးတာဝန်ကို နေ့ညမပြတ်ထမ်းဆောင်နေရပေသည်။

သို့နှင့်ရက်တစ်ရက်တွင် အရေးကြီးပုဂ္ဂိုလ်အဖွဲ့သည် ငပလီသို့ ဆိုက်ရောက်ခဲ့လေ သည်။ အဏ္ဏာဝါရိပ်သာအတွင်းမှ သစ်ရွက်ခြောက်အမှိုက်သရိုက်များအား တံမျက်စည်း လှဲ၍ ရှင်းလင်းပါက ထိုအရေးကြီးပုဂ္ဂိုလ်တို့၏သောတအာရုံအား အနှောင့်အယှက်ဖြစ် မည်စိုး၍ ခလရ ၅၅ မှ ဗိုလ်ကြီးအဆင့်ရှိဆရာများက သစ်ရွက်များကို လက်ဖြင့်ကောက်ယူ သိမ်းဆည်းခဲ့ရပေသည်။ အဏ္ဏာဝါရိပ်သာအနီး၌ သစ်ခက်တဲတခုထိုးထားသည်။ အရေးကြီးပုဂ္ဂိုလ်များ ငပလီသို့ရောက်ရှိပြီး သုံးရက်မြောက်နေ့ မွန်းတည့်အချိန်ခန့်၌ သစ်ခက်တဲအတွင်း၌ ဗူးသီးစိတ်အနည်းငယ်အား မြေအိုးဖြင့်ပြုတ်ထားပြီး ဗူးသီးစိတ်များ နူးသည့်အချိန်ခန့်တွင် ဦးထုတ်စုတ်တလုံးအားဆောင်းပြီး ကုတ်အင်္ကျီစုတ်နွမ်းနွမ်းဝတ် ထားသော ပုဂ္ဂိုလ်တစ်ယောက်သည် ထိုတဲအတွင်းသို့ဝင်ရောက်ပြီး ဆောင့်ကြောင့် ထိုင်ကာ ဗူးသီးပြုတ်များအား မစားချင်စားချင်ဖြင့် လေးငါးစိတ်ခန့်စားလေသည်။ ဗူးသီးပြုတ် စားပြီး သစ်ခက်တဲအတွင်းမှ ထိုပုဂ္ဂိုလ်ကြီးထွက်လာသောအခါ တဲပြင်၌ရပ်၍ စောင့်နေကြသော တိုက်ပုံအင်္ကျီဝတ်ဝေဒပညာရှင်နှစ်ဦးနှင့်အတူ လူပုဂ္ဂိုလ် အချို့နှင့် စစ်ယူနီဖောင်းဝတ်အရာရှိကြီးများက “အောင်ပြီ အောင်ပြီ အောင်ပြီ” ဟု ကြွေးကြော် ကြလေသည်။

ဤသည်ကား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်း ယတြာချေခြင်း ပင်ဖြစ်သည်။ ဦးထုတ်ဆောင်း၊ ကုတ်အင်္ကျီစုတ်ကိုဝတ်ကာ ဗူးသီးပြုတ်စားသော သစ်ခက်တဲအတွင်းမှ ပုဂ္ဂိုလ်သည်ကား ဗေဒင်၊ ယတြာကို အယူကြီးသည့် ဦးနေဝင်း ပင် ဖြစ်ပေသည်။

တီသ

နရသိင်္ဂ်

ပုဂံလမ်းမှသည် မော်စကိုဆီသို့

တီသ

ကျွန်တော်တို့ငယ်စဉ်က 'ထောင်' ကို မော်စကိုလို့ခေါ်ပါတယ်။ ဘာကြောင့်ခေါ်တာတော့ မပြောတတ်ဘူးဗျ။ ၁၁-၁၂-၇၄ နေ့ မနက်အရဏ်တက်မှာ ကျွန်တော်တို့ကို ပုဂံလမ်းပေါ်မှာ ထိုင်ခိုင်းထားရင်းက အဓိပတိလမ်းပေါ်မှာတန်းစီထားတဲ့ စစ်ကားတစ်စီးပေါ် တက်ခိုင်းပါတယ်။ ကျနော်လည်း စစ်ကားတစီးပေါ် ငုတ်တုတ်တက်ထိုင်ရတာပေါ့။ အဓိပတိလမ်းပေါ်ကထွက်ပြီး တက္ကသိုလ်လမ်းမပေါ်တက်၊ အင်းစိန်လမ်းမကြီးပေါ်ကို ကားဦးခေါင်းလှည့်လိုက်ပါတယ်။ နှင်းတွေကလည်း တဖွဲဖွဲကျနေပါတယ်။ လှည်းတန်းမှာရှိနေတဲ့ လူအုပ်စုကြီးက 'ကျောင်းသားတွေကို ဖမ်းသွားကြပြီ' လို့ ပြောနေသံကို ကျနော်တို့ ကားပေါ်ကနေ ကြားနေရပါတယ်။ အင်းစိန်လမ်းမကြီးအတိုင်း စစ်ကားတွေ မောင်းသွားကတည်းက အင်းစိန်ထောင်ကို ဦးတည်မောင်းနေတာကို ခန့်မှန်းမိတာပေါ့ဗျာ။ နှင်းမြူမှုံတဖွေးဖွေးကြားမှာ ကျနော်တို့ကို တင်ဆောင်လာတဲ့ စစ်ကားကြီးဟာ အင်းစိန်ထောင်ရဲ့တွဲဘက်ထောင်၊ အခုအခေါ် သီးသန့်ထောင်ရှေ့မှာ ထိုးရပ်လိုက်ပါတယ်။ တွဲဘက်ထောင်ရဲ့ဗူးဝကိုမြင်တော့ ကျွန်တော့်စိတ် တော်တော်ကို ညှို့ငယ်သွားပါတယ်။ ညှို့ငယ်တဲ့ ကျွန်တော်ရဲ့စိတ်ကို မြွှင့်တင်ပေးလိုက်တာက ကားခေါင်းမှာမတ်တပ်ရပ်နေတဲ့ ရခိုင်ဦးပဉ္စင်းတပါးရဲ့ စကားသံပါပဲ –

"ဒီလိုအဖမ်းခံရလို့မဲ့မယ်ဆိုတာ အစကတည်းကသိသားပဲ။ ဖမ်းစမ်းပါစေ ဘာမှစိတ်ဓာတ်မကျနဲ့"

ကျနော်တို့ကားပေါ်ကလူတွေကို စစ်သားတွေကဆင်းခိုင်းပြီး ထောင်တံခါးမကြီးထဲကို သွင်းလိုက်ပါတယ်။ ထောင်တံခါးထဲမှာရှိတဲ့ လုံထိန်းရဲတွေကလည်း တုတ်တွေကိုယ်စီကိုင်ပြီး ကိုက်တော့မည့်ခွေးတွေလိုပါပဲ။ အဲဒီတံခါးမကြီးမှာ ကြာကြာမနေလိုက်ရပါဘူး။ လူစစ်ပြီးတာနဲ့ ကျွန်တော်တို့ကို တွဲဘက်ထောင်မှာ အဆောင်နှစ်ဆောင်ရှိတဲ့အနက်က ဘယ်ဘက်အခြမ်းက အဆောင်နှစ်ဆောင်လို့ထင်ပါတယ်။ အဲဒီအဆောင်အောက်ထပ်ထဲကို ဝင်ခိုင်းလိုက်ပါတယ်။ ကျွန်တော်တို့ရှေ့မှာရောက်နေတဲ့သူတွေ မနည်းပါဘူး။ လူကုန်သလောက်ရှိတဲ့အခါ အောက်ထပ် တစ်ထပ်လုံးလဲ ပြည့်ပြီပေါ့။ ယူနီဖောင်းအစိမ်းရောင်ဝတ် တပ်ကြပ်ကြီးတယောက် 9 M.M ပစ္စတိုကို ခါးကြားထိုးပြီးရောက်လာပါတယ်။ သူ့နာမည်တပ်ကြပ်ကြီးတင်မောင်ပါလို့ မိတ်ဖွဲ့ပြီး ကျွန်တော်တို့ကို ကြိမ်းမောင်းတော့တာပဲ။ ကြိမ်းမောင်းလို့ဝတော့ ကျွန်တော်တို့

ဆီက ထွက်သွားပြီး မကြာခင်မှာ ဒေါ်ဂျစ်ကားပေါ်မှာမြေကြီးတင်သလို ထမင်းတွေတင်လာပြီး ဖုတ်တွေတဆောင်းဆောင်းကြားမှာ ဂေါ်ပြားနဲ့ထမင်းတွေထိုးချပြီး ကျွန်တော်တို့ကို ကျွေးဖို့ ယူလာပါတယ်။ ဘယ်စားနိုင်မှာလဲဗျ။ ညနေစာကို လေးနာရီခွဲလောက်မှာ ဒီလိုပဲ လာကျွေးတယ်။ မစားနိုင်ပါဘူး။ တန်းပိတ်ချိန်ရောက်လာတော့ အပေါ်ထပ်နဲ့အောက်ထပ်ကို လူနှစ်စုခွဲပြီး အိပ်ခိုင်းတယ်။ ကျွန်တော်အပေါ်ထပ်မှာ အိပ်ဖို့ပါသွားတယ်။ ကျောင်းဝင်းတဝင်းလုံးက ဖမ်းမိသမျှကို ဒီအဆောင်တဆောင်ထဲမှာစုထားတော့ အိပ်ချိန်မှာ အပေါ်ထပ်အောက်ထပ် နှစ်ထပ်စလုံးမှာ လူတွေဟာငါးပိသိပ်၊ ငါးချဉ်သိပ် အိပ်ရတာပေါ့။ ထမင်းနှစ်နပ်မစားထားတဲ့ ကျနော် ည ၁၂ နာရီလောက်ရောက်တော့ မနေနိုင်တော့ဘူး။ လွယ်အိတ်ထဲမှာပါတဲ့ မိဘ ပြည်သူတွေ ကျောင်းထဲမှာလျှုထားတဲ့ ပေါင်မုန့်နဲ့လိမ္မော်သီးကို ထုတ်ပြီး လေးရတော့တာပေါ့။ အိပ်လို့လည်းမရပါဘူး။ ဒီလိုနဲ့ မိုးစင်စင်လင်းရတော့တာပဲ။ ယှဉ်ပြိုင်ဆောက်ထားတဲ့ အဆောင်နှစ်ဆောင်ရဲ့ထိပ်မှာ အဆောက်အဦးအပိုင်းပုံစံတစ်ခုရှိတယ်။ အဲဒီမှာ ဖမ်းထားတဲ့ ဘုန်းကြီးတွေကိုထားတာ၊ ဘုန်းကြီးတွေအတွက် အရက်ဆွမ်းအဖြစ် ဆန်ပြုတ်လာပို့တယ်။ မနေ့ကထမင်းလာပို့တဲ့ ဒေါ်ဂျစ်ကားနဲ့ပဲလေ။ ဆန်ပြုတ်ပုံးကို ဒီအတိုင်းချပြီး ကားက ပြန်ထွက်သွားတယ်။ ဘုန်းကြီးတွေဘဉ်းမပေးခင် တွဲဘက်ထောင်ဝင်းထဲက ခွေး လေး ငါးကောင်က အရင်ဦးဆုံးလာပြီးဝင်စားနေလို့ အမြင်မတော်တဲ့ကျနော်တို့က ခွေးကို ဝိုင်းမောင်းပေးရတော့တာပေါ့။ တွဲဘက်ထောင်ကို သုံးရက်မြောက်အရောက် ညနေ လေးနာရီလောက်မှာ ဒေါ်ဂျစ်ကားလေးပေါ်မှာ ဆန့်သလောက် လူကိုစီထိုင်ခိုင်း၊ ခေါင်းကိုလည်းငုံ့ပြီး သူတို့ခေါ်ရာ လိုက်သွားရတယ်။ အင်းစိန်ထောင်မကြီးထဲက ၆ ဆောင် အခု မိန်းမထောင်ကျဆောင်ကိုပေါ့။ အဲဒီမှာ အပေါ်ထပ်ကမရောက်ဖူးလို့ မသိဘူး။ အောက်ထပ်ကတော့ အခန်းတွေကန့်ထား တယ်။ တစ်ခန်းကို လူ ၂၀ လောက် ထားပါတယ်။ အဲဒီမှာနေရထိုင်ရတာတော့ ကျယ်ပါတယ်။ ရေတော့မချိုးရဘူးဗျ။ အဲဒီကိုရောက်လို့ ၁၅ ရက်လောက်အကြာ ည ၈ နာရီလောက်မှာ ကျွန်တော်တို့ကိုလာခေါ်ထုတ်ပြီး ၃ ဆောင် အဲဒီတုန်းကတော့ အထူးဆောင်လို့ခေါ်တယ်။ အဲဒီကိုခေါ်ချသွားတယ်။ အထူးဆောင်ရဲ့ ခေါင်းရင်းဘက်တလျှောက်မှာ ခုံရှည်တွေချပြီး ကျွန်တော်တို့ကို ကိုယ်ရေးရာဇဝင်တွေမေးပါတယ်။ မေးမြန်းလို့ပြီးတဲ့အခါ အထူးဆောင်အဝင် ဝ ထဲမှာ ကျွန်တော်တို့ကို ကတ်ကြေးနဲ့ ဖြစ်သလို ဆံပင်တွေကိုလေးကွက်ကြားညှပ်ကြပါတယ်။ ကိုပဲ့အဆောင်ကိုယ့်ရောက်မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ရပါတယ်။ လေးကွက်ကြားဆံပင်ရဲ့ကျေးဇူးကြောင့် နောက်တနေ့မနက်မှာ ပုံစံနဲ့ရေချိုးခွင့်ရတော့တာပါပဲ။

ဆောင်ထဲကိုရောက်လို့ တစ်လနီးပါးလောက်ရှိတဲ့တစ်ရက်မှာ ကျွန်တော့်နာမည်ကို ဝန်ထမ်းတစ်ယောက်က လှမ်းမေးနေသံကိုကြားလို့ ကျွန်တော်ပြန်ထူးလိုက်တော့ ကျွန်တော့်ကို အခန်းထဲကခေါ်ထုတ်သွားပါတယ်။ ကျွန်တော့်စိတ်ထဲမှာ လွှတ်ပေးမလို့ပဲလို့ထင်နေတယ်။ အဲဒီဝန်ထမ်းကကျွန်တော့်ကို အထူးဆောင်ကိုခေါ်သွားတယ်။ ဟိုတညကလို လူတွေ အများကြီးမဟုတ်ဘူး။ အစစ်အဆေးခံရမည့်သူက ကျွန်တော်တစ်ယောက်ထဲ၊ စစ်ဆေးမည့်သူ

က သုံးဦး။ သူတို့ရဲ့မျက်နှာချင်းဆိုင်မှာ ကျနော့်ကိုထိုင်ခိုင်းပြီး နေ့လည် ၁၂ နာရီခွဲလောက်ကနေ တစ်ယောက်တစ်ပေါက်မေးလိုက်တာ ညနေ ၄ နာရီအထိပါဘဲ။ ဒီပုဂ္ဂိုလ်တွေရဲ့ခွင့်ပြုချက်နဲ့ အဲဒီနေ့ညနေပိုင်းမှာ ကျွန်တော် ရေတဝချိုးခွင့်ရလိုက်တာပေါ့။ ရေချိုးပြီးတဲ့အခါမှာ ကျွန်တော့်ကို နေ့လည်ကအဆောင်ကိုပြန်မပို့တော့ပဲ အထူးဆောင်ရဲ့ညာဘက်ထိပ်ဆုံးခန်းကို ပို့လိုက်တယ်။ အဲဒီအဆောင်ရဲ့ ထိပ်ဆုံးအောက်ထပ်ပေါ့။ အဲဒီအခန်းမှာ ကုတင်နဲ့ထားတယ်။ ခေါင်းအုံး၊ စောင်၊ ပန်းကန်၊ ဇွန်း၊ မတ်ခွက်အသစ်တွေထုတ်ပေးတယ်။ ကျွန်တော့်စိတ်ထဲမှာ ငါတော့သွားပြီလို့ အောက်မေ့မိလိုက်တယ်။ အဲဒီအခန်းက အရင်တုန်းက ရဲနီတို့ တပ်နီ၊ တပ်ဦးလူငယ်တွေ နေခဲ့တဲ့အခန်းဆိုတာ ကုတင်နဲ့နံရံတွေမှာ ရေးထားတဲ့စာအရ သိရတာပေါ့ဗျာ။ အဲဒီအခန်းမှာ တပတ်လောက်ထားပြီး အဲဒီအခန်းရဲ့တည့်တည့် အပေါ်ဆုံးထိပ်ခန်းကို အဲဒီအခန်းမှာရှိတဲ့ သူတွေအားလုံး ရွှေ့ရပြန်တယ်။ အပေါ်ထပ်ကကုတင်မရှိတော့ ပိုပြီးကျယ်ဝန်းတာပေါ့ဗျာ။ အဲဒီ အပေါ်ထပ်ကအခန်းတစ်ခန်းမှာ ဒါးဘချစ်ဆိုတဲ့သူနဲ့ ဗိုလ်မှူးကြီးဟောင်းမောင်မောင်ဆိုတဲ့ ပုဂ္ဂိုလ်နှစ်ဦး တစ်ခန်းစီမှာရှိတယ်လို့ကြားရပါတယ်။ အဲဒီအခန်းကိုရောက်ပြီး ၅ ရက်လောက် အကြာ ညနေ ၇ နာရီလောက်မှာ ကျွန်တော်တို့အားလုံးကို အခန်းထဲကနေ ခေါ်ထုတ်တော့ စောစောကပြောတဲ့သူတွေရဲ့ အခန်းရှေ့ကဖြတ်သွားရတယ်။ လှည့်ပြီးကြည့်လိုက်တော့ အဲဒီ ပုဂ္ဂိုလ်တွေကို ကုတင်၊ ခြင်ထောင်၊ စာကြည့်စားပွဲ၊ ခါတ်ဗူး အသုံးအဆောင်အပြည့်နဲ့ထားတာ ကိုတွေ့ရတယ်။ အထူးဆောင်ရဲ့အဝင်ဘက်ထိပ်က အဆောင်အောက်ကိုရောက်တော့ စစ်ဝတ်စုံဝတ်ထားတဲ့ တပ်ကြပ်ကြီးအဆင့်ရှိတဲ့သူ ၅ ယောက်လောက်နဲ့ လျှာတန်းလန်း၊ သွားရည်တမြမြနဲ့စစ်ခွေးတွေကို တွေ့လိုက်ရပါတယ်။ တပ်ကြပ်ကြီးတစ်ယောက်က ကျွန်တော်တို့ကို ကြည့်ပြီး ...

"ဒီကောင်တွေကို ခွေးနဲ့ကိုက်သတ်ခိုင်းရမယ်" ဆိုပြီးခြောက်တာပေါ့ဗျာ။ ကျွန်တော်တို့ကို နှစ်ယောက်တန်း တန်းစီခိုင်းပြီး တိုက်ဝင်းထဲကိုခေါ်သွားတယ်။ ၁ တိုက်နဲ့ ၂ တိုက်ကြားထဲ ခေါ်သွားပြီး ၂ တိုက်ရဲမိန်းမဆောင်ဘက်အခြမ်းဘက်ကနေသွင်းပြီး ကျွန်တော်တို့ကို ၁၀ ပေ ၈ ပေရှိတဲ့အခန်းထဲကို လူ ၈ ယောက်တစ်ခန်း ထည့်ထားလိုက်တယ်။ ဆီးနဲ့ဝမ်းသွားဖို့ ဂန်ဖလားအပျက်တစ်ချပ်ပဲထုတ်ပေးတယ်။ အကျဉ်းထဲမှာအကျပ် ဆိုသလိုပေါ့ဗျာ။ ဒီအခန်းထဲမှာ လူ ၈ ယောက်ဆိုတော့ ဆီးဝမ်းသွားရတာ အတော့်ကိုဒုက္ခရောက်ရတယ်ဗျာ။ မနက်အိပ်ရာထထချင်း ဘယ်သူမှဆီးမသွားရဘူး။ ဂန်ဖလားထဲမှာဆီးတွေ ပြည့်နေပြီ။ အခု တိုက်ရုံးခန်းလုပ်ထားတဲ့နေရာက မိလ္လာကျင်းပေါ့။ အဲဒီကို ဆီးနဲ့မိလ္လာထွက်သွန်ရတယ်။ ထွက်သွန်တဲ့သူက ဆီးမြန်မြန်သွားပြီး မျက်နှာသစ်ခွင့်လည်းရတော့ လူတိုင်း မိလ္လာခွက် သွန်ချင်ကြတယ်။

အဲဒီအချိန်တုန်းက အခုလို ၂ တိုက်ကို ၂ တိုနဲ့ ၂ ရှည်ဆိုပြီး ကန့်သတ်မထားဘူး။ ထိပ်နှစ်ဘက်မှာလည်း တံခါးတွေတပ်မထားဘူး။ နောက်တခုက တနေကုန်နေလို့ ဝန်ထမ်းတယောက်မတွေ့ရဘူး။ အကျဉ်းသားတွေဟာ အဲဒီမှာပဲ မင်းမူနေတယ်။ ကျွန်တော်ဆိုရင် သုံးခါလောက် အရိုက်ခံခဲ့ရတာပေါ့။ ကျွန်တော်နေခဲ့တဲ့အခန်းက ၄၃ လို့ထင်တယ် မမှတ်မိတော့ဘူး။ ကျွန်တော်တို့နဲ့နှစ်ခန်းကျော်မှာ ကိုချိုအောင်သန်းရှိတယ်ဆိုတာ သိရတယ်။ ဒါပေမယ့်

လည်း အနေအထိုင်ကျပ်တည်းတာကြောင့် မမြင်ဖူးခဲ့၊ မခင်ခဲ့ရဘူး။ အထူးဆောင်မှာနေတုန်း ကတော့ တစ်ခန်းထဲနေခဲ့တဲ့ သခင်မြသန်းရဲ့သား စည်သူမြသန်းတို့ ပန်းချီကိုမျိုးမြင့်တို့နဲ့ သိကျွမ်းခင်မင်ခဲ့ရတယ်။ အခုဟာကအခန်းတွေကပ်နေပေမယ့် မျက်နှာချင်းဆိုင်အခန်းလောက်ပဲ မြင်တွေ့ရတာ။ ရေချိုးထွက်ရတယ်ဆိုတာလည်း မရှိဘူး။ မျက်နှာတောင်သစ်ခွင့်မရဘူးဗျာ။ မိလ္လာထွက်သွန်တဲ့သူပဲ မျက်နှာသစ်ခွင့်ရတယ်။

၂ တိုက်ကိုရောက်ပြီး ၁၀ ရက်လောက်အကြာမှာ ဝန်ထမ်းတစ်ယောက် ကျွန်တော့်ရဲ့ နာမည်ကို လိုက်ခေါ်နေသံကြားလို့ တံခါးဝမှာထိုင်နေတဲ့ကျွန်တော် ကြားကြားချင်း လက်ထုတ်ပြီး ဒီမှာရှိကြောင်း လှမ်းပြောလိုက်တော့ အခန်းတံခါးဖွင့်ပြီး ကျွန်တော့်ကိုခေါ်ထုတ်သွားတယ်။ အထူးဆောင်ဝင်းထဲ ပြန်ရောက်သွားခဲ့တယ်။ အဲဒီအချိန်မှာ လူ ၁၅ ယောက်လောက် တန်းစီပြီး ရပ်နေတာကိုတွေ့ရတယ်။ ကျွန်တော်ရောက်သွားတော့ လူစုံပြီဆိုပြီး အင်းစိန်ထောင်တံခါးကြီးကို ခေါ်သွားတယ်။ တံခါးကြီးထဲမှာ အချုပ်ကားအပြာကြီးတစ်စီးရပ်ထားတယ်။ ကျွန်တော်တို့ကို မျက်နှာအဝတ်စည်းပြီး ကားပေါ်ကိုတင်လိုက်တယ်။ အင်းစိန်ထောင်ကနေ ကျွန်တော်တို့ ဘယ်ကို ရောက်သွားသလဲဆိုတော့ နာမည်ကျော် "ရေကြည်အိုင်" ဆိုတဲ့ နေရာရောက်သွားတယ်။ ကားပေါ်ပါလာတဲ့ကျွန်တော်တို့တစ်အုပ်စုလုံးကို သွပ်ပြားအပြည့်ကာထားတဲ့ ဝင်းကလေးတခုက သစ်သားအိမ်လေးတစ်အိမ်ထဲမှာ ထည့်ထားတယ်။ အိမ်ဝင်းကလေးက မဆိုးဘူးဗျ။ အညောင်းပြေလမ်းလျှောက်လို့ရတယ်။ မာလကာပင်၊ မကျည်းပင်လေးတွေလည်း ရှိတယ်။ ခြံဝင်းထဲကနေ အပြင်ကိုလှမ်းကြည့်တဲ့အခါ မျှော်စင်တွေကိုတွေ့ရတယ်။ အပြင်မှာ အင်းစိန်ထောင်လောက်မမြင့်တဲ့ အုတ်ရိုးပုပြတ်ပြတ်နဲ့ထပ်ပြီး ကာထားသေးတယ်ဗျ။ ကျွန်တော်တို့အိမ်ထဲက နောင်တော်ကြီးတစ်ယောက်က ဆေးလိပ်သောက်ချင်လို့ ဒီဂရီအထူကြီးနဲ့ မျက်မှန်အောက်မှာ စောင်ကွမ်းစကိုခံပြီး နေရောင်နဲ့အပူကိုယူပြီး ဂွမ်းစမှာမီးပွဲတော့ ဆေးလိပ်မီးတို့ပြီး ဆေးလိပ်သောက်တာ မကြာပါဘူး။ မီးခိုးတွေတယ်ဆိုပြီး ရောက်လာပါတယ်။ မျှော်စင်ကကင်းသားတွေရဲ့ ကျွန်တော်တို့အပေါ် မျက်ခြေမပြတ်စောင့်နေပုံကို စဉ်းစားသာကြည့်ပေတော့။

နောက်တနေ့မနက်မှာ ကျွန်တော်တို့အားလုံးကိုလာထုတ်သွားပြီး ကျွန်တော်တို့နေတဲ့အိမ်ရဲ့ သုံးအိမ်ကျော်လောက်က အိမ်ဝင်းထဲကိုကျွန်တော်တို့ကိုခေါ်သွားပြီး စားပွဲရှည်ကြီးတလုံးရှေ့မှာ ခုံတွေချထားပြီး ကျွန်တော်တို့ကိုထိုင်ခိုင်းပြီး ဘောပင်တစ်ယောက်တချောင်းနဲ့ စာရွက်တွေလာချပေးပြီး ကျွန်တော်တို့ကို စာမေးပွဲ ကျင်းပတော့တာပဲ။

လက်တလုံးလောက်ရှိတဲ့ စာရွက်လေးတစ်ရွက်ပေါ်မှာ လက်နှိပ်စက်နဲ့ရိုက်ထားတဲ့ မေးခွန်းတစ်ခုပေးတယ်။ မေးခွန်းတစ်ခုဖြေပြီးရင် နောက်ထပ်မေးခွန်းတစ်ပုဒ်ပေးပြီး ဖြေခိုင်းတယ်။

တပ်မတော်ထောက်လှမ်းရေးက ကျွန်တော်တို့ကို စာမေးပွဲစစ်လိုက်တဲ့ မေးခွန်းတွေကတော့ –

(၁) သင့်အား အဘယ်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားသနည်း။
(၂) ဦးသန့်စျာပနနှင့် ပတ်သက်၍ သင်မည်သို့ခံစားရသနည်း။
(၃) သင့်အား ဖမ်းဆီးထိန်းသိမ်းထားရာမှ ပြန်လွှတ်သင့်ပါသလား။
(၄) သင်သည် သင်၏အမှားများကို ဆင်ခြင်သိရှိပြီးပါက သင်၏လုပ်ဆောင်ခဲ့ပုံနှင့် အခြားသူများ၏ လုပ်ဆောင်ခဲ့ပုံကို မချန်မလှပ် မထိန်မဝှက်ဘဲ ရေးသားဖော်ပြပါ။

(မှတ်ချက်) စာမျက်နှာ (၃)မျက်နှာခန့်။

အမှတ်တရများထဲမှ အမှတ်တရ။

wd\

ကာလသုဉ်း

ဖာ်စဲနဲ့ | စောဘွဲ့

ဝ် ဝ်ဝ်ဝ်ဝ်

ရှင်သန်ခြင်း
မော်စည် – စက်မှု

တကယ်တော့ အသက်ရှူသူတိုင်း အသက်ရှင်နေခဲ့ကြတယ်ဆိုရင် ... ...

ဥဩဂ္ဂက်တို့ကအလွမ်းတေးတစ်ပုဒ်ကို ညှင်းဖွဲ့နေသည့်အလား။ ဟိုးအဝေးဆီက သစ်ပင်တို့က ရော်ရွက်ဝါတို့ကို မြေပေါ်သို့ကြဲချလျက် အရွက်အလက်မဲ့ အရိုးပြိုင်းပြိုင်း သစ်ကိုင်းတို့ဖြင့် နွေသရဝ်ကို အစွမ်းကုန် ဖော်ထုတ်နေခဲ့ကြသည်။ အတွင်းဂျက်မရှိတဲ့ ပြူတင်းပေါက်မဲ့ အခန်းငယ်လေးထဲမှာ စာတစ်အုပ်ကိုဖတ်နေစဉ် ဘုရားမီးပူဇော်ထားသော ဖယောင်းတိုင်က ရုတ်တရက်မီးငြိမ်းသွားတော့ ...

"ဖိုးကျော်ရေ ဖိုးကျော်"

"ဟေး ..."

အားရဝမ်းသာ လှိုက်လဲ့သောအသံတို့ဖြင့် ကျနော့်နာမည်ကိုခေါ်ရင်း ဆူညံစွာ ပြေးလာနေကြသော ဘဝတူရဲဘော်များ၏ အသံများနားထဲသို့ တိုးဝင်လာခဲ့သည်။ ဖတ်လက်စ စာအုပ်ကို ကမန်းကတန်းသိမ်းဆည်းရင်း ကျနော့်အခန်းကျဉ်းကျဉ်းလေးထဲမှ အပြင်ကိုလှမ်းထွက်ရန် ပြင်လိုက်သည်။ ခြေလှမ်းတို့အပြင်ကိုမှမရောက်သေးခင် ကျနော့်အခန်းထဲသို့ ဘဝတူရဲဘော်များ အသီးသီးအပြုံးကိုယ်စီဖြင့် ရောက်လာနှင့်ကြတော့သည်။ ၎င်းတို့၏နောက်မှ ထောင်ကျရုံးထောင်မှူးက တလှမ်းချင်းလျှောက်လာနေသည်ကိုလည်းတွေ့ရတော့ ကျနော့်ရင်တွေ ခုန်လာခဲ့ရသည်။ ရင်ခုန်သံနဲ့အတူ ရဲဘော်တို့၏အပြုံးများက ကျနော့်ထံ အတားအဆီးမဲ့စွာ စီးဝင်လာခဲ့သည်။ လက်ဆွဲနှုတ်ဆက်ကြသူ၊ ဝမ်းသာစကားပြောကြသူ၊ မှာတမ်းချွေကြသူ စသည်ဖြင့် အသွင်သဏ္ဌာန်အမျိုးမျိုးနှင့် ရဲဘော်များ၏အပြုအမူကို အလိုက်သင့်တုံ့ပြန်ရင်း ပီတိတို့လှုပ်ထုံနေခဲ့သည်။ တကယ်တော့ လွတ်ဖို့ဆိုတာကိုပင် ကျနော့်အတွက် မျှော်လင့်မထားသည့်ကိစ္စဖြစ်သည်။ အခုလိုမမျှော်လင့်ဘဲလွတ်ရမည်ဆိုတော့ ဝမ်းသာခြင်း ဝမ်းနည်းခြင်းတို့က တပြိုင်နက်တည်း ရောထွေးခံစားနေရတော့သည်။ ဒီနေရာမှာ ဘဝတူရဲဘော်များနှင့် နေလာခဲ့သည်မှာလည်း ၅ နှစ်ပင်ကျော်လာခဲ့ရတာမို့ မမြင်နိုင်သည့်ဝန်းကျင်သံယောဇဉ်များက ကျနော့်နှလုံးသားကို ရစ်ပတ်ချည်နှောင်နေဆဲ။ နေလာခဲ့ကြသည်မှာလဲ နာတလည့်၊ သာတလည့်၊ အဆင်မပြေတခါ၊ အဆင်ပြေတလည့် ဒီလိုနဲ့ပဲတဦးနဲ့တဦးဖေးကူကာ ဘဝအပူတွေကို

ဖြေခဲ့ရသည်ချည်းသာ။ အားလုံးအစစအရာရာ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းလာခဲ့ရသည်ကတော့ ဘယ်မှာလာဖြစ်နိုင်မှာတဲ့လဲ။ ဒီလိုပစ္စန္တရစ် အရပ်ဒေသမှာ အားလုံးက စိတ်ဒဏ်ရာ ကိုယ်စီနဲ့ဆိုတော့.....။

"ပစ္စည်းတွေပါ အားလုံးယူခဲ့ကွာ"

"ထောင်မျူးကလဲ ပစ္စည်းတွေကထားခဲ့မှပေါ့။ ဒီမှာကျန်တဲ့သူတွေအားလုံး အသုံးတည့်ပါတယ်"

"ဟုတ်သားပဲ ထောင်မျူးရာ"

"လွတ်တာမဟုတ်လား။ လွတ်တာဆိုရင်ဒီပစ္စည်းတွေက ဘာလိုမှာလဲ။ ဖိုးကျော် အရပ်ဝတ်ပဲ သွားကွာ၊ ကျန်တာတွေထားခဲ့လိုက်ပါကွာ"

"လွတ်တာကို လွတ်တယ်လို့ပြောလိုက်ပါ ထောင်မျူးရာ၊ ဝိုက်မနေပါနဲ့"

"ဒီလိုကွာ၊ ပစ္စည်းတွေပါယူခဲ့ပါလို့ပြောလို့ပါကွာ။ ငါ့သဘောချည်းမဟုတ်ဘူးကွ၊ ငါ့ကိုနားလည်စမ်းပါ"

"ကဲ ကဲ ယူသွားလိုက်ပါကွာ ဖိုးကျော်ရာ လွတ်တော့လည်း ထားခဲ့လိုက်ပေါ့ကွာ"

"လွတ်မှတော့ ဘယ်သူကယူသွားပါ့မလဲ။ ဖိုးကျော်ကအခုထားခဲ့လို့ရရင်တောင် ထားခဲ့မှာ"

"ထောင်မျူး၊ ကျနော့်အလှည့်ဘယ်တော့လဲ ကြိုပြောဦးနော်၊ အခုလိုရုတ်တရက်ဆိုတော့ နှုတ်ဆက်ချိန်နည်းတယ်ဗျ"

ရဲဘော်များ၏ တစ်ယောက်တပေါက်ပြောသံများကြောင့် လွင်နေသောအာရုံများကို ပြန်စုစည်းရင်း ရဲဘော်များကို လေးစားစွာတုံ့ပြန်နှုတ်ဆက်ခဲ့သည်။

"ဒီမှာ နေထိုင်ခဲ့စဉ်အတွင်း ကျနော့်မှာ အမှားအယွင်းရှိခဲ့ရင် ခွင့်လွှတ်ပေးကြပါလို့..."

ကျနော်က ရဲဘော်များကိုတောင်းပန်စကားဆိုရင်း အပြင်သို့လှမ်းထွက်လာခဲ့သည်။ ကျနော်နှင့်အတူ ရဲဘော်များစုပြုံ၍ ဂိတ်ဝအထိလိုက်ပို့ကြတော့ ပျော်စရာလိုဖြစ်ပေမယ့် ဝမ်းနည်းစရာတို့က ရောယှက်နေတော့ ...

နောက်ဆုံးအနေနဲ့ ကျနော်နေခဲ့သောတိုက်ဝင်းကို တချက်လှည့်ကြည့်ကာ အားလုံးကို နှုတ်ဆက်ရင်း ထောင်မျူးနှင့်အတူ ကျောခိုင်းထွက်လာခဲ့တော့သည်။ လျှောက်လာစဉ် တစ်လမ်းလုံး နှုတ်ဆိတ်နေမိသည်။ အတွေးတို့ကအရောင်စုံလင်စွာ ပန်းချီဖွဲ့နွဲ့နေတော့သည်။ ထောင်မျူးကလည်း နံဘေးမှာ အသံတိတ်လျက် ...

ထောင်ဗူးဝတံခါးထပ်ကိုကျော်ဝင်လိုက်တော့ ဗူးတံခါးနှစ်ခုကြားထဲရောက်သွားခဲ့ရသည်။ ထောက်လှမ်းရေးဟုထင်ရသူ အရပ်ဝတ်နှင့် ၂ ဦးကဆီးကြိုနှုတ်ဆက်ပြုံးဖြင့် နှုတ်ဆက်လာသည်။ ကျနော့်လက်ထဲမှာ အိပ်ရာလိပ်နှင့်ပစ္စည်းအချို့ ထည့်လာသောအိတ်ကို အောက်သို့ခဏ ချထားလိုက်သည်။

"ထောင်မျူးတို့ဘက်က လိုအပ်တာလုပ်ဆောင်ပြီးရင် ကျနော့်တို့သွားကြရအောင်ဗျာ..."

"ခဏလေးဗျာ ကျနော်အခုလွတ်တာမဟုတ်ဘူးလား။ လွတ်တယ်ဆိုရင် အခုပစ္စည်းတွေ အားလုံး ကျနော်ဒီမှာထားခဲ့ချင်လို့ပါ။ ဒါတွေကို ပြန်ယူမသွားချင်တော့ဘူး"

"မဟုတ်ဘူးလေ ဒါတွေပါယူခဲ့ဖို့ ညွှန်ကြားလိုက်လို့ပါ"

"တကယ်လွတ်တယ်ဆိုရင် ဒါတွေကိုထားခဲ့ချင်တယ်။ ဖြစ်နိုင်ရင် အမှန်အတိုင်းပြောပါဗျာ"

"ကိုတို့က လိမ်စရာမရှိပါဘူးဗျဲ့ညီရာ ... ဗျဲ့ညီကို ရန်ကုန်ခေါ်လာဖို့ အကြောင်းကြားလာလို့ပါ ..."

"လွတ်တာမဟုတ်ပဲနဲ့တော့ ကျနော်ရန်ကုန်ကိုပြောင်းစရာ အကြောင်းမရှိဘူး။ ကျနော် ဒီထောင်မှာနေတာ ဘာအပြစ်မှမရှိဘဲ ရန်ကုန်ကိုအကြောင်းမဲ့ ပြောင်းရွှေ့တယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စတခုပဲလေ။ အခြားအကြောင်းမရှိဘဲနဲ့ ကျနော့်ကို ရန်ကုန်ခေါ်စရာ အကြောင်းမရှိပါဘူးလေ။ တကယ်လို့ နှစ်စေ့မှလွတ်မယ်ဆိုရင်လဲ ကျနော်လွတ်ဘို့ဆိုတာ တော်တော်လိုသေးတယ်။ တစုံတခုတော့လွဲနေပြီထင်တယ်"

"ဟုတ်ပါတယ်ဗျာ ကျနော်ပြောချင်ပါတယ်။ အခုအချိန်မှာ မပြောသင့်ဘူးလို့ ကျနော့် အနေနဲ့ ထင်ထားလို့ပါ။ ဒါက ညွှန်ကြားချက်မဟုတ်ပါဘူး ဗျဲ့ညီရာ ... ကိုယ်တို့ရဲ့ ဗျဲ့ညီအပေါ် ထားတဲ့ ကိုယ်ချင်းစာတရားပေါ့ကွာ ဒါကို နားလည်ပေးပါကွာ"

"ရှင်လျက်နဲ့သေနေရတဲ့ ကျနော့်အတွက်ကတော့ ဘာမှသိပ်ထူးပြီး ခံစားရဖွယ်မရှိပါဘူးဗျာ။ နှလုံးသားကသေနေပြီး ဦးနှောက်ကအသက်ငင်နေပြီဗျာ။ ဒီအခြေအနေမှာ ဘယ်အရာက အစားထိုးနိုင်မှာလဲ၊ ဘယ်အရာကရော ဆက်လက်လန်းဆန်းခွင့်ပေးနေမှာလဲ။ ကဲဗျာ ... ပြောမှာသာပြောစမ်းပါ။ မလွတ်ဘဲနဲ့တော့ ကျနော်ဒီဗူးတံခါးအပြင်ဘက်ကို ထွက်စရာ အကြောင်း လုံးဝမရှိဘူးဗျ"

အနည်းငယ် အသံမာသွားတာကြောင့် ထိုလူ ၂ ဦးနှင့်အတူ ထောင်ပိုင်ထောင်မှူးများ အတန်ငယ်နှုတ်ဆိတ်သွားကြသည်။ ပြီးတော့သူတို့အားလုံး ထောင်ပိုင်ရုံးခန်းထဲသို့ အသီးသီး ဝင်သွားကြသည်။ ပြီးမှ ကျနော့်ကို ထိုအခန်းထဲသို့လှမ်းခေါ်ပြီး ...

"ထိုင်ပါဦးကွာ"

အတန်ကြာသည်အထိ တိတ်ဆိတ်နေကြရင်းမှ ထောင်ပိုင်က ...

"ဒီလိုပါကွာ မင်းရင်ထဲမှာဘယ်လိုမှတော့ မထင်ပါနဲ့၊ သိပ်လည်းမခံစားနဲ့ပေါ့ကွာ။ ဒါက တော့ ဘယ်သူမှ ရှောင်လွှဲလို့မရနိုင်ပါဘူး"

ထောင်ပိုင်၏အစပျိုး ခြေဆင်းစကားကြောင့် အနည်းငယ်မင်သက်သွားမိသည်။ ဘယ် အရာမဆို ကိုယ်ထင်တာတွေက ဖြစ်ချင်မှဖြစ်တတ်တာကိုတော့လဲ သိထားပါသည်။

"မောင်ရင့်မိခင် မနေ့ကဆုံးသွားပါတယ်။ အဲဒါ မနက်ဖြန်အသုဘပို့ရအောင်လို့ အခု မောင်ရင့်ကို ရန်ကုန်ခေါ်သွားဖို့ပါပဲ။ ဒီကမိတ်ဆွေများက မောင်ရင့်မိခင်နာရေးကိစ္စအတွက် အကျိုးဆောင်သူတွေပါကွာ"

"ဗျာ ..."

ကျနော့်နှုတ်မှ ရုတ်တရက် 'ဗျာ' ဟုထွက်သွားခဲ့ရသည်။ ဘယ်လိုမှမထင်ထားတဲ့ စကားမို့လည်း ကိုယ့်နားကိုကိုယ်မယုံနိုင်အောင်ဖြစ်သွားရသည်။ ဝမ်းနည်းခြင်း၊ ကြောက်ခြင်း၊ နာကျင်ခြင်း၊ ပင့်သက်ရှိုက်ခြင်း စသည့် အမည်မတပ်နိုင်သောဝေဒနာများ ကျနော့်ရင်ကို တခဏအတွင်း ရိုက်ခတ်လာခဲ့ရတော့ ကျနော်ဘာကိုမှ ပြန်မပြောနိုင်တော့။ ရုတ်တရက်မို့ ဆို့အ ကြောင်တက်နေမိသည်။ မျက်ဝန်းမှမျက်ရည်ပူတချို့ ပါးပြင်ပေါ်သို့တလိမ့်လိမ့် စီးကျလာခဲ့ရသည်။ နှုတ်ဖျားမှ စကားသံတို့ ဖိတ်စင်လွင့်ကျမလာပေမယ့်လည်း မျက်ဝန်းက သရုပ်ဖော်နေပြီလေ။

"အမေရယ် ..."

ရင်ထဲကနေ၍ တိုးတိုးလေးရေရွတ်မိသည်။ အတန်ကြာအောင်နှုတ်ဆိတ်နေခဲ့ပြီးမှ ...

"ဒါဆို ကျနော်မလိုက်တော့ပါဘူးဗျာ။ လိုအပ်ရင်လက်မှတ်တော့ ထိုးပေးလိုက်ပါမယ်"

"ဗျာ ... ဘယ်လို"

"ဒီလိုပါဗျာ"

ရှိုက်သံတို့ရောထွေးနေမှာကိုစိုး၍ အသံကိုထိန်းရင်း ကြိုးစားကာစကားစလိုက်တော့သည်။

"ကျနော့်အမေဆုံးလို့ အသုဘလိုက်ပို့ရမယ့်ကိစ္စဆိုရင်တော့ ကျနော်မလိုက်တော့ပါဘူးဗျာ။ ကျနော့်အမေကအခုဆိုရင် သေသွားပြီပဲ၊ အသက်မီသေးတယ်ဆိုရင်တော့ တမျိုးပေါ့ဗျာ"

"ဒီလိုလဲမဟုတ်ပါဘူးဗျဲ့ညီရာ မိခင်ရဲ့နောက်ဆုံးခရီးဆိုတော့ ..."

"အခုဆုံးတာ ကျနော့်မိခင်ပါ။ ကျနော်နားလည်ပါတယ်။ တကယ်တော့လူဆိုတာ ရှင်သန်ချိန်မှာသာ တန်ဖိုးရှိတာပါ။ ရှင်သန်ခြင်းဖြင့်တန်ဖိုးရှိမှ လူပီသတာဗျ။ အခုတော့ သေသွားတဲ့လူကို သေနေတဲ့လူကလိုက်ပို့တော့ရော ဘာအကျိုးထူးမှာတဲ့လဲ၊ ကျနော့်အမေကရော ပြန်ရှင်လာမှာမို့လား ...

နောက်ပြီး ခင်ဗျားတို့ ကျနော့်ကို ဘာလို့ထောင်ချထားခဲ့ကြသလဲ။ အခုလက်ရှိ ထောင်ချတဲ့အဓိပ္ပါယ်ကိုရော ဘာဆိုတာ ခင်ဗျားတို့သိလား"

ဘယ်လိုမှမအောက်မေ့ပါနဲ့ ငါ့ညီရာ။ အကိုတို့ကလဲ တည်ဆဲဥပဒေအောက်မှာ တာဝန်အရမို့ပါ ..."

ချထားသောမျက်ဝန်းကို ပင့်တင်လိုက်ရင်းမှ ဆက်ပြောဖြစ်သည်။

"အဲဒါပါပဲဗျာ ဒီတည်ဆဲဥပဒေဆိုတာ စစ်မှန်တဲ့ပြည်သူ့လွှတ်တော်တစ်ရပ် မပေါ်ပေါက်မချင်း တည်ရှိနေမှာပဲ၊ အခုလက်ရှိ ဒီတည်ဆဲဥပဒေတွေဆိုတာ အာဏာရှင်တွေအကြိုက် အလိုက် မျက်နှာသာပေးပြဋ္ဌာန်းထားခဲ့ကြတဲ့ အရင်တုန်းက လက်ညှိုးထောင်ခေါင်းညိတ်တွေလုပ်ခဲ့ကြတာ အတည်ပြုခဲ့ကြတာ။ ဒီသမိုင်းကို တူးဆွပစ်ရမယ် ဖြိုဖျက်ပစ်ရမယ်။ နောင်လာမယ့် စစ်မှန်တဲ့ ပြည်သူ့လွှတ်တော်မှာ ပြည်သူကိုအကာအကွယ်မပေးတဲ့၊ နှိပ်စက်ညှင်းပန်းတဲ့၊ အကျိုးမပြုတဲ့ ဥပဒေတွေကို အများဆန္ဒသဘောနဲ့ ဖျက်သိမ်းပစ်ရမယ်။ အခုကျနော်တို့ ကျခံနေရတဲ့ ဥပဒေနဲ့ ပုဒ်မတွေပါ နောက်ဆိုဖျက်သိမ်းမယ့်အထဲ ပါသွားရလိမ့်မယ် ...

တကယ်တော့ ခင်ဗျားတို့ကျနော့်ကို အကျဉ်းချထားတာဟာ တည်ဆဲဥပဒေအရလို့ ဘယ်လိုပဲပြောနေပြောနေ ဒါဟာ ဆင်ခြေတစ်ခုပဲ။ အမှန်ဆိုရင် လူတစ်ဦးရဲ့ လူသားဆန်ဆန် အသက်ရှင်နေထိုင်ရမှုတွေကို ဘောင်ခတ်ထားခြင်းဟာ အခုအချိန်မှာထောင်ချထားခြင်းမျိုးပဲ။ လူသားတစ်ဦးဟာ မိသားစုဘဝ၊ ဝန်းကျင်ဘဝတွေနဲ့ အလိုက်သင့်ရှင်သန်ခွင့်မရအောင်၊ ကင်းကွာပြီး ဦးနှောက်တွေခမ်းခြောက်သွားအောင်လုပ်တာဟာ ထောင်ချခြင်းပဲ ...”

“ဒီလို ဥာဉီရာ ...”

“ခဏလေးဗျာ ... ကျနော့်စကားမဆုံးသေးပါဘူး။ ရှင်သန်နေချိန်မှာ နံရံတွေသံတိုင်တွေ ဥပဒေတွေနဲ့ကာရံထားခဲ့ပြီး သေတဲ့အခါကျတော့မှ လူသားချင်းစာနာစွာဖြင့်ဆိုတဲ့ စကားလုံးတွေနဲ့ အနိုင်ယူအမြတ်ထုတ်တာကိုတော့ ကျနော်အမုန်းဆုံးပဲ။ လူသားချင်း စာနာပါတယ်ဆိုရင် မသေခင်၊ သေဒဏ်မူးမူးမဖြစ်ခင်မှာ စာနာပါလို့ပဲပြောချင်တယ် ...

အခုကျနော့်အမေ သေသွားခဲ့ပြီ ... ဒီအသုဘကို ကျနော်လိုက်မပို့လို့လည်း ကျနော့်ကို အမေကအပြစ်တင်မှာ မဟုတ်ပါဘူး။ အပြစ်တင်နိုင်မှာလည်းမဟုတ်တော့ဘူး။ ကဲ့ရဲ့အပြစ်တင်ကြမှာက အမေမဟုတ်တဲ့ တခြားရှင်သန်နေဆဲလူတွေ။ အဲဒီလူတွေကလည်း အခုလို သွေးပူကြတုန်းမှာသာ ကဲ့ရဲ့မယ်၊ ချီးမွမ်းမယ်ဗျာ။ ပြီးရင်သူတို့လည်းပဲ အမေသွားတဲ့လမ်းကို လိုက်သွားကြရမှာ။ သူတို့ပဲလားဆိုတော့ မဟုတ်သေးဘူး။ ကျနော်ရော ... ခင်ဗျားရော ... ခင်ဗျားရော ... အကုန်လုံးဒီလမ်းကို မလွဲမရှောင်သာသွားကြရမှာ၊ အခုအခါမှာ ပြောချင်တာပြောလုပ်ချင်တာလုပ်ကြဗျာ။ သေရင်ပျောက်သွား ပြီးသွားမှာပါ။ သေပြီးရင် အမှန်တကယ် မပျက်မယွင်း ကျန်ရှိနေမှာ ရှင်သန်နေမှာကတော့ ‘ဂုဏ်သိက္ခာ’ ဗျ ‘ဂုဏ်သိက္ခာ’ ... အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ ကျနော်ကို ခွင့်ပြုပါဦး ...”

ရုံးခန်းထဲမှလှမ်းအထွက် ကျနော့်ပါးပြင်ပေါ်မှ မျက်ရည်တစက်ကျဆင်းလာခဲ့သည်။

“ခွင့်လွှတ်နိုင်ပါစေ အမေရယ်”

ဆောင်းပြာငှက် (ထွန်းဇော်)

အမှတ်တရ

စတုရန်းကွက်ထဲမှ ကြွေရတဲ့ပန်း

ဦး – ဘဝတက္ကသိုလ်

ကျနော်ဟာ Master တန်း တက်ဖို့အတွက် ကျောင်းတော်ကြီးကို ဒုတိယမွဲ ပြန်ရောက်ခဲ့ရတယ်။ Master တန်း ကျောင်းသားဖြစ်လာတော့ အရင်အဆောင်တွေမှာ မနေရဘဲ သီးခြားအဆောင်မှာနေရင်း မမျှော်လင့်ဘဲ အခြားအဆောင်က သူနဲ့ တွေ့ခဲ့ရတယ်။ ကျောင်းဟာ စည်းကမ်းတွေအရမ်းတင်းကျပ်ထားပြီး တဆောင်နဲ့တဆောင်တွေ့ဖို့မလွယ်ဘဲ တခါတရံ အဆောင်မှူးတွေအလစ်မှာတွေ့ကြရင်း သူ့အကြောင်း၊ ကိုယ့်အကြောင်း ပြောကြရာမှ သူကျနော့်အိမ်ကိုရောက်ဖူးကြောင်း သိရပါတယ်။ လွန်ခဲ့သော ၁၀ နှစ်လောက်က တွေ့ဆုံသိကျွမ်းခဲ့ကြပေမယ့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာဖိစီးမှုတွေကြောင့် အရွယ်တွေကျ ရုပ်တွေရင့်ရော်ပြီး မမှတ်မိ ဖြစ်ခဲ့ကြတာပေါ့။ နောက်မှာ ပိုမိုခင်မင်တဲ့မိတ်ဆွေရင်းတွေ ဖြစ်လာကြတယ်။

နောက်ပိုင်းမှာ တိုင်းပြည်တာဝန်ကို ကျရာနေရာကနေ တက်ညီလက်ညီထမ်းဆောင်ကြဖို့ ဆွေးနွေးညှိနှိုင်း၊ အနာဂတ်ကို မျှော်တွေးရင်း အားမာန်တွေတင်းခဲ့ကြတယ်။ သူတို့အဆောင်နဲ့ ကျနော်တို့အဆောင်ကြားက ကျောင်းသားသစ်တွေကြောင့် ကျနော်တို့တွေ့ခွင့်မရတော့ဘဲ နောက်ပိုင်းမှာ သူ့ကျန်းမာရေးမကောင်းဘူးဆိုတာ သိရတယ်။ သူနေတဲ့အဆောင်မှာက ကျောင်းပြီးပြီးသား၊ ကျောင်းပျော်ကြီးတွေနေကြတာ။ ဘဝတူသူငယ်ချင်းတွေကတော့ သူ့ကိုဝိုင်းဂရုစိုက်ကြပါတယ်။ ကျောင်းလည်းပြီး ကျန်းမာရေးမကောင်းတဲ့သူ့ကို မော်ကွန်းထိန်းတွေက အိမ်ပြန်ခွင့်မပေးဘဲ ကျောင်းကကျောင်းဆေးရုံမှာပဲ ပြခိုင်းတယ်။ ကျောင်းဆေးရုံက ဆေးဝါးသာမရှိတာ၊ စည်းကမ်းကတော့အကြီးသား။ အဆောင်နေကျောင်းသားတွေ တဆောင်နဲ့တဆောင် တွေ့ခွင့်မရအောင် လုပ်ထားတယ်။ စေတနာမပါတဲ့ အတတ်ပညာနဲ့ မကျွမ်းကျင်တဲ့ ကျောင်းကဆရာဝန်တွေရဲ့ကုသမှုကြောင့် အနာတခြား၊ ဆေးတခြားဖြစ်ပြီး ကျန်းမာရေးပိုဆိုးလာခဲ့တယ်။ ဆေးဝါးမပြည့်စုံတဲ့ဆေးရုံကြောင့် သူနဲ့အတူနေတဲ့ကျောင်းသားတွေဟာ စားရမယ့်အထဲက ခြိုးခြံပြီး သူ့အတွက်ဆေးဖိုး မျှခံ၊ အပြင်ကနေဝယ်ပြီး ကုကြတယ်။

တခါတရံဆေးရုံသွားပြရင်း မမျှော်လင့်ဘဲ ဆုံဖြစ်တဲ့အခါ အားရဝမ်းသာနဲ့ ကျနော်တို့ဆုပ်ညှစ် နှုတ်ဆက်တတ်တယ်။ သူ့လက်တွေက အတော်သန်မာတယ်။ ကျန်းမာရေးမကောင်းပေမယ့် စိတ်ဓာတ်ကကြံ့ခိုင်နေတုန်းပဲလေ။ ဆရာဝန်ရဲ့ပေါ့ဆမှု၊ မော်ကွန်းထိန်းရဲ့

တာဝန်မဲ့မှုတွေကြောင့် ရောဂါပိုဆိုးလာပြီး ကျောင်းဆေးရုံတင်လိုက်ရတယ်။ သူဆေးရုံတက်တဲ့နေ့ကစပြီး သူရှိရာဆေးရုံအပေါ်ထပ်ကို ဘယ်ကျောင်းသားမှတက်ခွင့်မပေးဘဲ အားလုံးနဲ့အဆက်ဖြတ်ခဲ့တယ်။ သူနဲ့အတူနေတဲ့ကျောင်းသားတွေက အထူးကုဆရာဝန်နဲ့ပြရန် အပြင်ဆေးရုံမှာပြရန် ကျောင်းအာဏာပိုင်ကို တောင်းဆိုခဲ့ကြတယ်။ ဒါကြောင့် ခရိုင်ဆရာဝန်ကြီးက သူ့ကိုလာကြည့်သွားတယ်။

ပေးထားတဲ့ဆေးတွေက အနာတခြား၊ ဆေးတခြားဖြစ်နေတာကြောင့် အပြင်ဆေးရုံမှာ ကုသသင့်ကြောင်းပြောသွားသော်လည်း ရုံးလုပ်ငန်းအဆင့်ဆင့် တင်ပြခြင်းတွေကြောင့် အချိန်လွန် ရောဂါကျွမ်းမှ အပြင်ဆေးရုံရောက်ခဲ့ရပေါ့။

ကျောင်းဆေးရုံစတက်ချိန်ကနေ အပြင်ဆေးရုံအထိ အနားမှာဆွေမျိုးသားချင်းမရှိ လူနာမေးမည့်သူမရှိ တယောက်တည်းနေခဲ့ရတယ်။ အပြင်ဆေးရုံမှာ ၂–၃ ရက်လောက်တက်ပြီးချိန်မှာ သူချစ်လှစွာသော မိဘမောင်နှမများ၊ ယုံကြည်အားထားရာ ဘဝတူသူငယ်ချင်းများနှင့် သူကယ်တင်ချင်လှတဲ့ မြန်မာတိုင်းရင်းသားများနှင့်မြန်မာပြည်ကို ကျောခိုင်းပြီး တမလွန်ခရီးကို ထွက်သွားခဲ့လေပြီ။ ယုံကြည်ချက်ကို ဆုတ်ကိုင်ရင်းနဲ့ပေါ့။

သူ့ရဲ့ဈာပနကိုလိုက်ပို့ခွင့်မရတဲ့ ကျနော်တို့တတွေဟာ သူ့ရက်လည်အခမ်းအနားကို ကြွေကွဲဝမ်းနည်းစွာနဲ့ စည်းစည်းကားကားလုပ်ဆောင်ခဲ့ကြတယ်။ ပန်းခွေတခု၊ သူ့ပုံကိုထောင်၊ အလေးပြု၊ ကမ္ဘာမကြေသီချင်းကိုဆိုပြီး Master ဘွဲ့ ပြန်လာယူတဲ့ရဟန်းတပါးက ရေစက်ချ၊ တရားဟော၊ အမျှဝေခဲ့ကြတယ်ဆိုတာ သူမသိတော့ပါ။ အကြွေစောလို့ ဝမ်းနည်းပြီး၊ အဖိုးတန်ပန်းမို့ နှမြောစရာပါ။ စေတနာမဲ့တဲ့ဆရာဝန်၊ ရက်စက်ကြမ်းကြုတ်တဲ့ အာဏာရှင်တွေကြောင့် ကြွေလွင့်သွားရှာတဲ့သူ့ကို ထာဝစဉ်သတိရနေမှာပါ။ သူ့ပုံရိပ်ဟာ ကျနော်တို့ကြားမှာ အမြဲရှိနေမှာ၊ ပြန်ဆုံခွင့်မရှိပေမယ့် မမေ့ကောင်းတဲ့အတိတ်က မင်းရဲ့ လုပ်ဆောင်ချက်တွေကို သမိုင်းတခုအဖြစ် မော်ကွန်းတင်ရစ်မှာပါ။



1?tusKd;onf;aom;
2?'Dtdwfqdkif;
3?vlrIudkifiHaom;
4?ydkYcsufaom;

“ဒေါက်ဖြုတ်သံ(၄)”

ထောင်မော်ကွန်းစာစောင်

အပိုင်း(၂)



ဗိုလ်ဖုန်းမော်ကျဆုံးခြင်းနှင့်
ဒီမိုကရေစီအရေး (၁၄) နှစ်ပြည့်
မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့(မတ်လ- ၁၃)
အမှတ်တရ

တာဝန်ခံ ■ ဒီဇွ

Hand writting ■ ထက်သူ
မျိုးမျိုး
မော်စည်၊စက်မှု၊

Cover Design ■ မော်စည်၊စက်မှု၊

Cartoon Box ■ မော်စည်၊စက်မှု၊

စာအုပ်ချုပ် ■ အိမ်ပန်း

မတ်မော်တွန်း အပိုင်း (၂)

(ကြိုးပေးခံရသော ဆရာစံနှင့် ဗိုလ်တင်မောင်ဦးအတွက်)

Cartoon box (မော်စည်–စက်မှု) ၈၆

သမိုင်း

သွေးနဲ့ရေးတဲ့ လူ့အခွင့်အရေး (မော်စည်–စက်မှု) ၆၉

သမဂ္ဂ

ဗကသ ––ဖြိုဖျက်၍ (ကွန်မြင်း) ၇၃

၁၉၃၈–ကျောင်းသားလှုပ်ရှားမှု (ဒေါင်းသစ်) ၈၃

နိုင်ငံရေး

မောင်ပုရဲ–နေ့တနေ့ (စိုးဟိဏ်း–ကမာ) ၈၇

နောက်မှပုတီးစိပ်လျှင် (နောင်ဆိုင်း) ၉၅

သမိုင်းသုံးသပ်ချက်

သမိုင်းဆိုသည်မှာ (ဒီဗွ) ၉၉

သရော်စာ

ကြိုင်လဲနေမကောင်းဘူး (သီဟရာဇာ)၂ ၁၀၃

အမှတ်တရ

သန်းခေါင်ယံဟာ အာရုဏ်ဦးရှေ့ပြေး (ဂျက်ထွေး) ၁၀၅

အထူးကဏ္ဍ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံအိတ်ဖွင့်ပေးစာ (မောင်သံတိုင်) ၁၀၉



သမိုင်း

ဘွဲ့နဲ့ရေးတဲ့ ဂူဒုအခွင့်အရေး

မော်စည် (စက်မှု)

လွတ်လပ်ရေးဂုဏ်သိက္ခာ လျော့ပါးသွားစေရန် **'တော်လှန်ရေးနေ့'** ကိုပင် **'တပ်မတော်နေ့'** အဖြစ် လက်ဝါးကြီးအုပ်ခဲ့ကြသည်။

ကမ္ဘာပေါ်တွင် ''လူသားချင်းစာနာမှုကင်းမဲ့စွာ ပြုမူကျင့်ကြံမှုများ ဟန့်တားရပ်တန့်စေနိုင်ရေး'' ''မတရားသဖြင့်ညှင်းပန်းနှိပ်စက် ကျွန်ပြုသတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှုများ ပပျောက်ပြီး လူဂုဏ်သိက္ခာနှင့်အညီ အသက်ရှင်ရပ်တည်နိုင်ရေး'' ''လူပီသသော စိတ်ဓာတ်ရှင်သန်ရေးနှင့် လူတိုင်း၏မွေးရာပါအခွင့်အရေး ပြည့်ပြည့်ဝဝ ခံစားနိုင်ကြရေး'' စသည်တို့ကို အခြေခံ၍ လူ့အခွင့်အရေး သဘောတူကြေညာစာတမ်းကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာကျင်းပတဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂညီလာခံတွင် မြန်မာနိုင်ငံ အပါအဝင် အဖွဲ့ဝင် ၅၁ နိုင်ငံမှာ ၄၈ နိုင်ငံက အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြသည်။ ၎င်းညီလာခံကျင်းပသည့် ၁၉၄၈၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ကိုလည်း 'လူ့အခွင့်အရေးနေ့' အဖြစ်သတ်မှတ်ကာ နှစ်စဉ် ဒီဇင်ဘာ ၁၀ ရက်နေ့တိုင်း 'လူ့အခွင့်အရေးနေ့'အဖြစ် ကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

၁၉၈၈ မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား ကိုဖုန်းမော် (ပဉ္စမနှစ်၊ ---) သည် တပါတီအာဏာရှင် လက်ကိုင်ဒုတ်ဖြစ်သည့် လုံထိန်းတပ်ဖွဲ့ဝင်များ၏ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းဝင်းအတွင်းသို့ အဓမ္မ စီးနင်း ဝင်ရောက်ခဲ့သည့်ဖြစ်ရပ်တွင် အပြစ်မဲ့ကျောင်းသားတဦးအနေဖြင့် ကျဆုံးခဲ့ရသည်။ ကိုဖုန်းမော်အပြင် ကိုစိုးနိုင်နှင့် ကိုမြင့်ဦးတို့မှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြပြီးနောက် ဇပြိုလတွင် ကိုစိုးနိုင် ထပ်မံကျဆုံးခဲ့ရသည်။

ဤသို့ဖြင့် ကိုဖုန်းမော် ကျဆုံးခဲ့ရသည့် မတ်လ ၁၃ ရက်နေ့အား 'မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့' အဖြစ် ၁၉၈၉ ခုနှစ်တွင် ''ရဲဘော်ဖုန်းမော်ကျဆုံးခြင်း အထိမ်းအမှတ်နှစ်ပတ်လည်အခမ်းအနားကျင်းပရေးကော်မတီ'' မှ အတည်ပြုပြဋ္ဌာန်းသတ်မှတ်ခဲ့ကြသည်။ မတ်လ ၁၃ ရက်နေ့ ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းဝင်းအတွင်း ကျင်းပခဲ့သည့် 'ရဲဘော်ဖုန်းမော်' တစ်နှစ်ပြည့်အခမ်းအနား' တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ သူရဦးတင်ဦးမှ 'ရဲဘော်ဖုန်းမော်' အစား 'ဗိုလ်ဖုန်းမော်'ဟု အဆိုတင်သွင်းခဲ့သည်ကို အခမ်းအနားသို့တက်ရောက်လာကြသော ရဟန်းရှင်လူ ကျောင်းသားပြည်သူတို့က တခဲနက် ခွင်းချက်မရှိထောက်ခံခဲ့ကြ၍ နောင်နှစ်များမှစတင်ပြီး 'ဗိုလ်ဖုန်းမော်ကျဆုံးခြင်း နှစ်ပတ်လည်အခမ်းအနားကျင်းပရေး

ကော်မတီ'ဟု ဖွဲ့စည်းလျက် 'မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့' အခမ်းအနားများ ဆက်လက် ကျင်းပနိုင်ရန် အားထုတ်ခဲ့ကြသည်။

ဗိုလ်ဖုန်းမော် ၁ နှစ်ပြည့်အခမ်းအနားမှသည် အာဏာရှင်ဆန့်ကျင်ရေး အရှိန်အဟုန် မြင့်မားလာခဲ့သည်။ စစ်အုပ်ချုပ်ရေးဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ကြွေးကြော်ကာ အဓမ္မ ဖိနှိပ်နေသော နဝတ အစိုးရကိုဆန့်ကျင်သည့် 'အာဏာရှင်ဆန့်ကျင်ရေး' ဟောပြောပွဲများ ကိုလည်း ၁၉၈၉ မတ်လ ၁၃ ရက်မှ ၁၉ ရက်နေ့အထိ 'ဝမ်းနည်းခြင်း ရက်သတ္တပတ်' အဖြစ် သတ်မှတ်ကာ ဦးဆောင်ကော်မတီ ၁၃ ဦးထဲမှ ကျောင်းသားခေါင်းဆောင်တို့သည် အနက်ရောင် အဝတ်အစားများ ဝတ်ဆင်ကာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များ၌ ဆက်လက်ကျင်းပခဲ့ ကြသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနေ့အဖြစ် ပီပြင်စွာပေါ်ပေါက်လာပြီးနောက် လူ့အခွင့် အရေးကို အခြေခံသော ဒီမိုရေစီရေးလှုပ်ရှားမှုများကို ဒီမိုကရေစီအင်အားစုများက ဆက်လက် ဖော်ဆောင်မြှင့်တင်ရန် ကြိုးပမ်းကြသည်။ မတ်လ ၂၇ ရက်နေ့ကိုလည်း တပ်မတော်နေ့အဖြစ် ပြောင်းလဲခေါ်ဝေါ်ခြင်းအပေါ် ပြင်းထန်စွာကန့်ကွက်ခဲ့ကြသည်။ နဝတ အစိုးရကလည်း ဒီမိုကရေစီအင်အားစုများကို ပြင်းထန်စွာနှိမ်နင်းခဲ့ပြီး စစ်ခုံရုံးများဖွင့်လှစ်ကာ နှစ်နှစ်နာနာ အပြစ်ပေးခဲ့ကြသည်။

လူ့အခွင့်အရေးကို အခြေခံသော ဒီမိုကရေစီအခွင့်အရေးများကို အာဏာရှင်တို့ထံမှ ပြန်လည်ရယူရန် သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက် ရဟန်းရှင်လူ ကျောင်းသားပြည်သူ များမှ အသက်သွေးချွေးပေါင်းမြောက်များစွာ ပေးဆပ်ခဲ့ကြရပေပြီ။

၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သော မြန်မာနိုင်ငံအနေနှင့် ကိုယ်ပိုင်အချုပ်အခြာအာဏာပိုင်သော နိုင်ငံတခုဖြစ်ခဲ့ရသည်။ သို့ပါသော်လည်း မှေးမှိန်ကင်းမဲ့ သွားစေရန် စစ်အာဏာရှင်အုပ်စုမှ ကြိုးပမ်းလာခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ကြိုးပမ်း ရယူပေးခဲ့သော လွတ်လပ်ရေးကို သမိုင်းချောင်ထိုးလုပ်ချင်လာကြသည်။ 'တော်လှန်ရေးနေ့' ကို 'တပ်မတော်နေ့' အဖြစ်ပြောင်ပြောင်တင်းတင်းပင် ပြောင်းလဲပစ်ခဲ့သည်။

၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို မြန်မာတနိုင်ငံလုံး အနေအထားဖြင့် သတ်မှတ်ရက်ထက်စောစီးကာ ကြုံတွေ့နေရသောအခြေအနေများအရ ဆင်နွှဲခဲ့ကြသည်။ ဤသည်ကို အခြေခံ၍ ထိုနေ့ကို အစဉ်အလာရှိရှိ တော်လှန်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြပြီးဖြစ်သည်။ လွတ်လပ်ရေးနေ့ရှိသော နိုင်ငံများတွင် အာဇာနည်သူရဲကောင်း များရှိနေကြသလို တော်လှန်ရေးနေ့များလည်း ရှိခဲ့ကြသည်သာ။ လွတ်လပ်ရေးဂုဏ်သိက္ခာ လျော့ပါးသွားစေရန် 'တော်လှန်ရေးနေ့' ကိုပင် 'တပ်မတော်နေ့' အဖြစ် လက်ပါးကြီးအုပ်ခဲ့ ကြသည်။ လွတ်လပ်ရေးရရှိရန် မျိုးချစ်စိတ်ဓာတ်ထက်သန်စွာဖြင့် မြန်မာတမျိုးသားလုံး တိုက်ပွဲဝင်ခဲ့ကြသည့် တော်လှန်ရေးသည်ကား တပ်မတော်တခုတည်းမှ တော်လှန်ခဲ့သည် မဟုတ်ပေ။ ယခုအခါမှာတော့ မတ်လ ၂၇ ရက်နေ့တွင် တပ်မတော်တခုတည်းကပဲ တော်လှန် ခဲ့သယောင်) အဓိပ္ပာယ်ဆောင်နေတော့သည်။

ဗမာ့တပ်မတော် ဖွဲ့စည်းဖြစ်ပေါ်လာဖို့ စတင်ခဲ့သည့် ရဲဘော်သုံးကျိပ် အခန်းကဏ္ဍကို ပစ်ပယ်လာကြသည်။ တပ်မတော်နေ့အတွက်ဆိုခဲ့ရင် မတ်လ ၂၇ ရက်သည် အဓိက မဟုတ်လှပေ။ ရဲဘော်သုံးကျိပ်ဖြစ်ပေါ်လာသည့်နေ့ (သို့) ဘန်ကောက်တွင် သစ္စာရည်သောက်သော နေ့တနေ့ကို သတ်မှတ်နိုင်ပါက သင့်တော်လှပေသည်။ သို့တည်းမဟုတ် ဗမာ့တပ်မတော်အဖြစ် ပထမဆုံး စနစ်တကျဖွဲ့စည်းတည်ရှိခဲ့သော ဘုရင့်နောင်ခေတ်ကာလတိုင် သမိုင်းခြေရာကောက်၍ သင့်တော်သည့်နေ့တနေ့ သတ်မှတ်ပါက ကောင်းမည်ထင်သည်။

ယနေ့တပ်မတော်မှ အဓိနေရာရော အဖနေရာပါ နေလိုမှု၊ မျက်နှာပန်းလှလိုမှု၊ ခြေရာဖြန့်ကျက်လိုမှု စသောတပ်မတော်၏ လုပ်ဆောင်နေမှု အနေအထားကို ကပ်ဖဲ့ရပ်ဖဲ့ အရွဲ့တိုက်လိုသော ဆန္ဒမရှိပါ။ သို့သော်လွှတ်လပ်ပြီး မြန်မာနိုင်ငံအနေဖြင့် "လွှတ်လပ်ရေးနေ့" ရှိပါလျက်နှင့် 'တော်လှန်ရေးနေ့' ကင်းမဲ့နေရသည့် သမိုင်းဖြစ်ရပ်ကို အမှန်ဖြစ်စေချင်လှသော စေတနာဖော ရေတန်းရောက်နေမိခြင်းသာ ဖြစ်ပါသည်။ ၎င်းအပြင် အစဉ်အလာကြီးမားခဲ့သော ဗမာ့တပ်မတော်ကိုလည်း ဂုဏ်သိက္ခာရှိရှိ ခေတ်မီသော တပ်မတော်တရပ်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေလိုလှပေသည်။ ဒါကြောင့်လည်း တပ်မတော်အတွက် 'တပ်မတော်နေ့' ကို ဂုဏ်သိက္ခာရှိရှိ အစဉ်အလာကောင်းကောင်း သမိုင်းသန့်သန့် ရွေးချယ် သတ်မှတ်စေချင်ပါသည်။ သို့မဟုတ်ပါက မုဆိုးမ မိထွေးကို ရှေ့လက်တွဲ ဘိသိက်ပွဲခံဆင်နွဲတဲ့ ဘုရင်တပါးလို ဗိုလ်ပုံအလယ်မှာမျက်နှာငယ်ရမည့်အဖြစ်ကိုတွေးမိ၍ မြန်မာနိုင်ငံသားတဦးအနေနှင့် အားငယ်ရွက်ရွံ့နေခဲ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်း သွေးနှင့်ရင်း၍ ရယူပေးခဲ့သော 'လွှတ်လပ်ရေး'၏ ပြယုဂ် 'တော်လှန်ရေး' သည်ကား စစ်အုပ်စုတစုလက်အောက်တွင် ကွယ်ပျောက်ခဲ့ရပြီးဖြစ်သည်။

တကယ်တော့ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးခဲ့ရခြင်းသည် လက်နက်ကိုင်စစ်အုပ်စုအား လွှတ်တော်တွင်းသို့ ခေါ်ယူကြိုးပမ်းခဲ့ကြသည်မှ သန္ဓေတည်ခဲ့ရပေသည်။ နိုင်ငံတော်အုပ်ချုပ်ရေးတွင် တပ်မတော် (သို့) လက်နက်ကိုင်စစ်အုပ်စု ပါဝင်ပတ်သက်ခွင့်ရရန် ကြိုးပမ်းခဲ့ကြပြီးနောက် မြန်မာနိုင်ငံ၌ ဒီမိုကရေစီဆိတ်သုဉ်းခဲ့ရသည်။ လူသားဆန်သော လူ့အခွင့်အရေးများ ကင်းမဲ့သွားခဲ့ရတော့သည်။ လက်နက်ကိုင်စစ်အုပ်စုတစုလွှတ်တော်တွင်းသို့ ပါဝင်နိုင်စေရန် ထိုလွှတ်တော်မှပင် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ပြင်ဆင်ဖြည့်စွက်ခဲ့ရသည်။ ယခုအခါ လက်နက်ကိုင် စစ်အုပ်စုမှ အာဏာကို လက်ဝယ်ကိုင်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်ရေးကြွေးကြော်သံဖြင့် မခိုင်းသည့်တာဝန် လုပ်ဆောင်နေကြရာ၌ လွှတ်တော်သည် အဘယ်နေရာမှာရှိနေပါသနည်း။ လွှတ်တော်မရှိဘဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲနှင့်တပ်မတော်သည် မည်သို့အုပ်ချုပ်နေပါသနည်း။ တပ်မတော်မှ မာရှယ်လောဥပဒေ (Martial Law) ပြဋ္ဌာန်းကာ ဒီကရီ (Decree) ဖြင့်အုပ်ချုပ်နေပါသည်ဟုဆိုသည်။ မာရှယ်လောဥပဒေဆိုရာဝယ် နိုင်ငံတခု၏ ဒေသတခုအတွင်း အရေးပေါ်အခြေအနေတရပ်ပေါ်ပေါက်လာသောအခါ ၎င်းသက်ဆိုင်ရာ နယ်မြေအတွင်း၌သာလျှင် ကျင့်သုံးနိုင်သော၊ လက်နက်ကိုင်အဖွဲ့အစည်းအတွက် အစိုးရအဖွဲ့မှပေးအပ်သော တာဝန်သာဖြစ်သည်။

လုံခြုံရေးထိန်းသိမ်းရန် လိုအပ်သောဒေသတခုတွင် တပ်မတော်အား မာရှယ်လောဥပဒေ အပ်နှင်းကာ အရေးပေါ်အခြေအနေကြေညာ၍ အုပ်ချုပ်ရပေသည်။ ယခုလို မြန်မာတနိုင်ငံလုံး အား မာရှယ်လောဥပဒေ (စစ်အုပ်ချုပ်ရေး) ပြဋ္ဌာန်းကာ တပ်မတော်မှ အုပ်ချုပ်နေရပါသည် ဆိုပါလျှင် ယနေ့ မြန်မာတနိုင်ငံလုံးသည် အလွန်အမင်းအခြေအနေဆိုးဝါးလျက် တရားဥပဒေ ကင်းမဲ့နေသော နိုင်ငံတခုသဖွယ် အမှန်တကယ်ဖြစ်နေခဲ့ပါသလော။ သို့တည်းမဟုတ် မြန်မာ နိုင်ငံသည် တည်ငြိမ်အေးချမ်းမှုကင်းမဲ့နေသော စစ်မြေပြင်တခုသဖွယ်ဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးဆိတ်သုဉ်းနေခဲ့ရာမှ ဗိုလ်ဖုန်းမော်၏ သွေးဖြင့်ရေးကာ လူ့အခွင့်အရေးစာတမ်းကို မော်ကွန်းထိုးခဲ့ပေသည်။ မည်သို့ပင်ဖြစ်ပါစေ လူ့အခွင့်အရေးဆို သည်မှာ အာဏာရှင်စစ်အုပ်စု၏လက်အောက်တွင် ကွယ်ပျောက်ဆိတ်သုဉ်းနေမည်မှာမလွဲ ပင်ဖြစ်သည်။ အာဏာရှင်ကြီးစိုးသောနိုင်ငံတိုင်းတွင် လူသားတဦးချင်းကို အကာအကွယ်ပေး သော လူ့အခွင့်အရေးများ ကင်းမဲ့နေပေမည်။

'မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့' ပေါ်ပေါက်လာရခြင်းသည်လည်း မြန်မာနိုင်ငံတွင် အာဏာရှင်စစ်အုပ်စု ကြီးစိုးနေသည်ဆိုသောသဘော အဖြစ်မှန်သမိုင်း သက်သေခံလျက် ရှိနေသည်။ ထိုနေ့သည်ကား အာဏာရှင်စစ်အုပ်စုလက်အောက်မှ ရဲရင့်စွာ သွေးနှင့်ရင်း၍ ပေါ်ထွက်လာခဲ့ရသည်။ တော်လှန်ရေးမှ မွေးဖွားပေါ်ပေါက်လာခဲ့ရသည်လည်း တနည်းဆိုနိုင် ပေသည်။ ထို့ကြောင့် ဗိုလ်ဖုန်းမော်သွေးနှင့်ရင်းကာ ပေးအပ်ခဲ့သော 'မြန်မာနိုင်ငံလူ့အခွင့် အရေးနေ့' ကို အာဏာရှင်အုပ်စု လက်အောက်တွင် ကွယ်ပျောက်မသွားရအောင် ဒီမိုကရေစီ အင်အားစုများက ကာကွယ်ကြရပေမည်။ ထိုနေ့ကို အခွင့်ရှည်တည်တံ့ခိုင်မြဲစွာ နှစ်စဉ်မပျက် ကျင်းပနိုင်ရန်လည်း ကျွန်ုပ်တို့ ဒီမိုကရေစီအင်အားစုထံသို့ သမိုင်းပေးတာဝန်တရပ်သဖွယ် ရောက်ရှိလာခဲ့လေသည်။

ထို့ကြောင့် မတ်လ ၁၃ ရက်နေ့တွင် ကျရောက်သော မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ သည် စစ်ဖိနပ်အောက်မှ ရုန်းထွက်ပေါက်ဖွားလာခဲ့ရခြင်းအပြင် ဗိုလ်ဖုန်းမော်၏ သွေးဖြင့်စတေး ကာ ရယူခဲ့သဖြင့် သမိုင်းတန်ဘိုးကြီးမားလှပေသည်။ တော်လှန်ရေးလိပ်ပြာသန့်သန့်ဖြင့် သမိုင်းဂုဏ်သိက္ခာရှိရှိ သတ်မှတ်ခံခဲ့ရသောနေ့တနေ့အဖြစ် ဝမ်းမြောက်ဂုဏ်ယူမဆုံးဖြစ်ရပါ သည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ရိုးမြွင့်သောဆုများ ရရှိခဲ့ကြသူများဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ မသီတာ (စမ်းချောင်း)၊ ဦးစောကစောဝါး၊ ပါပါလေး၊ ကိုမင်းကိုနိုင်နှင့် ဒေါက်တာစင်သီယာမောင်တို့အား လေးစားဂုဏ်ယူမိပါကြောင်း။

ဗိုလ်ဖုန်းမော်သွေးနှင့်ရေးသော 'မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့' အခွန့်ရှည်ပါစေ။

[illegible]

[illegible]

သမဂ္ဂ

ဗကသ ဆိုတာ ဖြိုဖျက်၍ရတဲ့ကောင်းသော အရာမဟုတ်ပါ

ကွန်မြူနစ် – သမဂ္ဂ

ရဲဘော်ညီအစ်ကိုများ ခင်ဗျား

ဒီနေ့ ၇၊ ၇၊ ၂၀၀၂ ဟာ ဗမာပြည်ရဲ့ အသည်းနှလုံးဖြစ်တဲ့ တကသ အဆောက်အဦး မိုင်းခွဲဖြိုချဖျက်ဆီးခံခဲ့ရတဲ့ အနှစ် ၄၀ မြောက်နေ့ဖြစ်ပါတယ်။

ဒီနေ့ကို အမှတ်ရလေးစားစွာဖြင့် အချက်အလက်အချို့နဲ့ ကျွန်တော်ရဲ့ အတွေးစအချို့ကို တင်ပြဆွေးနွေးပါရစေ။

အလွန်ရှည်လျား ကျယ်ပြန့်ခန်းနားလှတဲ့ ကျောင်းသားသမဂ္ဂသမိုင်းခန်းထဲက အစိတ်အပိုင်းငယ်တခုကို ဆစ်ပိုင်းကြည့်မိတဲ့ သဘောလည်းဖြစ်ပါတယ်။

– စစ်အာဏာရှင်ဟာ **ဗကသ** ကို ဘာကြောင့် ဒီလောက်ကြောက်လန့်နေရတာလဲ။

– ဘာကြောင့်ဒီလောက်အပြုံးကြီးနေရတာလဲ။ ကျွန်တော်စဉ်းစားကြည့်မိတယ်။

၁၉၆၂ မတ်လ ၂ ရက်နေ့ စစ်တပ်က အာဏာသိမ်းတဲ့အခါ အချို့နိုင်ငံရေး အင်အားစုများက မျက်စိလည်ပြီး တွေဝေယိမ်းယိုင်နေဆဲမှာ 'စစ်အာဏာရှင်စနစ်က ဗမာပြည်လူ့အဖွဲ့အစည်းကို နင်းချေဖျက်ဆီးဖို့ အရှက်မဲ့စွာ အာဏာသိမ်းတာဖြစ်တယ်။ ဒါကြောင့် အစွမ်းကုန်ဆန့်ကျင်တိုက်ထုတ်ကြရမယ်' လို့ **ဗကသ** က ပြတ်သားရဲရင့်စွာ ဖွင့်ချဆန့်ကျင်ခဲ့နိုင်တယ်။ ဒါကြောင့်လည်း ဗိုလ်နေဝင်းအစိုးရက **ဗကသ** ကို အလွန်နာကျည်း အာဃာတထားကာ တဘက်သတ်ကျောင်းစည်းကမ်းပြဋ္ဌာန်းပြီး အတင်းဖိနှိပ်လာတော့တယ်။ ဒီလိုနဲ့ ကျောင်းစည်းကမ်းသစ်တွေ ပြန်လည်ဖျက်သိမ်းရေးတောင်းဆိုလာတဲ့ ကျောင်းသားလှုပ်ရှားမှုဆိုတာ ဖြစ်လာတယ်။ ကျောင်းစည်းကမ်းဆိုတာ တက္ကသိုလ်အာဏာပိုင်တွေနဲ့ ကျောင်းသား တိုင်ပင်ပြီး ထုတ်ရတဲ့ အစဉ်အလာရှိပေမယ့် အခုစစ်တပ်က ထင်ရာစိုင်းလာတာကို ကျောင်းသားထုက ဘယ်လိုမှလက်မခံနိုင်ကြောင်း ပြန်လည်ညှိနိုင်းပြောင်းလဲသင့်ကြောင်း အေးချမ်းစွာတင်ပြတောင်းဆိုခဲ့ကြတာပါ။

ဒါပေမယ့် အာဃာတကြီးလှတဲ့ ဗိုလ်နေဝင်းဟာ "ခားကိုခားချင်း၊ လှံကိုလှံချင်း" ဆိုတဲ့ ဂန္ဆင်မိန့်ခွန်းများနဲ့အတူ ရက်ရက်စက်စက် ပစ်ခတ်ဖြိုခွဲခဲ့တယ်။ ကျောင်းသား ၁၀၀ ကျော် သွေးမြေကျခဲ့ရပါတယ်။ တဆက်တည်း **တကသ** အဆောက်အဦးကို မိုင်းခွဲဖြိုချခဲ့တယ်။

တက္ကသိုလ်နယ်မြေ လုံခြုံရေးတာဝန်ယူထားတဲ့ ဗိုလ်မှူးစိန်လွင်က ခါးထောက်ပြီး ကျောင်းဝင်းသံတိုင်ကို ဟန်ပါပါ ခြေတောက်တင်ထားတဲ့ ဓာတ်ပုံနဲ့ သူ့မျက်နှာဟာ ဘယ်လိုမှ မေ့လို့မရနိုင်တော့ပါ။

ဒါကို ကျွန်တော်တို့ဘယ်လိုတုန့်ပြန်မလဲ။ ကျွန်တော်မှတ်မိသမျှ ဆွေးနွေးရလျှင် ၁၉၆၃၊ ဇူလိုင် ၇ ရက်မှာ ကျဆုံးသွားတဲ့ ရဲဘော်များအတွက် နှစ်ပတ်လည်လှုပ်ရှားမှုတွေ ရန်ကုန်တက္ကသိုလ်မှာရော မန္တလေးတက္ကသိုလ်မှာပါ လုပ်ကြတယ်။ ရန်ကုန်မှာ ဘယ်သူတွေအဖမ်းခံရသလဲ၊ ကျွန်တော်ကောင်းကောင်းမဆွေးနွေးနိုင်ပေမယ့် မန္တလေး အဖမ်းခံကျောင်းသားတွေကို ကျွန်တော်သိတယ်။ သူတို့ထဲက ကိုခင်မော်ဇော် (ကဗျာဆရာဇော်ဝင်းကိုနဲ့ ကိုသံချောင်း (လူထုဒေါ်အမာရဲ့သားလတ်) တို့နှစ်ယောက်ကို စစ်တပ်က အငြိုးတကြီး ၁၉၆၃ ကနေ ၁၉၇၃ ထိ ထောင်ချထားခဲ့တယ်။ ထောင်ထဲထည့်ထားရုံနဲ့ အားမရသေးဘဲ ဒီကျောင်းသားငယ်နှစ်ယောက်ကို ကျွန်းထိပို့ခဲ့တယ်။ အညှာန့်ချိုးပစ်တဲ့သဘော ရှင်သန်ခွင့်ရပ်စဲလိုက်တဲ့သဘောလို့ ကျွန်တော်ယူဆပါတယ်။

၁၉၆၇ မှာ ဗမာပြည်သမိုင်းမှာ တခါမှမကြုံဖူးတဲ့ ဆန်ရှားပါးမှုပြဿနာဖြစ်လာပါတယ်။ ဒါကို စစ်အစိုးရက မဖြေရှင်းနိုင်ဘူး။ ဒီတော့ထုံးစံအတိုင်း တရုတ်ဗမာအရေးအခင်းအဖြစ်လမ်းကြောင်း လွှဲပစ်လိုက်ပါတယ်။ တရုတ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများပေါ်လာရေးအတွက် တဘက်လှည့်နဲ့ အားပေးတယ်။ မြို့တော်တော်များများမှာ လှုပ်ရှားမှုတွေပေါ်လာတယ်။ ဒီမှာ စစ်တပ် အရှိုက်ထိုးခံရသလိုဖြစ်သွားတယ်။ မန္တလေးတက္ကသိုလ်နဲ့ မန္တလေး GTI က ကျောင်းသားတွေဟာ တရုတ်ဆန့်ကျင်ရေး လှုပ်ရှားမှုကို ကြွေးကြော်သံပြောင်းပေးလိုက်တယ်။

‘စစ်အာဏာရှင်ဆန့်ကျင်ရေး’
‘နေဝင်း စန်းယု ကျဆုံးပါစေ’
‘ဆန်ပြဿနာ ဖြေရှင်းပေးပါ’

ဖြစ်သွားတယ်။ မမျှော်လင့်တာဖြစ်လာတော့ သူတော်တော်စိတ်ဆိုးတယ်။

၁၉၆၇ ခုနှစ်၊ ဇူလိုင် ၈ ရက်နေ့က စစ်ကားကြီးတွေနဲ့ အပြည့်တင်ထားတဲ့ ကျောင်းသားတွေကို နန်းတွင်းထဲကထောင်ကို တဝေါဝေါနဲ့ မောင်းပို့တာမြင်လိုက်ရတဲ့ မန္တလေးသား/သူများက ဒီနေ့အထိမမေ့ကြဘူး။

ဗကသ ဆိုတာ အဆောက်အဦးမရှိတော့ပေမယ့် ဘယ်လိုမှ ပျောက်ကွယ်မသွားဘူး။ ပြည်သူတွေနဲ့အတူ ထာဝရရှိနေတယ်ဆိုတာ ပြည်သူတွေက ယုံကြည်နေသလို စစ်တပ်ကလည်း သဘောပေါက်နေတယ်။

၁၉၆၇ ဩဂုတ်လရောက်တော့ ရခိုင်ပြည်နယ်မှာ ဆန်လုပွဲတွေဖြစ်လာတယ်။ ပြည်တွင်းမှာဆန်တွေရှာမရဖြစ်လာပြီး အစိုးရကတော့ နိုင်ငံခြားကိုပို့ဖို့ သဘော်တင်နေတယ်။ ဒါကို သည်းမခံနိုင်တော့တဲ့၊ ငတ်နေတဲ့ပြည်သူတွေက အတင်းဝင်လုတယ်။ ရခိုင်ကျောင်းသားတွေက လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြတယ်။ စစ်တပ်က အကြမ်းဖက်ပစ်ခတ်ဖြိုခွဲခဲ့တယ်။ သွေးချောင်းစီးပဲ။

ရခိုင်ကျောင်းသားများက 'သြဂုတ်သွေး' စာစောင်ကိုဖြန့်ဝေရင်း ဆက်လက် ဆန့်ကျင်ခဲ့ကြတယ်။ ကျွန်တော်တို့ ကျောင်းသားတွေဟာ ဘယ်လိုအခက်ခဲမျိုးမှာမဆို နောက်ကျ ကျန်ရစ်ခဲ့မှာမဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။

အခွင့်သာရင်သာသလို အခြေအနေပေးရင်ပေးသလို စစ်အာဏာရှင်စနစ်ကို တောက်လျှောက် ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။ ၁၉၆၉ ကျွန်းဆွယ်လှုပ်ရှားမှုမှာလဲ စစ်အစိုးရရဲ့ ဒီမိုကရေစီမဲ့မှုနှင့် ကျောင်းသားအခွင့်အရေး ပိတ်ပင်ထားမှုကို အာရှအိမ်နီးနားချင်းနိုင်ငံတွေကိုဖော်ထုတ်ပြသပေးနိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ မဆလ စစ်အစိုးရက ပြည်သူကို တမျိုးတဖုံလိမ်ညာလို့ ၁၉၇၄ အခြေခံဥပဒေဆိုတာကို လုပ်လာပြန်တယ်။ ဒီဥပဒေကို ပြည်သူ ၉၀ ရာခိုင်နှုန်းကျော်ကျော်က ထောက်ခံတယ်ဆိုတဲ့ ကြွားလုံးနဲ့ ပြည်သူ့အစိုးရတစ်ရပ်ကို ပြည်သူတွေကိုယ်တိုင် စိတ်ပါလက်ပါ ဖွဲ့စည်းလာလေဟန် ကမ္ဘာကို လိမ်ညာလိုက်တယ်။ ပြည်သူတွေကတော့ ကျောချခံထားရသူပို့ ဓားပြမှန်း ကောင်းကောင်းသိနေပါတယ်။

ကမ္ဘာ့ပြည်သူများကပါ ရှင်းရှင်းလင်းလင်း သိသွားနိုင်အောင် သွေးမီးမောင်း ထိုးပြလိုက်တာကတော့ ၁၉၇၄ မေ၊ ဇွန် အထွေထွေအလုပ်သမား သပိတ်ကြီးပါပဲ။ ဒီအလုပ်သမား သပိတ်ကြီးမှာ ကျောင်းသားထုဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပူးပေါင်း ဆင်နွှဲခဲ့တယ်။

ညာထားသမျှ အရှက်ရသွားတဲ့ စစ်အစိုးရဟာ အလုပ်သမားပဲဖြစ်ဖြစ်၊ ကျောင်းသားပဲဖြစ်ဖြစ် သူ့ရဲ့လက်မရှဲ့ကြေးစားတပ်ကို အစွမ်းကုန်ချေမှုန်းခွင့် ချပေးခဲ့ပါတယ်။ ရန်ကုန်ကို စစ်အုပ်ချုပ်ရေးကြေငြာခဲ့တယ်။ တိုင်းမှူး ဗိုလ်မှူးချုပ်ခင်အုန်းကို ထင်တိုင်းကြွခွင့်ပေးလိုက်တယ်။ ပုဒ်မ ၁၄၄ ကြေငြာပြီး ဒရကြမ်း ပစ်ခတ်နှိမ်နင်းခဲ့တယ်။ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံနဲ့ သဘော်ကျင်းမှာ အလုပ်သမား ၂၀၀ ကျော်ကျဆုံးခဲ့ရပြီး အလုပ်သမားပေါင်းများစွာ ဖမ်းဆီးအရေးယူခံရတယ်။

သမိုင်းချည်မျှင်စက်ရဲ့ သပိတ်စကားပြောစင်မြင့်မှာ အလုပ်သမားတွေရဲ့ အသဲနှလုံးကို ဖဲ့ယူလိုက်သလို လှုပ်ခါစေခဲ့တဲ့ ကျောင်းသားတစ်ယောက်အကြောင်းကို ချည်စက်က အလုပ်သမားကြီးတွေ ခုထိ ချီးကျူးဂုဏ်ပြုလို့မဆုံးဘူး။ ပြီးခဲ့တဲ့အခေါက် အင်းစိန်ထောင်မှာ အတူနေခဲ့ရတဲ့ ၇၄၊ ၇၅ အလုပ်သမားဟောင်းကြီးတွေရဲ့ ပြောပြချက်အရ ဒီကျောင်းသားဟာ ဆံပင်ရှည်ရှည်နဲ့ RIT ကျောင်းသား ကိုတင်အေးကြူ (မနတ အတွင်းရေးမှူး) ဖြစ်နေမှန်း သိရပါတယ်။ ကျောင်းသားဆိုတာ ဆံပင်ရှည်ချင်ရှည်မယ်၊ တိုချင်တိုမယ်၊ ပြည်သူတွေနဲ့အတူတိုက်ပွဲဝင်ရဲတဲ့နေရာမှာတော့ တထပ်တည်းပဲဆိုတာကို တွေ့ရပါတယ်။

ကျွန်တော်က ၁၉၇၄ အောက်တိုဘာမှာမှ ကျောင်းကိုရောက်တာပါ၊ သမိုင်း ကျောင်းဆောင်မှာ နေရတာဆိုတော့ သမိုင်းချည်စက်က ယမ်းငွေ့တွေကို ရနေသေးတယ်လို့ အမြဲခံစားရပါတယ်။ အလုပ်သမားတွေ ကျဆုံးခဲ့ရတာကို ကိုယ့်အစ်ကိုတွေကျဆုံးခဲ့ရသလိုမျိုးခံစားနေမိတယ်။ ဒါဟာ ကျွန်တော်တို့ကျောင်းသားထုထဲမှာ တူညီစွာခံစားနေရတဲ့ ၇၄ ဝေဒနာလို့ ကျွန်တော်တို့ သိနေမိတယ်။

"ဒါကို ဘာကြောင့်ပြောနိုင်သလဲ" ဆိုတော့ ၁၉၇၄ ဦးသန့်လှုပ်ရှားမှုကိုကြည့်ရင် တော်တော်ရှင်းသွားမယ်လို့ ထင်ပါတယ်။

၁၉၇၄ ဒီဇင်ဘာမှာ ဦးသန့်ဆုံးတယ်။ ဦးသန့်ကို နေဝင်းက အမုန်းရှိတယ်။ ဒါကြောင့် အသိအမှတ်မပြုချင်ဘူး။ မတက်မကြွဘဲ စျာပနကိစ္စကို ဝတ်ကျေတန်းကျေလောက် လုပ်ပေး ထားတယ်။ စျာပနကော်မတီကို ဦးခန့်ကို မဏ္ဍိုင်ထားပြီး အဖြစ်လောက်ဖွဲ့ထားတယ်။

ဒီမှာကျောင်းသားထုက ဝင်ကူဖို့ဆုံးဖြတ်တယ်။ ဒီဇင်ဘာ ၅ ရက်နေ့ ရန်ကုန် ကျိုက္ကဆံမြင်ကွင်းဟာ ကျွန်တော်တို့ကျောင်းသားထုဟာ ဗိုလ်နေဝင်းရဲ့ ရက်စက်မှုကို လက်တုန့်ပြန်ဖို့ ဘယ်လောက်ညီညွတ်နေသလဲဆိုတာကို ဖော်ပြလိုက်တာပါဘဲ။

ကျောင်းပေါင်းစုံက ကျောင်းသားတွေဟာ Main ကနေ ကျိုက္ကဆံကွင်း ဦးသန့်ရုပ်ကလပ် ရှိရာကို ချီတက်ခဲ့ကြတယ်။ ကျိုက္ကဆံကွင်းထဲရောက်လုလုထိ ကျောင်းထဲကထွက်နေတဲ့ ကျောင်းသားတန်းက မဆုံးသေးဘူး။ ငါးယောက်တတန်း စနစ်တကျ တန်းစီပြီးချီတက်ကြတာပါ။ စစ်အစိုးရရဲ့ အစီအစဉ်အရ ဦးသန့်ရုပ်ကလပ်ကို ကြံတောသချိုင်းကို ပို့ဆောင်သင်္ဂြိုလ်မှာဖြစ်ပါသည်။

ကျိုက္ကဆံကွင်းထဲမှာ ကျောင်းသားတွေနဲ့ ပြည်သူတွေဟာ စုမိနေကြပြီး မကြာခင်မှာပဲ အသံခဲ့စက်က အလွန်မိသတဲ့ အသံတခုပေါ်လာတယ်။

"မိဘပြည်သူများခင်ဗျား....
ခုချိန်ကစပြီး ပြည်သူ့စျာပနကော်မတီကို ဖွဲ့စည်းလိုက်ပါပြီ။ စျာပနကော်မတီ အဟောင်းကိုလည်း ဖျက်သိမ်းလိုက်ပါပြီ။ ပြည်သူ့ကော်မတီသစ်က ဆက်လက် တာဝန်ယူဆောင်ရွက်နိုင်ရန် မဏ္ဍာပ်အတွင်းမှ မသက်ဆိုင်သောသူများ ချက်ချင်း ထွက်ပေးရန်ဖြစ်ပါတယ်"

ဒီလိုနဲ့ ဦးသန့်ရဲ့ရုပ်အလောင်းကို ဘုန်းကြီး၊ ကျောင်းသား၊ ပြည်သူ ပူးပေါင်းဖွဲ့စည်းထားတဲ့ ပြည်သူ့စျာပနကော်မတီက သိမ်းပိုက်လိုက်ပါတယ်။ ဦးသန့်ရုပ်အလောင်းကို ကိုယ်ပိုင်တဲ့ ကျောင်းဝင်းထဲကို ပြန်သယ်ခဲ့တယ်။ ခြသေ့်နှစ်ကောင်တံခါးထိပ်က ကြည့်လိုက်ရင် တက္ကသိုလ်ရိပ်သာလမ်းတလျောက် ကျောင်းဆီကိုချီတက်လာတဲ့ လူလိုင်းကြီး တလိပ်လိပ်တက်လာတာကို တွေ့နေရတယ်။ တကသလို့ စာတမ်းထိုးတားတဲ့ အလံတွေရယ်၊ သင်္ကန်းကို လွှင့်ထားတဲ့ အလံရယ်၊ ကုလသမဂ္ဂအလံအုပ်ထားတဲ့ ဦးသန့်ရဲ့ခေါင်းတင်ထားတဲ့ ကားအထက်ပိုင်းရယ်က လွဲရင် လူပင်လယ်ကြီးကို မျက်စေ့တဆုံး တအိအိ တွေ့နေရတယ်။ စစ်အစိုးရရဲ့ မဖွယ်မရာ လုပ်မှုကို သည်းမခံနိုင်တဲ့ လူထုကြီးနဲ့ကျောင်းသားထုကြီးဟာ အင်အားရှိရှိ ပေါင်းစည်းမိသွားတာကို တွေ့ကြရတဲ့လူတွေမှာ မျက်ရည်မဆည်နိုင်အောင်ပါပဲ။

ဒီလောက်များတဲ့ လူထုချီတက်ပွဲကြီးကို စစ်အစိုးရရဲ့ ဖိနှိပ်မှုများအောက်မှာပဲ ရဲဝံစွာ ဆောင်ရွက်လိုက်ကြတယ်။ အကြောက်အလန့်ဆိုတာ ရဲရင့်တဲ့ ကျောင်းသားနဲ့ပြည်သူကြားမှာ ဘယ်လိုမှ ရှာလို့မတွေ့တော့ဘူး။

ကျောင်းထဲမှာ (ဘွဲ့နှင်းသဘင်ခန်းမရှေ့) ပထမထားကြတယ်။ နောက် ခန်းမထဲကို ရွှေ့တယ်။ နေ့ရောညပါ လူထုတရားပွဲတွေ ကျင်းပတယ်။ အစိုးရရဲ့ မတရားမှုနဲ့ ဒီမိုကရေစီဆိတ်သုဉ်းမှုကို ရင်ဖွင့်ကြတယ်။ လူထုလူတန်းစားပေါင်းစုံပဲ။ စစ်ပြန်တွေတောင်ပါတယ်။

'ဦးသန့်အုတ်ဂူ ဘယ်မှာလုပ်မလဲ'

'ကန်တော်မင်ပန်းခြံမှာ ပေးမလား'

'ဆရာကြီးသခင်ကိုယ်တော်မှိုင်းဘေးမှာ ပေးမလား'

'ကြံတောမှာတော့ မထားနိုင်ဘူး'

'အချိန်မီ အကြောင်းမပြန်ရင် သမဂ္ဂမြက်ခင်းပြင်မှာ ဂူသွင်းမယ်'

ဒါဟာ ပြည်သူ့စျာပနကောင်မတီရဲ့ တောင်းဆိုချက်ပဲ။ ပြည်သူတွေရဲ့ ဆန္ဒလည်းဖြစ်တယ်။ အချိန်မီ ပြန်ကြားညှိနှိုင်းမှု လုပ်မလာတဲ့အတွက် ၈–၁၂–၇၄ မှာ RIT ဗိသုကာကျောင်းသားတွေ ပုံစံဆွဲပေးပြီး သမဂ္ဂမြက်ခင်းပြင်မှာ ဂူသွင်းလိုက်ပါတယ်။

နိုင်ငံတကာက သိနေတဲ့ပုဂ္ဂိုလ် ဖြစ်နေတဲ့အတွက် မတို့ရဲ့ မကိုင်ရဲ ခဏစောင့်ကြည့်နေတဲ့စစ်အစိုးရဟာ ဒီဇင်ဘာ ၁၁ ရက်နေ့ ည နှစ်နာရီလောက်မှာ ထိုးစစ်ဆင် တိုက်ခိုက်ပါတော့တယ်။ မျက်ရည်ယိုဗုံးနဲ့ခွဲ၊ သေနတ်နဲ့ပစ်၊ ဘက်နက်နဲ့ထိုး၊ ဘူဒိဇာနဲ့ တိုက်ဖျက်၊ ကရိန်းနဲ့ မချိုပြီးထုတ်၊ ကျောင်းဝန်းတခုလုံး ငရဲပွက်သွားတော့တယ်။

ဒါကို မကျေနပ်တဲ့ လူထုကြီးက မြို့ထဲမှာ ဆူပူ လှုပ်ရှားကြတယ်။ ကျောင်းသားတွေကို စာနာကြလွန်းလို့ပါ။ ဒီလိုနဲ့ ကျောင်းတွေ ရက်အကန့်အသတ်မရှိ ပိတ်ပြီး ရန်ကုန်မှာရော၊ နယ်ပြန်တဲ့ကျောင်းသားပါ ဒရကြမ်းဖမ်းတော့တာပါပဲ။ အဲဒီတုန်းက အင်းစိန်ထောင် တိုက်ခန်း တခန်း တခန်းတိုင်းမှာ လူ ၁၀ ယောက်ကနေ ၂၀ ထိထားခဲ့တာ လဲအိပ်မလောက်လို့ ငုတ်တုတ်ငိုက်ခဲ့ရတယ်။

၁၉၇၅ မေလဆန်းမှာ ကျောင်းပြန်ဖွင့်တယ်။ စစ်အစိုးရဟာ စိတ်ကြီးကတော့တော်တော်ဝင်ပုံရတယ်။ ကျောင်းသားထုဟာ ကြောက်သွားလို့ပဲဖြစ်ဖြစ်၊ သူတို့ကို နားလည်သွားလို့ပဲဖြစ်ဖြစ်၊ ငြိမ်သွားမယ်လို့ထင်ပုံရတယ်။ နောက် ဘယ်နိုင်ငံကို ပုံတူကူးချသလဲ မဆိုနိုင်ဘူး။ 'သက်ဆိုင်ရာဝန်ကြီးတွေက အောက်ခြေဆင်းပြီး ဒူးတိုက်ဆွေးနွေးအဖြေရှာရေးပေါ်လစီ' ကို ချလိုက်တယ်။

ဒီလိုနဲ့ ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်းနဲ့ဒေါက်တာလှဟန် ၁၉၇၅ ဇွန် ၅ ရက်နေ့မှာ တိမ်မွေးကုကိုလာတွေ့တယ်။ ဇွန် ၆ ရက်နေ့မှာ RIT ကိုလာတွေ့တယ်။ အခက်အခဲရှိသမျှ ပွင့်ပွင့်လင်းလင်းတင်ပြပါ။ ဆွေးနွေးရင်း အဖြေရှာကြမယ်။ ကျွန်တော်တို့ပြောတာကို TAPE နဲ့ဖမ်းထားမယ်၊ လုံးဝအရေးမယူဘူး။

ဒီလိုဆိုတာကိုး၊ အပြောကတော့ ရွှေမန်းပဲ။ ဒါပေမယ့် စေတနာကမမှန်ဘူး။ လုပ်တာကိုက အတုပဲ။ တကယ့်တကယ်ဆွေးနွေးပြီဆိုတော့ သူတို့မျက်နှာပျက်ကုန်ပြီး။ သူတို့လိုချင်တဲ့ မေးခွန်းများက စတိုင်ပင်တိုးပေးပါတို့၊ အဆောင်စားစရိတ် မတက်ပါနဲ့တို့လောက် မှန်းပုံရတယ်။ ကျောင်းသားအရေးမှာ တကယ့်ကို အပေါ်ယံရှုပ်ပြေးတဲ့အနေထားမျိုး။

ဒီကဆွေးနွေးကြတာက 'ဗမာပြည်ရဲ့ လက်ရှိအခြေအနေ တိုးတက်ပြောင်းလဲသွားဖို့ဆိုရင် တနည်းဘဲရှိပါတယ်။ အစိုးရတဖွဲ့လုံး နှုတ်ထွက်ပေးဖို့ပါပဲ။ တခြားနိုင်ငံတွေမှာ စီမံကိန်းတခုမအောင်မြင်ရင် (သို့) အရှုံးပေါ်ရင် သက်ဆိုင်ရာဝန်ကြီး နှုတ်ထွက်ပေးရတယ်။ ကျွန်တော်တို့ဆီမှာ စီမံကိန်းတွေပျက်၊ စီးပွားရေးတွေကျဆင်းဖြစ်နေပေမယ့် အစိုးရက အပြုံးမပျက်ဖြစ်နေတာ သဘာဝမကျဘူး' ဆိုတာတွေဖြစ်လာတယ်။

သူတို့ထည့်ထားတဲ့ ကျောင်းသားထဲက သူတို့မျှော်လင့်တဲ့ မေးခွန်းအပေါစားလေးတွေ မေးကြပါရဲ့၊ ကြာတော့ မျက်စိမျက်နှာတွေပျက်ပြီး ပြန်ပြေးကြတော့တယ်။ ညနေ လှိုင်ကောလိပ် (Natural Science) မှာ ဆက်ဆွေးနွေးမယ်ဆိုတဲ့ ကတိလည်းပျက်သွားတယ်။ ကျောင်းသားတွေက တစောင့်စောင့်နဲ့၊ မိုးချုပ်ခါနီးလာတော့ ကျောင်းသားထုကို စော်ကားတာ၊ ချိန်းပြီးမလာဘဲ ထင်ရာစိုင်းတာတွေ့တော့ မေ၊ ဇွန် နှစ်လည်လှုပ်ရှားမှုဆိုတာ ပေါ်လာတယ်။

မန္တလေးတက္ကသိုလ်မှာ နိုင်ငံတော်ကောင်စီဝင် ဦးလွင် ဆင်းပြီးဆွေးနွေးတယ်။ အဲဒီမှာလည်း သူတို့ရဲ့အတုဆိုတာ ထင်ရှားလာတော့ သည်းမခံနိုင်တော့ပဲ ကျောင်းသားလှုပ်ရှားမှုဖြစ်လာတယ်။ ကြွေးကြော်သံတွေက –

၁။ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး
၂။ အဖမ်းခံကျောင်းသားများပြန်လွှတ်ပေးရေး
၃။ အဖမ်းခံအလုပ်သမားများပြန်လွှတ်ပေးရေး
၄။ အလုပ်သမားကျောင်းသားလက်တွဲရေး
၅။ ကုန်ဈေးနှုန်းကျဆင်းရေး

ဒီလိုနဲ့ ရက်အကန့်အသတ်မရှိကျောင်းတွေပိတ်၊ ဖမ်းဆီးထောင်ချ အပြင်းအထန်လုပ်ခဲ့တယ်။ ပူးပေါင်းဖို့ပြင်ဆင်တဲ့ အလုပ်သမားတွေကို ဖမ်းဆီးထောင်ချခဲ့တယ်။ ၁၉၇၆ ဖေဖော်ဝါရီလမှာ ကျောင်းပြန်ဖွင့်တယ်။ ကျွန်တော်တို့ရဲ့ဘေးခုံတွေမှာ ကျောင်းသားကွက်လပ်တွေများလာတယ်။ ဒီမြင်ကွင်းတွေက ကျောင်းသားတွေရဲ့ ရင်ကိုနင့်စေတယ်။

ဒီလိုနဲ့ မတ်လထဲရောက်လာတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ၂၃၊ ၃၊ ၇ဖြ ဆိုရင် နှစ် ၁၀၀ ပြည့်ပြီပဲ။ ကျွန်တော်တို့စိတ်မှာ ဆရာကြီးရာပြည့်ပွဲလုပ်ချင်တယ်။ ဆရာကြီးဆိုတာ ဗမာပြည်ရဲ့ဂုဏ်ဆောင် ငြိမ်းချမ်းရေးနိမိတ်ပဲ။ ဗမာပြည်သူများနဲ့ ဗမာပြည်ရဲ့သမိုင်းကို အစဉ်လှပစေတဲ့သူ။

ကျွန်တော်တို့လည်း ရာပြည့်ပွဲလုပ်ချင်တာပေါ့။ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချင်တာပေါ့။ အမေမာတို့လည်းပြင်ဆင်နေကြပြီ၊ ရန်ကုန်မှာလည်း ဂူဗိဗ္ဓာန် စောင့်ရှောက်ရေးကော်မတီက လှုပ်လှုပ်ရွရွဖြစ်နေပြီ။ ဣန္ဒြေအကောင်းဆုံးကတော့ စစ်အုပ်စုကြီးပဲ၊ ဗိုလ်နေဝင်းက ဆရာကြီးကိုမုန်းတယ်၊ တန်ဖိုးမထားဘူး၊ ပြည်သူတွေရဲ့ အချစ်ခင်ဆုံးပုဂ္ဂိုလ်က သူ့အတွက်ကြောက်စရာ၊ မုန်းစရာကောင်းသူဖြစ်နေပြီပေါ့။

ဒါကြောင့် တစ်ချက်လှုတ်အမိန့်ထုတ်လိုက်တယ်။

'ဘယ်သူမှ ရာပြည့်မလုပ်ရ'

ကျွန်တော်တို့က နားမထောင်နိုင်ဘူး ကိုယ့်ဘာသာကိုယ်လုပ်ဖို့ စီစဉ်ကြတယ်။ ဒီလိုနဲ့ မတ်လ ၂၃ ရက်နေ့ မှိုင်းဂူကိုချီတက်အလေးပြုကြတယ်။

ဒုတိယ Seven July ဖြစ်ပြီလို့အသံတွေထွက်နေတယ်။ ဂူသွားရာ လမ်းတလျှောက်နဲ့ အသံလွှင့်ရုံထဲမှာ ဘက်နက်တပ် G3/ G4 ကိုင်စစ်သားတွေက စိမ်းစိမ်းမှောင်နေတယ်။ တလမ်းလုံး ဓာတ်ပုံရိုက် ရန်စနေတယ်။ ဒါပေမယ့် ကျောင်းသားတွေကတော့....

၁။ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေး ... တို့အရေး၊

၂။ ငြိမ်းချမ်းရေးကိုဖျက်ဆီးသူ ... တို့ရန်သူ၊

ဆိုတဲ့ နှစ်ခုနဲ့ အေးချမ်းစွာ ချီတက်ခဲ့ကြတယ်။ ဂူမှာ အလေးပြုနေကြတုန်း ဝိုင်းထားတဲ့ စစ်တပ်က သတ်တော့မှာလို ဖြတ်တော့မှာလို လုပ်လာတယ်။ ဒါနဲ့ကျောင်းသားတွေက ပေါက်ကွဲလာပြီး သပိတ်အဖြစ်ပြောင်းလဲလိုက်ကြတယ်။

ကြွေးကြော်သံက မေ၊ ဇွန် ၁၉၇၅ နှစ်လည်မှာ ကိုင်စွဲခဲ့တဲ့ ၅ ချက်ကိုပဲ ဆက်ကိုင်တယ်။ ဒီလိုနဲ့ ကျောင်းပိတ်၊ ဖမ်းဆီး၊ ထောင်ချ ရသွေ့ရှစ်သောင်းဇာတ်ပဲ ဆက်ခင်းခဲ့ပါတယ်။

ကျွန်တော်က စက်တင်ဘာ ၂၈ မှာ အဖမ်းခံရတယ်။ ကျွန်တော်တို့ မှိုင်းရာပြည့်အမှုတွဲကို သြဂုတ်မှာ စီရင်ချက်ချပြီးပြီမို့ အဲဒီတုန်းက မဆလ လုပ်ထုံးလုပ်နည်းအရ တစ်လလောက်ချုပ်ပြီးပြန်လွှတ်လိုက်တယ်။ လာလွှတ်တာက M.I က ဗိုလ်မှူးတစ်ယောက်ပဲ။ RIT က ၃ ယောက်နဲ့ Eco က ၂ ယောက် လွှတ်လိုက်တယ်။ လွှတ်လိုက်တဲ့နေ့က ဗိုလ်မှူးလုပ်သူက ပြောလိုက်တဲ့မိန့်ခွန်းက မှတ်လောက်တယ်။

'မင်းတို့ကို ခုံရုံးထပ်ဖွင့်ပြီး ထောင်မချတော့ဘူး၊ ခုလွှတ်လိုက်မယ်။ နောက်ပြီး ကျောင်းထုတ်မယ်၊ ကျောင်းထဲကို လုံးဝပြန်မသွားပါနဲ့၊ ခု–ငါတို့ပေါ်လစီပြောင်းလိုက်ပြီ၊ Strike အဖြစ် လုံးဝမခံဘူး၊ မဖြစ်ခင်ထဲက မင်းတို့လိုလူတွေကို ကျောင်းထုတ်ပစ်မယ်၊ ဖမ်းမယ်'

မှိုင်းရာပြည့်လှုပ်ရှားမှုမှာ အမြင့်ဆုံးအပြစ်ဒဏ်က သေဒဏ်၊ ချင်းကျောင်းသားကိုတင်မောင်ဦးကို ၂၀၊ ၃၊ ၇ဖ မှာ ဖမ်းပြီး သေဒဏ်ချလိုက်တယ်။ သိပ်မကြာခင်မှာပဲ တကယ်ကြိုးပေးသတ်ပစ်ခဲ့တယ်။ ကျောင်းသားအပေါ်အငြိုးကြီးပုံကတော့ အောချလောက်ပါရဲ့။

ဒီနောက်ပိုင်းမှာ Strike ထပ်မဖြစ်ရေးအမျိုးမျိုး လုံးပမ်းလာတယ်။

(၁) ကျောင်းသားတွေကို နိုင်ငံရေးနဲ့ပတ်သက်ရင် ကျောင်းထုတ်၊ အဆောင်ထုတ် ပြင်းထန်စွာသတိပေးခံရမယ် ဆိုတဲ့ စည်းကမ်းကို လက်မှတ်ထိုးခိုင်းတယ်။

(၂) ကျောင်းသားကိုအုပ်စု ၃ စု လျှို့ဝှက်စာရင်း ကောက်ထားတယ် ... (က) နိုင်ငံရေးလှုပ်ရှားမှုတွင် ဦးဆောင်နိုင်သူ၊ (ခ) နောက်ကလိုက်ပါနိုင်သူ၊ (ဂ) နိုင်ငံရေးကိုလုံးဝစိတ်မပါဘဲ ဘိန်း၊ အရက်၊ အပျော်အပါးနဲ့နေမည့်သူ အဲဒီလျှို့ဝှက်ချက်စာရင်းအရ စောင့်ကြည့်တယ်။

(၃) ကျောင်းသားသတင်းပေးတွေဖွဲ့တယ်။

(၄) ဒေသကောလိပ် ၁ဖ ခုဖွင့်ပြီး ကျောင်းသားတွေကို ခွဲပြန်တယ်။

(၅) စာမေးပွဲစနစ်နဲ့ ဖိစီးတယ်။ (ပထမနှစ်၊ ဒုတိယနှစ် ဆယ်တန်းအမှတ်နဲ့ ပေါင်းပြီး တက္ကသိုလ်ဝင်ခွင့်ကို ရွေးတယ်) အတန်းကြီးတွေလဲ ၁ နှစ် ၃ ကြိမ်စစ်ရာကနေ ၁ ကြိမ်ထဲစစ်တဲ့ နည်းနဲ့ ပြောင်းပစ်တယ်။

(၆) နိုင်ငံရေးကလွဲရင် ကျန်တာအကုန်လုပ်ခွင့်ပေးတယ်။ မသိချင်ယောင်ဆောင်ပြီး အားပေးတယ်။ (ဘိန်း၊ ဆေးခြောက်၊ အရက်၊ ဖဲ၊ ဖွန်)

ဒီလိုနဲ့ ကျောင်းသားထုကို (အ)အောင်၊ နိုင်ငံရေး လုံသွားတုံးအောင်၊ လုပ်နိုင်ကိုင်နိုင်စွမ်းတွေ နည်းသွားအောင် ခင်းသတ်တယ်။ ဒီကြားထဲကတောင် ၇၊ ၇၊ ၇၇ မှာ လှုပ်ရှားမှုတခု ၇၊ ၇၊ ၇၈ တခုဖော်ထုတ်သေးတယ်။ ထောက်လှမ်းရေးထူထပ်နေအောင် ချထားတဲ့အတွက် လူစုနေတုန်းမှာ ဖြိုခွဲဖမ်းဆီးခံရတယ်။

၇၊ ၇၊ ၇၈ ကို အစပျိုးသူ RIT ကျောင်းသား ကိုအေးသောင်းဆိုရင် စစ်ကြောရေးဒဏ်နဲ့ ဖမ်းပြီး ၁ နှစ်ခွဲလောက်ထိ ညတိုင်းလန့်လန့်ပြီး ဂယောင်ခြောက်ခြား အော်နေရရှာတယ်။ စစ်ကြောရေးပြင်းလို့ Shock ရသွားတာ။ ၂/၈၀ လာမှပဲ လွတ်သွားရတော့တယ်။ ကြောက်ပြီး နာလံမထူနိုင်အောင် လုပ်လိုက်တာ။ စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် ဒီမိုကရေစီလိုလားသူမှန်သမျှ ဘဝပျက်သွား၊ ဒုက္ခဖြစ်သွား၊ တချို့ရူးသွပ်သွား၊ တချို့အသက်ပါ သေသွားအောင် အပြင်းအထန်နှိပ်ကွပ်ခဲ့ပါတယ်။ ဒါဟာ ဥဏ်နီဥဏ်နက်များတာ၊ ကျောင်းသားလှုပ်ရှားမှုကို ရပ်တန့်စေနိုင်ပါသလား။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဆိတ်သုဉ်းနေသမျှ ပြည်တွင်းစစ်မီးလောင်ကျွမ်းနေသမျှ တရားမျှတမှု၊ လွတ်လပ်မှု၊ ညီညွတ်မှုတွေ မရှိသေးသမျှ၊ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်နေသမျှ၊ စစ်မှန်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကို လွတ်လပ် အမှီခိုကင်းမဲ့စွာ မတည်ဆောက်နိုင်သေးသမျှ၊ ပြည်သူတွေရဲ့ဘဝ မလုံခြုံသေးသမျှ၊ လူထုလှုပ်ရှားမှုများ၊ ကျောင်းသားလှုပ်ရှားမှုများ ဆက်လက်ရှိနေဦးမှာပဲဖြစ်ပါတယ်။ ဒါကြောင့်လဲ ဒီလောက်ဖြတ်တောက် အမှောင်ချထားတဲ့ကြားက ၁၉၈၇ စက်တင်ဘာလမှာ ဌေးစက္ကူလှုပ်ရှားမှု တက္ကသိုလ်အနှံ့အပြားမှာ ပေါ်ခဲ့တာပါ။

အပြန်စားရိတ်ပေး၊ ကျောင်းပိတ်ပေးပြီး ကြက်ပူတိုက် ဆီမန်းမန်းပေးရုံနဲ့ လှုပ်ရှားမှုဟာ ရပ်တန့်မသွားပါဘူး။ ခဏငုတ်ချင်ငုတ်နေမယ်၊ ဒါပေမယ့် နာတာရှည်ရောဂါဖြစ်နေတဲ့ စစ်အာဏာရှင်စနစ်ဟာ ဗမာပြည်ရဲ့ကံကြမ္မာကို ဘယ်လို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နိုင်မလဲ။

ဒါကြောင့်လည်း ၁၉၈၈ မတ်လ ၁၃ နဲ့ ၁၆ မှာ ဘက်နက်တွေကြား သေနတ်တွေကြား ဗိုင်းတွေတုတ်တွေကြား သေနတ်တွေကြားမှာကိုပဲ ရဲရဲရင့်ရင့်လှုပ်ရှားခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုတွေဖြစ်ခဲ့တယ်။ ဆက်တိုက်ပဲ ၁၉၈၈ ဇွန်၊ မြေနီကုန်း လှုပ်ရှားမှု၊ နောက်ဘယ်လိုမှငြိမ်းသတ်မရတော့တဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီးအထိ ဖြစ်လာခဲ့တယ်။ ဒီနောက်ပိုင်းမှာလည်း ၁၉၉၃ N.C ဆန့်ကျင်ရေးလှုပ်ရှားမှု၊ ၁၉၉၆ ဒီဇင်ဘာလှုပ်ရှားမှု၊ ၁၉၉၈ ဩဂုတ်ဝန်းကျင်လှုပ်ရှားမှု၊ ၁၉၉၉ စက်တင်ဘာဝန်းကျင်လှုပ်ရှားမှု ဆိုတာတွေဟာ ကာလဒေသနဲ့ကိုက်ညီတဲ့ ကြွေးကြော်သံတွေနဲ့ ဆင့်ကဲဆင့်ကဲ မနားတမ်းပေါ်ပေါက်လာနေတာဟာ ကျောင်းသားနဲ့ ပြည်သူ တထပ်တည်း၊ တသားတည်းဖြစ်နေတယ်ဆိုတာ ရှင်းလင်းလှပါသည်။

၁၉၈၈ ဇွန် ကျောင်း campus ထဲမှာ ဗကသ အထွေထွေအတွင်းရေးမှူး ကိုမိုးသီးဇွန်ပြောတဲ့စကားရှိပါတယ်။ 'ကျွန်တော်တို့ ခုလုပ်ရှားနေတဲ့ကိစ္စက ကွန်ပါဘူးမရတဲ့ကိစ္စ၊ စာအုပ်မလုံလောက်တဲ့ကိစ္စကြောင့် မဟုတ်ဘူး၊ ပြည်သူလူထုရဲ့ဝေဒနာတွေကြောင့် ပြည်သူတွေရဲ့ဒုက္ခတွေကြောင့်ဖြစ်တယ်' ဆိုတဲ့ စကားဟာ အဖိုးတန်လှတယ်လို့ ကျွန်တော်ယုံကြည်နေမိတယ်။

၁၉၈၉ ခုနှစ် မတ်လ ၁၃ ရက်နေ့ ဖုန်းမော် နှစ်လည် RIT မြက်ခင်းပြင်မှာ ဗကသ ဥက္ကဋ္ဌ ကိုမင်းကိုနိုင်ရဲ့စကားကလဲ 'ပြည်သူတွေရဲ့သွေးတွေ လမ်းမပေါ်မှာ မခြောက်သေးဘူး။ သွေးညှီနံ့တွေခုထက်ထိရနေတုန်းပဲ။ ဒီအချိန်မှာ ကျွန်တော်တို့က ဒဏ်ပန်းခံမှာ သွားပျော်သင့်ပါသလား၊ ဂုဏ်တဂုဏ်ပြိုင်ပြဇာတ် သွားကြည့်သင့်ပါသလား၊ ကျွန်တော်တို့ အလုပ်တွေအများကြီး ဆက်လုပ်ကြရလိမ့်မယ်'။ ဒီစကားတွေ ဒီရပ်တည်ချက်တွေကြောင့်လည်း စစ်အုပ်စုဟာ ကြောက်သထက်ကြောက်လာကြပြီး 'ဘော်လီဘော ပုတ်ကုန်ကြပြီ'။

သမိုင်းဆိုတာ ခဲဖျက်နဲ့ဖျက်ပြီး ပြန်ရေးလို့ရကောင်းသော အရာမဟုတ်ဘူးဆိုတာတော့ သူတို့လည်း ရိပ်မိစပြုလာပါပြီ။ ဒါကြောင့် union ကိုဖြိုခွဲတာဘယ်သူလဲဆိုတာနဲ့ ပတ်သက်ပြီး ဗိုလ်အောင်ကြီးရဲ့ ၁၉၇၅ ဇွန်စာတမ်းမှာ ဗိုလ်ကျော်စိုးနဲ့ ဗိုလ်သန်းစိန်ကို လွှဲချထားတယ်။ ဗိုလ်နေဝင်းရဲ့ ၂၃၊ ၇၊ ၈၈ မိန့်ခွန်းမှာတော့ အဲဒါဟာ ဗိုလ်အောင်ကြီးရဲ့ လက်ချက်ပါလို့ ဆိုပြန်တယ်။ ဗိုလ်အောင်ကြီးကလည်း အင်းလျားကန်ဘောင် တံတားနီတိုက်ပွဲကို ကျူးလွန်တာဟာ human rigths ကိစ္စဖြစ်သွားပြီ၊ အဲဒါဥက္ကဋ္ဌကြီးနဲ့မဆိုင်ဘူး တွဲဘက်ကြီး (ဗိုလ်စိန်လွင်) တာဝန်ပဲလို့ ဆိုလာပြန်တယ်။

ဘယ်သူ့ကိုဘယ်သူကလွှဲချချ၊ သမိုင်းဆိုတာပျက်မသွားဘူး။ ကိုယ်စိုက်ထားတဲ့ အပင်ကို ကိုယ်ရိတ်ရမှာ မလွဲပါဘူး။ ကျွန်တော်ဆွေးနွေးချက် အတော်ရှည်သွားပါပြီ။ ကျွန်တော် အလေးအနက် တင်ပြချင်တာကတော့ ဗကသ ဆိုတာ ထာဝရရှင်သန်နေမယ်ဆိုတာရယ်၊ ဘယ်လိုအာဏာရှင် ဘယ်လိုတန်ခိုးရှင်ကမှ ဖြိုဖျက်လို့မရဘူးဆိုတာပါပဲ ခင်ဗျား။

ကျဆုံးသွားသူအပေါင်းနဲ့တိုက်ပွဲဝင်နေသူ အပေါင်းတို့ကို အထူးလှိုက်လှဲသော စိတ်နဲ့ ဦးညွှတ်အလေးပြုလျက်။

[redacted]

၇၊ ၇၊ ၂၀၀၂

ဂ်

ဂ်ဂ်ဂ်ဂ်

u|efawmfwkdEkdifiHvGefwyfa&;&wdhtcgrSmygwDpHk'Dtkdvdap
enf;udkusifhcHk;&r,f?wygwDpepfudkusifhcHk;&ifqpfwyf [m
wygwDum?m&Sifpepf&JEvufudkifwkwf jzpfoGm;r,f?

(Akdvfcsufatmifqef;)

(1947wyfrSL;}uD;rsm;rDrdHSrdefYkef;)

၁၉၈၈ – ကျောင်းသားလှုပ်ရှားမှု
ဒေါင်းသစ် (သမဂ္ဂ)

၁၉၇၆ မြန်မာ့ခရီးသွားနှစ်ကို လှည်းတန်းထိပ် တက္ကသိုလ်ကောလိပ်ပေါင်းစုံ သပိတ်ဖြင့် ကန့်ကွက်ဆန္ဒပြလိုက်ခြင်းသည် မငြိမ်းချမ်းသေးသော၊ လုံခြုံမှုမရှိသေးသော၊ မတည်ငြိမ်သေးသော နိုင်ငံတခုအဖြစ် ကမ္ဘာကိုပြသနိုင်ခဲ့ပေသည်။

၁၉၇၆ ခွပ်ဒေါင်းသပိတ်ပြီးဆုံးသွားသော်လည်း ၎င်း ၁၉၇၆ အရေးနှင့် ပတ်သက်သော သုံးသပ်ချက်ကို ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က စာတမ်းတစ်ခု ထုတ်ပြန်ကြေငြာခဲ့သည်။ ထိုစာတမ်းတွင် ၁၉၇၆ သပိတ်နှင့် ပတ်သက်သောသုံးသပ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်တချို့ပါဝင်ခဲ့ပေသည်။ ကျောင်းပိတ်ခဲ့သော်လည်း ကျောင်းသားတို့မှာ အမြင်သစ် စာပေတခုဖွင့်လှစ်ပြီး ကျောင်းသား ၃၀၀ ကျော် ဆက်လက်လှုပ်ရှားခဲ့ပေသည်။ ကျောင်းသားထု အခွင့်အရေး ကာကွယ်ရေးကောင်စီ ဖွဲ့စည်းခဲ့သည်။

ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသူ မအောင်မိခိုင် ကားတိုက်သေဆုံးသည့်ကိစ္စနှင့် ပတ်သက်၍ မကျေနပ်သောကျောင်းသားများက ဗိုလ်တထောင် တရားရုံးသို့ သွားရောက်၍ ကန့်ကွက်ဆန္ဒပြ ပြောဆိုမှုကြောင့် ကျောင်းသား ၇ ဦးမှာ ထောင်ဒဏ် ၇ နှစ်စီ ကျခံခဲ့ရပေသည်။

၁၉၉၈ သို့ရောက်သောအခါတွင် လှည်းတန်းမှ အမြင်သစ်စာပေ၊ စမ်းချောင်းမှ မဇ္ဈိမ စာပေ၊ ညမီးအိမ်စာပေ၊ စမ်းချောင်းမှ RIT ကျောင်းသားအုပ်စုများ၊ မြောက်ဥက္ကလာ RIT ကျောင်းသားအုပ်စုများ၊ သံလျင် GTI ကျောင်းသားအုပ်စုများ အဆက်အသွယ်မပြတ်ရှိခဲ့ပြီး ပြန်လည်တည်ဆောက်ရေးနှင့် အလုပ်သမားနေ့၊ အာဇာနည်နေ့၊ အမျိုးသားနေ့ အမှတ်တရများ ပြုလုပ်ကြေငြာချက်များ ဖြန့်ဝေခဲ့သည်။

၁၉၉၈ ဇွန် ၂၁ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်မှ သြဂုတ်လ ၂၁ ရက်တွင် နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော်ခေါ်ပေးရန် တောင်းဆိုသည့်ကြေငြာချက် ထွက်လာခဲ့ပေသည်။ ထိုအခါ နအဖ အစိုးရက သြဂုတ်လ ၁၈ ရက်နေ့တွင် တက္ကသိုလ်စာမေးပွဲများ ဖြေဆိုရန် မြို့နယ်များမှတဆင့် ကျောင်းသားများထံသို့ အကြောင်းကြားစာများ ပေးပို့ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြည်သူများအနေနှင့် ပြတ်သားရန်လိုအပ်ကြောင်းကြေငြာခဲ့သည်။

သြဂုတ်လ ၁၈ ရက်နေ့တွင် ဗိုလ်တထောင်ကောလိပ်၊ လှိုင်ကောလိပ်၊ စီးပွားရေးရန်ကုန် တက္ကသိုလ် (ပင်မ)၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်စက်မှုတက္ကသိုလ်၊ သံလျင် GTI မှ ကျောင်းသား ၁၃ ဦးသည် ရန်ကုန်မြို့တွင် အစည်းအဝေးကျင်းပကာ သြဂုတ်လ ၂၄ ရက် နေ့လည် ၁၂

နာရီတွင် လှည်းတန်းလမ်းဆုံတွင် သပိတ်မှောက်ရန်အတွက် ဆုံးဖြတ်ခဲ့သည်။ ထိုသပိတ်မှာ ဒေါ်စု၏ ကြေငြာချက်ကို ထောက်ခံကြောင်းနှင့် ဩဂုတ် ၂၁ ရက်တွင် ပြည်သူ့လွှတ်တော် မခေါ်ပေးသဖြင့် ကျောင်းသားများက ကိုယ်တိုင်ဦးစီးကာ မည်သူ၏တိုက်တွန်းချက် တစ်စုံတစ်ရာမပါဘဲ မိမိ၏ အသိစိတ်ဓာတ်ဖြင့် အမျိုးသားရေး အသွင်သဏ္ဌာန် ဩဂုတ်လ ၂၄ ရက် ဆန္ဒပြပွဲ ဖော်ဆောင်ခဲ့ခြင်းဖြစ်ပေသည်။

ဩဂုတ်လ ၂၄ ရက်နေ့တွင် သပိတ်မှောက်ရန်အတွက် ဗကသ အဖွဲ့ချုပ်၏ ကြေငြာချက်များ၊ ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ၏ ကြေငြာချက်များ၊ တက္ကသိုလ်နှင့်ကောလိပ် ပေါင်းစုံ သမဂ္ဂ (တကသ) များ၏ ကြေငြာချက်များ ထုတ်ပြန်ခဲ့ပေသည်။ ဩဂုတ်လ ၂၁ ရက်နေ့တွင် တက္ကသိုလ်ကောလိပ်အချို့၌ လွှတ်တော်ခေါ်ယူရေးကိစ္စကို လက်ခံသည့်အနေနှင့် အဝါရောင်ဝတ်စုံ တူညီဝတ်ဆင်ခဲ့ကြပေသည်။

ဩဂုတ်လ ၂၄ ရက်၊ နေ့လည် ၁၂ နာရီတွင် လှည်းတန်းဈေးဘက်မှနေ၍ "စစ်အာဏာရှင် အလိုမရှိ" ကြွေးကြော်သံဖြင့် စတင်၍ကြွေးကြော်ပြီး ဆန္ဒပြခဲ့ကြသည်။ ထိုဆန္ဒပြပွဲ၌ တောင်းဆိုကြွေးကြော်သံများမှာ ...

၁။ စစ်အာဏာရှင်အစိုးရ ပြုတ်ကျရေး – ဒို့အရေး
၂။ ပြည်သူ့လွှတ်တော်ခေါ်ပေးရေး – ဒို့အရေး
၃။ နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ရေး – ဒို့အရေး
၄။ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး – ဒို့အရေး

စသည့် ကြွေးကြော်သံများ ကြွေးကြော်ခဲ့ပေသည်။ ဗကသ မှလည်း စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေးသုံးသပ်ချက်စာတမ်းများ ဝေငှခဲ့သည်။ NLD လူငယ်တချို့ပါဝင်ခဲ့ပြီး စာရွက်စာတမ်းတချို့ ဝေငှခဲ့ပါသည်။

ခွပ်ဒေါင်းအလံ ၂ လက်ဖြင့် ဆန္ဒပြခဲ့သော ထိုသပိတ်တွင် အမျိုးသမီးများက အခြားတိုက်ပွဲဝင်ဆိုင်းဘုတ်များကို ကိုင်ဆောင်ပါဝင်ခဲ့သည်။ အင်အား ၂၀၀ နီးပါးခန့်ရှိပြီး နေ့လည် ၁ နာရီခန့်တွင် ပြည်လမ်းဘက်မှ စစ်ကားနှင့်စစ်သားများ သပိတ်ကို ဖြိုခွဲရန်ရောက်လာ၍ နောက်ထပ်ဆန္ဒပြပွဲများ ပြုလုပ်ရန် ကြိုတင်ဆုံးဖြတ်ချက်ဖြင့် စနစ်တကျ ဆုတ်ခွာပေးခဲ့သည်။

ဩဂုတ် ၂၄ ရက်ဆန္ဒပြပွဲအပြီးတွင် ကျောင်းသားအတော်များများ အဖမ်းခံရပေသည်။ မူလရည်ရွယ်ချက်အတိုင်း ဆက်လက်ပြုလုပ်ရန် လှော်ကားဥယျာဉ်၌ စက်တင်ဘာလ ၁၉ ရက်တွင် အစည်းအဝေးပြုလုပ်ခဲ့ပေသည်။ နဝတမ လွှတ်တော်ခေါ်ရန် ငြင်းပယ်သဖြင့် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းခဲ့ပေသည်။ ကျောင်းသားများက ထိုကော်မတီကို ထောက်ခံရန် ဆန္ဒပြပွဲကို စက်တင်ဘာလ ၂၂ ရက် ညနေ ၄ နာရီတွင် အနော်ရထာလမ်းဆုံတွင် ပြုလုပ်ခဲ့ကြပေသည်။ ဆန္ဒပြပွဲကို အကြမ်းဖက်ဝင်ရောက်ဖြိုခွဲခံခဲ့ရပေသည်။

ဩဂုတ် ၂၄ ရက် ပြည်သူ့လွှတ်တော်ခေါ်ယူရန် ဆန္ဒပြပွဲသည်လည်းကောင်း၊ စက်တင်ဘာ ၂၂ ရက် ပြည်သူ့လွှတ်တော်ကော်မတီဖွဲ့စည်းကြောင်း ကြေငြာချက်ကို ထောက်ခံ ဆန္ဒပြပွဲ


သည်လည်းကောင်း မည်သည့်တစုံတရာ တိုက်တွန်းချက်ကြောင့်မဟုတ်ပဲ မိမိတို့၏ဆန္ဒ ဆုံးဖြတ်ချက်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပေသည်။

ထိုဆန္ဒပြပွဲကို ဗကသများအဖွဲ့ချုပ်မှ အဖွဲ့ဝင်ဟောင်းများ၊ အဝေးရောက် ဗကသနှင့် ဗကသ နိုင်ငံခြားရေးရာကော်မတီ (F.A.C) တို့မှ စာရွက်စာတမ်းများနှင့် အကူအညီအချို့ ပံ့ပိုး ခဲ့ကြပါသည်။

‘သမိုင်း တခေတ်
ထုဆစ်စေဖို့
ခွပ်ဒေါင်းပုံချီ
ဝဲနေလေပြီ။’

abgjrf;xkqf

ဃ ဃဃဃဃ



“ကျားမရလည်းကိစ္စမရှိဘူး၊ ရတဲ့ခြင်္သေ့ကိုပဲ
အသက်သွင်းရမှာပေါ့ကွာ ...”

နိဒါန်းရေး

မောင်ပုရဲ့ မမေ့အပ်တဲ့ နေ့တနေ့

စိုးဟိန်း – ကမာ

နိုင်ငံရေးဆိုတာ အင်မတန် နက်နဲကျယ်ဝန်းပါတယ်။ အဲဒီလို နက်နဲကျယ်ဝန်းတော့ ကျွန်တော်နားမလည်တာတွေ များပါတယ်။ ဒါ ကျွန်တော့်ရဲ့ ကလောင်သွေးလက်ရာပါ။ ကျွန်တော်အင်းစိန်ထောင်မှာ ၁၉၉၉ ခုနှစ်တုန်းက အခန်းထဲကနံရံမှာ ကဗျာ ၄၊ ၅ ပုဒ်တော့ ရေးခဲ့မိတယ်။ စာတော်တော်ဖတ်လာတော့ အဲဒီလိုစာရေးချင်စိတ်ဖြစ်ပေါ်လာတယ်။ ကျွန်တော့်ခံစားမှုကို စာဖတ်သူတွေ မျှဝေခံစားစေချင်တဲ့ သဘောပါဘဲ။

အဲဒါနဲ့ စာစရေးဖို့ မိတ်ဆွေကိုမေးမြန်း ပြောဆိုကြည့်တဲ့အခါ "ခင်ဗျား စကားပြောတတ်တာပဲ၊ စာကိုဘာလို့မရေးတတ်ရမှာလဲ။"

ကျွန်တော်စာရေးချင်စိတ် ပြင်းထန်လာပါတယ်။ ဘာရေးရမှာလဲ စဉ်းစားရင်းနဲ့ ကျွန်တော့်မိတ်ဆွေ မောင်ပုအကြောင်းသွားသတိရတယ်၊ သူက NLD ကမောင်ပုတဲ့။

မောင်ပုနဲ့ ကျွန်တော် မိတ်ဆွေဖြစ်သွားတာ ၆ နှစ်ရှိသွားပါပြီ။ သူပြောပြတဲ့ သူ့အကြောင်းတွေထဲက မမေ့အပ်တဲ့နေ့ရက်တစ်ရက် အကြောင်းပေါ့။ အဲဒီအကြောင်းကို စာဖတ်သူတို့ သိစေချင်တဲ့စေတနာပါ။

အဲဒီနေ့ကတော့ ၁၇၊ ၄၊ ၉၆ မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်ရဲ့ နှစ်ဆန်း ၁ ရက်နေ့ဖြစ်ပါတယ်။ အဲဒီအကြောင်းမပြောခင် မောင်ပုဟာ NLD ပါတီ အကြောင်းရှင်းပြပါတယ်။ ဒါဟာ နှစ်ဆန်း ၁ ရက်နေ့နဲ့ ဆက်စပ်မှုတွေဖြစ်နေပါတယ်။

၁၉၉၅ ခု ဒေါ်အောင်ဆန်းစုကြည်ဟာ အကျယ်ချုပ်မှ ပြန်ထွက်လာပြီးနောက် ဟောပြောပွဲတွေကျင်းပခဲ့ပါတယ်။ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ ကိုဖုန်းမော်ကျဆုံးသော မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့ တော်လှန်ရေးနေ့ စသဖြင့် နေ့ထူးနေ့မြတ် အခမ်းအနားပွဲတွေ ကျင်းပခဲ့ပါသည်။

NLD ပါတီရဲ့ CEC ဦးဆောင်မှုမှာ လူကြီးလူငယ် ပူးပေါင်းဆောင်ရွက်မှုတွေကို အခမ်းအနားကျင်းပမှုတွေကို အာဏာပိုင်တွေ ပိတ်ပင်တားဆီးနှောင့်ယှက်တဲ့အကြောင်း၊ လူထုက ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံတဲ့အနေနဲ့ NLD ရဲ့အခမ်းအနားတွေကို အရဲစွန့် ထိုးဖောက်တက်ရောက်ခဲ့တဲ့အကြောင်း၊ အခမ်းအနားတွေက တပွဲထက်တပွဲ ပိုမို ကျယ်တည်းစွာ ပိတ်ဆို့ခံရတဲ့အကြောင်း၊ ပိုမိုခက်ခဲစွာကျင်းပခဲ့ရပုံတွေ မောင်ပုက ဆက်ပြောပါတယ်။

မောင်ပုပြောမယ့် နှစ်ဆန်း ၁ ရက်နေ့မတိုင်မီမှာ ဒေါစုအိမ်ရှေ့လမ်းကို ပိတ်ထားကြောင်းနဲ့ ဒေါစုအိမ်သွားမည့်သူ ၁ ရက်ကြိုစာရင်းပေးရကြောင်း ဦးတင်ဦးမှ ဒေါစုကိုပေး၊ ဒေါစုက လက်မှတ်ထိုးပြီးမှ ဦးတင်ဦးက ထောက်လှမ်းရေးကို စာရင်းပေးရကြောင်း၊ စာရင်းပေးထားတဲ့သူတွေကိုနောက်တရက်မှာ ဒေါစုအိမ်မဝင်ခင် စာရင်းပေးထားသူဟုတ်မဟုတ် အစစ်ခံရကြောင်း၊ သူတို့က ဝင်ခွင့်မပြုချင်တဲ့သူကိုမပြုကြောင်း၊ အခက်အခဲအမျိုးမျိုးကြားထဲက အခမ်းအနား ကျင်းပရကြောင်း မောင်ပု ပြောပြခဲ့ပါတယ်။

မောင်ပုက ဆက်၍ ၁၇၊ ၄၊ ၉ဖြ မှာ NLD ၏ CEC လူကြီးများကို ပူဇော်ကန်တော့ပွဲနဲ့ သက်ကြီးပူဇော်ပွဲ၊ ငါးလွှတ်ပွဲတို့ကို ရိုးရာအစဉ်အလာနဲ့အညီ ကျင်းပမည့်ပွဲဖြစ်ကြောင်း၊ အဲဒီပွဲတက်မယ့်သူတွေကို ထုံးစံအတိုင်း တရက်ကြိုစာရင်းပေးထားရကြောင်း၊ အတိအကျ ထောက်လှမ်းရေးအဖွဲ့ကိုပေးထားကြောင်း၊ နှစ်ဆန်း ၁ ရက်နေ့မနက် ဖနာရီမထိုးခင် မောင်ပုအပါအဝင် NLD ပါတီဝင်တစုံတုပြည့် ပင်နီတိုက်ပုံတွေနဲ့ ကုက္ကိုင်းမီးပွိုင့်ကို စုရုံးရောက်ရှိလာကြပါတယ်။

ဒါပေမယ့် အာဏာပိုင်တွေဟာ ပြည့်ဝ စားသောက်ဆိုင်ရှေ့မှ ဖြတ်ကျော်ခွင့် မပြုခဲ့ပါဘူး။ CEC ၁၀ ဦးကိုသာ ဝင်ခွင့်ပြုခဲ့ပါတယ်။ ကျန်လူ ၂၀၀ ကျော်ကို နံနက် ၇း၀၀ နာရီအထိ ဝင်ခွင့်မပြုခဲ့ပါဘူး၊ တာဝန်ရှိသူတွေထောက်လှမ်းရေးနဲ့ စကားသွားပြောတဲ့အခါမှာ ...

"အခမ်းအနားက ၉း၀၀ နာရီမှာစမှာ၊ အခု ၇း၀၀ နာရီကျော်နေပြီ ဘာကြောင့် ဝင်ခွင့်မပေးတာလဲ"

"အထက်ကခွင့်ပြုမိန့်မရသေးဘူး၊ ခွင့်ပြုမိန့်ကို စောင့်ဆိုင်းနေပါတယ်"

အဲဒီအချိန် ကုက္ကိုင်းမီးပွိုင့်အနီး တက္ကသိုလ်ရိပ်သာလမ်းထဲမှာ လုံထိန်းအင်အား ၅၀ ခန့် ချထားပါတယ်။ ကုက္ကိုင်းပန်းခြံအစပ် ကမ္ဘာအေးဘုရားလမ်းထဲမှာ စစ်သား ၁၀၀ လောက်ကား ၅ စီးနဲ့ ချထားပါတယ်။ မီးပွိုင့်ထောင့်မှာ နိုင်ငံတကာ သတင်းထောက်တွေ ကင်မရာကိုယ်စီနဲ့အများကြီးပဲ။ ၉း၀၀ နာရီအထိ ဝင်ခွင့်မရသေးဘူး။

"၉း၀၀ နာရီကျော်နေပြီ ဘာကြောင့်ဝင်ခွင့်မပြုတာလဲ၊ ဘာသာရေးတောင် လုပ်ခွင့်မရှိဘူးလား၊ လုပ်ခွင့်မရှိဘူးဆိုရင် မြန်မာလူမျိုးတွေနှစ်စဉ်ကျင်းပနေတဲ့ နှစ်ဆန်း ၁ ရက်နေ့မှာ ဘာသာရေးလုပ်ခွင့်မရှိကြောင်း တရားဝင်ကြေငြာပါ"

"ကျွန်တော်တို့ အထက်က အမိန့်ရထားပါပြီ၊ ၁၀း၀၀ နာရီမှာ ဝင်ခွင့်ပေးမယ် ဖြစ်ပါတယ်"

"ဟာ အခမ်းအနားက ၉း၀၀ နာရီမှာကျင်းပမှာ၊ ဘာကြောင့် ၁၀း၀၀ နာရီမှ ခွင့်ပြုရတာလဲ"

"တာဝန်အရကျွန်တော်တို့ပိတ်ထားရတာ၊ ဒီမေးခွန်းကို ကျွန်တော်တို့ဖြေခွင့် မရှိပါဘူး။ ၁၀း၀၀ နာရီဆိုရင်ဝင်ခွင့်ပေးပါမယ်"

"ခင်ဗျားတို့တကယ်ခွင့်ပြုမှာလား၊ တကယ်ခွင့်ပြုရင် ကျွန်တော်တို့ဘက်က လိုက်လျောဖို့အသင့်ပဲ။ ထိပ်တိုက်ရင်ဆိုင်မှ မဖန်တီးပါဘူး၊ အေးအေးဆေးဆေးဖြစ်စေချင်ပါတယ်။"

အဲဒီတော့မှ ထောက်လှမ်းရေးက ...

"တကယ်ခွင့်ပြုမှာပါ၊ ခင်ဗျားတို့လူတွေ ထိန်းပေးပါ။ ကျွန်တော်တို့ကို အပေါ်က အပြောခံရပါမယ်။"

အဲဒီအချိန်မှာ ပါတီဝင် အင်အား ၃၀၀ ကျော်ရှိပါပြီ။ မိဒီယာသမားတွေ လုံထိန်းတွေနဲ့ စစ်သားတွေပါ မီးပွိုင့်မှာ ရှုပ်ယှက်ခတ်နေပါတယ်။ ဘတ်စ်ကားပေါ်က လူတွေက ဘာဖြစ်နေတာလဲလို့ ခေါင်းပြူပြီးကြည့်နေတယ်။ ကျွန်တော်တို့ကား ကုက္ကိုင်းလမ်းရှေ့ ပန်းခြံထောင့်မှာ သူတို့ ဝင်ခွင့်ပြုမည့်အချိန်ကို ငြိမ်းချမ်းစွာထိုင်စောင့်နေပါတယ်။

၁၀း၀၀ နာရီထိုးပါပြီ ဝင်ခွင့်မရသေးပါဘူး။ ပါတီဝင်အချို့ အတင်းဝင်ဖို့ ဆန္ဒတွေဖြစ်ပေါ်လာပါတယ်။ ပါတီဝင်တွေဟာ ရုန်းရင်းဆန်ခတ်ဆူပူမှုတွေ ဖန်တီးနေတာမဟုတ်ဘဲ နိဘယ်ဆုရှင် ဒေါ်စုရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို လိုလားတဲ့သူတွေဖြစ်တဲ့အတွက် အာဏာပိုင်တွေကို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ ဆွေးနွေးမေးမြန်းခဲ့ပါတယ်။

အဲဒီအခါမှာတော့ အာဏာပိုင်တွေဟာ ငါးလွှတ်ပွဲကိုလုံးဝခွင့်မပြုကြောင်း၊ ငါးလွှတ်ပွဲကိုလုပ်မှာစိုး၍ အဟန့်အတားပြုလုပ်ရကြောင်း၊ ငါးမလွှတ်ဘူးဆိုလျှင် သက်ကြီးပူဇော်ပွဲဝင်မည့် သူတွေကိုစိစစ်ပြီး ၁၂ နာရီအထိ ခွင့်ပြုမည်ဖြစ်ကြောင်း၊ NLD ပါတီဝင်တွေက လုပ်ခွင့်မရ၊ ရတာကိုလုပ်မယ် ငါးလွှတ်ပွဲမကျင်းပဘူး၊ သက်ကြီးပူဇော်ပွဲပဲလုပ်မယ် ဘာဖြစ်လို့ ၁၂ နာရီမှ ဝင်ခွင့်ပြုရတာလဲ။

ထောက်လှမ်းရေးမှ သက်ကြီးပူဇော်ပွဲတွေဟာ ၁၂ နာရီနောက်ပိုင်းမှ ညနေဘက်မှ လုပ်တယ် အချိန်မီပါတယ်။ ခင်ဗျားတို့ ၁၂ နာရီထိုးရင် ဝင်ခွင့်ပြုမယ်။ သူတို့ထပ်မံ ကတိပေးပြန်တယ်။ ထမင်းပြန်စားကြပါလို့လည်း ပြောလိုက်သေးတယ်။

NLD ပါတီဝင်အချင်းချင်းတွေပြောကြပါတယ်။ 'သူတို့စကားကို ငါတို့ ဘယ်လောက်ယုံကြည်ရမှာလဲ၊ ခွင့်မပြုချင်လို့ စကားအမျိုးမျိုးပြောနေတာကွ စိတ်ပျက်ပြီး ပြန်သွားအောင် အဟန့်အတားလုပ်ပြီး ထမင်းပြန်စားခိုင်းတာ'

ကျွန်တော်တို့အားလုံး ထမင်းပြန်မစားဘဲ ၁၂ နာရီထိုးတဲ့အထိ ငြိမ်းချမ်းစွာ စောင့်မယ်၊ ကျွန်တော်တို့အဆင့်လျော့ပြီး လိုက်လျောခဲ့ပါတယ်။

၁၂ နာရီထိုးတော့လည်းဝင်ခွင့်မရပါဘူး။ ဒီတစ်ခါ သူတို့က သက်ကြီးပူဇော်ပွဲ ကန်တော့ခံ ပုဂ္ဂိုလ်နဲ့ ကန်တော့မည့်လူငယ်တွေသာလိုကြောင်း၊ ကန်တော့ခံ CEC တွေဝင်ခွင့်ပြုထားကြောင်း၊ ဝင်ခွင့်ပေးရမယ့်အထဲမှာ လူကြီးများပါကြောင်း၊ ကန်တော့မည့်သူမှာ လူငယ်တွေသာဖြစ်သဖြင့် လူကြီးတွေက ငါးလွှတ်ပွဲအတွက် ယူဆကြောင်း၊ လူကြီးတွေပြန်မယ်ဆိုရင် လူငယ်တွေဝင်ခွင့်ပြုမည်ဖြစ်ကြောင်း သဘောတူလျှင် လူငယ်တွေကို ၂း၀၀ နာရီမှာ ဝင်ခွင့်ပေးမယ်လို့ပြောပြနေတယ်။

မောင်ပုအပါအဝင် NLD ပါတီဝင်တွေ အတော်ဒေါသထွက်လာပါပြီ။ ဒီနေ့ပွဲဟာ လူငယ်တွေကိုယ်တိုင် ဦးဆောင်တဲ့ လူကြီးတွေကို ကျင်းပခွင့်တောင်းတဲ့ ပထမဦးဆုံးပွဲဖြစ်တယ်။

NLD လူကြီးတွေဟာ လူငယ်တွေဆန္ဒကိုပေးဖြည့်ပါတယ်။ လူငယ်တွေဟာ လူကြီးတွေရဲ့ စေတနာကို နားလည်ကြောင်း၊ ကျွန်တော်တို့အားလုံးဘက်က မလိုက်လျောလျှင်

အခမ်းအနားကျင်းပဖို့ အခွင့်အရေးနည်းပါးနိုင်ကြောင်း၊ ဒီတခါ လိုက်လျောလို့မှ ဝင်ခွင့်မရဘူး ဆိုလျှင် လူငယ်အားလုံး ဒီနေရာကစောင့်၊ လူကြီးတွေပြန်ထွက်လာရင် ဒီလမ်းမပေါ်မှာဘဲ သက်ကြီးပူဇော်ပွဲကျင်းပသွားမယ်၊ လူငယ်တွေလည်းဝင်လို့မရ လူကြီးတွေလည်းထွက်လို့မရ ရင် ဒီနေရာမှာသေတဲ့အထိစောင့်ပြီး တောင်းဆိုသွားမယ်၊ လူကြီးတွေကို ကန်တော့ပြီးမှသာ ပြန်မယ်၊ ဒီမှာရှိတဲ့လူကြီးတွေ ရွှေဂုံတိုင်ဌာနချုပ်ရုံးကို ပြန်ပြီး လူငယ်အစီအစဉ်သာ အသိ ပေးလိုက်ပါ။ လူငယ်တွေ အဖမ်းခံနိုင်ချေရှိတယ်၊ ဖမ်းရင်လည်း အားလုံးအဖမ်းခံမယ်၊ လူငယ် တွေစကားကို လူကြီးတွေ လက်ခံပြီး အာဏာပိုင်တွေကိုလိုက်လျောတဲ့အနေနဲ့ ဆက်စောင့် ခဲ့ပါတယ်။

ပန်းခြံရှေ့မှာ လူ ၁၈၀ လောက် ကျန်မယ်ထင်ပါတယ်။ သူတို့ရော ကျွန်တော်တို့ပါ ပင်ပန်းနေကြပါတယ်။ ထမင်းလဲမစားရသေးဘူး။ ၂ နာရီထိုးမှ ဝင်ခွင့်ပေးမယ်လို့ ပြောထား တယ်။ 'လမ်းမမှာစောင့်နေရတာ မတင့်တယ်လို့ ပန်းခြံထဲဝင်ပါဆို ခင်ဗျားတို့ဆန္ဒအတိုင်း ကျုပ်တို့ဝင်စောင့်ပေးပါတယ်၊ ဘယ်မှာစောင့်ရစောင့်ရ ခင်ဗျားတို့တာဝန်ကျေဖို့လိုတယ်။'

ပန်းခြံထဲရောက်တဲ့အခါ စစ်သားတွေက သေနတ်တွေနဲ့ တက္ကသိုလ်ရိပ်သာလမ်းဖက် ကနေ တဖြည်းဖြည်းနဲ့ ပန်းခြံရှေ့မှာ နေရာယူထားလိုက်တယ်။ သတင်းသမားတွေကလည်း အချိန်ပြည့် မှတ်တမ်းယူနေပါတယ်။ ၂ နာရီထိုးတော့ ဒေါ်စုခြံထဲက ပြောတယ်၊ သက်ကြီး ပူဇော်ပွဲမလုပ်တော့ဘူး ပြန်ချင်ပြန်လို့ရပြီ၊ ယုတ္တိမရှိတဲ့စကား လာပြောတယ်။

"ခင်ဗျားတို့ စကားမယုံဘူး၊ ကျုပ်တို့လူကြီးတွေနဲ့ တွေ့ရမှပဲပြန်မယ်၊ ကျုပ်တို့ကို ဝင်ခွင့် မပြုရင် လူငယ်တာဝန်ခံတယောက် လူကြီးတွေနဲ့ဆက်သွယ်ဖို့ ဝင်ခွင့်ပြုပါ"

ဒါကို သူတို့လက်ခံလိုက်ပါတယ်၊ ရန်ကုန်တိုင်း ယာယီတာဝန်ခံ သဃ်နိုးကျွန်းမြို့နယ်က ကိုမင်းမင်းကို ကျွန်တော်တို့ရှေ့မှာ ဝင်ခွင့်ပေးလိုက်ပါတယ်။ ဒါပေမယ့် လူငယ်တွေမမြင်နိုင်တဲ့ နေရာ မောရွှေလီစားသောက်ဆိုင်အလွှန် အိန္ဒိယနိုင်ငံ သံအမတ်ကြီး အိမ်ရှေ့နားမှာ ကိုမင်းမင်း ကိုထိုင်ခိုင်းပါတယ်၊ သူကငြင်းတဲ့အခါ ဝိုင်းထိုးကြပါတယ်။

၄ နာရီထိုးတဲ့အခါ သူတို့က ... "ခင်ဗျားတို့လူလွှတ်ပေးပါဆိုလို့ ကျုပ်တို့ လွှတ်ပေး ပြီးပြီ။ ခင်ဗျားတို့လူလည်းပြန်မလာဘူး၊ ကျုပ်တို့လုပ်ပေးနိုင်တာလဲ ကုန်ပြီ။ ခင်ဗျားတို့အားလုံး ပြန်ကြပါ။ မပြန်ရင်နောက်ဆက်တွဲပြဿနာတွေ တာဝန်မယူဘူး" ခြိမ်းခြောက်လေသံဖြစ်လာ ပါပြီ။

"ကျုပ်တို့ဆုံးဖြတ်ချက်မပြင်နိုင်ဘူး။ မင်းမင်း (သို့) လူကြီးတွေနဲ့တွေ့ရမှပဲပြန်မယ်"

"ဘယ်သူနဲ့မှ တွေ့ရမှာမဟုတ်ဘူး" သူတို့အချေအတင် စကားပြောနေချိန်မှာပဲ စစ်သားအပြည့်နဲ့ စစ်ကားတွေဟာ စစ်မျက်နှာယူသက့ဲသို့ တက္ကသိုလ်ရိပ်သာလမ်းပေါ်မှာ စစ်ဘိနပ်တွေအပြည့် ဖုံးလွှမ်းနေပါတယ်။

ကျွန်တော်တို့ဘာလုပ်ရမလဲ တိုင်ပင်နေဆဲမှာ ၄း၃၀ နာရီမှာ စစ်ကားတစီးပေါ်မှ အသံချဲ့ စက်ဖြင့်

"ကုက္ကိုင်းပန်းခြံမှ လူထုများခင်ဗျာ။ ၅း၀၀ နာရီမှာလူစုခွဲပေးပါရန် လူစုမခွဲပေးလျှင် တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း"

အဲဒီလိုကြေငြာလိုက်ချိန်မှာ ကျွန်တော်တို့တတွေ ပန်းခြံထဲကထွက်လို့မရတော့ဘူး။ ပန်းခြံတံခါးတွေပိတ်ထားပြီး ဗိုလ်မှူးနဲ့ သူ့လူတွေက တံခါး၀မှာ ရပ်နေပါတယ်။ လုံထိန်းနဲ့ စစ်သားတွေအပြည့်ပိုင်းထားတယ်။

ကျွန်တော်တို့တတွေ အဖမ်းခံရမှာ သေချာနေပြီ။ ဖမ်းဆီးညှဉ်းပန်းခံရမဲ့အတူ မထူးတော့ဘူး။ ၅း၀၅ နာရီထိုးနေမယ်။ ၅ နာရီထိုးတာနဲ့ မိန်းခလေးတွေက နောက်မှာနေ၊ ယောကျ်ားလေးတွေက ပန်းခြံအုတ်နံရံနှင့် သံတိုင်တွေကို ကိုင်ထားမယ်။ ၅း၀၀ နာရီမှာ သေချင်သေပါစေ သံတိုင်တွေ ခုန်ကျော်တိုးထွက်မယ်။ တယောက်လွတ်ရင် တယောက်အမြတ်ပဲ။ လုံး၀အညံ့ မခံဘူး အသေခံထွက်မယ်။ အဲဒီလူငယ်တွေထဲက မသီသီအောင်၊ မအိရွှေစင်ညွှန့်၊ မမိုးမိုး (ခ) မသင်းသင်းအေး၊ ပြီးတော့ ကျွန်တော်တို့ရဲဘော် မကြာမီက ထောင်ထဲမှာ ကျဆုံးသွားတဲ့ ကိုခင်မောင်မြင့်တို့ ပါ၀င်ပါတယ်။

၅း၀၅ နာရီခန့်မှာ ကျွန်တော်တို့အားလုံး သည်းထိတ်ရင်ဖို ရင်ဆိုင်တိုက်ပွဲ အသင့်စောင့်နေစဉ်မှာ ပန်းခြံမှ စစ်သားတွေ များသထက်များလာပါတယ်။ ၅း၀၅ ပြည့်ဖို့ ၂ မိနစ်သာ လိုပါတော့တယ်။ ကျွန်တော်တို့အသင့်အနေအထားရောက်နေစဉ်မှာပင် ပြည့်၀စားသောက်ဆိုင်ဖက်မှ ....

'ဆုတ်' 'ဆုတ်' 'ဆုတ်' .... အော်သံတွေကြားရလို့ ကျွန်တော်တို့ လှည့်ကြည့်တဲ့ အခါမှာ စစ်ခမောက်တွေရဲ့ နောက်ဖက်ဆီမှာ ကျွန်တော်တို့ ကန်တော့ဖို့တွေ့ချင်နေတဲ့ NLD CEC ၁၀ ဦး တယောက်နဲ့တယောက်လက်ဆက်ပြီး တက္ကသိုလ်ရိပ်သာလမ်းမကြီးအတိုင်း တလှမ်းချင်း ရှေ့တိုးလာပါတယ်။ ဒေါ်စုက အလယ်၊ ဦးတင်ရှေ၊ ဦးလွင်၊ ဦးလှဖေ၊ ဦးညွှန့်၀ေ၊ ဦးလွန်းတင်တို့ အစဉ်အလိုက်၊ ဘယ်ဖက်မှာ ဦးတင်ဦး၊ ဦးကြည်မောင်၊ ဦးသန်းထွန်း၊ ဦးစိုးမြင့်တို့ဖြစ်ပါသည်။

စစ်အရာရှိတွေ ဘယ်ရောက်သွားမှန်းမသိဘူး၊ ကျွန်တော်တို့အားလုံး ပန်းခြံတံခါး ကို အတင်းတွန်းဖွင့်ကာ ....

"အန်တီ" "အန်တီ"

"အဘ" "အဘ"

ရင်ထဲက တကယ့်ကို လှိုက်လဲ့တဲ့တမ်းတမှု အသံတွေနဲ့ လက်ခြင်းဆက်ကာ ချီတက်လာတဲ့ ကန်တော့ခံ ပုဂ္ဂိုလ်ကြီးများရှေ့မှာ အတင်းပြေးထွက် ဦးတိုက်လိုက်ပါသည်။ မောင်ပု ဦးတိုက်ကန်တော့လို့အပြီးမှာ နဖူးကိုမော့ ခြေအစုံမော့ကြည့်လိုက်တဲ့အခါမှာ ဦးကြည်မောင် ဖြစ်နေပါတယ်။

လူငယ်တွေရဲ့ ရင်ထဲက စိတ်လိုက်မာန်ပါ သဒ္ဓါတရားနဲ့ အသက်ပေးရဲတဲ့သတ္တိတွေကို ကန်တော့ကြလို့အပြီးမှာ ဒေါ်စုက ....

"ကျွန်မတို့လူငယ်တွေ ထင်တာထက် စွမ်းပကားတွေပိုရှိပါတယ်၊ ရဲစွမ်းသတ္တိတွေရှိကြပါတယ်၊ ဒီလိုလူငယ်တွေပါဝင်တဲ့ ဒီမိုကရေစီအရေးမှာ မြန်မာပြည်ရဲ့ ဒီမိုကရေစီ ရကို ရပါစေမယ်လို့ ပြောရဲပါတယ်။ ကျွန်မတို့ဟာ လူငယ်တွေကို လုပ်ပိုင်ခွင့်အပြည့်ပေးဖို့ လိုအပ်ပါတယ်။ လူငယ်တွေရဲ့ယနေ့တိုက်ပွဲဟာ အောင်မြင်တဲ့ တိုက်ပွဲဖြစ်ပါတယ်။ ဒီတော့ ကိုယ်လိုချင်တာကို ဆုံးခန်းတိုင်အောင်နိုင်ပြီးမှ အောင်ပွဲရဲ့အကျိုးကို ဘယ်လို ခံစားရသလဲ ခံစားလိုက်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် လူငယ်တွေကို သူတို့ဖမ်းချင်ဖမ်းပါစေ၊ ကိုယ့်အိမ်ကိုယ် ပြန်ကြပါ။ ကျွန်မတို့လူငယ်တွေ စိတ်ဆန္ဒပြည့်ဝ၍ ဒီမိုကရေစီစနစ်ကို အမြန်ဆုံး ဖြတ်သန်းနိုင်ကြပါစေ"

ဦးတင်ဦးက....

"ယနေ့လူငယ်တွေပြုလုပ်တဲ့ သက်ကြီးပူဇော်ပွဲဟာ မြန်မာ့ရိုးရာအစဉ်အလာ နှစ်ဆန်း ၁ ရက်နေ့ကောင်းမှုပြုပွဲတခုဖြစ်ပါတယ်။ ဒီကောင်းမှုကို လူငယ်တွေအသက်ကို ပဓာနမထားပဲ တနေကုန်တနေခန်း အစာငတ်ရေငတ် ကောင်းမှုပြုခဲ့ပြီးပါပြီ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ဒါနကောင်းမှုပဲပြုပြု၊ သီလကောင်းမှုပဲပြုပြု၊ ဘာဝနာကောင်းမှုပဲပြုပြု အသက်ကိုပဓာနမထားဘဲပြုတဲ့ကောင်းမှုမျိုးကို ပါရမီမြောက်တဲ့ကောင်းမှု ခေါ်ပါတယ်။ ဒီလိုကောင်းမှုမျိုးကို ရဟန္တာနဲ့ ဘုရားလောင်းတွေသာ ကျင့်နိုင်ကြပါတယ်။ ယနေ့လူငယ်တွေရဲ့ ကုသိုလ်ကောင်းမှုဟာ တကယ်မြင့်မြတ်လှပါတယ်"

ဦးအောင်ရွှေက ....

"လူငယ်တွေဟာ တကယ့်ကို အားထားရတဲ့ လူငယ်တွေ ဖြစ်ပါတယ်။ မြန်မာနဲ့ ကမ္ဘာ့နိုင်ငံရေးမှာကြည့်လျှင် တော်လှန်ရေးကာလမှာ လူငယ်တွေဟာ ရှေ့တန်းကနေ တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ဒီနေ့လုပ်ငယ်တွေရဲ့ တိုက်ပွဲဟာ NLD ရဲ့တိုက်ပွဲပါပဲ။ လူငယ်တွေရဲ့အားဟာ NLD ရဲ့အားပါပဲ။ ကျွန်တော်တို့အနေနဲ့ လူငယ်တွေကို တန်ဖိုးထားရကျိုးနပ်ပါတယ်။ လူငယ်တွေကို တကယ်ပဲ အားကိုးပါတယ်။ ကျွန်တော်တို့ ဒီမိုကရေစီပန်းတိုင်သို့ ဆက်လက် ချီတက်ကြပါစို့"

ဦးကြည်မောင်က ....

"ဒီနေ့ ခင်ဗျားတို့ကို သူတို့ လိမ်နည်းဘယ်နှစ်နည်းနဲ့ လိမ်သွားကြသလဲ။ အခုတော့ လိမ်စရာမကျန်တော့လို့ သူတို့ထွက်ပြေးသွားကြပါပြီ။ ခင်ဗျားတို့သူတို့ကို မပြောလိုက်ဘူးလား။ လိမ်လွန်းကောက်လွန်းရင် ကျိုးတတ်တယ်လို့ပြောသာပြောပါ။ အခုလည်း ကျိုးနေပြီထင်တယ်"

ဦးလွင်က ပြောပါသေးတယ်။

၁၇၊ ၄၊ ၉ဖြ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့ ကုက္ကိုင်းမီးပွိုင့် သက်ကြီးပူဇော်ပွဲဟာ ည ဖြနာရီမှာ အောင်မြင်စွာပြီးဆုံးသွားပါတယ်။

နောက်တနေ့ကြေးမုံသတင်းစာမှာ ဆောင်းပါးရှင်ပေါက်စက NLD လူငယ်တွေ ဘာသာရေးကို ခုတုံးလုပ်၊ နိုင်ငံရေးအမြတ်ထုတ်ပြီး ဆူပူအုံကြွအောင် မသမာတဲ့နည်းတွေနဲ့

ပြုလုပ်တယ်လို့ စွပ်စွဲချက်ဆောင်းပါး ပါလာတာကို အပြင်မှာ ဖတ်ဖူးတဲ့လူငယ်တွေ ဖတ်ဖူးမှာပါ။

ကျွန်တော်ကတော့ မောင်ပုရဲ့ နှစ်ဆန်း ၁ ရက်နေ့မှာ ဆူပူအုံကြွအောင်လုပ်တာ သူတို့ မဟုတ်ပါဘူး။ ဘယ်သူဖန်တီးတာလဲ။

"ဆောင်းပါးရှင်ပေါက်စခင်ဗျား။ ဘယ်အရာဟာ နိုင်ငံရေးနဲ့ကင်းပါသလဲ၊ ကျွန်တော်သိတဲ့ နိုင်ငံရေးဟာ နိုင်ငံတော်ရဲ့အရေး၊ နိုင်ငံတော်ရဲ့အရေးဟာ နိုင်ငံတော်အတွင်းမှာ နေထိုင်တဲ့ နိုင်ငံသားအားလုံးရဲ့အရေး၊ နိုင်ငံသားတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ စာဝတ်နေထိုင်ရေး၊ ဘာသာရေး၊ သာသနာအရေး အဲဒီအားလုံးဟာ နိုင်ငံတော်ရဲ့ အရေးပါပဲ။

ဒါနိုင်ငံရေးပဲ၊ ဒီလိုကျွန်တော်ခံယူထားပါတယ်။ ဘာဘဲဖြစ်ဖြစ် မောင်ပုရဲ့ မမေ့အပ်တဲ့ နှစ်ဆန်း ၁ ရက်နေ့ကတော့ မောင်ပုရဲ့ အမှတ်တရ NLD ရဲ့အမှတ်တရ၊ ကျွန်တော်တို့ အားလုံးရဲ့ အမှတ်တရဖြစ်ပါလိမ့်မယ်။

ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး လှုပ်ရှားမှုကြီးများအောင်မြင်ပါစေ။

pok;[dd&f;(um)

၂၇၊ ၁၂၊ ၀၁ (ကြာသပတေး)

(ကျွန်တော့်အား ၁၇၊ ၄၊ ၉၆ နှစ်ဆန်း ၁ ရက်နေ့ ကုက္ကိုင်းမီးပွိုင့် သက်ကြီးပူဇော်ပွဲ အကြောင်း ပြောပြသောမောင်ပုအား အထူးကျေးဇူးတင်လျက်)

ဃ ဃ ဃ ဃ ဃ

ကဲ–ကြည့်လုပ်ကြပါ။ နောက်မှ ပုတီးစိပ်လျှင် မမီတော့ပါ

နောင်ဆိုင်း

၁၉၄၅ – ဒုတိယကမ္ဘာစစ် ပြီးဆုံးသောအခါတွင် အမေရိကန်ဦးဆောင်သော အရင်းရှင်နိုင်ငံများအုပ်စုနှင့် ဆိုဗီယက်ဦးဆောင်သော ကွန်မြူနစ်နိုင်ငံများအုပ်စု ၂ အုပ်စု ဖြစ်ပေါ်လာခဲ့ပေသည်။ ထို ၂ အုပ်စု၏အားပြိုင်မှုကြောင့် တတိယကမ္ဘာအုပ်စုလည်း ဖြစ်ပေါ်လာပြီး ဘက်မလိုက်အဖွဲ့ကြီး ပေါ်ထွန်းလာခဲ့ပေသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန် နောက်ပိုင်းမှစ၍ ဗြိတိသျှနေမဝင်အင်ပါယာကြီးသည် ပြိုလဲသွားပြီးနောက် ထိုအချိန်မှစ၍ အင်္ဂလန်ကျွန်းစုနိုင်ငံများသည် အမေရိကန်၏ policy လွှမ်းမိုးမှုအောက် ရောက်ရှိသွားပြီးနောက် အမေရိကန်၏ ပြည်နယ်တခု (သို့) ဒုတိယ အမေရိကန်အဖြစ် အသားကျသွားပြီးဖြစ်ပေသည်။

ထိုအချိန်မှစ၍ အမေရိကန်သည်လည်းကောင်း၊ ဆိုဗီယက်သည်လည်းကောင်း၊ ၎င်းမဟာမိတ်အုပ်စုနိုင်ငံများပေါ်သို့ နိုင်ငံရေး၊ နိုင်ငံခြားရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေး၊ စစ်ရေးများအားလုံးကို တံခါးဖွင့်ဝါဒ ကျင့်သုံးလာခဲ့ပေသည်။ မဟာမိတ်နိုင်ငံများနှင့် ဆက်ဆံရာတွင် အမေရိကန်သည် စီးပွားရေးအုပ်စုများဖွဲ့စည်း၍ စီးပွားရေးအရ စိမ့်ဝင် စီးဆင်းစေခဲ့ခြင်း၊ စစ်ရေးအုပ်စုများဖွဲ့စည်း၍ စစ်ရေးအရ လက်နက်အင်အားလွှမ်းမိုး၊ ဈေးကွက်တိုးချဲ့ခဲ့ခြင်း၊ ယဉ်ကျေးမှုအရလည်း ကူးလူးဆက်ဆံမှုများဖြင့် လွှမ်းမိုးခဲ့ခြင်း စသည့် အကြောင်းအချက်များပေါ်အခြေခံ၍ တဟုန်ထိုး စီးဆင်းစေခြင်းဖြင့် ၁၉၅၀ ပတ်ဝန်းကျင်လောက်မှာပင် အမေရိကန်ဦးဆောင်သော ပထမကမ္ဘာအုပ်စု၏ Globalization စတင်ခဲ့သည်။ ၎င်းကမ္ဘာမှ ပြုခြင်းတွင် ထိုအချိန်က အမေရိကန်သည် တကမ္ဘာလုံးအတိုင်းအတာဖြင့် မကြွေးကြော်ခဲ့ပေ။ မိမိ၏မဟာမိတ်နှင့် လက်ဝေခံအုပ်စုများကြားတွင်သာ ကြွေးကြော်ခဲ့ပါသည်။

ထိုနည်းတူစွာ ရုရှားကိုအခြေခံ ဆိုဗီယက်ပြည်ထောင်စုသည်လည်း အရှေ့ဥရောပ မဟာမိတ်အုပ်စုများ ကြားတွင်လည်းကောင်း၊ အိန္ဒိယ၊ တရုတ်၊ မြောက်ကိုးရီးယား၊ ကျူးဘားနှင့်အာဖရိက၊ တောင်အမေရိက နိုင်ငံတချို့တွင်လည်းကောင်း၊ ကုန်ပစ္စည်းချင်း တိုက်ရိုက်ဖလှယ်မှုများမှစတင်၍ စီးပွားရေး အကူအညီထောက်အပံ့များ၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများအားလုံးတွင် Globalization ဒုတိယကမ္ဘာအုပ်စု၏ ကမ္ဘာမှုပြုခြင်းကို ဆောင်ရွက်ခဲ့ပေသည်။

သို့သော် အမေရိကန်နှင့် ဆိုဗီယက် ၂ နိုင်ငံစလုံးက ထိုအချိန်တွင် ကမ္ဘာမှုပြုခြင်းဟု မကြွေးကြော်ခဲ့ပေ။ အမေရိကန်က ကွန်မြူနစ်အန္တရာယ်ဆန့်ကျင်ရေးနှင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်းဘုတ်ကိုင်ခဲ့ပြီး ဆိုဗီယက်က အရင်းရှင်ဂုပ်သွေးစုတ်လူတန်းစား ဆန့်ကျင်ရေးနှင့် အလုပ်သမား၊ လယ်သမားနှင့် ပစ္စည်းမဲ့လူတန်းစားပေါ် အခြေခံ၍ သာယာဝပြောသော လူ့ဘောင်လောကသစ်ကြီးတည်ဆောက်ရေးအတွက် ပြည်သူ့ဒီမိုကရေစီကြွေးကြော်သံ ဆိုင်းဘုတ် ကိုင်စွဲခဲ့ပေသည်။

ဆိုဗီယက်နှင့် တရုတ် အကွဲအပြဲဖြစ်ပြီးနောက်တွင် တရုတ်က ဘက်မလိုက် ထိပ်သီး အဖွဲ့ ဦးဆောင်နေရာသို့ ရောက်ရှိလာပေသည်။ တရုတ်သည် စီးပွားရေးနှင့် စစ်ရေးအရ ကမ္ဘာမှုပြုနိုင်စွမ်း ထိုအချိန်က မရှိခဲ့ခြင်းကြောင့် ၎င်းနှင့်ရင်းနှီးသော မဟာမိတ်နိုင်ငံငယ်များ နယ်စပ်ဒေသ ပတ်ဝန်းကျင်နိုင်ငံများသို့ စစ်ရေး၊ နိုင်ငံရေး Globalization ပြုခဲ့ပေသည်။ ကျနော်တို့နိုင်ငံသည်လည်း မဆလ လက်ထက်မှစ၍ ဗိုလ်နေဝင်းအစိုးရသည် တရုတ်ကွန်မြူနစ်ပါတီ၏ နိုင်ငံခြားရေးနှင့် နိုင်ငံရေးလွှမ်းမိုးမှုအောက် ရောက်ခဲ့ရပေသည်။ ဘက်မလိုက်အဖွဲ့တွင် ရုရှား၏ မဟာမိတ်ကျူးဘားအုပ်စု အားကောင်းလာသောအခါ မဆလပါတီ၏ အစိုးရသည် တရုတ်ကွန်မြူနစ်ပါတီ၏ Policy အတိုင်း ဘက်မလိုက်အဖွဲ့မှ တစ်နိုင်ငံထဲ နုတ်ထွက်၍ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားသောအခါ ဘက်မလိုက်အဖွဲ့သို့ ပြန်လည် ဝင်ရောက်စေခဲ့ပါသည်။

၁၉၉၀ အထိ နှစ် ၅၀ နီးပါး အမေရိကန်၊ ဆိုဗီယက်၊ တရုတ်တို့အပြိုင် ကမ္ဘာမှုပြုရာတွင် နောက်ဆုံးတွင် အမေရိကန်၏ ကမ္ဘာပြုမှုအုပ်စုက ဆိုဗီယက်၏ ကမ္ဘာပြုမှုအုပ်စုကို ဖြိုခွဲလိုက်ပေသည်။ အမေရိကန်သည် အင်အားကြီးမားစွာ ကမ္ဘာပြုမှုအုပ်စုအဖြစ်သို့ ရောက်ရှိသွားပေသည်။ ၎င်းနောက်မှ တရုတ်၏ ကမ္ဘာပြုမှုအုပ်စုရှိနေပေသည်။ ရုရှားသည်လည်း ဥရောပကို အခြေခံ၍ နေရာပြန်လည်ရရှိရန် ကြိုးပမ်းနေပေသည်။

သမိုင်းသည် ကံကြမ္မာကို သူ့ဖာသာသူရွေးချယ်သွားပေသည်။ စပိန်၊ ပေါ်တူဂီနှင့် ဒတ်ချ်တို့သည် ကမ္ဘာပေါ်တွင် ပထမဆုံးအင်အားကြီးနိုင်ငံအဖြစ် ခေတ်သစ်ရာဇဝင်တွင် အမည်တွင်ခဲ့ပေသည်။ ခေတ်ဟောင်းရာဇဝင်တွင် မွန်ဂိုတာတား၊ ဂရိ၊ ရောမ၊ အော်တိုမင်အင်ပါယာတို့ ရှိပေမည်။ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်တို့နောက်တွင် ပြင်သစ်၊ ပရပ်ရှား၊ ရုရှား၊ ဖြတိသျှတို့ကို ကမ္ဘာကြီးက ရွေးချယ်ပေးခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးနောက်တွင် အမေရိကန်သည် နံပါတ်တစ်နေရာသို့ ရောက်ရှိလာခဲ့ပေသည်။ နှစ် ၅၀ ကျော်ကြာအောင် အမေရိကန်သည် လွှမ်းမိုးနေဆဲ ဖြစ်ပေသည်။ သို့သော် နှစ် ၂၀၀ ကျော်ကြာနေခဲ့သော ဖြတိသျှနေမဝင်အင်ပါယာနှင့် နှိုင်းယှဉ်လျှင် အမေရိကန်သည် သက်တမ်း လေးပုံတပုံလောက်သာပင် ရှိခဲ့ပေသည်။

ယခုအခါတွင် အမေရိကန် ဦးဆောင်၍ Globalization ကို ကြွေးကြော်နေပေရာ အထိန်းမတတ်လျှင် ကိမ်းကတ်ကတ်နှင့် အနားတွင်ကပ်နေသော တရုတ်နှင့်ရုရှားက စားသွားပေလိမ့်မည်။ ဟစ်တလာ၏ ညှဉ်ဖျင်းမှုကြောင့် ကမ္ဘာပေါ်တွင် အရင်းရှင်တို့ကြောက်လန့်ခဲ့သော

ကွန်မြူနစ်စနစ် အားကောင်းလာသကဲ့သို့ အမေရိကန်၏ မလုပ်တတ်မကိုင်တတ် Globalization ကြောင့် ကမ္ဘာမှုပြုရင်းနှင့်ပင် ကမ္ဘာသားအားလုံး တန်းတူညီမျှသော ကွန်မြူနစ်စနစ် နောက်တကြိမ် အားကောင်းလာလျှင်တော့ ကိုရွှေအမေရိကန်တို့ သိက္ခာကျစရာဖြစ်လာပေမည်။

အင်တာနက်၊ တတိယလိုင်းများ မည်မျှပင်ဖြစ်စေကာမူ လူတန်းစားကွာဟမှု ပြဿနာများ၊ လူဦးရေပေါက်ကွဲမှု ပြဿနာများ၊ ရိက္ခာရှားပါးမှုပြဿနာများ၊ အလုပ်ပိုင်ရှင်နှင့် အလုပ်သမားပြဿနာများ မပြီးဆုံးသေးသမျှကာလပတ်လုံး အလုပ်သမား၊ လယ်သမားပေါ် အခြေခံသည့် ကွန်မြူနစ်စနစ်သည် အကွက်ကောင်းစောင့်နေပေဦးမည်။ မည်မျှပင်ဖြစ်စေ Globalization သည် ကမ္ဘာ့လူဦးရေအားလုံးနီးပါးကို လူလတ်တန်းစားဖြစ်အောင် မလုပ်ပေးနိုင်ပေ။ လူဦးရေနည်းပါးသွားရန်လည်း စစ်ပွဲများဖန်တီး၍ ရှင်းလင်းရန်သာရှိပေသည်။ ထိုသို့ ပြုလုပ်ပါကလည်း လူ့အခွင့်အရေးကြွေးကြော်သံနှင့်ပတ်သက်၍ ပြောစရာဖြစ်လာပေမည်။

ထိုကြောင့် ကမ္ဘာမှုပြုခြင်းသည် ဒီမိုကရေစီခေတ်လွန် အမေရိကန်နှင့် မျိုးဂိုးအစဉ်အလာ စည်းနဲ့ကမ်းနဲ့ဒီမိုကရေစီဟု ကြွေးကြော်သော တရုတ်၊ အိန္ဒိယ၊ ရုရှားတို့၏ အားပြိုင်မှုတခု ဖြစ်လာပေလိမ့်မည်။

သေချာမှာတခုတော့ရှိသည်။ တတိယလိုင်းမလာ၍ စတုတ္ထလိုင်းတွေ့လာပါစေ။ Globali -zation (သို့) internet တွေ့လုပ်ပါစေ။ ကမ္ဘာ့နံပါတ်တစ်နေရာတွင် အမေရိကန်သည် အချိန်ကာလတခုရောက်သော် ဖယ်ပေးရတော့ပေမည်။ ထိုနေရာသို့ တရုတ် (သို့) အိန္ဒိယ (သို့) ရုရှားကရရှိသွားပေမည်။

သို့သော် လက်ရှိအခြေအနေအရ အဖြစ်နိုင်ဆုံးမှာ တရုတ်နိုင်ငံဖြစ်နေပေသည်။ ကမ္ဘာ့နိုင်ငံခြားရေးရာပြဿနာများအားလုံး ခြံငုံသုံးသပ်လျှင် ထိုအဖြေထွက်ပေမည်။ ရုရှားနှင့် အိန္ဒိယထက်စာလျှင် တရုတ်သည် အချက်အလက်များစွာ၌ ပိုမိုကောင်းမွန်နေပေသည်။ ဟောင်ကောင်နှင့် မကာအိုပြဿနာများတွင်လည်းကောင်း၊ ထိုင်ဝမ်ကျွန်းသည် တချိန်တွင် တရုတ်လက်အောက် သို့ ရောက်ရှိသွားမည့် ပြဿနာများတွင်လည်းကောင်း၊ ကမ္ဘာ့ကံကြမ္မာက စကားပြောလာပေလိမ့်မည်ဖြစ်သည်။

အမေရိကန်သည် လက်ရှိအခြေအနေအရ အရာရာအားလုံးတွင် တိုးတက်သာလွန်ကောင်းမွန်နေသော်လည်း ထိုအခြေအနေကို မည်မျှကြာအောင်ထိန်းထားနိုင်မည်နည်း၊ Globa - lization ကို မည်မျှ ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်မည်နည်း။ ရုရှား၊ အိန္ဒိယ၊ တရုတ်တို့ အားပြိုင်မှုကြီးကို မည်မျှရှေ့သို့ ရောက်အောင်ပြေးနိုင်မည်နည်း။

Globalization မကျွမ်းကျင်တော့ ဒီမိုကရေစီတပိုင်း (သို့) ကွန်မြူနစ်စနစ်တပိုင်း၊ ဒီမိုကရေစီတပိုင်းနိုင်ငံက ခေါင်းဆောင်သွားပေမည်။ ကဲ ကြည့်လုပ်ကြပါ။ နောက်တော့မှ ပုတီးစိပ်လျှင် မမီတော့ပဲ့။

သမိုင်းသုံးသပ်ချက်

သမိုင်းဆိုသည်မှာ
ဒီမှ

တို့ဝင်ဘီက သမိုင်းရေးနေတဲ့ သမိုင်းဆရာတယောက်ရဲ့စိတ်ခံစားမှု၊ အဲဒီအချိန်က အခြေအနေပုံစံ၊ သမိုင်းဆိုင်ရာအမြင်၊ မှားယွင်းမှုနဲ့ သမိုင်းဝေဖန်ရေးတွေကို အပြန်အလှန် စကားပြောတဲ့ပုံစံနဲ့ များစွာရေးသားထားပါတယ်။ ဒီစာအုပ်ဟာ တန်ဖိုးရှိလှပါတယ်။

သမိုင်းဆရာတယောက်ဟာ သမိုင်းရေးနေတဲ့အချိန်မှာ သူလက်ရှိရင်ဆိုင်နေရတဲ့ အခြေအနေဟာ သိပ်အရေးကြီးလှပါတယ်။ သူရေးသားနေတဲ့သမိုင်းဟာ အစစ်အမှန်လားဆိုတာ သံသယရှိလာပါတယ်။ ကွန်မြူနစ်ဆန့်ကျင်သူတွေဆိုရင် ကွန်မြူနစ်တွေမကောင်းကြောင်း၊ ကွန်မြူနစ်တွေမှားကြောင်း၊ ကွန်မြူနစ်တွေနဲ့ မပေါင်းရန် စေ့ဆော်နှိုးဆွတတ်ပါတယ်။ ဒါဟာ အရင်းရှင်ကို သဘောကျတဲ့လက်ဝေခံစားအုပ်စု၊ ၈၈ မတိုင်ခင်ကတော့ လက်ယာအမေရိကန်အုပ်စုပေါ့။ အဲဒါနဲ့ ဒီမိုကရေစီသမားယောင်ယောင်တွေလဲပါတယ်။ မဆလခေတ်တုန်းကဆိုရင်တော့ မဆလလက်ဝေခံအုပ်စုနဲ့ ကွန်မြူနစ်ဆန့်ကျင်တဲ့အုပ်စုတွေရဲ့ စကားဖြစ်ခဲ့တယ်။

အဲဒီလိုပဲ အရင်းရှင်စနစ်ကိုဆန့်ကျင်တဲ့ ကွန်မြူနစ်တွေကလည်း ပညာတတ်ဟာဖောက်ပြန်တဲ့ဥဉ်ရှိတယ်။ အချောင်သမားဝါဒ၊ သွေဖီရေးဆိုတဲ့ စကားလုံးတွေနဲ့ ပြန်တိုက်ခိုက်ကြတယ်။ စကားလုံးဝါဒတိုက်ပွဲတွေနဲ့ နှစ် ၄၀ ကျော်ဖြစ်ခဲ့ကြတယ်။

အဲဒီနောက်မှာ အနိုင်ရတဲ့လူဟာ အမှန်တရားဆိုပြီး ကွန်မြူနစ်စနစ် ပြိုလဲသွားတော့ ကွန်မြူနစ်ဆန့်ကျင်တဲ့ အမေရိကန်အုပ်စု ခေါင်းထောင်လာတယ်။ သမိုင်းဆိုတာ အနိုင်ရတဲ့လူအတွက် အမှန်တရားအနေနဲ့ရေးလို့မရဘူး။ အနိုင်ရမှုကိုပဲ အသိအမှတ်ပြုလို့ရတယ်။ အနိုင်ရမှုကို အမှန်တရားအနေနဲ့ရေးရင် သမိုင်းဆိုင်ရာ အမြင်မှားယွင်းမှုဖြစ်သွားမယ်။ အဲဒီကတဆင့် သမိုင်းဆိုင်ရာအချက်အလက်မှားယွင်းမှု၊ နောက် သမိုင်းအမှားဖြစ်သွားတယ်။

အဲဒီတော့ အမှားနဲ့ အမှန်ကို ပြန်ကြည့်ရအောင်။ အချက်အလက်နဲ့သုံးသပ်မှု မှားယွင်းမှု။ အဲဒီမှာ အချက်အလက်က **ရခြင်းနဲ့ရောက်နေတဲ့နေရာ** ပေါ်မူတည် အမှားအမှန်ရှိမယ်။ အဲဒါက နားလည်တဲ့ထောက်ပြသူဆိုရင် ဒါကို သူက ဘာမှပြောမှာမဟုတ်ဘူး။ သုံးသပ်ခြင်းမှားယွင်းမှုမှာတော့ ပြောစရာဖြစ်လာတယ်။

ပါရီကွန်မြူး ကျဆုံးသွားတာလား၊ အောင်မြင်သွားတာလား၊ ကဲ – ပြန်ဆန်းစစ်ရအောင်။ ပါရီကွန်မြူးကြောင့် ကွန်မြူနစ်စနစ်အခြေခံခဲ့တာရယ်။ သမိုင်းအရ ဒီမိုကရေစီပိုမိုပွင့်လင်းလာခဲ့တယ်။ ကွန်မြူနစ်စနစ်ကျဆုံးတာလို့ တဘက်ကသုံးသပ်တဲ့အချိန်မှာ တဘက်က

ကွန်မြူနစ်စနစ်လမ်းစ ပွင့်တယ်လို့ပြောမယ်။ အဲဒီလိုပဲ အမေရိကန်တော်လှန်ရေးဟာ အရင်းရှင်လူ့အဖွဲ့အစည်းရဲ့အုတ်မြစ်လို့ တဘက်ကပြောသလို တဘက်ကလည်း ဒီမိုကရေစီ အခြေခံပါလို့ပြောမှာဘဲ။ အင်္ဂလန်တော်လှန်ရေး ဒီအတိုင်းသုံးသပ်လို့ရတယ်။ ရုရှားအောက်တိုဘာတော်လှန်ရေး၊ တရုတ်တော်လှန်ရေး၊ ကျူးဘားတော်လှန်ရေးတွေလည်း ဒီလိုပါပဲ။ ဒါဆို ဒီနေ့စံနဲ့တိုင်းတာရင် တော်လှန်ရေးသမားအများစု ဘာကိုဆွဲကိုင်သလဲ အဲဒါနဲ့တိုင်းမယ်။

ဒီနေ့တော်လှန်ရေးသမားအများစုရော၊ အကြမ်းဖက်အုပ်စုတွေလို့အမည်ခံ အဖွဲ့အစည်းတော်လှန်ရေးသမားများဟာ သူတို့မသိသေးတာ၊ ဒါမှမဟုတ်လည်း ပို့ချလိုက်တဲ့လူက တိုက်ရိုက်မပြောတာလည်းဖြစ်ချင်ဖြစ်မယ်။ သီအိုရီအရဆိုရင်တော့ ကွန်မြူနစ်တော်လှန်ရေးထဲက အချက်အလက်တွေပိုများပါတယ်။ ဒါဟာ ကွန်မြူနစ်တော်လှန်ရေးတွေကမ္ဘာပေါ်မှာ အရေအတွက်များပြားခဲ့လို့ဖြစ်ပါတယ်။

သမိုင်းဆိုင်ရာ အမှန်အမှားအချက်အလက်ကို ကျနော်တို့နိုင်ငံနဲ့ ချိန်ထိုးကြည့်ရအောင်၊ ဖဆပလ ခေတ်တုန်းက ဖဆပလ အစိုးရဟာ အနိုင်ရတာ၊ မဆပလ ဟာ သမိုင်းအမှန်တရားမဟုတ်ဘူး။ အဲဒီလိုဘဲ မဆလ၊ နဝတ၊ နအဖ လည်း အဲဒီအတိုင်းပဲ၊ ဘာသက်သေနဲ့ပြမလဲ။ သိပ်ရိုးစင်းပါတယ်။ အတိုက်အခံအဖွဲ့၊ အတိုက်အခံတော်လှန်ရေးသမားတွေနဲ့ပြမယ်။ သူတို့ကို ဆန့်ကျင်တဲ့လူလုံးဝမရှိရင် သူတို့ဟာ အမှန်တရားပဲဖြစ်လာလိမ့်မယ်။ ဒါတောင်မှ ပဲ့တင်သံတွေမခံနိုင်လို့ ဂယက်တွေရင်မဆိုင်ရဲလို့ မပြောတဲ့လူတွေရှိအုန်းမှာပါ။ အဲဒီတော့ ကွန်မြူနစ်စနစ်ပြိုလဲတယ်ဆိုတဲ့၊ နိဂုံးချုပ်တယ်ဆိုတဲ့ အမေရိကန်ရဲ့အမြင်၊ ဖရန်စစ်ဖူကူယားမားအမြင်တွေဟာ မမှန်တော့ပါဘူး၊ တရုတ်ကွန်မြူနစ်ပါတီရှိနေတာရယ်၊ မြောက်ကိုးရီးယားနဲ့ ကျူးဘားကွန်မြူနစ်ပါတီတွေ အသက်ဆက်နေတာရယ်က သက်သေပြနေတယ်။ တရုတ်စီးပွားရေးက အရင်းရှင်ပုံစံဆိုပြီး သွားမပြောနဲ့၊ အမေရိကန်ရဲ့ ဥရောပဘုံစျေးကို ကွန်မြူနစ်ပုံစံလို့ ပြန်ပြောလိမ့်မယ်၊ အစ္စရေးနိုင်ငံက ဘုံလယ်ယာစနစ်တွေကို ပြန်ထောက်ပြလိမ့်မယ်။ အဲဒီတော့ အချက်အလက်နဲ့သုံးသပ်ချက်မှားခြင်းဆိုတာ မရေရာတော့ဘူး။

ကျနော်တို့ ယန်းပေါဆတ်ရဲ့ သမိုင်းသုံးသပ်ချက်ကို ပြန်ကြည့်ရအောင်၊ သူက သမိုင်းလို့မပြောဘူး၊ သုံးသပ်ချက်။ ပထမပိုင်းမှာ သူဟာ ပြင်သစ်ကွန်မြူနစ်ပါတီကနေ နာဇီဂျာမဏီကို တော်လှန်ရေးလုပ်တယ်။ နောက် ပြင်သစ်လည်း လွတ်လပ်ရေးရသွားတဲ့အခါမှာ ကွန်မြူနစ်ပါတီနဲ့ အဆင်မပြေဖြစ်ပြီး အပြန်အလှန် ဝေဖန်တိုက်ခိုက်ကြတယ်။ (Communisim Vs. Existentialism) စာအုပ်လည်းရေးတယ်။ နောက်ကြာတော့လည်း သူသိလာတယ်။ ဘုရားမဲ့နဲ့ ဘုရားရှိ Exist ၂ ဘက်ကို ပြန်လှန်သုံးသပ်ရင်းနဲ့ပဲ ဝေဖန်ရေးကြောင့် အလောတကြီး သုံးသပ်မှားယွင်းမှုကို သူတွေ့လာပြီး ဝေဖန်ရေးမလုပ်တော့ဘူး။ ဘယ်အချိန်မှာ ဘယ်ဟာ အမှန်ဆုံးလည်း၊ အသင့်လျော်ဆုံးလည်း၊ ပြောလာခဲ့တယ်။ အဲဒီတော့မှ ယန်းပေါဆတ် သူကိုယ်သူ လွတ်မြောက်သွားတယ်။ အဲဒီတော့မှ သူထုတ်ဖော်ပြောတယ်။ Exist တယောက်ပီသသွားပြီလို့၊ ခေါင်းထဲမှာ ထက်မြက်တဲ့ဓားနဲ့ လွတ်လပ်ပွင့်လင်းသီဝရီပေါ့၊ အဲဒါကို နောက်ပိုင်းမှာ

မော်ဒန်၊ ပို့စ်မော်ဒန်သမားတွေယူသုံးခဲ့တယ်။ အဲဒီသီအိုရီကို ယန်းပေါဆတ်က ၁၉၇၀ ပတ်ဝန်းကျင်မှာ ပြောဖူးတယ်။

ဝေဖန်ရေးသွားလုပ်တာ ဝေဖန်ခံရတဲ့သူတွေ အစတွေပြန်ဆွဲထုတ်ပြလိုက်တာနဲ့ ဝေဖန်ရေးသွားလုပ်သူ ခေါင်းမူးသွားတယ်။ ဒါကြောင့် Existentialist စစ်စစ်သမားဟာ ဝေဖန်ရေးမလုပ်ဘူး။ ကွန်မြူနစ်အတွေးအခေါ်မှာတော့ အပြုသဘောဝေဖန်ရေး ဆိုတာရှိတယ်။ အဲဒါကို မဆလ က ဆွဲသုံးရင်းနဲ့ စကားလုံးတင်ကျန်ခဲ့တယ်။ ဖဆပလ ခေတ်တုန်းကလည်း အတိုက်အခံအဖွဲ့တွေသုံးကြပါတယ်။

သမိုင်းမှားတယ်နဲ့မှန်တယ်ဆိုတာ အင်အား၊ အနိုင်ရမှုနဲ့ မဆိုင်တော့ပါဘူး။ ယေဘုယျသီအိုရီအရကြည့်တော့ အဖြေထွက်မယ်။ အပြုသဘောပဲ၊ အမှန်တရားမဟုတ်ဘူး၊ ဖရန်စစ်ဖူကူယားမားရဲ့ သမိုင်းနိဂုံးဟာ သက်သေပြထားတယ်။ တရုတ်၊ ကိုးရီးယား (မြောက်)၊ ကျူးဘားနဲ့ ရုရှားဆီက ကွန်မြူနစ်ပါတီတွေ အသက်ဆက်နေတာရယ် အမေရိကန်ရဲ့ Globalization ကို ကမ္ဘာ့အလုပ်သမားတွေ လက်မခံဘဲ ဆန္ဒပြတဲ့ပွဲတွေက သက်သေထူတယ်။ ဒါတောင်မှ ၁၀ နှစ်ပဲ ရှိသေးတယ်။ ကဲ ဖရန်စစ်ဖူကူယားမားရေ ... သမိုင်းဆိုင်ရာအမြင်နဲ့ကြည့်ရင် ခင်ဗျားလည်းမှားနေပြီ။ အကယ်၍များ အလုပ်သမားအဖွဲ့အစည်းကနေ ကွန်မြူနစ်တွေ ခေါင်းထောင်လာရင်တော့ ခင်ဗျားစာအုပ်ဟာ သမိုင်းအမှားကြီးတခုဖြစ်သွားမယ်။ အဲဒီအချိန်ကျရင် လီနင်တို့၊ စတာလင်တို့ ရုပ်ထုတွေဖျက်ဆီးသလို ခင်ဗျား စာအုပ်တွေ မီးရှို့ခံရလိမ့်မယ်။

အဲဒီတော့ သမိုင်းဆရာဆိုတာဟာ အားလုံးကို ကြည့်မယ်ဆိုရင် အကွက်အကွင်းတခု၊ အခြေအနေ၊ အချိန်အခါတခုကိုပဲ ဖော်ပြရေးသားလိုက်တာပါ။ သတ်မှတ်တဲ့ပုံစံမှာ အမှားအမှန်ကို သုံးသပ်တာပါ။ အဲဒီတော့ နောက်ကာလတခုမှာ မှားချင်မှားသွားမယ်၊ မှန်ချင် ပို မှန်လာမယ်။ လီနင်ဟာ သူရဲကောင်းပြန်ဖြစ်လာနိုင်သလို၊ ဖရန်စစ်ဖူကူယားမားလည်း ပိုမို ကိုးကွယ်လာနိုင်တယ်။ တတိယလှိုင်းလည်း ပြိုလဲသွားနိုင်သလို စတုတ္ထလှိုင်းလည်း ပေါ်လာနိုင်တယ်။ Globalization အောင်မြင်နိုင်သလို ပြိုလဲသွားနိုင်ပါတယ်။ နောက်ဆုံး အမေရိကန်ပြည်ထောင်စုကြီးတောင် ပြိုကွဲသွားနိုင်တယ်။ ရုရှားက ရူးသွပ်နေတဲ့ ခေါင်းဆောင်က လက်ဦးမှုအနေနဲ့ အမေရိကန်ဆီကို နျူကလီးယားထိပ်ဖူးတွေပစ်လိုက်ရင်၊ မဖြစ်နိုင်ဘူးလို့ မပြောနေနဲ့လေ။ WTC ကြီးက သက်သေရှိတယ်။

ဒီကာလကြီးမှာတော့ မသေချာမှုအားလုံးဟာ အသေချာဆုံးဖြစ်နေပြီ။ မဖြစ်နိုင်တာ အားလုံးဖြစ်နေပြီ။ အခြေအနေအချိန်အခါတခုမှာ သမိုင်းကိုမှတ်တမ်းတင်ရဲတဲ့ သမိုင်းဆိုင်ရာသုံးသပ်ရေးသားသူအားလုံးကိုတော့ လေးစားစွာ အသိအမှတ်ပြုဖို့ ကောင်းပါတယ်။ သာမန်လူတွေမမြင်တာတွေ သူတို့မြင်တာကို။

ကဲ ... ဆက်ပြီး သမိုင်းတပတ်လည်ခြင်းကို ကြည့်ရအောင်။

ဒီမို

ဖြစ်ရပ်မှန် – သရော်စာ

}udKifvnf;aeraumif;ol;

ဝိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်ပြီး အဖွဲ့ဝင်အဖြစ် အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံခြားရေးဌာနဝန်ကြီး ဦးအုန်းကျော်တို့သည် ချစ်ကြည်ရေး ခရီးအဖြစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ အလည်အပတ်ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံမှ စစ်အစိုးရအဖွဲ့ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ရောက်ရှိပြီး မကြာမီ အချိန်အတွင်း၌ ဖိလစ်ပိုင်ပြည်သူများထဲမှ ဒီမိုကရေစီလိုလားသူ ပြည်သူအချို့နှင့် ကျောင်းသားများက မြန်မာစစ်အစိုးရတည်ခိုရာ ဟော်တယ်ရှေ့သို့သွားရောက်ပြီး ဆန္ဒပြ၊ မောင်းထုတ်ကြ၍ ဖိလစ်ပိုင်အစိုးရမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်တို့အား ရဟတ်ယာဉ်များဖြင့် အခြားဟော်တယ်တစ်ခုသို့ ပြောင်းရွှေ့ပို့ဆောင်လိုက်ရသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်တို့သည် အခြားဟော်တယ်တစ်ခုသို့ရောက်ရှိပြီး အနားယူနေခိုက်တွင် ဆန္ဒပြ ဖိလစ်ပိုင်ပြည်သူအချို့နှင့် ကျောင်းသားများသည် ၎င်းဟော်တယ်သို့ ထပ်မံရောက်ရှိလာပြီး ဆန္ဒပြ မောင်းထုတ်ကြပြန်သဖြင့် အနေအထိုင်ရခက်နေသည့် မြန်မာစစ်အစိုးရအဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အား ဖျက်သိမ်းပြီး မြန်မာနိုင်ငံသို့ ချက်ချင်းပြန်ရန်ပြင်ဆင်ပြီး မနီလာလေဆိပ်သို့ ပြန်လည် ထွက်ခွာခဲ့တော့သည်။

မနီလာလေဆိပ် ဧည့်ခန်းမဆောင်၌ လေယာဉ်စောင့်ဆိုင်းရင်းအနားယူနေစဉ် အတွင်း စိတ်မောလူမော၊ မောနေသည့် စစ်အစိုးရအဖွဲ့သည် နှုတ်ဆိတ်နေတော့သည်။ ထိုသို့ နှုတ်ဆိတ်နေသောအချိန်တွင် ဗိုလ်ချုပ်ကြီးသန်းရွှေ မှ "နောက်ခရီးစဉ်တွေကို ကျွန်တော်မလိုက်တော့ဘူး။ ကိုခင်ညွန့်၊ ကိုအုန်းကျော်တို့ပဲသွားကြတော့ဗျာ။ ကြိုင်လည်း သိပ်နေကောင်းတာမဟုတ်ဘူး" ဟူ၍ ဆိုလိုက်လေတော့သတည်း။

(ခေတ်ဖြိုင်ဂျာနယ်မှ၊ ပြန်လည်ခံစားသည်)

သီဟရာဇာ

အမှတ်တရ

သန်းခေါင်ဟာ အရာကော်ဦးရဲ့ ရှေ့ပြေး

ကျက်ထွေး

(၁)

ဆောင်းအကုန်နွေအကူး၊ လေရူးတွေအသုန်ဖြူး၊ ဥသြတွန်တဲ့လရာသီ ရွာက်ဟောင်းကြွေ မြေမှာခချိန်မို့ ရိုးတံကြဲကြွေတွေကြားက တထိန်ထိန်သာနေတဲ့ လမင်းကြီးကို လှမ်းမြင်ရတာလည်း အင်မတန်လက်ရာမြောက်တဲ့ ပန်းချီကားတချပ်လို၊ ကျနော်ထိုင်နေတဲ့ သစ်မြစ်ဆုံကို ပွတ်သပ်နမ်းထိရင်း အရှိန်ပြင်းစွာနဲ့ စီးဆင်းနေတဲ့ ပွန်ချောင်းရဲ့ ရေစီးသံဟာ အလွမ်းတေးတပုဒ်ဆိုညည်းနေသလားအောက်မေ့ရ။ လူတရပ်နီးပါးနက်ပေမယ့် အောက်ကြမ်းပြင်ကို မြင်နေရအောင်ကြည်လင်နေတဲ့ရေတွေဟာ ကျောက်တုံးကျောက်ဆောင်တွေတိုက်မိပြီး ဖြာထွက်လာစဉ် ရေမှုန်ကလေးတွေကို လရောင်ဖြန်းတော့ ဘော်ငွေရောင်တွေ တဖိတ်ဖိတ်နဲ့ ပုစဉ်းရင်ကွဲ၊ ပုရစ် စတဲ့ ပိုးကောင်တွေရဲ့ အော်မြည်သံတွေကြားက တချက်တချက် ထွက်ပေါ်လာတဲ့ ဇီးကွက်၊ ဇီးကွက်ဆိုတဲ့အသံတွေဟာ ညကိုပိုပြီး ပန်းတင့်စေပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကဆို သီချင်း တပုဒ်တော့ရေးဖွဲ့မိမှာ။

(၂)

ယခုတော့ ကျနော့်ပေါင်ပေါ်မှာ နှစ်ပေါင်းများစွာနေရာယူလာခဲ့တဲ့ ဂစ်တာဒိုလေးအစားလူတွေကို သေစေတတ်တဲ့သေနတ်တလက် ရောက်နေတာတောင် ၁၀ နှစ်မကတော့။ အတိတ်ဆီ ပြန်လွှမ်းမိတော့ တက္ကသိလာမြကျွန်းသာ၊ ရေတမာပင်၊ သစ်ပုတ်ပင်နဲ့ ဂျပ်ဆင်အိုး၊ ဘွဲ့နှင်းသဘင် အဓိပတိလမ်း၊ တရားဟောစင်လုပ်ခဲ့တဲ့ ဂျပ်ဆင်အမိုး၊ ဦးချစ် လက်ဖက်ရည်ဆိုင်နဲ့ လှည်းတန်းအဝိုင်း၊ ကန့်ကော်တန်း၊ ပြီးတော့ တသက် တယောက် တချစ်ထဲ မြတ်နိုးစွာခင်တွယ်မိတဲ့ ဖြူ။ နာမည်နဲ့လိုက်အောင် ဖြူဝင်းတဲ့အသားအရောင်၊ ပြည့်ဖြိုးတဲ့ကိုယ်နေဟန်။ သဘောလည်းဖြူ မနောလည်းဖြူ။ ကျနော့်အဖေနှင့် အမေကို မိဘလိုချစ်တတ်သူ။ သူ့မိဘတွေနဲ့ ကျနော့်ကို ရင်းနှီးကျွမ်းဝင်အောင်လုပ်ပေးသူ။ မငြူစူ စိတ်မကောက်တတ်၊ ဖော်ရွေအပြီးနဲ့ ချစ်စရာကောင်းသူ။

ခွဲခွာရတဲ့ ၁၀ နှစ်ကျော်ကာလတွေမှာ အိမ်ထောင်ရက်သားကျလို့ ကလေးတွေရနေရော့သလား။ ဒါမှမဟုတ် ကိုယ့်ကိုပဲ တမ်းတမှန်းဆရင်း စောင့်မျှော်နေတုန်းပဲလား။ အဖြေရယ်မသိနိုင်၊ လေယူရာပါသွားတဲ့ မိုးတိမ်တွေနဲ့ လူကြုံစကားပါးလိုက်ချင်ရဲ့။ ကိုယ့်ကိုမေ့လိုက်

ပါတော့လို့။ မရေရာတဲ့တော်လှန်ရေးမှာ ဘယ်လျှုမြောင် ဘယ်ကမ်းပါးမှာ အသက်ပေးရမလဲ မသိ။ နောင်ဘဝကျမှ ဆုံကြရအောင်လား ဖြူရယ်။

တဦးတည်းသောသားမို့ ငုံထားမတတ်ချစ်တဲ့ အဖေနဲ့အမေ၊ ၁၀ တန်းကို လေးဘာသာ ဂုဏ်ထူးနဲ့အောင်တော့ အဖေ့လိုအင်ဂျင်နီယာဖြစ်စေချင်တဲ့ မိဘနှစ်ပါးရဲ့ဆန္ဒကိုဆန့်ကျင်၊ သချိုင်္ဂဟူ၊ အမေ့လို ကထိကဖြစ်ချင်တဲ့သားဆန္ဒကို လိုက်လျောကြ၊ ကလေးဘဝမှ တက္ကသိုလ်ကျောင်းသားဖြစ်သည်အထိ လိုချင်ရာဆောင်ကြဉ်းပေးတဲ့မိဘနှစ်ပါး၊ သားတောခိုတော့ ရင်မှာ ပရိဝေဒမီးတို့ ဘယ်လောက်ထိတောက်လောင်လိုက်မလဲ။

အခုအချိန်မှာ ဇရာတွေထောင်းလို့ ပင်စင်စားတွေဖြစ်ရော့မယ်။ သက်ရှိထင်ရှားရှိနေကြသေးရဲ့လားမသိ။ မွေးကျေးဇူးဆပ်ဖို့ဝေးစွ၊ ဆေးပေးမီးယူလေးတောင် မလုပ်နိုင်တော့တဲ့သားကို ဒီတသက်ခွင့်လွှတ်ပါ။

ဖေဖေ၊ မေမေ အနန္တကျေးဇူးရှင်တွေနဲ့ ချစ်ရပါသော ဖြူ၊ သမိုင်းပေးတာဝန်တွေကို ထမ်းဆောင်နေသူတယောက်ကို နားလည်ခွင့်လွှတ်ကြမယ်ဆိုတာ ယုံကြည်မိပါတယ်။

(၃)

ငယ်ငယ်က သူငယ်ချင်းတွေစစ်တိုက်တမ်းကစားတဲ့အခါ ကျနော်မပါခဲ့။ ဘုရားစျေးတန်းလျှောက်တဲ့အခါ ကျနော်မပါခဲ့။ ဗန္ဓုလခမောက်၊ ဓား လှံ ကျနော်မပူဆာ။ ကျိုက်ထီးရိုးပြန်လက်ဆောင်သေနတ် ကျနော်မဝယ်။ ဂဏန်းသချိုင်္ဂကိုသာတွက်၊ ဖော်မြူလာတွေထုတ်၊ ဘာသာတရားပဲ ကျနော်လုပ်ခဲ့တယ်။ ဗုဒ္ဓဘာသာမိဘ ၂ ပါးရဲ့ အုပ်ထိန်းမှုအောက်မှာ လိမ်မာယဉ်ကျေးပြီး ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲခဲ့တဲ့ ကျနော်၊ ခုတော့ ပါဏာတိပါတာဂံကို အကြိမ်ကြိမ်ကျူးလွန်မိ။

ကိုယ့်အိပ်ရာဘေး၊ ကိုယ့်ခြေရင်း၊ ကိုယ့်တယောက်ကျော်က ယုံကြည်ချက်တူရဲဘော်တွေလည်း နေမြင်ညပျောက်၊ ညမြင်နေ့ပျောက်နဲ့ အသက်ပေးခဲ့ရတာတွေလည်း မနည်းပြီ။ ကိုယ်နိုင်တဲ့အခါ ကျဆုံးသူတွေကို သင်္ဂြိဟ်နိုင်ခဲ့ပေမယ့် ကိုယ်ရှုံးတဲ့အခါ အသက်လုပြီးပြေးခဲ့ရပေါ့။ သေနတ်ဖောက်အလေးပြု မျက်ရည်ဝဲကာအမျှဝေရုံကလွဲလို့ အလောင်းတောင်မြင်ခွင့်မရလိုက်တဲ့ဘဝတွေပါ။

မိဘကိုမလွမ်းနိုင်၊ ချစ်သူကိုမတမ်းတအား၊ လျှုမြောင်ချောက်ကမ်းပါးတောအထပ်ထပ်မှာ၊ တောင်အသွယ်သွယ်မှာ အသက်လုစစ်ပွဲတွေနဲ့၊ ဗုံးသံအမြောက်သံယမ်းငွေ့တွေကြားအချိန်တွေကိုကုန်လွန်ခဲ့ရတာ ကြာပြီပေါ့။ တခါတရံတော့လည်း တွေးမိသား။ မြန်မာပြည်ကာကွယ်တယ်ဆိုတဲ့စစ်တပ်ကအရာရှိကြီးတွေ လူတစုကို မလွန်ဆန်ရဲကြခိုန်မှာ စာသင်ခန်းထဲကကျောင်းသားတွေက တော်လှန်ရေးဆင်နွှဲနေကြ၊ ဗိုလ်ချုပ်ထူထောင်ခဲ့တဲ့စစ်တပ်၊ ခုတော့ ဗိုလ်ချုပ်ချစ်တဲ့ပြည်သူကိုသတ်၊ ဗိုလ်ချုပ်သမီးကို အကျယ်ချုပ်ထားပြီး နိုင့်ထက်စီးနင်းအမျိုးမျိုးပြုလုပ်၊ ဗိုလ်ချုပ်သာမြင်ရင် ဘယ်လိုနေမလည်း။

၁၉၆၂ ရာဇပလ္လင်ပေါ်မှာ မိစ္ဆာတဏှာရူး နေဝင်းတက်တော့ သူ့အတွက် စစ်ဘီလူးတွေ

က ကျောင်းသား အလုပ်သမားသွေးနဲ့ ယာဇ်ပူဇော်၊ ရဟန်းရှင်သွေးတောင်အဆစ်ပါသေး၊ တိုင်းပြည်ရဲ့ဘဏ္ဍာကို ကိုယ်ကျိုးအတွက်စီးပွားရှာ၊ လက်နက်အားကိုးနဲ့ ထင်ရာစိုင်း၊ ပြည်သူမှာ စားစရာမဲ့၊ ပေါ်ကြွယ်တဲ့သယံဇာတ အဖိုးတန်သစ်တော၊ အင်းအိုင်မြစ်ချောင်းပင်လယ်တွေ ရှိပေမယ့် တိုင်းပြည်က LDC ဖြစ်၊ သူတို့က စည်းစိမ်ခံ၊ မူမမှန်တဲ့ မဆလ စနစ်ဆိုး၊ မြေလှန်ကာ အမြစ်ဖြတ်ခဲ့ပေမယ့် သွေးဆာတဲ့စစ်ဘီလူးတို့ကျန်နေသေး၊ ပါးစပ်က ဈေးကွက်စီးပွားရေးစနစ် အော်၊ ပြည်တွင်းက ရှိတာတွေရောင်းထုတ်၊ လင်သေလို့ဘာမှမလုပ်တတ်တဲ့မိန်းမ အတွင်း ပစ္စည်းတွေချရောင်းတဲ့ အထည်ကြီးပျက်ပုံစံ၊ တိုင်းပြည်ကနစ်နာ၊ ပြည်သူတွေစာရိတ္တပျက်၊ မြန်မာရာဇဝင်သမိုင်းတလျှောက်မှာ အဆိုးဆုံးအုပ်ချုပ်သူလူတန်းစား .... ကမ္ဘာကြေတောင် ဥဒါန်းမကြေဘူး။

NLD နှင့်၊ LA နှင့် AB၊ ကျောင်းသားနဲ့ပြည်သူ၊ ရဟန်းရှင်လူ မြန်မာပြည်မှာ တိုင်းရင်းသားတို့ပေါင်းစည်းကာ၊ ဟန်ချက်ညီ မြေပေါ်မြေအောက်ချိတ်ဆက်ကာလက်တွဲ၊ ဒေါ်စု ကို တပ်ဦးမှာထား၊ အင်တာနေရှင်နယ်ဖိအားနဲ့ စစ်ဘီလူးကိုဖြုတ်ချ။ သာယာတဲ့ပြည်ထောင်စု တည်ဆောက်မျှော်မှန်းရင်း ကြည်နူး .... အော် ခုတော့လည်း လျှို့မြောင်ကြားမှာ သေနတ်စွဲလို့ တိုက်ပွဲဝင်ဆဲ .... ။

(ABSDF မှရဲဘော်အတွက် အင်္ဂါးခံစားသည်။)

ဒဿဂ

ဝ်ဝ်ဝ်ဝ်



အထူးကဏ္ဍ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အိတ်ဖွင့်ပေးစာ

မောင်သံတိုင်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခင်ဗျား ...

ကျနော် တပ်မတော်ထဲမှာ အလေးစားဆုံး ၃ ယောက်ရှိပါတယ်။

(၁) ဗိုလ်ချုပ်အောင်ဆန်း

(၂) ဗိုလ်မှူးချုပ်ကျော်ဇော

(၃) ဗိုလ်ကြီးအုန်းကျော်မြင့်

တို့ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းကတော့ တပ်မတော်ရဲ့ဖခင်၊ လွတ်လပ်ရေးဗိသုကာ၊ အမျိုးသားခေါင်းဆောင်တယောက်အနေနဲ့ အားလုံးသိကြပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဇောကတော့ ရဲဘော် သုံးကျိပ်ဝင်ကနေတဆင့် နိုင်ငံခြားကျူးကျော်မှုကို လွတ်လပ်ရေးရပြီးနောက်မှာ အောင်မြင်စွာမောင်းထုတ်နိုင်ခဲ့သူဖြစ်လို့ပါ။

ဗိုလ်ကြီးအုန်းကျော်မြင့်ကတော့ စစ်အာဏာရှင်စနစ်ကို စစ်တပ်ရဲ့မှားယွင်းတဲ့လမ်းကြောင်းပေါ်မှ ပြန်လည်ဆွဲတင်လိုတဲ့ကြိုးပမ်းမှုတခုကြောင့်ဖြစ်ပါတယ်။

နိုင်ငံတခုတည်ရှိဖို့ အဲဒီနိုင်ငံကိုအုပ်ချုပ်မယ့်အစိုးရ၊ ကာကွယ်စောင့်ရှောက်မယ့် လုံခြုံရေးအဖွဲ့၊ အစိုးရကိုင်စွဲမယ့် အခြေခံဥပဒေ၊ နိုင်ငံသားများရှိနေခြင်း အချက်တွေလိုပါတယ်။ အဲဒီတော့ ဗိုလ်ချုပ်မှူးကြီးတို့နဲ့ သက်ဆိုင်တဲ့ တပ်မတော်အကြောင်း ပြောကြရအောင်။

၁၉၆၉ တပ်မှူးကြီးများညီလာခံမှာ ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မှူးတွေနဲ့ အရာရှိတွေကို မိန့်ခွန်းပြောတဲ့အခါမှာ ...

"နိုင်ငံရဲ့တပ်မတော်ကို လူထုရှုမုန်းစက်ဆုတ်လာတဲ့အခါမှာ အဲဒီတပ်မတော် လက်နက်ကိုင်ဓားပြအကြီးစားအဖွဲ့ကြီး ဖြစ်သွားပြီ မှတ်"

အဲဒီလိုပြောခဲ့ပေမယ့်လည်း တော်လှန်ရေးကောင်စီနဲ့ မဆလခေတ်မှာ တပ်မတော်သတ်ခဲ့တဲ့ ကျောင်းသားလူငယ်၊ နိုင်ငံသားအားလုံးရဲ့ဝိဉာဉ်နဲ့သွေး သက်သေထူရရင်တော့ အဲဒီကာလ ၂၆ နှစ် နိုင်ငံခေါင်းဆောင်လုပ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း သိပ်ရှက်သွားလိမ့်မယ်ထင်တယ်။

နိုင်ငံကို ကာကွယ်ဖို့ အဲဒီနိုင်ငံကလူထုက အဲဒီနိုင်ငံတပ်မတော်ကို လေးစားဖို့လိုပါတယ်။ လူထုနဲ့ တပ်မတော် အပြန်အလှန်လေးစားမှုသာ တိုင်းပြည်ဟာ တည်ငြိမ်တဲ့ နိုင်ငံရေး

ပုံစံရောက်ရှိပါမယ်။ ၁၉၈၈ ရှစ်လေးလုံးပြီးနောက် တပ်မတော်က အာဏာသိမ်းတာပဲဖြစ်စေ၊ အာဏာလွှဲပြောင်းယူတာပဲဖြစ်စေ လူထုရဲ့စကားသံက 'ရေစစ်တောင် အိမ်မှာမထားတော့ဘူး' တဲ့။ အခုတော့လည်း ၁၃ နှစ်ကျော်သွားပြီ။ ရေစစ်တွေလည်း ပြန်သုံးနေကြပါပြီ။ ဒါပေမယ့် အစိမ်းရောင်ရေစစ်တွေမဟုတ်တာ သေချာပါတယ်။

ဗိုလ်ချုပ်လက်ထက်တုန်းကတော့ တပ်မတော်ဟာရိုးသားခဲ့ပါတယ်။ ဗိုလ်ချုပ်သေပြီးနောက်မှာ ဖဆပလ လက်ထက်ရောက်တပ်မတော်ကို လက်ကိုင်တုတ်လုပ်ဖို့ ဦးနုနဲ့ ဦးကျော်ငြိမ်း လူမွေးကြရင်းနဲ့ပဲ တပ်မတော်ဟာ ဗိုလ်ချုပ်အိပ်မက်တွေကို ဖျက်ဆီးလိုက်ပါတယ်။ ဦးနုက တပ်မတော်စီးပွားရေးကို သီးခြားလုပ်ခွင့်ပေးချလည်းကောင်း၊ ဦးကျော်ငြိမ်းဟာ ဗိုလ်မျူးချုပ်အောင်ကြီးနဲ့ ဗိုလ်မျူးချုပ်မောင်မောင်ကို မွေးချလည်းကောင်း၊ တပ်မတော်ကို အပိုင်စီးရန် ကြိုးစားကြရင်းနဲ့ပဲ ဗိုလ်အောင်ကြီးနဲ့ ဗိုလ်မောင်မောင်ဟာ ဗိုလ်နေဝင်းနဲ့ပေါင်းပြီး ဦးနုနဲ့ ဦးကျော်ငြိမ်းကို ဗိုလ်မျူးချုပ်မောင်မောင်စတင်မျိုးစေ့ချတဲ့ 'ရေကြည်အိုင်' ကို ပို့လိုက်ပါတယ်။ အဲဒါဟာ ၁၉၅၈ မေယုသဘော်ပေါ်က တပ်မှူးအစည်းအဝေးအစီအစဉ် ဖြစ်ပါတယ်။ အဲဒီအချိန်ကစ တပ်မတော်ဟာ သတ်မတော် စတင်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း မဆလပါတီကို အခြေခံ၊ နိုင်ငံရေးသမားတချို့ကို စည်းရုံး၊ အရပ်သားအစိုးရပုံစံနဲ့ ခရီးဆက်ဖို့ကြိုးစားရင်း ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၄၊ ၁၉၇၆ အရေးများမှာ ထပ်မံ မျက်နှာပျက်စရာတွေ ဖြစ်ခဲ့ပါတယ်။

၁၉၆၉၊ ၃၃ ဦး အကြံပေးကော်မတီအစည်းအဝေးမှာ ဦးနုက ...

"ငါ့ဆီက သိမ်းထားတဲ့အာဏာ မင်းတို့ ငါ့ကိုပြန်အပ်၊ မင်းတို့ကို အိမ်စောင့်အစိုးရ ပုံစံနဲ့ ပြန်လွှဲပေးမယ်"

ဦးနုက ဒုတိယအကြိမ် ထပ်ပြောခဲ့ပါတယ်။ ၁၉၅၈ မှာ ဗိုလ်မျူးချုပ်အောင်ကြီးနဲ့ ဗိုလ်မျူးချုပ်မောင်မောင်ကို ဦးနု ပထမဆုံးအကြိမ်ပြောခဲ့တာပါ။ ၁၉၆၉ မှာတော့ ဗိုလ်ချုပ်ကြီးနေဝင်းကို ဦးနုက ဒုတိယအကြိမ်ပြောခြင်းဖြစ်ပါတယ်။

ဒါပေမယ့်လည်း ၁၉၈၀ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ဦးနုတယောက် မြန်မာပြည်ပြန်ရောက်လာတဲ့အခါမှာ ဗိုလ်ချုပ်ကြီးနေဝင်းက စိမ်းလဲ့ကန်သာမှာ ညစာစားပွဲပြုလုပ်ပါတယ်။ အဲဒီညစာစားပွဲမှာ ...

"အကိုကြီးမှားသွားတယ်"

"ညီလေးမှားသွားတယ်"

သူတို့နှစ်ယောက် အပြန်အလှန်ပြောကြရင်းနဲ့ ဇာတ်လမ်းတပုဒ်ပြီးဆုံးခဲ့ပါတယ်။ ဒါပေမယ့်လည်း သူတို့နှစ်ယောက်အမိန့်နဲ့ ကြားထဲက လူထုရယ်၊ တပ်မတော်သားတွေရယ်၊ ပြည်ချစ်တပ်သားတွေရယ် သေဆုံးခဲ့တာ အများကြီးပါပဲ။ အဲဒီတော့ ဖဆပလခေါင်းဆောင်ကြီးရော၊ မဆလ ခေါင်းဆောင်ကြီးရော သမိုင်းမှတ်တမ်းတင်သွားပါပြီလေ။ အဲဒီလိုနဲ့ ၁၉၈၈ ခုနှစ်မှာ အာဏာသိမ်းဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်ဟာလည်း တပ်မတော်ခေါင်းဆောင်များစာအုပ်ထဲမှာတောင် မပါတော့ဘဲ ဓာတ်ပုံတွေလည်းဖြုတ်ချ၊ စိတ်ပိုင်းဆိုင်ရာတခုခုပဲ ဖြစ်သလိုနဲ့ ပုံရိပ်တွေပျောက်သွားပြီ။

ဗိုလ်ချုပ်မျူးကြီးသန်းရွှေခင်ဗျား၊ အညတြ စစ်သည်တော်များသချိုင်းဟာ ရိုးသားတဲ့ တပ်မတော်သားများနဲ့ ရိုးသားတဲ့တပ်မတော်ခေါင်းဆောင်တွေအတွက် သိပ်ခန့်ညားလှပါတယ်။ အားလုံးမဟုတ်ပါဘူး။ လူထုကသိနေတဲ့အချို့လေ။ ၁၉၆၃ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အားပြိုင်ပြောကြရင်း ရုပ်ပျက်ဆင်းပျက်ဆိုရှယ်လစ်နိုင်ငံနဲ့ အိုနာကျိုးကန်း မဆလ အစိုးရဖြစ်သွားပါတယ်။ ဆိုရှယ်လစ်စနစ်ကို စနစ်တကျဖျက်ဆီးလိုက်တဲ့ ဗိုလ်နေဝင်းကို အမေရိကန်ဟာ အားပေးအားမြှောက်ပြခဲ့တာ သက်သေတွေရှိခဲ့ပါတယ်။

အခုလည်း မီးစတဖက်၊ ရေမှုတ်တဖက် အမေရိကန်ရဲ့ မြန်မာနိုင်ငံမူဝါဒကို ကပစ၊ ကစလ စက်ရုံတွေက သက်သေခံပါလိမ့်မယ်။

အချိန်တွေရှိပါသေးတယ် ဗိုလ်ချုပ်မျူးကြီးခင်ဗျား။ လူထုဟာ တပ်မတော်သားတွေကို ပြန်လည်လေးစားလာအောင်လုပ်ဖို့၊ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းမှာ အကောင်အထည်ဖော်လို့ရပါတယ်။

ကျနော်တွေ့ဖူးတဲ့တော်လှန်ရေးပုံစံတခုအရ တော်လှန်ရေး၊ နိုင်ငံရေးလုပ်နေကြရင်းနဲ့ပဲ ဒီလူကတော့ ကွန်မြူနစ်၊ ဒီလူကတော့ ဗြူရိုကရက် အပြန်အလှန်အပုပ်ချရင်းနဲ့ပဲ တော်လှန်ရေး သားလျှောသွားတာ တွေ့ဖူးပါတယ်။

"ရဲဘော် – တော်လှန်ရေးသတိရှိပါ"

အဲဒီစကားကို ကျနော်ပြောချင်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးမှာ ဒီစကားနဲ့ ဒီဖြစ်ရပ်ဟာ သိပ်အရေးကြီးပါတယ်။

လှပတဲ့၊ သန့်ရှင်းစင်ကြယ်တဲ့၊ ငြိမ်းချမ်းတဲ့၊ စစ်မှန်တဲ့ ဒီမိုကရေစီနဲ့ပြည်ထောင်စုပုံစံ ပဋ္ဌမနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းတဲ့အခါ ကိုယ်ချင်းစာတရားရှိတဲ့ တပ်မတော်သားတွေပါဝင်ဖို့လိုပါတယ်။ ဗိုလ်ချုပ်မျူးကြီးသန်းရွှေဟာ ဒုတိယ ဗိုလ်ချုပ်အောင်ဆန်းလို ဖြစ်လာအောင် ကြိုးစားပေးပါ။ အနာဂတ်နိုင်ငံသားနှင့် အနာဂတ်တိုင်းပြည်အတွက်ပါ။ မလုပ်နိုင်လျှင်တော့ နေရာဖယ်ပေးပါ။ ဒေါ်အောင်ဆန်းစုကြည်ရှိပါတယ်။

(၁) စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက်လည်းကောင်း၊

(၂) စစ်မှန်သောဒီမိုကရေစီနှင့်ပြည့်ဝသော လူ့အခွင့်အရေးနိုင်ငံသစ်အတွက်လည်းကောင်း၊

(၃) လွတ်လပ်၍တရားမျှတသောပြည်ထောင်စုပုံစံနှင့် နိုင်ငံသားများအတွက်လည်းကောင်း၊

(၄) ခေတ်မီ တိုးတက်ဖွံ့ဖြိုးကြွယ်ဝသော နိုင်ငံသစ်အတွက်လည်းကောင်း၊

ကျနော်တို့အားလုံး မျှော်လင့်လျက်ပါ ...။

ပုဂံသား၊ မြန်မာနိုင်ငံ

[illegible]

1?tusKd;onf;aA;
2?'Dkdaqpfaq;Daq;
3?vlEtcGifhtaA;
4?_idrf;csrf;aA;

“ဒေါက်ဖြုတ်သံ(၄)”

ထောင်မော်ကွန်းစာစောင်

အပိုင်း(၃)

မတ်မော်ကွန်း အပိုင်း (၃)



ဗိုလ်ဖုန်းမော်ကျဆုံးခြင်းနှင့်
ဒီမိုကရေစီအရေး (၁၄) နှစ်ပြည့်
မြန်မာနိုင်ငံလူ့အခွင့်အရေးနေ့(မတ်လ- ၁၃)
အမှတ်တရ

ကြိုး–ကာသံ ကဗျာကလပ်နှင့် ဒေါက်ဖြုတ်သံတို့. ပူးပေါင်းစီးဆင်းမှု

ကြိုးကြာသံ ကဗျာကလပ်

၁၉၈၈ ခုတင်တည်ထောင်သည်၊

၂၀၀၇ ခု ဖြာဂုတ်လ (၈) ဂျက်တွင်

ပြန်လည်ဖွဲ့စည်းသည်။

တာဝန်ခံ	■ ဒီဗွဲ
Hand writting	■ ထက်သူ မျိုးမျိုး
Art Creation	■ မော်စည်၊စက်မှု၊
စာအုပ်ချုပ်	■ ခွန်ပန်း

ကဗျာတော်လှန်ပန်း (၅)

ဝိုလ်ဖုန်းမော်ကျဆုံးခြင်းနှင့် ဒီမိုကရေစီရေး ၁၄ နှစ်ပြည့်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့မှာ အထူးထုတ်ဝေတဲ့ မတ်လမော်ကွန်း၊ ဒေါက်ဖြူတ်သံ (၄) ထောင်မော်ကွန်း စာစောင်မှာ ကြိုးကြာသံကဗျာကလပ်ဟာ ကဗျာတော်လှန်ပန်း (၅) ဖြင့် ပူးပေါင်းစီးဆင်းမှုပြုခဲ့ပါတယ်။


ကြိုးကြာသံကဗျာကလပ်ရဲ့ (၃) အစီအစဉ်မှာ ကဗျာဆရာ ၁၈ ဦးရဲ့ ကဗျာများနဲ့ ခံစားမှုစာစုများ စီးဆင်းခဲ့ပါတယ်။ အဲဒီဆရာ ၁၈ ဦးကို ဒီဒေါက်ဖြူတ်သံ (၄)၊ ကဗျာတော်လှန်ပန်း (၅) မှ မေတ္တာရပ်ခံမှုတခုပြုလုပ်လိုပါတယ်။

အဲဒါကတော့ ကဗျာများကို ကျနော်တောင်းခဲ့စဉ်က ဘာအစီအစဉ်မှမရှိပါဟု ပြောခဲ့ပါတယ်။ ဒါပေမယ့်လည်း အနှစ်သက်ဆုံးကဗျာတပုဒ် ရွေးချယ်ရန်အစီအစဉ် နောက်မှပြုလုပ်ခဲ့ပါတယ်။ အဲဒီအတွက် ကိုနောင်ခိုင်၊ ကိုညိုမောင်၊ ကိုဥာဏ်မော်၊ ကိုတီစီ၊ ကိုကွန်မှိုင်း၊ ကိုဒီလု၊ ကိုတြဲပြိမ်း၊ ကိုလူ၊ ကိုရီနေနိုင်၊ ကိုကေလွန်း၊ ရောင်ဏီပြိမ်း၊ ကိုဆိုးဆိုး၊ ကိုတိသ၊ ကိုဗဟုလွင်ပြင်၊ ကိုခြော၊ ကိုစိုးဟိဏ်း (ကမာ)၊ ကိုငွေအိမ်သင်း၊ ကိုမင်းထိုက်တို့အား အနှစ်သက်ဆုံးကဗျာ ရွေးချယ်မှုအစီအစဉ်အတွက် ဒီနေရာကနေ မေတ္တာရပ်ခံမှုပြုပါတယ်။ ကျနော်တို့ကို ခွင့်ပြုပါ။ အနှစ်သက်ဆုံးကဗျာအဖြစ် ရွေးချယ်ရာမှာ ၅၄ ဦး ဆန္ဒသဘောထားရယူခဲ့ပါတယ်။

ဒီကဗျာစာအုပ်မှာပါဝင်ရေးသားသူ ၁၈ ယောက်၊ ကဗျာရေးဖွဲ့သော်လည်း ထိုစာအုပ်တွင် မပါဝင်သူ ၁၈ ယောက်၊ ကဗျာစာအုပ်တွင်လည်းမပါ၊ ကဗျာလည်း မရေးဖွဲ့ဘဲ ကဗျာဖတ်သူ ၁၈ ယောက် ပေါင်း ၅၄ ယောက်ထံမှ ရယူခဲ့ပါတယ်။ အဲဒီဆန္ဒအရ ဇွန်မှိုင်း၏ "ဒန့်ကိုအသဲ သာတဲ့ည" ကို ၁၆ ယောက်က အနှစ်သက်ဆုံးအဖြစ် ရွေးချယ်ခဲ့ပါတယ်။ "ဆရာဇွန်မှိုင်း" အား ကြိုးကြာသံကဗျာကလပ်မှ အထူးမှတ်တမ်းတင်ဂုဏ်ပြုပါတယ်။ ဒေါက်ဖြူတ်သံအစီအစဉ်မှာ ပါဝင်ခွင့်ရတဲ့အတွက် ကဗျာကလပ်ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။ ကြိုးကြာသံကဗျာကလပ်ဟာ ဆက်လက်စီးဆင်းဖို့အတွက် များစွာကူညီမှုများကိုလည်း ကဗျာဆရာများ၊ ဝါသနာပါသူများအား လုံးထံ အကူအညီတောင်းခံပါတယ်။ ။

ကျေးဇူးတင်စွာဖြင့် ....

ဒီဇွ



“[illegible]”

ဗိုလ်ဖုန်းမော်ဝိဉာဉ်ထံ ကျမ်းကျိန်သံ	ဒိဗ္ဗ	၁၁၈
ကောင်းကင်ကကြယ်တာရာများ	ဥာဏ်မော်	၁၂၁
ပြည့်သူအောင်လံတော်	ဒဂုန်တာရာ၊ ဘာသာပြန်	၁၂၂
( )	တင်မိုး	၁၂၃
မတ်လသစ်ရွက် (၂)	ညိုမောင်	၁၂၃
( )	မင်းလူ	၁၂၄
ပန်းသီးစားသူများနှင့်စကားပိုင်း	ဇွန်မွှိုင်း	၁၂၅
ရှေ့ဆက်နေသောတော်လှန်ပန်း	တိသဿ	၁၂၆
ထာဝရရှင်သန်ခြင်း	အောင်ဂျမ်း	၁၂၇
တပေါင်းသစ် ချစ်ခြင်းနဒီ	ကေလွန်း	၁၂၈
အဓိပတိလမ်းကလေးဖြေမဆည်	ဖဝါးလေ့	၁၂၉
ဆူးလမ်းနှင့်ပန်းတိုင်	စိုးဟိဏ်း–ကမာ	၁၃၀
မပြီးသေးသော ပန်းချီကား	ဆွေလွှမ်းနွယ်	၁၃၁
ဖယောင်းပန်းပု	ရာမည	၁၃၂
လရောင်တမ်းချင်း	မင်းထိုက်	၁၃၃
သမိုင်း	တီ စီ	၁၃၄
သစ်ပင်နှင့်မုန်တိုင်း	ငွေအိမ်သင်း	၁၃၅
ယိုယွင်းနေတဲ့ ဂန္ဓဝင်	မင်းဟိုင်း	၁၃၆
ငါနှင့် ငါ	မောင်သစ်	၁၃၇
လူကိုဖျက်တာ	မောင်နွယ်အေး	၁၃၈
အနေအထိုင်မတတ်မှုများ	လှသန်း	၁၃၉
သစ္စာစကား	ရာမည	၁၄၀
စက်တင်ဘာအလွမ်း	ကေလွန်း	၁၄၀
နံရံကို ကျေးဇူးတင်ခြင်း	ဒိဗ္ဗ	၁၄၂

ဗိုလ်ဖုန်းမော်ဝိဉာဉ်ထံ ကျမ်းကျိန်သံ

ဒီဇွ

၁၊
ဗိုလ်ဖုန်းမော်ရေ ...
ဗိုလ်အောင်ကျော်ရဲ့
ဂုဏ်သရေပြည့်ဝိဉာဉ်ဟာ
ယုံကြည်ချက်
ကျောက်ခက်ပန်းပျိုး
ဗိုလ်တင်မောင်ဦးရဲ့
မျိုးဆက်သစ်ပွင့်
ပလွင်ထက်
ဇွဲသတ္တိ ကျေးဇူးတရား
ခိုလှုံတော့
(၈) လေးလုံးတော်လှန်ဝါဒီတွက်
၈၈ ရဲ့ ပထမဆုံးတံခါးခေါက်သံ
လွတ်မြောက်ရေး ပဋိညာဉ်စာချုပ်
မင်း ...
သွေး ... လက်မှတ်
ထုဆစ်လိုက်ပြီပေါ့။

၂၊
'တောက်'
ဒီစာချုပ်လည်းပြီးရော
အစိမ်းရောင်မျက်စိတွေ
ချိတက်လာလိုက်တာ
'ဟာ'
အဖြူရောင်နှလုံးသားတွေ
ကြွေးကြော်လာလိုက်တာ
"ဟင်း"
အပြာရောင်တိမ်ပြင်ကြီး
ကြွေကျနေလိုက်တာ
သိက္ခာရဲ့မဟာမိတ်
လုံခြုံတဲ့အပျိုစင်
မင်းသမီးအတွက်ပေါ့။

၃၊
သံပ်ကျေးဇူးတင်ပါတယ်
တနင်္ဂနွေရယ် ...
သွေးမိုးစက်ပွင့်နဲ့
လှပခဲ့တဲ့
သံမဏိစွယ်တော်ခက်
လက်ယာဘက်နှလုံးသားဆီက
ခန္တီတရားဟာ
စစ်ရှုံးတဲ့ရောမဆီမှာလင်းလက်
စပါတာကပ် ...
သမိုင်းတင်ခဲ့ပါပြီ။

၄၊
ဒီတနင်္ဂနွေည
မျှော်လင့်ချက်တွေ
ထွန်ယက်စိုက်ပျိုး
အဆိပ်မဲ့ဂျိုး
ပျံသန်း ...
လ ဟာ
နေ ကို
ချွတ်ချလိုက်တယ်။

၅၊
သီလစင်ကြယ်တဲ့
တနင်္ဂနွေည်ရေ ...
ကရုဏာပန်းခတ်ဓားနဲ့
လွတ်မြောက်ရေးသစ်သီးကို ခွာ
လူလိမ်တွေရဲ့စိတ်နှလုံးပေါ်
တံဆိပ်နှိပ်လိုက်တယ်။

၆၊

ဟုတ်တယ်
တိမ်ဖြူထက် ဖြောင့်မတ်တဲ့
သပြေညိုမျိုးစေ့
ထွင့်မြတ်စွာပျိုးထောင်
မိစ္ဆာညီနောင်
လက်ထပ်ခတ်ခံရတယ်။

၇၊

အဲဒီအခါ
ကပ်စေးနဲ့ ကတိချိန်ခွင်
စဉ်းလဲစွာနဲ့
စွယ်တော်ရိပ်တခုလုံး
မိုးသောက်ချိန်ထိ
ဥပဒေပျက်အောင်
သက်သေထူလိုက်တယ်။

၈၊

အိပ်မက်ထဲတောင်
လိုက်ဖျက်ဆီးတဲ့
မင်းတို့ရဲ့အာဏာစက်
ငြိမ်းချမ်းစွာ
ငါတို့
မခိုလှုံပါရစေနဲ့။

၉၊

နှလုံးသားထဲက
အကြွင်းမဲ့သက်ပြင်းသံ
ဦးညွှတ်ပါတယ်
အမှန်တရားနဲ့
ဝိဉာဉ်အားလုံးအတွက်
ဖြောင်းကနဲသတိဆွဲ
တဖြိုင်းဖြိုင်းအကြောထ
ငါ ....
အလေးပြုပါတယ်။

၁၀၊

ကြည့်စမ်းပါဦး
အတွဲပျက်တွေ
ဇီဝိန်ချုပ်တော့မယ်။
တသွင်သွင်စီး
ယုံကြည်ချက်အရိုးစု
ငြင်းပယ်ခံရတဲ့ အုတ်ဂူမဲ့ဆီက
သက်သေထူဖို့
ပြန်နိုးထလာပါပြီ။

၁၁၊

မင်းတို့ရဲ့ ညစ်ပတ်တန်ခိုး
(၂၆) နှစ်
ဖက်စပ် ကျမ်းအဟောင်းကြီး
မင်းတို့မေးစေ့ထက်
သင်တုန်းခေါင်းပေါ်
မျက်ရည်စိမ်းကျခဲ့ပေါ့။

၁၂၊

ငါတို့ရဲ့
ကမ္ဘာမကြေ ကမ္ဘည်းကျောက်စာ
မင်းတို့စိတ်နှလုံး
တုန်လှုပ်သွားအောင်
အဖိုးမြိုင်းနဲ့
အဖဆန်း
တရားပြလိုက်ပြီလေ။

၁၃၊

ကဲ ....
သစ္စာရှိတဲ့ခွေး
ကတိမပျက်တဲ့သခင်အတွက်
သူတော်စင်တရားဥယျာဉ်
မွန်မြတ်တဲ့မှတ်တမ်း
မင်းတို့ရှေ့ရောက်လာပြီ။

၁၄၊

ဒို
ဗိုလ်ဖုန်းမော်ရေ ...
မင်းရဲ့သွေးစက်
ချစ်သူတွေရဲ့ မျက်ရည်စက်
ရဲဘော်တွေရဲ့ ဝိညာဉ်ထက်
စစ်ဖိနပ်အောက်က
နှင်းဆီရိုင်း
စစ်သေနတ်ကြားက
ကံ့ကော်နဲ့စွယ်တော်ပွင့်
မကြေမွခဲ့ပါဘူး၊
ကြွေကျခဲ့ပေမယ့်လည်း
ပေဒင်ဆရာရဲ့ ယတြာပေါ်
အခြေမချခဲ့ပါဘူး
အလုပ်ရှုပ်နေသယောင်နဲ့
အရှုပ်တွေလုပ်သွားတဲ့
"ဒီလူဟာ တိုင်းပြည်ဖျက်မယ့်လူ
ခင်ဗျားတို့သတိထား"
ဗိုလ်ချုပ်ကပြောဖူးတယ်
"တံခါးဝမှာ လက်ဖြန့်ထားတဲ့
ခွေးတွေတောင်မှာ
အမှတ်အသားတွေနဲ့
ပအို့မလေးတွေ ပန်းအကြွေ
ဇွဲကပင်ထက်မှာဝေခဲ့တော့
ရှုမောင် ...
"မသိပါဘူးလို့မပြောနဲ့"
နောက်တခါဘယ်တော့မှမရဘူး
အေး ...
ယုံကြည်ချက်နဲ့သိက္ခာ
နှလုံးသားနဲ့မျက်လုံးရဲ့
လွတ်မြောက်မှုအတွက်၊
ပါးစပ်နဲ့ခြေလှမ်းအတွက်
လွတ်လပ်မှုရယ်၊
နားနဲ့လက်ချောင်းတွေရဲ့
သစ္စာတရားအတွက်၊
အနာဂတ်မျိုးဆက်
အင်ပါယာအသစ်ဟာ
နိဂုံးမချုပ်တဲ့ မာယာညမှာ
ယာဖ်ပူဖော်ပွဲကျင်းပ
မင်းတို့ရဲ့အိန္ဒြေပျက်
ညီလာခံမှာ
နောက်တခါအလင်းမဲ့သွားလျှင်
အရှုံးရဲ့မကိုဋ်
လက်ဖွဲ့ပေးလိုက်မယ်
ရာဇဝင်သစ်ရဲ့
ဆီမီးအိမ်ဆီက
လွတ်လပ်ရေးနှုတ်ခမ်းထက်
လွတ်မြောက်ရေးနံ့သာပန်း
ငါတို့ကို ...
နမ်းရှိုက်ခွင့်ပေးပါ။
ဗိုလ်အောင်ကျော်နဲ့
ဗိုလ်တင်မောင်ဦး
ဗိုလ်ဖုန်းမော်နဲ့
ခွပ်ဒေါင်းအားလုံး
ဝိညာဉ်ပန်းကုံး
ကျောက်စာထု၍
ကျမ်းစာအုပ်ပေါ်က
ကကြိုးရှုပ်တွေ
ဖြည်ကြည့်လိုက်မယ်
ဒေါင်း ဗမာပြည်
မဟာဇရာဝတီမြစ်ရဲ့
ဝိတောက်ခက်တွေအတွက်
နောက်တခါထပ်အလေးပြုမယ်
ဗိုလ်ဖုန်းမော်။ ။

၃၆

ကောင်းကင်က ကြယ်တာရာများ

ဥာဏ်မော်

ဒူးလေးကိုင်းရဲ့
အကွေးညွှတ်ဆုံးနေရာမှာ
သူရှိတယ်။

မျှားတစင်းရဲ့
အဖျားချွန်ဆွတ်ဆွတ်ဦးမှာ
သူရှိတယ်။

လှေရွက်ရဲ့
အဖေါင်းကားဆုံးနေရာမှာ
သူရှိတယ်။

လှေခတ်ကွင်းရဲ့
အပွန်းဆုံးနေရာမှာ
သူရှိတယ်။

ကူးတို့သမားရဲ့
အရှုန်းကြွဆုံးကြွက်သားတွေနေရာမှာ
သူရှိတယ်။

မြစ်တစင်းရဲ့
ပင်မရေစီးထဲမှာ
သူရှိတယ်။

ဓားတလက်ရဲ့
အထက်ရှဆုံးခုတ်ကွင်းမှာ
သူရှိတယ်။

ယုတ်စွအဆုံး
ဖိနပ်ရဲ့ဖနောင့်နေရာမှာ
သူရှိတယ်။

အောင်ပွဲကိုလှမ်းမျှော်အကြည့်
အဲဒီအခါမှာတော့
ဖိနပ်ဦးမှာ ရှိနေပြန်ရော။

တကယ်တော့
သူဆိုတာ
လူတို့
အလွယ်တကူရှာဖွေမတွေ့ရှိနိုင်တဲ့
ကောင်းကင်ကကြယ်တာရာများထဲက
ကြယ်တပွင့်ပါပဲ။ ။

ပြည်သူ့အောင်လံတော်

နီရူဒါ

ဘာသာပြန် ဒဂုန်တာရာ

(ဆရာဒဂုန်တာရာခင်ဗျား၊ အသုံးပြုခွင့်၊ ဖော်ပြခွင့်ပေးပါရန်မေတ္တာရပ်ခံပါသည်။)

၁၊

ဒီနေရာမှာ သင်တို့ကျဆုံးခဲ့တယ်
ဒီနေရာကိုလာပြီး
ငိုညည်းခြင်းအမှု ငါမပြုဘူး၊
မသေသေးတဲ့ ကနေ့တိုင်တည်ရှိဆဲ
သင်တို့ရဲ့ဝိဉာဉ်များနဲ့
ငါစကားဆိုမယ်၊
'အို ... ချီလီပြည်ရဲ့သားသမီးများ'

၂၊

မုန်တိုင်းဒဏ်ကြောင့်
အမာရွတ်တင်နေတဲ့ ဝေဒနာမျက်နှာများ ...
တောင်အာဖရိကမြက်ခင်းလွင်ပြင်လို
ညှိုးရော်ခြောက်သွေ့နေတဲ့
ဖြူဖတ်ရော်မျက်နှာများ ...
နာကျင်မှုနဲ့တက်ကြွနေပြီး
မြေကြီးလိုမာကျောတဲ့
ခင်ဗျားတို့ရဲ့ လက်သီးဆုပ်များကို
ကျနော်တို့မေ့မထားပါဘူး။

၃၊

အရေးတော်ပုံကြီးတုန်းက
အတူရှိခဲ့တဲ့သူတွေရဲ့ သွေးတွေ
မီးလျှံလို ဟုန်းဟုန်းထချိန်
တိုင်းပြည်ရဲ့အလယ်လမ်းမကြီးတွေပေါ်မှာ
မခြောက်သေးတဲ့သွေးစက်တွေက
စကြဝဠာတဆုံး
တကမ္ဘာလုံးမြင်နေရတဲ့
ကြယ်တာရာတွေလို
ပျက်မရ၊ ဖြိုမရ
ခိုင်မြဲစွာရပ်တည်ခဲ့ကြပြီ။

၄၊

သင်တို့ရဲ့
စကားသံတွေ၊ မျက်ရည်တွေ
နှလုံးသားက စီးဖြာကျလာတဲ့
ညီညွတ်ခြင်းတေးသီချင်းတွေ
ဒါဟာ ဒီမြေကို
သင်တို့ရဲ့သွေးတွေနဲ့ ရွှဲရွှဲစိုစေခဲ့ပြီ။

၅၊

ရိုင်ဖယ်သေနတ်မောင်းတင်လာသူများ
လူသတ်မိန့်ကို ဦးထိပ်ရွက်လာသူတို့အကြား
သွယ်လျလျနှင့် ညီမငယ်တယောက်
အလံကိုကိုင်ရင်းလဲကျ
လူငယ်တဦးရဲ့ ရင်ဝ
သွေးလှိုင်းတံပိုး ခုန်ထ၊
"တောက်"
ငါတို့တိုင်းပြည်ရဲ့အလံတော်ကို
ကြေကွဲခြင်းအဝတ်စနဲ့ ချုပ်ခဲ့ကြပြီ၊
မျှော်လင့်ခြင်းလက်နဲ့
ကျောက်မျက်ရတနာကြယ်ပွင့်ကို
တပ်ဆင်ခဲ့ကြပြီ။

၆၊

မသာအလောင်းတွေပေါ်
အာဏာထူထောင်လိုသူတွေ

သစ္စာဖောက်တွေနဲ့လက်ဆွဲနှုတ်ဆက်
မေ့လျော့ပစ်ဖို့ အလိုမရှိဘူး
ဒီနေရာ ဒီရင်ပြင်မှာ
ဒင်းတို့ကို
တရားစီရင်ဖို့ အလိုရှိတယ်။

၇၊
ပြင်းထန်တဲ့တိုက်ပွဲကြားက
ထွန်းပြောင်တဲ့အောင်ပွဲနေ့
အဲဒီနေ့မှာ ငြိမ်ဆိတ်ခြင်းဟာ
ဟစ်အော် ...
လွတ်လပ်ခြင်းကြွေးကြော်သံနဲ့
မျှော်လင့်ချက်မီးလျှံထဲမှာ
ပြည်သူ့အလံတော် ဝဲပျံလာရမယ်ဟေ့။

နီရွှဒါ
(ချီလီကဗျာဆရာ **ပါဗလို နီရူဒါ** ၏ကဗျာကို
ဆရာ**ဒဂုန်တာရာ** ဘာသာပြန်သည်)

• • • • • • • • •

မတ်လသစ်ရွက် (၂)
ညိုမောင်

နေ့များ
မတ်လသစ်ရွက်လို
ကြွေကာကျ ...
စားပွဲဝိုင်းပေါ်မှာ
အချိန်ရဲ့အသီးအပွင့်များ
ရင့်မှည့်လွန်းပြီလား၊
ကင်းခြေများလို
တရွေ့ရွေ့တဲ့
သော့ခတ်ထားတဲ့ညများ
ရာစုသစ်ထဲတိုးဝင်ပေါ့
ဆည်းဆာလွန်ညရဲ့
နှင်းဆီအိပ်မက်
မက်ခဲ့သူက ... ငါ။ ။

ခေါင်းစဉ်မပါ
တင်မိုး

(ဆရာတင်မိုးခင်ဗျား
အသုံးပြုခွင့်၊ ဖော်ပြခွင့်ပေးပါရန်
မေတ္တာရပ်ခံပါသည်။)

လက်နက်သခင်
ရှင်ဘုရင်၏
ပလွင်အောက်က
ရှာတွေ့ရသည်
နိုးထသူတို့
ခေါင်းခွံများ။ ။

ခေါင်းစဉ်မပါ

မင်းလူ

(ဆရာမင်းလူခင်ဗျား – အသုံးပြုခွင့်၊
ဖော်ပြခွင့်ပေးပါရန် မေတ္တာရပ်ခံပါသည်)

တပေါင်းနေတွင်၊
ကြွေလွင့်မျောလျက်၊ နွေသစ်ရွက်ရယ်
မင်းအတွက် လွမ်းတေးဆိုပါမည်။

ဉဩဂ်လျှင်၊ မျော်စင်ထက်မှ
အမျှပေးဝေ၊ တောင်းဆုခွေဆဲ။

အင်းလျားကန်က၊ မှန်သားမျက်နှာ
လက်ဖြင့်ကာယှက်၊ မရှုရက်နိုင်။

ဘွဲ့နှင်းသဘင်၊ မရှင်မပျ
မျက်လွှာချလျက်၊ မနှုတ်ဆက်ချင်။

ကြေးခြေသော့်သည်၊ မျက်လုံးနီလျက်
မျက်ရည်တစ၊ ထိန်းမရတော့။

အဓိပတိ၊ မချိသဖြင့်
ရင်နှင့်လှိုင်းထ၊ မောပမ်းလှပြီ။

ကံ့ကော်တောအုပ်၊ အပူရှိပ်ဖြင့်
စုတ်သပ်မစဲ၊ ယိုင်လဲမတတ်။

သစ်ပုတ်ပင်သည်
ရင်မှပေါက်ဖွား၊ သူ၏သားတွက်
ဖားလျားပင်ယံ၊ ပန်းမပန်ပဲ
အလံတဝက်လွှင့်ထူပြီ။

တပေါင်းနေတွင်
ကြွေလွင့်မျောလျက်၊ နွေသစ်ရွက်ရယ်
မင်းတွက်လွမ်းတေးဆိုပါမည်။ ။

ပန်းသီးစားသူများနှင့် စကားဝိုင်း

ဇွန်မှိုင်း

"ထီမထင်ကျောင်းတော်သားတို့ရဲ့
အမည်အစဉ်ခေါင်းပေါ်ဖျားမှာ
မင်းရှိဆရာကို
စာရင်းတို့ကာသာထားလိုက်ပေတော့" တဲ့
ဆရာရဲ့စကားက
ကန္တာရဖုန်းဆိုးကမ္ဘာမှာတောင်
ဒီဇင်ဘာပန်းနုသစ်တို့ကို
အခါခါပွင့်စေခဲ့တယ်ဆရာ။

ဆရာတာရာခင်ဗျား
"ပန်းနုရောင်နှစ်ကာလများ" ကို
ချစ်တတ်သူကျနော်တို့အတွက်
ဆက်ရေးပေးပါနော်။

ကျနော်တို့ယုံကြည်မိတာပါဆရာ
ဂျိုးငှက်တကောင်ဟာ
ရိုးမကိုမနားတမ်းကျော်ဖြတ်
သောင်ရင်းကမ်းစပ်မှာ
ရေသောက်ဆင်းတဲ့အခါ
ဒဏ်ရာသင့် ထင်းရူးတောတွေရဲ့
လှောင်ပြောင်သံအောက်မှာ
ဝေါဒစွန့်နေရဲ့မျက်နှာ
ရှက်သွေးဖြာသွား။

ဒီအချိန်မှာ
အပျိုစင်ကျေးလက်ကတော့
'ဟိုက်တက်' တေးသွားကိုဆိုညည်း
ပန်းသီးတလုံးရဲ့အရသာကို
ငြင်သာစွာမြည်းစမ်း
ပန်းပေါင်းတရာကိုပွင့်စေလိမ့်။ ။

ရွှေဆက်နေသော တော်လှန်ပန်း

တိသ

သားသမီးတွေပျောက်လို့
ရင်မှာဂယောက်ဂယက်ဖြစ်နေတဲ့
သစ်ပုတ်ပင်အိုရဲ့ ဝိညာဉ်သံသဲ့သဲ့။
အဖော်မဲ့နေတဲ့
ကံ့ကော်တောရဲ့ ခုံတန်းပြာမှာ
လွမ်းတေးသံ အစအန။
မျက်မှောင်ကုတ်ပြီး
အလိုမကျတဲ့မျက်နှာနဲ့
ဝိဇ္ဇာခန်းမကြီးရဲ့ တောက်ခေါက်သံ။
အနာဂတ်အရေးကို ရင်လေးနေတဲ့
ဘွဲ့နှင်းသဘင်ခန်းမရဲ့
သက်ပြင်းချသံ။
ပြည်လမ်းတဝိုက်ကို
ငေးစိုက်မျှော်နေ လည်ပင်းတရှည်ရှည်နဲ့
ဂျပ်ဆင်ဟောလ်ရဲ့
ရင်မောသံ။
အသံတွေ
အသံတွေ
များပါစေ
စိတ်မသက်သာဘူးလေ။
စကားသံတိတ်
ဆေးလိပ်နံ့တွေကင်းနေတဲ့
ဦးချစ်လက်ဖက်ရည်ဆိုင်။
မိန်းမလှတွေရဲ့
ရယ်ဖွဲ့လို့ရိသံတွေ
ဆိတ်သုဉ်းနေတဲ့
အိကို ကင်တင်နိုးက
ဦးယမ်းဘီလူးအအေးဆိုင်။

အားလုံးငေးမှိုင်နေကြပြီပေါ့
ကတ္တရာလမ်းမပေါ်က
သွေးစသွေးနတွေရှိနေဆဲ။
လေအဝှေ့မှာ လွင့်ပျံလာတဲ့
သွေးညှီနံ့က မစဲသေး။
အဓိပတိလမ်းက
ယမ်းခိုးယမ်းငွေ့တွေ
ဝေနေဆဲ ဝေနေဆဲ။
ဒီအချိန်မှာ
နေခြည်အလင်းအောက်မှာ
ခပ်ပြင်းပြင်းထွက်ပေါ်လာတဲ့
တကသ မြက်ခင်းပြင်ရဲ့
"တောက်" ခေါက်သံ။
သူတို့လေးတွေ
ဘယ်ဆီရောက်လို့ပျောက်နေသလဲ
မျှော်သူကမျှော်
ရည်ရော်ကာမှန်းဆ
ရေစက်ချ အမျှ ဝေသူကဝေ
ဒါတွေဟာ ဘယ်သူ့လက်ချက်လဲ
ဘယ်သူရဲ့စနက်လဲ
ဘယ်သူ့ကို အသက်ဆက်နေတာလဲ
ဘာပဲဖြစ်ဖြစ်
ရင်နှင့်အောင် ခံစားရသူတို့ကတော့
ခေါင်းမော့ ရင်ကော့ပြီး
မပြီးဆုံးသေးတဲ့ ဒီတိုက်ပွဲကြီးအတွက်
အသက်ကို ဖက်ရွက်အမှတ်နဲ့
ရွှေဆက်ပြီး ပြီးဆုံးသည့်တိုင်
ချီတက်ကြစို့
တော်လှန်ကြစို့
တိုက်ပွဲဝင်ကြစို့။ ။

ထာဝရရှင်သန်ခြင်း

အောင်ဂျမ်း

"သူတို့ဟာ" ကမ္ဘာမြေရဲ့
လှပတဲ့အနာဂတ်အတွက်
အသက်နဲ့ရင်းပြီးတော့ ချစ်သွားခဲ့ကြပြီ။

သူတို့ရဲ့မြင့်မြတ်တဲ့ဝိညာဉ်တွေဟာ
အရှေ့အရပ်ကောင်းကင်ဘုံသို့
အရဏ်တံခါးကိုဖွင့်လှစ်ဖို့
စုဝေးလို့ရောက်ရှိနေကြတယ်။

နယ်ချဲ့ဆန့်ကျင်ရေး
ဖက်ဆစ်တော်လှန်ရေး
ပြည်သူ့လွတ်မြောက်ရေးအတွက်
"သူတို့ရဲ့" နှလုံးသွေးနဲ့
ရေးထိုးခဲ့တဲ့သေတမ်းစာရွက်တွေကို
ငါတို့ရဲ့ဝမ်းနည်းလွန်မျက်ရည်တွေကြောင့်
မဆုတ်ပြဲ မမှုန်ဝါးသွားကြစေနှင့်။

ငါတို့တတွေချည်းသာ
သံတိုင်အုတ်ရိုးကြားမှာ
နာကျင်မွန်းကြပ်နေတာမဟုတ်
ငါတို့ချစ်တဲ့ပြည်သူတွေလည်း
စစ်ဖိနပ်ရာတွေနဲ့မာသိပ်
ဖက်ဆစ်လောင်းရိပ်မြေမှာ
မွှတ်သိပ်နာကျင်နေခဲ့ကြ။

နယ်ချဲ့ဆန့်ကျင်စစ်
ဖက်ဆစ်တော်လှန်စစ်
ပြည်သူချစ်တဲ့တပ်မတော်
အခုတော့ ပြည်သူခေါ်ရာမလိုက်
ဖက်ဆစ်နောက်လိုက်ကြေးစား
အသွေးအရောင်ပြောင်းသွားတဲ့
တပ်မတော်
နန်းတော်ရာမှ အေဒီလမ်း
ပဒေသရာဇ်ပန်းတို့လန်းရာမြေ
အခုတော့ ပြည်သူတို့ရဲ့
သွေးတွေ မျက်ရည်တွေ
သွန်းလောင်းစီးအိုင်နေခဲ့တယ်။

ဒေါသသစ်တွေနဲ့ပေါင်းရုံး
ရဲဘော်တို့
မုန်းတတ်မှ အပြုံးလှမယ်ဟော့။

မငြိမ်းချမ်းတဲ့ကောင်းကင်
ဒီမိုကရေစီခန်းခြောက်တဲ့ မြေပြင်
မလွတ်မြောက်သေးတဲ့ဘဝအတွက်
"သူတို့ဟာ"
"စစ်ကိုမချစ်ပေမယ့်
အချစ်တပွဲ၊ စစ်ပွဲတရာ
သစ္စာတရားဘက်မှရှင်သန်"
ဆိတ်ဖလူးနဲ့၊ ကန့်ကော်နဲ့
စွယ်တော်နဲ့
နီစ ဝါစ အမွေးမြူ၊ အရဲမြတ်ဆုံး
ဗီးနပ်စ်ဂက်နလုံးသားတွေဟာ
မိုးမခသွား တောလားနဲ့
နွေဦးအလှကိုင်းကြားက
ဒီမိုကရေစီတေးသွားကို ခံစားနားဆင်ဖို့
မတ်လရဲ့မြစ်ရေအလျဉ်မှာ
တသွင်သွင်ကူးခတ်ဆန်တက်ရင်း
"သူတို့ရဲ့" မြင့်မြတ်တဲ့ဝိညာဉ်တွေဟာ
အရှေ့အရပ်ကောင်းကင်ဘုံသို့
အရဏ်တံခါးဖွင့်လှစ်ဖို့
စုဝေးလို့ရှိနေကြပြီ။ ။

တပေါင်းသစ် ချစ်ခြင်းနဒီ

ကေလွန်း

ထုထည်ခန့် ရာသီကာလ
တိုင်လုံးကြီးတွေအပေါ်မှာ သြတပ္ပတို့ထံပျံ
စွယ်တော်ရွက် လက်ဖျံချင်းယှက်
စိမ်းစိုဖားလျားပေါ်မှာ တစက်ချင်းစိမ့်ဝင်
ခါးသက် မြင်းလျင်ခွာသံ
လျှပ်ပြက်ချိန်။ မိုးယံမှာ ...။

ကံကော်တန်း တူးဆွခဲ့ကြပြီ
စိန်ပန်းတို့ပေါ်မှာ ညာသံညီညီ
ရုတ်တရက် စီညံ
မုန်တိုင်းထိုးဖွ ချစ်ခြင်း၊ စွန့်ခြင်း
မတ်လ ... တဲ့။ မွေးခြင်း၊ ကြွေခြင်း
မျဉ်းပါးပါးကိုဖြတ်
တအုံနွေးနွေး အလွှာတချပ်
ဖူးငုံတွေ လှပ်ပြီးတဲ့အခါ
ဖြတ်ကနဲလန်းမြ ဖြူပြာ
လောကပါလ နဂိုရတနာ
ကာချင်းသီပြီ ... ဇရာဝတီ။ ပွင့်မှာ ... (တပေါင်းနဒီ)။ ။

အဓိပတိလမ်းကလေးဖြေမဆည်

ဖဝါးလှေ

တပေါင်းလေတွင်
နွေသစ်ရွက်တို့၊ ကြွေလွင့်မြေခ
လွမ်းမောရ။

အင်းလျားကန်ဘေး
ကျားတက်ရိုက်ချက်၊ မီးခိုးငွေ့ထဲ
မူးဝေအော့အန်၊ ယိမ်းယိုင်ပြိုကျ
မရှုမလှ။

မအေအိုု သစ်ပုတ်ပင် မရှုရက်နိုင်
မျက်ရည်ဖြိုင်ပေါ့
ဥသြဂက်ပင်၊ ဂျပ်စင်ထက်မှာ
မျက်ရည်စနှင့် လွမ်းတေးသီ။

ကံ့ကော်တောအုပ်၊ ပင့်သက်မှုတ်၍
ယိုင်လဲပြိုကျ၊ ပန်းလှများတွက်
နာကျင်ခံခက်

ဘွဲ့နှင်းသဘင်၊ လွမ်းရိပ်ဆင်၍
လမ်းခုလပ်တွင်၊ ကြွေလွင့်ခဲ့ကြ
ပန်းအလှများအတွက်
မချိရင်မှာ နွမ်းလျခဲ့။

ခြသေ့ကြေးရုပ်၊ မျက်ရည်မသုတ်
အပူရုပ်နဲ့၊ သမိုင်းမော်ကွန်းတင်နေဆဲ၊
ကန်ရေပြင်လှိုင်းဂယက်၊ မရှုစိမ့်နိုင်
ဖြူတဲ့တံတားနီခဲ့ပြီ။

ဒို ––– ကြွေလွင့်ခဲ့ကြ
ပန်းအလှတို့
တဆယ့်လေးနှစ် တိုင်ခဲ့ပေမယ့်
မမေ့နိုင်စွာ၊ မြင်ယောင်နေဆဲ
လွမ်းရမြဲ
အမျှပေးဝေ၊ ဆုတောင်းချွေ၍
ဦးညွှတ်လိုက်သည်။ ။

ဆူးလမ်းနှင့်ပန်းတိုင်

စိုးဟိဏ်း– ကမာ

မြေရိုင်းတွေထွန်ယက်
မျိုးစေ့တွေပက်ဖျန်း
အဖူးအပွင့်နဲ့ ဝတ်ဆံတွေမျှော်လင့်။
ယုံကြည်ချက်နဲ့၊ အယူအဆတွေထွေးပိုက်
ဖြစ်တည်မှုနဲ့ အရိုတရားကိုလက်ခံ
ရည်မှန်းချက်နဲ့ မျှော်လင့်ချက်တွေစံထား။
အတိတ်ကို ချေဖျက်
ပစ္စုပ္ပန်ကိုရှုမှတ်
အနာဂတ်ကိုလမ်းခင်း
ကြယ်အစင်းပေါင်းများစွာကြွေကျ။
ပထမကြယ်က ၁၄ နှစ်သား
ကောင်းကင်က ပျိုင်းညိုညို့
ညိုပြာပြာ တိမ်သလွှာဖုံးလွှမ်းဆဲ။

အသားထဲက လောက်ထွက်ဆဲ
မြက်ရိုင်းတွေက ပေါင်းထဆဲ
မုဆိုးတွေက ကျားဖမ်းဆဲ
ညဉ့်ငှက်ဆိုးက တွန်အံဆဲ
ဒါပေမယ့်
အောင်ပွဲဆီသို့
ချီကြစို့ရဲ့။

မပြီးသေးသော ပန်းချီကား

ဆွေလွှမ်းနွယ်

မုန်တိုင်းကိုဆန်၊ လေဆန်ကိုလိုက်
နံ့ရံကိုခေါင်းနဲ့တိုက်
မိုက်တယ်ပြောပြော
ကြီးတော်နွားတော့ ကျောင်းရဦးမယ်။
ငယ်ငယ်ကသင်ဖူးခဲ့
သရက်ပင်စိုက်တဲ့ အဘိုးအိုလိုပေါ့
လေသေးထည်သက္ကရာဇ်များမှာ
ခါးသီးတဲ့ဝဲဂယက်နှံ့နစ်
တာဝန်မမဲ့တတ်သူမို့
အရှင်လတ်လတ်၊ လူ့ပြည်နဲ့ဝေးခဲ့ရ
တကြိမ်မကတော့
သေဒဏ်ကျတာချင်းအတူတူ
နေနိုင်သူတွေ၊ မဆိုင်သလိုနေတော့
အခန်းဆက်ဝတ္ထုရှည်လို
ပြီးနိုးပြီးနိုးနဲ့
ဆံဖြူသွားကျိုး၊ မျက်စေ့မှုန်နားထိုင်း
လျှာဖျားကဝေါဟာရကြွယ်၊ ရင်ထဲမှာဗလာ
အကယ်ဒမီရှုံးလောက်တဲ့ အမှုအရာ
ရွေရည်စိမ်ဆက်ဆံရေး၊
လေအပင့်မှာမိုးပေါ်ရောက်
ကမ္ဘာနဲ့ကင်းကွာ၊ သိက္ခာကိုဘေးချိတ်
မြေခွေးလို ဉာဏ်မျိုးနဲ့ ကျားရွေ့
နွှတ်ဖျားက ပရ
လုံးပမ်းနေတာ အတ္တအတွက်
မြင်မိတဲ့ကိုယ့်ကိုယ်ကိုယ်ပဲ
အပြစ်တင်ရမလို
ကျော်စောမှုအတွက် ဖေါက်ပြန်
ဘရုတပ်စ်လိုမိတ်ဆွေ
ကိုယ်တိုင်ကြုံခဲ့လို့ အဖိုးတန်သင်ခန်းစာ
ငှဲ့အတွက် အမြတ်ကျန်
ဩော် ...
ဘဝတိုတိုအတွင်းမှာ၊
သက္ကရာဇ်တို့ဟောင်းအို
အချိန်တွေ သေဆုံး
နှမြောစရာဆုံးရှုံးမှု၊ ညည့်ယံမှရုန်းကန်
အရာဏ်ဦးရဲ့ရောင်နီမှာ
ပွင့်လန်းမယ့်ပန်း
ပိုးကိုက်မပါစေဖို့
အမှိုက်တွေတော့ လဲ့ရဦးမယ်။ ။

ဖယောင်းပန်းပု

ရာမည

အသားစားကျူး
ဘီလူးကြီးလည်း ထွင်းထုခဲ့၊
တရားမပြည့်
မင်းပဒေသရာဇ်လည်း အစွမ်းပြခဲ့၊

သို့သော် ... သို့သော်
ဖယောင်းသားနဲ့
ထုဆစ် လက်ရာ
တာရှည်ဘယ်ခံလိမ့်မည်နည်း။ ။

အို ပန်းပုဆရာ
စူး ဆောက် တန်ဆာပလာနဲ့
သင့်အတတ်ပညာပေါင်းစပ်လို့

ယမင်းရုပ်လည်း ထုဆစ်ခဲ့၊
သီးနှံမျိုးစုံလည်း ပုံဖော်ခဲ့၊
သားငါးမျိုးစုံလည်း ဖန်တီးခဲ့၊
အိုးအိမ်အသုံးအဆောင်လည်း ပြုလုပ်ခဲ့၊

လရောင်တမ်းချင်း

မင်းထိုက်

ညိုမှောင်အုံပျ အရုဏ်အကျင်း
ဝေ့ဝဲကြေကွဲရှ ရောင်နီခင်းစ
စွယ်တော်ကန့်ကော် ဇရာရိုးမ
ရုန်းကြွ လှုံ့ဆွ နိုးထတဲ့ ည
အိပ်ပျက်တဲ့ ည သောင်ရင်းအလှ
၁၂ ရက် ၁၂ လ ဆီးကြိုတဲ့ ည
ဖြဴ ဒီဇင်ဘာရဲ့ ဖူးသစ်
သိဂၤနဒီ ည ပွင့်သစ်
ရေကြည်အိုင် အင်းစိန်ဆီ ဝေဆာရစ်တဲ့ ည
သာယာဝတီ ည ...
ထုသားပေသားကျ ည ...
သိက္ခာထပ်တဲ့ ည ည ...
အသချေ့ အသခ်ိဳ့ မက။ ။

သမိုင်း

တီစီ

ရုတ်ရုတ်သဲသဲ
ဆုတ်ဖြဲချင်စရာ သမိုင်း၊

ဖြိုးဖြိုး ဖြုတ်ဖြုတ်
သိမ်းထုတ်ချင်စရာ သမိုင်း၊

ဆူဆူညံညံ
အယူခံဝင်ချင်စရာ သမိုင်း၊

ကျစ်ကျစ်လျစ်လျစ်
အနှစ်ဖြစ်လာတဲ့ သမိုင်း၊

တောက်တောက်ပပ
ပျောက်ရှခဲ့ရတဲ့ သမိုင်း၊

ကျယ်ကျယ်လောင်လောင်
ဘောင်ခတ်ချင်စရာ သမိုင်း၊

ပြေးပြေးနွေးနွေး
တွေးငေးချင်စရာ သမိုင်း၊

နိုးနိုးကြားကြား
ကိုးကားချင်စရာ သမိုင်း၊

သန်သန်မြန်မြန်
မှန်တယ်ထင်ရတဲ့ သမိုင်း၊

ကြိုးကြိုးငဲ့ငဲ့
ချိုးဖဲ့ချင်စရာ သမိုင်း၊

ထိတ်ထိတ်လန့်လန့်
ကြက်သီးဖြန်းချင်စရာ သမိုင်း၊

ပေါ်ပေါ်ထင်ထင်
ပြည်တော်ဝင်ချင်စရာ သမိုင်း၊

လိမ်လိမ်မာမာ
ညာဖြီးတဲ့ သမိုင်း၊

စစ်စစ်ပေါက်ပေါက်
ခြီပေါ်ရောက်တဲ့ သမိုင်း၊

လှလှပပ
ချောက်ကျမယ့် သမိုင်း၊

ဝင်းဝင်းဝါဝါ
ငြင်းစရာများတဲ့ သမိုင်း၊

မြိုင်မြိုင်ဆိုင်ဆိုင်
အပြိုင်များတဲ့ သမိုင်း၊

မြူးမြူးမြက်မြက်
တန်ဘိုးတက်မယ့် သမိုင်း၊

ဖွံ့ဖွံ့ထွားထွား
ဝင့်ကြွားတဲ့ သမိုင်း၊

သမိုင်း ... သမိုင်း ...
သမိုင်း ... သမိုင်းတွေထဲ

ဝါတို့ရဲ့ သမိုင်း
ဘာဖြစ်မလည်း ရဲဘော်တို့။ ။

သစ်ပင်နဲ့မုန်တိုင်း

ငွေအိမ်သင်း

အပွင့်ခွေ အကိုင်းချိုး
အမျိုးပြုတ်စေ၊ အမြစ်မြေလှန်
အကြီပက်စက်၊ ရက်စက်ရိုင်းစိုင်း
အို ... မုန်တိုင်းငဲ့။

သင်လွှမ်းမိုးရာ၊ နယ်မြေမှာကို
သစ်ပင်ဆိုရင်၊ ဘာအပင်မှ
မရှိချင်တဲ့၊ သင့်ရဲ့ဆန္ဒ
ပြည့်ဝရအောင်၊ စွမ်းဆောင်နိုင်မှု
ပြနိုင်ရဲ့လား၊ သင်စဉ်းစားပါ။

မြေလွှတ်ရှိလျင်၊ ပေါက်ရောက်ရှင်သန်
ဝန်းကျင်တခို၊ သာယာစိုပြေ
အေးမြရိပ်တွေ၊ ပေးမျှစေတဲ့
မောပမ်းမှုတွေ၊ ပြေပျောက်စေတဲ့
ကြည်နူးမှုတွေ၊ ဖြစ်ပေါ်စေတဲ့
မွေးရန်ံတွေ၊ သင်းပျံ့စေတဲ့
ရသာချိုမြိန်၊ ခံစားစေတဲ့
ရောင်စုံပန်းနဲ့၊ အလှဆင်ထား
သစ်ပင်များစွာ၊ ကမ္ဘာအနှံ့
ရှိနေကြကြောင်း၊ သိဖို့ကောင်းသည်
ထပ်လောင်းစဉ်းစားနိုင်စေရန်။ ။

ယိုယွင်းနေတဲ့ ဂန္ဓဝင်

မင်းဟိုင်း

ကန္တာရ အမေအိုကို အမှီပြုပြီး
ရိုးသားတဲ့ ရင်သွေးငယ်တွေဟာ ဝိုနေခဲ့ရပြီ။

ဝါဒနဲ့အငြင်းပွား
အတ္တ နဲ့ တယူသန်
ရဲရင့်စွာ သံကိုဆွဲလို့ ...
နောက်ကျောက ရာဇသံကို
ကန္တာရအမေအိုဟာ
ရင်ကွဲမတတ်ခံစားလိုက်ရပြီ။

ယိုယွင်းနေတဲ့ ဂန္ဓဝင်မှာ
ဆုံးဖြတ်ကာ အမှန်တရားအတွက်
အသက်ပေါင်းများစွာ ပေးခဲ့ရပြီးလည်း
နေညိုချိန်တောင်စွယ်အောက်က
စီးဆင်းလာတဲ့ အမေအိုရဲ့မျက်ရည်ဟာ
အခုဆို အနီရောင်ဖြစ်ကုန်ပြီ
ဒါတွေကို ဘယ်လိုဆုံးဖြတ်မလဲ
ဖြေလိုက်စမ်းပါ
ချစ်သော တနသာရီ ...။ ။

(၁၂- ၂- ၀၂)

ငါနှင့်ငါ

မောင်သစ်

မနေ့က ငါကို
ဒီနေ့ ငါက ပြုင်၊
ဒီနေ့ ငါကို
မနက်ဖြန် ငါက နိုင်ရမယ်၊
ငါကို ငါချင်း ပြိုင်
နိုင်လည်း နိုင်ပါရဲ့
တယ်ဟုတ်တဲ့ ငါ ပါလားလို့
ကိုယ့်ကိုယ် ကို အားရ
သိပ်မကြာလှပါဘူး
သတိရလို့ လှည့်ကြည့်တော့
အလို
ငါ့ဘေးမှာ ရော
ငါ့နောက်မှာ ရော
တစ်ယောက်မှ
မရှိတော့ပါလား။ ။

လူကိုဖျက်တာ

မောင်နွယ်အေး

‘ဒါးကို ဖျက်တာ ဝါးမျက်
လူကိုဖျက်တာ အရက်’ တဲ့၊
အရက်ဆိုတာ သောက်သုံးသူများအတွက်
ပျက်စီးရာရောက်ပါတယ်၊
ဒီစကားပုံကို ပိုပြည့်စုံအောင်
လူကိုဖျက်တာ
အရက်ရယ်
လက်နက်ရယ်
အာဏာရယ် နဲ့
နောက်ပြီးတော့
နှလုံးသားရဲ့ စွဲလမ်းမှုပေါ့။ ။

အနေအထိုင်မတတ်မှုများ

လှသန်း

ကြယ်တွေ မရိုးမရွ
ကောင်းကင် ကျိုးကျတော့မယ်၊
မြေကြီးကို ရွှေထားရရင် ကောင်းမလား။

ခေါင်းတိုင်က မီးခိုးလို
ပါးစပ်အဟောင်းတွေထဲက
အသံအဟောင်းတွေ ပေါ်ထွက်လာ
နားတွေလည်း ညောင်းလှပါပြီ။

လမ်းဆိုးလို့ ယာဉ်ပျက်တာ
ဘယ်သူ့စွဲချက်တင်ရမှာလဲ၊
မျိုးဆက်တခုလုံး ချက်ွးခဲ့တာတောင်မှ
ရှေ့ရေးက မကောင်းနိုင်သေးဘူး။

မာယာများတဲ့ မြက်ခင်းပြင်ပေါ်မှာ
ကျင်းစိမ်ဖို့ ကြိုးစားမိခဲ့သူ
ဂေါက်ရိုက်သမား
ဒါဟာ အပြစ်လို့ ခေါ်လို့ရရင်
အပြစ်တင်ခံပါမယ်၊
ကျိုးလွန်ခဲ့သမျှမှာ
ဆူး ခွန် ဖို့ပဲ လိုတော့တယ်။ ။

သစ္စာစကား

ရာမည

ကဗ္ဗည်းထိုးခဲ့မယ်။ အမုန်းမပေးနဲ့
တောပြော တောင်ပြော အပြုံးလေးတွေ လိုချင်တယ်။
ရှေ့မရောက် နောက်ချန်
ဖေါက်ပြန်ရေးတော့ မလုပ်ဘူး။ မွေးကတည်းက အဝိုနဲ့ စ
သေတဲ့အထိ အဝိုနဲ့ မဆုံးချင်ဘူး။

လူသေလို့ အမည်သေခြင်းထက်
လူသေလို့ အမည်မသေဖို့အတွက် အားငယ်ကြောက်ရွံ့ခြင်းကို
ပေးဆပ်မှု "စံ"တခု သတ္တိခွန်အား ရဲရင့်မှုတွေနဲ့
ငါ့မှာရှိတယ်။ အစားထိုးမယ်။

ခရီးကြမ်းမယ် လောကဓံရဲ့ အဖြစ်အပျက်ထဲက
မဇ္ဈသကနတ်ပန်းက မတရားမှုတွေ ဖြေရှင်းဖို့
လက်တကမ်းမို့။ ငါ့ လူသားဝီသချင်တယ်။

မိတ်ဆွေ သချိုင်းမြေပုံမှာ
မလိုက်နိုင်ရင်နေခဲ့ မှတ်တိုင်အမည်စိုက်ဖို့ထက်
"ငတော" တော့ မလုပ်နဲ့။ ငါလုပ်ရပ်ကို

။

စက်တင်ဘာအလွမ်း

ကေလွန်း

ငါနားမလည်ခဲ့တဲ့အလွမ်းတွေဟာ
ညိုရင့်ရင့်ညနေတွေမှာ
ပုံကျပန်းကျ
ငှဲကိုတပ်ဆင်ခဲ့တာ။

တကယ်တော့
ငှဲနေ့တာတခုလုံး
ရှည်လျားလျားဖုံးအုပ်ခဲ့တာပါ။

ဟင်းလင်းပြင်ကုန်းခြောက်ကြီးပေါ်မှာ
စက်တင်ဘာ ၂၃ က
တခါသာ ဖူးပွင့်ခဲ့ရ
ရာစုရဲ့ချို့မြနေခြည်လေးကို လွမ်းရ။

အပိုင်းပိုင်းပြုံကျ
လရောင်ပျောက်ညတွေက
ဇရာအိုကိုပါ ဆွဲချ ခေါင်သွားကြ
(ငြိမ်းချမ်းရေးမရရင် အသေတောင်ဖြောင့်မှာ
မဟုတ်ဘူး) တဲ့လေ၊

လွမ်းခဲ့ရပေါ့
အမေတွေက၊ သားတွေက
ရွာပျက်တွေက၊ စွန်းထင်းခံရအပျိုမတွေက
သိပ်သည်းဆများများနဲ့ လွမ်းကြ
အနှံ့အပြား အလွမ်းပင်တောထဲမှာက
ညထဲထိုးကျ
ငါက၊

တကယ်တော့
အလွမ်းတွေက
ငါတို့နေ့တာတခုလုံး
ရှည်လျားဖုံးအုပ်ခဲ့တာ
လက်မကမ်းသာခဲ့တဲ့ စက်တင်ဘာ ၂၃ ထဲကပါ။ ။

(၂၃ စက်တင်ဘာ ၁၉၆၃ ငြိမ်းချမ်းရေးဆွေးနွေးပွဲ)

နံရံကိုကျေးဇူးတင်ခြင်း

ဒီဗွ

(၁)
(၁၉၉၄ ၉၅)

၁။
ငါနေတဲ့အခန်းကျဉ်းကလေး
မွဲစုတ်စုတ်အရောင်ခြယ်
မညီမညာ လှိုင်းတံပိုးထ
နံရံတချပ် ရှိနေတယ်။

၂။
ဒီနံရံထက် ...
ငါနှင့်ငါသာ
မနှိုင်းသာရာ
ပန်းချီကားတချပ်
ချိတ်ဆွဲထားတယ်။

၃။
ဒီနံရံထက်
လောကကြီးကို
အိမ်မြှောင်အကြည့်နဲ့
ကဗျာတပုဒ်
ရေးဖွဲ့ထားတယ်။

၄။
ဒီနံရံထက်
အောက်သိုးသိုးနှံ့စွဲ
အနွေးထည် တစ်ထည်
ချိတ်ဆွဲထားတယ်။

၅။
ဒီနံရံထက်
မှိုတက်နေတဲ့
အစာတထုပ်
ထုပ်ပိုးထားတယ်။

၆။
နံရံကပြောတယ် ...
သမိုင်းမဝင်၊ ကဗျည်းမတင်ဘူးတဲ့

(၂)
(၁၉၉၄ ၉၈)

၇။
ငါနေတဲ့မြို့ကြီး
နှလုံးသားကိုစွေးခင်း
မော်ဒန်အပျိုမတွေ့
ရှိတယ်။

၈။
ဒီမြို့ကြီးမှာ ...
မော်ဒန်ပန်းခင်း
စွေးကွက်စီးပွား
စာပေတွေရောင်းတယ်။

၉။
ဒီမြို့ကြီးမှာ ...
မော်ဒန်ခေတ်သစ်
ကွန်ပြူတာ၊ အီလက်ထရွန်နစ်
ပြင်ဆင်ထားတယ်။

၁၀။
ဒီမြို့ကြီးမှာ ...
အင်တာနက်နဲ့ အင်ထရာနက်
ဂလိုဘယ်လိုက်စေးရှင်း
ကြိုးပမ်းနေတယ်။

၁၁။
ဒီမြို့ကြီးမှာ ...
HIV နဲ့ AIDS
မော်ဒန်ဝိုင်းရပ်စ်
ရောဂါအသစ်
ပျံ့နှံ့နေတယ်။

၁၂။
ဒီမြို့ကြီးမှာ ...
အသစ်ကပဲ အရေးကြီးသလား၊
အချစ်ကပဲ အရေးကြီးသလား မသိ။

၁၃။
မြို့ကြီးကပြောတယ်၊ သိပ်မောသလားတဲ့၊
အင်း ... သိပ်မွန်းကြပ်တယ်။
အဲဒီလိုနဲ့ ... အဲဒီလိုနဲ့ ...
ရေးစရာရှိတာတွေ ...၊ ပြောစရာရှိတာတွေ
...
နံရံကိုပဲ ... သတိရသလားမသိ။

(၃)
(၁၉၉၈ ။ ၂၀၀၂)

၁၄။
အဲဒီလိုနဲ့ ...
မွဲစုတ်စုတ်အရောင်ခြယ်၊ အခန်းကျဉ်းနဲ့နံရံ
ငါ ...၊ ဒုတိယအကြိမ်ရောက်ခဲ့တယ်။
နံရံက ငါ့ကို ပြုံးအပြ
ငါက နံရံကို
"သိပ်ကျေးဇူးတင်တယ်"လို့
ပြောလိုက်တယ်။ ။